# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## အငှမပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဌမပုံမှန်အစည်းအဝေး
# မှတ်တမ်း

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၂၃. ၁၀. ၂၀၁၇)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃ |
| | (ဆ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၃ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀ |
| | (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇ |


ya 2

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ရ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅ |
| (ဏ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၇ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၇ |
| (တ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၇ |
| (ထ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၈ |
| (ဒ) | တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း။ | ၂၈ |
| (ဓ) | ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိက လုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိလုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ | ၃၆ |
| (န) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း။ | ၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။

(ပ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၃၉

၂။ **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၂၄. ၁၀. ၂၀၁၇)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၀

(ခ) တိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၄၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၄၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၄၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၄၂

(စ) တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၂

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၈

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၉

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေလွင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၁ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၅ |
| (ဌ) | တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းခြင်း။ | ၅၉ |
| (ဍ) | ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (BOT) စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာ နစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရ အနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုသော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ် ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၅၉ |
| (ဎ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။<br>အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၆၇ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၆၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၂၅. ၁၀. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၆၉ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၆၉ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၇၀ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၇၀ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၇၁ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၁ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၄ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကဖြေကြားခြင်း။ | ၇၆ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း (၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၁ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၅ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၆ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၄)နှင့် (၅)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ဍ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ၊ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူခြင်း။ ၉၀

(ဎ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ ၂၀၁၇ခုနှစ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း အစီရင်ခံစာ (၃)အား ရေးရာကော်မတီအဖွဲ့ဝင် ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ ၉၂

(ဏ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၉၉

**၄။ အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၂၆. ၁၀. ၂၀၁၇)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၀

(ခ) တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၀၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း။ ၁၀၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၀၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၀၂

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၂

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၅

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၂ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၇ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၈ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၁ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးကဖြေကြားခြင်း။ | ၁၂၆ |
| (ဍ) | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၈ |
| (ပ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဥပဒေပြုရေး ကော်မတီတို့အားအမည်ပြောင်းလဲပြင်ဆင်ခြင်းကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၁၃၁ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၃၆ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅။ | | **အစည်းအဝေးပဉ္စမနေ့ မှတ်တမ်း(၂၇. ၁၀. ၂၀၁၇)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၃၇ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၃၇ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၃၈ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၃၈ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၃၉ |
| | (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၉ |
| | (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၂ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၃ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၅ |
| | (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၇ |
| | (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၈ |
| | (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်း (၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၁ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၃ |
| (ဏ) | ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိက လုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှု မရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည် သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့တိုက်တွန်းကြောင်း"** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၁၅၄ |
| (တ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၆၂ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၆၂ |
| (ဒ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၆၂ |
| (ဓ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၆၃ |
| (န) | ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက လွှတ်တော်သို့ တင်သွင်းခြင်း။ | ၁၆၃ |
| (ပ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များ ဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၆၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဖ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေး ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ နတ်တလင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၇၁ |
| (ဗ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၁၇၅ |
| ၆။ | **အစည်းအဝေးဆဋ္ဌမနေ့ မှတ်တမ်း(၃၀. ၁၀. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၇၆ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၇၆ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၇၇ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၇၇ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၇၈ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၈ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၀ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင် မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင် မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် (၄)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၄ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း မေးမြန်းသည့် မေးခွန်း (၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၆ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၇ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း (၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၈ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၉၄ |
| (ဎ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးလှမိုးသိန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၉၆ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၀၄ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး(ဆဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၂၀၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇။ | **အစည်းအဝေးသတ္တမနေ့ မှတ်တမ်း(၃၁. ၁၀. ၂၀၁၇)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၀၈ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၀၈ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၀၉ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၀၉ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၁၀ |
| | (စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၀ |
| | (ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၂ |
| | (ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၉ |
| | (ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၁ |
| | (ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၅ |
| | (ဋ) ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်း ငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကို ကြည့်၍** | ၂၂၈ |


ya 13

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာ နစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ ပြင်ဆင်ချုပ်ဆို နိုင်သော စာချုပ်များကို ပြင်ဆင် ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည် ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း”** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ | |
| (ဌ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၃၈ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၃၉ |
| (ဎ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၃၉ |
| (ဏ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၃၉ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၄၀ |
| (ထ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၄၀ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(သတ္တမနေ့)ရပ်နားကြောင်းနှင့် အဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၂၄၁ |


ya 14

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | **အစည်းအဝေးအဌမနေ့ မှတ်တမ်း(၁. ၁၁. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၄၂ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး အဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၄၂ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၄၃ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၄၃ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၄၄ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၅ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၉ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅၀ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅၁ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅၄ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅၈ |
| (ဌ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဍ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အငှမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၂၆၅ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ | ၂၆၉ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အငှမပုံမှန် အစည်းအဝေး(အငှမနေ့)ရပ်နားကြောင်းနှင့် အငှမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာခြင်း။ | ၂၇၀ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## အဋ္ဌမပုံမှန်အစည်းအဝေး

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးလှမျိုးရွှေ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

၄၂။ ဦးဇော်နိုင်ဦး — သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၃။ ဦးဇော်လင်းထိုက် — သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၄။ ဦးညွန့်ဝေ — ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၅။ ဦးအုန်းသွင် — ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၆။ ဒေါ်မူမူခင် — သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၇။ ဦးမျိုးအောင် — လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၈။ ဦးအောင်အောင် — မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၉။ ဒေါ်ညွန့်ညွန့်ငွေ — အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၀။ ဦးစောသူရအောင် — အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၁။ ဦးဉာဏ်ဝင်း — ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၂။ ဦးထူးခိုင် — ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၃။ ဦးမောင်မောင်ဦး — နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၄။ ဦးကျော်ကျော်နိုင် — နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၅။ ဦးအေးဝင်း — မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

| | | |
|---|---|---|
| ၅၆။ | ဦးဝင်းကို | မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးမျိုးဟိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဈေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးကျော်သူရ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

## ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ အမည်စာရင်း

| | | |
|---|---|---|
| ၇၇။ | ဦးမောင်မောင်ရွှေ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၈။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၇၉။ | ဒေါ်သန်းဝင်း(ခ)<br>ဒေါ်သန်းသန်းဝင်း | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| ၈၀။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၁။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဦးအောင်စိုး | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးငွေးဝင်း | အင်ဂျင်နီယာအကြံပေး |
| ၈၇။ | ဒေါ်ဇင်မာထူး | အင်ဂျင်နီယာအကြံပေး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဌမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
# [ ၂၀၁၇ခုနှစ် ၊ အောက်တိုဘာလ ၂၃ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌသည် ဥက္ကဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၀.၆၇% ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးသိန်းလွင်ဦး၊ ဗိုလ်မှူးဇော်လွင်နှင့် ဗိုလ်ကြီး နိုင်အောင်ခင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၃-၁၀-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ် ပေးပါရန် ယင်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(ခ) အရ နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၅-၉-၂၀၁၇ရက်တွင် (၇)နှစ် မြောက် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့သို့ ပေးပို့သည့်သဝဏ်လွှာအား တိုင်းဒေသကြီး လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပေးရန် ဖြစ်ပါတယ်။

**ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ပြောကြားသည့်မိန့်ခွန်း

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တကွ လွှတ်တော်ဒုဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၍ ရွှင်လန်းချမ်းမြေ့ ကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီ အပြောင်းအလဲကာလမှာ ပထမကာလတို ငါးနှစ်ကာလကို ကျော်ဖြတ်ခဲ့ပြီးတော့ ဒုတိယကာလတို ငါးနှစ်ကို မိမိတို့ NLD အဖွဲ့ချုပ် အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့တာ ယခုဆို (၁)နှစ်ခွဲကျော်လောက် ရှိပြီဖြစ်ပါတယ်။ နိုင်ငံရဲ့ ဒီမိုကရေစီ အပြောင်းအလဲမှာ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးစတဲ့ လိုအပ်ချက်များစွာရှိနေဆဲ အချိန်အခါမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီးလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ပြီး အခမ်းကဏ္ဍ များကို ဖြည့်ဆည်းဆောင်ရွက်နေပါသည်။ ဒီလို လိုအပ်ချက်တွေကို တဖြည်းဖြည်းချင်း တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ရေးအတွက် ဒီနေ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေဖြင့် အခြေခံမူဝါဒ(၄)ရပ်ဖြစ်တဲ့

(၁) ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊

(၂) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ အတူလက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ပေါ် ပေါက်လာရေး၊

(၃) ပြည်သူလူထုကို တရားဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်တဲ့ အုပ်ချုပ်မှု စနစ်တကျ ပေါ်ပေါက်ရေး၊

(၄) လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ မူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်-

ဒီမူဝါဒ(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်တဲ့အခါ တာဝန်ပေးထားတဲ့ ကာလအပိုင်းအခြားတစ်ခုအတွင်း ရာနှုန်းပြည့်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်ရေးတာဝန်၊ ဥပဒေပြုရေးတာဝန် နှင့် တရားရေးတာဝန်များကို အသီးသီး ကျရာအခန်းကဏ္ဍမှ ဟန်ချက်ညီညီကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ့ရတဲ့အတွက် Democratic transition မှာ ဒီမိုကရေစီ လူ့အခွင့်အရေးတွေနဲ့ ရေရှည်တည်တံ့ ဖွံ့ဖြိုးတဲ့ နိုင်ငံရဲ့ရောင်ခြည်များကို မြင်နေရပြီဖြစ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား**

တစ်ချိန်က လူထုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွေ စတဲ့ Institution များရဲ့ ကြိုးပမ်းဆောင်ရွက်ချက်များဟာ လူထုတွေဆန္ဒနှင့်ဝေးကွာခြင်းကို ခံစားခဲ့ရပါတယ်။ ဒီကွာဟချက်များကို ဒီနေ့ဒီအချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ ပြည်သူနှင့် အစိုးရကြားကာကွယ်ရေးနှင့် လုံခြုံရေးဆန္ဒများရဲ့အကြား ကြိုးပမ်းဆောင်ရွက်မှုများသည် လူထုရဲ့ဆန္ဒနှင့်အညီ ရင်ဆိုင်

ရတဲ့အစိုးရရဲ့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအားလုံးက လူထုနဲ့တစ်သားတည်းဖြစ်လာပြီး ပိုမို နီးကပ်လာနေတာတွေ့မြင်ရသည့်အတွက် အလွန်ပဲ ကြည်နူးပီတိဖြစ်စရာ မြင်ကွင်းပဲဖြစ်ပါတယ်။

မိမိအနေဖြင့် တင်ပြလိုသည်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီနေရာမှာ ကျွန်တော့်အနေဖြင့် ဘဏ္ဍာငွေသုံးစွဲလိုမှုကို တင်ပြလိုပါတယ်။ ဘဏ္ဍာငွေသုံးစွဲတဲ့အခါမှာ ငွေလုံးငွေရင်းတွေမှာ ငွေလုံးသုံးစွဲစရိတ်တွေကို ပြောင်းလဲမှုဖြစ်တဲ့ မှန်ကန်သော စီမံကိန်းတွေကို ရွေးချယ်ကြဖို့ကိုလည်း အစိုးရနှင့်လွှတ်တော်ပူးပေါင်းဆောင်ရွက်ဖို့ လုပ်ငန်းတွေအများကြီးရှိပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ မဟာဗျူဟာရည်မှန်းချက် မိမိတို့အစိုးရများရဲ့ မူဝါဒနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ လူထုလိုအပ်ချက်များအားလုံး ထင်ဟပ်အောင် ပူးပေါင်းဆွေးနွေးတိုင်ပင်အဖြေရှာဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်-

ဒီနေ့တိုင်းပြည်ရဲ့ အရွေ့အပြောင်းကို ဆောင်ရွက်ခွင့်ရတဲ့ အချိန်အခါသမယဟာ အချိန်တိုတောင်းလှပါကြောင်း၊ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး၊ အတားအဆီး အနှောင့်အယှက်အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းနေရတဲ့အချိန်မှာ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာအခန်းကဏ္ဍကနေ ပြည်သူလူထုနဲ့ အနာဂါတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မမှိတ်မသုန် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကမဏ္ဍိုင်များဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်များ၏ အခန်းကဏ္ဍဟာ လွန်စွာအရေးပါသည့်အလျောက် မိမိတို့ကဏ္ဍအလိုက် အားကောင်း မောင်းသန်ဖြစ်ရေး အရေးကြီးလှပါတယ်။ တရားရေးဌာန၊ ဥပဒေဌာနနဲ့ ပြည်သူ့ရဲတို့ဟာ တိုင်းပြည်အပြောင်းအလဲမှာ အရေးကြီးလှတဲ့ ဌာနများဘဲဖြစ်ပါတယ်။

ဒီနေ့ ပဲခူးတိုင်းဒေသကြီးအတွက် နိုင်ငံတော်ဘဏ္ဍာများဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာမှာ ကောင်းနိုးရာရာတွေ မဟာဗျူဟာကျကျ၊ အခြေခံကျကျ ဆောင်ရွက်ဖို့လိုအပ်ပြီး လူထုအသံလွှတ်တော်အသံဆိုသည့်အတိုင်း လွှတ်တော်မှ တင်ပြချက်များကို မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း ရာခိုင်နှုန်းပြည့်မျှထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

မကြာသေးမီက UNDP နှင့် Renaissance Institute တို့ရဲ့ အကူအညီဖြင့် လွှတ်တော်နှင့် အစိုးရပူးပေါင်း၍ ပြုပြင်ပြောင်းလဲရေးကဏ္ဍများကို ချမှတ်နိုင်ခဲ့ခြင်းဟာ ရွေးကောက်ပွဲက စွဲကိုင်ခဲ့တဲ့ ရွေးကောက်ပွဲကြော်ငြာစာတမ်းရဲ့ ကတိကဝတ်များကို ဖော်ဆောင်နိုင်ရေး ရှေ့ပြေးစီမံကိန်းများနှင့် တာဝန်ဝတ္တရားများအဖြစ် ခံယူကြမည်ဖြစ်ပြီး ဆက်လက်ပြီးတော့လည်း ၂၀၁၇ခုနှစ် ပြုပြင်ပြောင်းလဲရေးကဏ္ဍတွေဟာ ကျွန်တော်တို့ ဖော်ဆောင်မည့် စီမံကိန်းတွေမှာရှိပြီးသားဖြစ်လို့ ဆက်လက်ပြီး တာဝန်ခံ လုပ်ဆောင်သွားကြမှာ ဖြစ်ပါတယ်။

များမြောင်လှသော ကဏ္ဍအသီးသီးအနက် ဆောက်လုပ်ရေးကဏ္ဍမှာ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်နှင့် ဆောက်လုပ်ရေးကြီးကြပ်မှုကို စတင်ဖွဲ့စည်းနိုင်ခဲ့ပြီးတော့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်လုပ်ငန်းများကစလို့ စတင်ပြီး တာဝန်ယူဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှာလည်း အုတ်၊ သဲ၊ ကျောက်ထုတ်လုပ်ခြင်းတွေကို စနစ်တကျ လိုင်စင်ပေးခြင်း၊ ထုတ်လုပ်ခြင်းများ

ဖြစ်စေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများကို ညှိနှိုင်းဆောင်ရွက်ဖို့နှင့် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားပြီး မကြာမီလုပ်ငန်းများစတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

လယ်ယာကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတွေမှာ ဧကကွက်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းတွေ အပြင် JICA ကဲ့သို့သော နိုင်ငံတကာအဖွဲ့များ၏ အကူအညီဖြင့် Two Step Loan ကဲ့သို့သော အစီအစဉ်ဖြင့် လယ်ယာသုံးစက်ကိရိယာများအား အလွယ်တကူဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပို့ကုန်များကို နိုင်ငံခြားအားကိုးလွန်းသော (Depeandency) များဖြစ်တဲ့အခြေအနေကို ပြောင်းလဲနိုင်ရေးအတွက် Import Substitute လို့ခေါ်တဲ့ မြန်မာနိုင်ငံရဲ့ ပြန်ဝယ်သုံး နေရတဲ့ပစ္စည်း တွေအစား ကျွန်တော်တို့ ပြည်တွင်းမှာဘဲ Value Added Product မိမိတို့ ထွက်တဲ့ကုန်ကိုဘဲ ပြန်လည်ပြီးတော့ တန်ဖိုးမြှင့်ပစ္စည်းများဖြင့် ပြန်လည်ဖန်တီးပြီးတော့ Import Substitute လုပ်ငန်းတွေ အတွက် ဆောင်ရွက်သည့်နေရာမှာ မကြာသေးမီက ပဲနို့တိုက်ကျွေးခြင်းအစီအစဉ်ပြုလုပ်ခြင်း စတင်ပြီး ဆက်လက်လုပ်ငန်းတွေ လုပ်နေပါတယ်။ ဒါကိုလည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က ပဲနို့တိုက် ကျွေးခြင်းနှင့် ပဲစားခြင်းကို ယဉ်ကျေးမှုပုံစံအဖြစ် ပြုလုပ်ဆောင်ရွက်ရန် လမ်းညွှန်ချက်ဖြင့် ဆောင်ရွက် ခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ ကျွန်တော်တို့အစိုးရအဖွဲ့ဟာ တိုင်းဒေသကြီး လွှတ်တော်ရဲ့ Check and Balance ပြုလုပ်ခြင်းကို ကျွန်တော်တို့ကျေနပ်စွာဖြင့် မဖြစ်ဖြစ်အောင် လွှတ်တော်ထဲမှာ မေးမြန်းဆွေးနွေးမှုများအပြင် အရေးတကြီးပေါ်ပေါက်လာလို့ တစ်ဦးတစ်ယောက်ချင်းရဲ့ အကြံပြုချက်တွေ၊ စီမံချက်တွေ ရေးဆွဲပေးပို့မယ်ဆိုရင်လည်း မိမိတို့ အစိုးရအနေဖြင့်လည်း လက်ကမ်းကြိုဆိုပါကြောင်းနှင့် တံခါးဖွင့်ထားပါကြောင်း၊ ထို့နည်းတူ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက် လိုတဲ့ အဖွဲ့အနေနဲ့လည်းပဲ ကျွန်တော်တို့အစိုးရအဖွဲ့ကို တိုက်ရိုက်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများကိုဖြစ်စေ လွှတ်တော်တွင်းမှတစ်ဆင့် ပေးပို့သည့်အကြံပြုစာများအကုန်လုံးကို ကျွန်တော်တို့ အနေဖြင့် အစိုးရနှင့် လွှတ်တော်ပူးပေါင်းပြီးတော့ ဝိုင်းဝန်းဖြေရှင်းပေးမည် ဖြစ်ပါတယ်။ အစိုးရအဖွဲ့က လိုအပ်ချက် များကိုလည်း ဝိုင်းဝန်းပံ့ပိုးပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"JICA ချေးငွေဖြင့်တည်ဆောက်ပြုပြင်နေသည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ တောင်နဝင်းဆည်နှင့် မြောက်နဝင်းဆည်များ၏ ရေပေးဝေရေးစနစ်များအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို တင်ဒါခေါ်ယူရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသည့်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းရှိ သီဟိုဠ်စိုက်ခင်း စီမံကိန်းအတွက် ချပေးထားသော မြေများကို ပုံစံ(၇) ထပ်မံထုတ်လုပ် ပေးထားခြင်းများအား ပြန်လည်စိစစ်ရန် အစီအစဉ်ရှိ/မရှိနှင့် သီဟိုဠ်စိုက်ခင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်းမရှိသော မြေနေရာများကို မည်ကဲ့သို့စီမံခန့်ခွဲရန် စီစဉ်ထားရှိသည်ကို သိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။JICA ချေးငွေဖြင့် တည်ဆောက်ပြုပြင်နေသည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ တောင်နဝင်းဆည်နှင့် မြောက်နဝင်းဆည်များ၏ ရေပေးဝေရေးစနစ်များအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို တင်ဒါခေါ်ယူရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသည့်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပြည်မြို့နယ်အတွင်းရှိ သီဟိုဠ်စိုက်ခင်းစီမံကိန်းအတွက် ချပေးထားသော မြေများကို ပုံစံ(၇)ထပ်မံ ထုတ်လုပ်ပေးထားခြင်းများအား ပြန်လည်စိစစ်ရန် အစီအစဉ်ရှိ/မရှိနှင့် သီဟိုဠ်စိုက်ခင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်းမရှိသော မြေနေရာများကို မည်ကဲ့သို့ စီမံခန့်ခွဲရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ယခုလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"JICA ချေးငွေဖြင့်တည်ဆောက်ပြုပြင်နေသည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ တောင်နဝင်းဆည်နှင့် မြောက်နဝင်းဆည်များ၏ ရေပေးဝေရေးစနစ်များအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို တင်ဒါခေါ်ယူရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်း**

**ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသည့်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားအပ်ပါသည်။

JICA ချေးငွေဖြင့်တည်ဆောက်ပြုပြင်နေသည့်တောင်နဝင်းဆည်နှင့် မြောက်နဝင်းဆည်များ၏ ရေပေးဝေရေးစနစ်များပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို တင်ဒါခေါ်ယူရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ဖြစ်သော တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်တင်ဒါ လုပ်ထုံးလုပ်နည်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၁၇)ခုနှစ် မေလ(၁၂)ရက် စွဲပါစာဖြင့် ဖြန့်ဝေအကြောင်းကြားထားခြင်းကို တည်ဆောက်ရေး(၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နောက်ကျ၍သိရှိခဲ့ရပါသဖြင့် (၂၆. ၅. ၂၀၁၇) ရက်နေ့တွင် JICA အဖွဲ့၏ တင်ဒါလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ချက်များနှင့်အညီ တင်ဒါစိစစ် ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းခြင်းကို ပြည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်အဖြစ်ပါဝင်လျက် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့မိပါသည်။

ဒေသထွက်ပစ္စည်းများမဟုတ်သော သံချောင်း၊ ဒီဇယ်ဆီများကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ အဆိုပါတင်ဒါဆိုင်ရာလမ်းညွှန်ချက်နှင့်အညီ စနစ်တကျ ဝယ်ယူသုံးစွဲခွင့် တင်ပြတောင်းခံခဲ့ပြီး တင်ဒါခေါ်ယူရာတွင်လည်း အများနှင့်သက်ဆိုင်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်အရ အချိန်မီပြီးစီးရန် လိုအပ်ချက်ဖြစ်နေပါသဖြင့် လုပ်ငန်းသုံးပစ္စည်းများ အမြန်ဆုံးတင်ဒါခေါ်ယူရန်လိုအပ်ခြင်း၊ JICA ချေးငွေဖြင့် ဆောင်ရွက်သော မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို JICA အဖွဲ့၏ တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းညွှန်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ (၂၆. ၅. ၂၀၁၇)ရက်နေ့တွင် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါဝင်သော တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး တင်ဒါခေါ်ယူခဲ့မိခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆောင်ရွက်ပြီးသည့် လုပ်ငန်းများမှလွဲ၍ ဆက်လက် ဆောင်ရွက်မည့် တင်ဒါလုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၇)နှင့်အညီ တင်ဒါ ကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းကြပ်မတ်စစ်ဆေးခြင်းလုပ်ငန်းအဖြစ် (Third Party) ကဲ့သို့ Inspector များဖြင့် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်လုပ်ငန်းအားလုံးကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်စေပြီး ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန အကြီးအကဲကို ခေါ်ယူစိစစ်ပြီး ပြည်ထောင်စု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ]**။ ။ ဦးကျော်ဇေယျ ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းရှိ သီဟိုဠ်စိုက်ခင်း စီမံကိန်းအတွက် ချပေးထားသော မြေများကို ပုံစံ(၇) ထပ်မံထုတ်လုပ်ပေးထားခြင်းများအား ပြန်လည် စိစစ်ရန် အစီအစဉ် ရှိ/မရှိနှင့် သီဟိုဠ်စိုက်ခင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်းမရှိသော မြေ နေရာများကို မည်ကဲ့သို့စီမံခန့်ခွဲရန် စီစဉ်ထားရှိသည်ကို သိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ် အနောက်ရွာသစ်ကျေးရွာအုပ်စုရှိ မြေလွတ်မြေရိုင်း ဧရိယာ (၁၅၀၀)ဧကနှင့် မှော်ဇာကျေးရွာအုပ်စုရှိ မြေလွတ်မြေရိုင်း ဧရိယာ(၃၁၉၀)ဧက၊ စုစုပေါင်း ဧရိယာ(၄၆၉၀) ဧကအား ဗဟိုမြေလွတ်မြေရိုင်းစီမံခန့်ခွဲမှု ကော်မတီမှ (၂၅. ၈. ၁၉၉၂) ရက်စွဲပါစာအမှတ်- ၅၀၄/၄မယ(ဗ) (၁၁)(၉၂)ဖြင့် မြို့နယ် မြေလွတ်မြေရိုင်း ဖော်ထုတ်ရေးအဖွဲ့အမည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုချထားပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြေလွတ်မြေရိုင်းဖော်ထုတ်ရေးအဖွဲ့မှ တစ်ယူနစ်လျှင် (၁၀)ဧကနှုန်းဖြင့် အကွက်ပေါင်း(၄၆၉)ကွက် သတ်မှတ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲ များနှင့် တောင်သူများအား သီဟိုဠ်စိုက်ပျိုးရန် ချထားပေးခဲ့ကြောင်း၊ ဧရိယာ(၄၆၉၀)ဧကအနက် (၄၅၆၈)ဧက ဖော်ထုတ်စိုက်ပျိုးခဲ့ပြီး (၁၂၂)ဧကမှာ ဖော်ထုတ်ရန် ကျန်ရှိခဲ့ကြောင်း၊ အဆိုပါဧရိယာတွင် ပုံစံ(၇)ထုတ်ပေးပြီးစီး မှုမှာ ဦးပိုင်ပေါင်း(၄၁၇)၊ ဧရိယာ (၂၆၀၉. ၃၃) ဧကဖြစ်ပါကြောင်း၊ ၁၉၉၂ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သော ကိစ္စဖြစ်သည့်အတွက် (၂၅)နှစ်ခန့်ကြာမြင့်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ မြေခွန် ကင်းလွတ်ခွင့်ကာလ(၅)နှစ် ကျော်လွန်၍ ဥယျာဉ်မြေမျိုးနှုန်းဖြင့် ဖော်ထုတ် စိုက်ပျိုးပြီး ဧရိယာများကို အခွန်စည်းကြပ်ခဲ့ရာ ယနေ့အထိ စည်းကြပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပုံစံ(၇)များလည်း လျှောက်ထားသူများအား ထုတ်ပေးခဲ့ပါကြောင်း၊ ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသည့် ဧရိယာ (၁၂၂)ဧကကို ပြန်လည် သိမ်းယူနိုင်ရေးအတွက် အကြောင်းကြား စာထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ညွှန်ကြားချက်နှင့်အညီ ဗဟိုမြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု အဖွဲ့ထံသို့ ဆောင်ရွက်ချက်များအား တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြား အပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနံပါတ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးများဖြေ ကြားသည့်အခါ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ရာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်ရန် ခွင့်ပြုချထားပေးပြီး ဖြစ်ကြောင်းဖြေကြားခဲ့၍ အမှန်မှာ သီဟိုဠ်တစ်မျိုးတည်းစိုက်ပျိုးရန်အတွက် စီမံကိန်းချထားပေးခဲ့ခြင်းဖြစ်ပြီး အခြားသီးနှံစိုက်ပျိုးရန်ခွင့်ပြုမထားပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး၁၉၉၂ခုနှစ်မှစတင်၍ ပုံစံ(၇)ကဲ့သို့ ၎င်းတို့ကို လုပ်ပိုင်ခွင့်ပြုသည့် စာရွက်ထဲမှာ စည်းကမ်းချက်များအား အတိအလင်းပါဝင်ထားပြီး ဖြစ်ပါကြောင်း၊ သီဟိုဠ်က

လွဲ၍ အခြားသီးနှံစိုက်ပျိုးခွင့်မရှိပါကြောင်း၊ တခြားမြေသုံးစွဲခွင့်မရှိဘူးဆိုသည်မှာ ပါဝင်ပြီးဖြစ်ပါသည်။ ၎င်းတို့ကို လိုက်နာရန်အတွက် ပြန်လည်ပြီးသိမ်းဆည်းစဉ်က စည်းကမ်းချက်မှာပါဝင်ပြီး ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် ဖြေကြားထားသည်မှာ ၂၀၁၉ကေ ကိုပုံစံ(၇)ထုတ်ပေးပြီးဖြစ်သည်ဟု ဖြေကြားထားပါသည်။ ၎င်းမြေပေါ်တွင် ၂၀၂၂ခုနှစ်အထိ သက်တမ်းရှိသည့်နှစ်(၃၀)စီမံကိန်းလုပ်ပိုင်ခွင့် လက်မှတ်လည်းရှိသကဲ့သို့ နောက်ထပ်ပုံစံ(၇)လက်မှတ်လည်းရှိပါသည်။ သို့ပါ၍ မြေတစ်မျိုးတည်းပေါ်မူတည်ပြီး မြေယာလုပ်ပိုင်ခွင့် (၂)မျိုး၊ ခွင့်ပြုချက်(၂)မျိုးဖြစ်နေပါသည်။ ၎င်းမြေကို ပုံစံ(၇)ထုတ်ပေးရန် လုပ်ငန်းရှင်အဆင့်ဆင့်က မည်သို့မျှလုပ်ဆောင်ထားခြင်းမျိုး မရှိပါကြောင်း၊ ကွင်းဆင်းကြည့်ပါက တောတောင်၊ အိမ်များနှင့် သီဟိုဠ်စိုက်ခင်းများသာ မြင်ရသည့် မြင်ကွင်းမျိုးဖြစ်ပြီး အခြားသီးနှံစိုက်ပျိုးလုပ်ကိုင်၍ရသည့် မြေအမျိုးအစားမဟုတ်ပါကြောင်း၊ ၎င်းအပေါ်တွင် ပုံစံ(၇)ကို ထုတ်ပေးထားခြင်းသည် မည်သို့မျှစည်းကမ်းချက်နှင့် မလျော်ညီပါကြောင်း၊ ဧရိယာ (၂၆၀၉)ဧကအား ပုံစံ(၇)ထုတ်ပေးထားသည်ကို မည်ကဲ့သို့ ပြန်လည်ပြီး ဝန်ကြီးဌာနအနေဖြင့် စိစစ်စစ်ဆေးကြပ်မတ်ပြီး ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် လက်ရှိတင်ပြစာအရ မြေလွတ်မြေလပ်မြေရိုင်းများနှင့် ပတ်သက်၍ မြေလွတ်မြေလပ်မြေရိုင်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပေးသွားမည်ဖြစ်ပြီး စိစစ်ချက်များကိုလည်း ပြည်ထောင်စုဗဟိုမြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေချိုငါးလုပ်ငန်းဥပဒေအမှတ်-၅ပါ ရန်ပုံငွေ ထူထောင်သုံးစွဲခြင်းအပြင် အင်းလုပ်ငန်းရှင်များထံမှ ကောက်ခံသည့် (၃၀%)တို့ကို ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၃-ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေချိုငါးလုပ်ငန်းဥပဒေအမှတ်-၅၊ ပုဒ်မ -၃၁တွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေထူထောင်ခြင်း၊ သုံးစွဲခြင်းပြုနိုင်သည်။ သို့ပါ၍ ၂၀၁၃-ခုနှစ်၊ ဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၃-ခုနှစ်၊ ၂၀၁၆-ခုနှစ်အထိ ရန်ပုံငွေထူထောင်သုံးစွဲမှုကို ပွင့်လင်းမြင်သာစွာ

ရှင်းပြပေးရန်လိုအပ်ပါသည်။ ထိုဥပဒေပါပြဋ္ဌာန်းချက်အရ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲရမည်ဟု ဖော်ပြထားခြင်းမရှိသောကြောင့် ရှင်းပြပေးရန် လိုအပ်ခြင်း ဖြစ်ပါသည်။

အင်းလုပ်ငန်းရှင်များထံမှ (၃၀%)အင်းထိန်းသိမ်းရန် ကောက်ခံပြီး မည်သို့ပြန်လည် သုံးစွဲသည်ကို ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၃-ခုနှစ် ပဲခူးတိုင်းဒေသကြီး၊ ရေချိုငါးလုပ်ငန်းဥပဒေအမှတ် -၅ပါ ရန်ပုံငွေ ထူထောင် သုံးစွဲခြင်းအပြင် အင်းလုပ်ငန်းရှင်များထံမှကောက်ခံသည့် (၃၀%)တို့ကို ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ယခု လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့်မေးခွန်းအား စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေချိုငါးလုပ်ငန်း ဥပဒေအမှတ်-၅ပါ ရန်ပုံငွေ ထူထောင်သုံးစွဲခြင်းအပြင် အင်းလုပ်ငန်းရှင်များထံမှ ကောက်ခံသည့် (၃၀%)တို့ကို ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ငါးလုပ်ငန်း ဦးစီးဌာနသည် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုး တိုးတက် လာစေရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ မျိုးကောင်း မျိုးသန့်ငါးမျိုးများ ပြန့်ပွားလာစေရန်နှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ် ဂရန်အင်း လုပ်ကိုင်ခွင့်ရရှိသည့် အင်းသားကြီးများထံမှ အင်းခွန်ငွေ၏ (၂. ၅%)နှင့် ညီမျှသောငွေကို ကောက်ခံပါသည်။

ထို (၂. ၅%)ငွေမှ (၂%)၏ (၃၀%)ငွေအား ငါးမျိုးဗီဇမြှင့်တင်ရေးရန်ပုံငွေအဖြစ် ထူထောင်၍ လည်းကောင်း၊ ကျန်ငွေအား အဆိုပါနှစ်တွင် ဂရန်အင်းများ၌ ငါးမျိုးစိုက် ထည့်ရာတွင်လည်းကောင်း ပဲခူးတိုင်း ဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးထံ တင်ပြခွင့်ပြုချက်ရယူ၍ သုံးစွဲပါသည်။ နှစ်အလိုက် ငါးမျိုးဗီဇ မြှင့်တင်ရေးရန်ပုံငွေထူထောင်မှုနှင့် သုံးစွဲမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးခုနှစ် | ငါးမျိုးဗီဇမြှင့်တင်ရေး ရန်ပုံငွေ | သုံးစွဲသည့် အကြောင်းအရာ |
|---|---|---|---|
| ၁။ | ၂၀၁၃-၂၀၁၄ | ၅၃၄၈၇၇၄ | Mono Sex တီလားပီးယား ငါးမျိုးများ ဝယ်ယူခြင်း၊ ပိုက်လှောင်အိမ် များဝယ်ယူခြင်း။ |
| ၂။ | ၂၀၁၄-၂၀၁၅ | ၆၃၀၄၆၁၈ | တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်းများတွင် အသုံးပြုရန်(မျိုးငါးဆွဲပိုက်၊ ပိုက်လှောင်အိမ်ဝယ်ယူခြင်း။ |
| ၃။ | ၂၀၁၅-၂၀၁၆ | ၇၀၇၃၅၆၇ | တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်းများတွင်အသုံးပြုရန်(မျိုးငါးနှင့် အခြားပစ္စည်းများ)ဝယ်ယူခြင်း၊ မိမိတာဝန်ယူစဉ် ကာလ (သယံဇာတ ထိန်းသိမ်းရေးအတွက် ပြည်သူလူထုကို ပညာပေးရန်အတွက် ပညာပေး ပိုစတာများပြုလုပ်ခြင်း။ |
| ၄။ | ၂၀၁၆-၂၀၁၇ | ၇၆၅၀၉၄၃ | သယံဇာတထိန်းသိမ်းရေး ပညာပေးVideo CD များပြုလုပ်ခြင်း။ |

ထို့အတူ ငါးလုပ်ငန်းဦးစီးဌာနသည် ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဂရန်အင်းများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဂရန်အင်းလုပ်ကိုင်သူများမှ နှစ်ရှည်(၃)နှစ်ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့် ကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြ ရာတွင် အင်းပြုပြင်ခြင်းလုပ်ငန်း၊ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများဆောင်ရွက်ကြရန် တင်ပြချက်အပေါ် စိစစ်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးထံ တင်ပြခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ခွင့်ပြုပေးလျက်ရှိပါသည်။ နှစ်ရှည်(၃)နှစ် ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ရရှိပါက အင်းသားကြီးမှ အင်းချောင်းပြုပြင်ခြင်း သို့မဟုတ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ကြေးတိုင်လုပ်ကိုင်ခွင့်ရရှိသည့်နှစ်၏ အင်းခွန်ငွေ၏ (၃၀%)နှင့် ညီမျှသော အင်းသားကြီးအမည်ဖြင့် ငွေပေးသွင်းထားသော ငွေစုစာအုပ်ကို ဌာနမှထိန်းသိမ်းထားရှိပြီး၊ လုပ်ကိုင်ခွင့်ရရှိသည့် ကာလ အတွင်း ၎င်းတို့ကနဦးလျှောက်ထားတင်ပြစဉ်ပါ ကတိပြုထားသည့်အတိုင်း အင်းချောင်းပြုပြင်ခြင်း သို့မဟုတ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထိုသို့ ဆောင်ရွက်ပြီးပါကသက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး၊ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးနှင့် တာဝန်ပေးအပ်ခြင်း ခံရသူ(၁)ဦးတို့ပါဝင်သော ကြေးတိုင်အင်း ကြီးကြပ် စစ်ဆေးရေးအဖွဲ့မှ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ထားရှိကြောင်း စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ အင်းသားကြီးထံမှ ထိန်းသိမ်းထားရှိသော ငွေစုစာအုပ်ကို စနစ်တကျပြန်လည်ထုတ်ပေးပါကြောင်းနှင့် ဌာန အနေဖြင့် လုပ်ငန်းပိုင်းကိုသာ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-ခုနှစ်မှ ၂၀၁၆-ခုနှစ်အထိ နှစ်အလိုက် နှစ်ရှည်(၃) ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ပြုသည့် ဂရန်အင်းများ၏ အခြေအနေနှင့် (၃၀%) ငွေစာရင်းတို့အား အောက်ပါ အတိုင်းတင်ပြအပ်ပါသည်-

| စဉ် | ဘဏ္ဍာရေးခုနှစ် | ကြေးတိုင်အင်းအဖြစ်ခွင့်ပြုသည့်ဂရန် အင်းဦးရေ | (၃၀%)ငွေ |
|---|---|---|---|
| ၁။ | ၂၀၁၃-၂၀၁၄ | ၁၄၄ | ၇၅၂၅၅၄၆၆ |
| ၂။ | ၂၀၁၄-၂၀၁၅ | ၁၄၆ | ၈၄၈၈၅၄၂၀ |
| ၃။ | ၂၀၁၅-၂၀၁၆ | ၁၈၁ | ၉၃၀၈၉၁၄၂ |
| ၄။ | ၂၀၁၆-၂၀၁၇ | ၁၄၂ | ၁၀၃၀၇၀၉၄၀ |

ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုး မပြုန်းတီးစေရေး၊ လူတစ်ဦးချင်းတစ်နှစ်ငါးစားသုံးမှု မြင့်မားရေး၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဘိုး (GDP)တိုးတက်ရေး၊ ဂရန်အင်းများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရန်အတွက် ရန်ပုံငွေထူထောင်ခြင်းသည် အမှန်တကယ်လိုအပ်ပြီး အဆိုပါရန်ပုံငွေအား တိုင်းဒေသကြီး၏ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင်ဖွင့်လှစ်အပ်နှံခဲ့ပြီး ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးထံ တင်ပြ ခွင့်ပြုချက်ရယူ၍ ငွေပေးချေခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။ ထို့အတူ နှစ်ရှည်(၃)နှစ်ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ပြုထားသည့် အင်းများမှ (၃၀%)ငွေနှင့်ညီမျှသောငွေဖြင့် အင်းချောင်းပြုပြင်ခြင်း သို့မဟုတ် ငါးမျိုးစိုက်

ထည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ငါးထုတ်လုပ်မှုတိုးတက်လာပြီး တိုင်းဒေသကြီး အသားတင် ထုတ်လုပ်မှုတန်ဘိုး(GDP)မြင့်တက်လာကာ လူတစ်ဦးချင်း ငါးစားသုံးမှုလည်း တိုးတက်ခဲ့ပါသဖြင့် ယခုအခါ အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ကြေးတိုင်အင်းပြုပြင်ခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များကို ဖိတ်ကြားလျက် ပွင့်လင်းထင်သာမြင်သာစွာဖြင့် ဆောင်ရွက်ရန် တရားဝင်စာဖြင့် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သက်ဆိုင်ရာဝန်ကြီး၏ ပြန်လည် ဖြေကြားချက်ထဲတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ ငါးမျိုးဗီဇမြှင့်တင်ရေးအတွက် ရန်ပုံငွေထူထောင်သုံးစွဲသည် နှင့် ဂရန်အင်းများကို ၃၀%ကောက်ခံပြီး ၎င်းထဲမှ ၂%အပေါ် ၃၀%ကို မျိုးရိုးဗီဇမြှင့်တင်ရေး ရန်ပုံငွေအဖြစ် သုံးစွဲသည်။ ကျန်သည့်ငွေဖြစ်သည့် ၅%ကို ၂%ထဲမှ ၇၀%ကို ငါးမျိုးစိုက်ထည့်သည့်လုပ်ငန်းများတွင် သုံး ခဲ့သည်ဟု ဖြေကြားချက်ရှိပါသည်။ ၎င်းငွေမှာလည်း ဖြေကြားချက်ထဲမှာ ကောက်ခံရရှိသည့်ငွေသည် တိုင်းဒေသကြီးဘတ်ဂျက်ထဲကို ဝင်သွားပြီးမှ ငါးမျိုးစေ့အတွက် ပြန်လည်တောင်းခံပြီး သုံးစွဲသည့်ငွေမဟုတ် ဘဲနှင့် မြန်မာ့စီးပွားရေးဘဏ်မှာ ဘဏ်စာရင်းဖွင့်လှစ်၍ အပ်နှံထားပြီးမှ ပြန်လည်သုံးစွဲသည်ဟု တွေ့ရှိရ ပါသည်။ သုံးစွဲသည့်ငွေများသည် တစ်နှစ်ကောက်ခံရရှိသည့်ငွေများအပေါ်မှာ တစ်နှစ်အားလုံးသုံးစွဲသည်ဟု ဖြေကြားသည့်အတွက် အကယ်၍ အားလုံးကုန်အောင်သုံးစွဲခြင်းမရှိလျှင် ပိုငွေကို မည်ကဲ့သို့ ဆက်လက်ပြီး ထိန်းသိမ်းထားသည်ကိုလည်း အဖြေထဲမှာ ရှင်းလင်းစွာ ပြန်လည်ပေးပို့ရန် လိုအပ်ပါသည်။ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေထဲမှ ငါးမျိုးစိုက်ထည့်ရန်အတွက် တောင်းခံသည့်ငွေက သည်ငွေနှင့် မသက်ဆိုင်ဘဲ သီးခြား တောင်းခံရန်လိုသည်ကို ရှင်းလင်းဖြေကြားပေးရန်လိုအပ်ပါသည်။ နှစ်ရှည်အင်းရရှိသူ အင်းလုပ်ငန်းရှင်များအား လုံးထံမှ ၃၀%ကောက်ခံရာမှာ အင်းသားကြီးအမည်ဖြင့် ငွေစုစာအုပ်ကို သက်ဆိုင်ရာဌာနမှာ အပ်ထားရမည်ဖြစ် ပြီး သက်ဆိုင်ရာဌာနက သက်မှတ်ကာလအတွင်း အင်းချောင်းပြုပြင်ခြင်းရှိ/မရှိကို စိစစ်ပြီး အင်းချောင်းပြုပြင် လျှင် ပြန်ပေးသည်ဆိုသည်ဟု ဖြေကြားထားသည်ဖြစ်သည့်အတွက် ပြုပြင်ခြင်းမရှိသည့်အင်းများဆိုလျှင် ပြန်မပေး ဘူးလား။ ပြန်မပေးဘူးဆိုလျှင် ၎င်းပြန်မပေးသည့် ငွေများကို အင်းသားကြီးအမည်ဖြင့် အပ်ထားသည့် ငွေစုစာ အုပ်ထဲမှ တိုင်းဒေသကြီးဘတ်ဂျက်သို့ ဝင်သလားဆိုသည်ကို ရှင်းရှင်းလင်းလင်း ပွင့်လင်းမြင်သာစွာ ဖြေကြားပေး ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ]။ ။**

ဂရန်အင်းရန်ပုံငွေထူထောင်ခြင်း ၂. ၅%ကိစ္စနှင့်ပတ်သက်၍ ငါးမျိုးဗီဇထိန်းသိမ်းရေး ရန်ပုံငွေထူထောင်၍ ငါးမျိုးစိုက်ထည့်ခြင်းကိစ္စနှင့် ပတ်သက်၍ ၎င်းရန်ပုံငွေသည် နိုင်ငံတော်ဘဏ္ဍာထဲကို ထည့်သွင်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ရေချိုငါးဥပဒေအရ ရန်ပုံငွေထူထောင်ပြီး သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပတ်သက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဘဏ္ဍာငွေဖြစ်ပါသည်။ ၎င်းနေရာမှာ ၃၀%ကို မျိုးရိုးဗီဇအတွက် သုံးပြီး ၇၀%ကို ငါးမျိုးစိုက်ထည့်သည်ဟု တင်ပြထားသည့်အပေါ်မှာ အသေးစိတ်သုံးစွဲမှုနှင့်ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ စာရင်းများတောင်းယူပြီး အသေးစိတ်ပြန်လည်ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် အင်းလုပ်ငန်းအပေါ်မှာ ၃၀%ပြုပြင်ထိန်းသိမ်းခြင်းဆိုသည်မှာ လေလံစည်းမျဉ်းစည်းကမ်းအရ ကောက်ခံထားသည့်ငွေဖြစ်ပါသည်။ ၎င်းငွေအပေါ်မှာ ပိတ်သိမ်းခြင်းအလိုက်ပြုပြင်ဆောင်ရွက်သည့် အခြေအနေကိုလည်း လက်ရှိဆောင်ရွက်ပြီးသည့် အင်းများနှင့် ပတ်သက်၍ အသေးစိတ်စာရင်းများကို ငါးလုပ်ငန်းဦးစီးဌာနမှ ပြန်လည်စိစစ်တင်ပြပေးသွားမှာဖြစ်ပြီး ပြန်လည်ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏၂၅-၁၀-၂၀၁၇ ရက်စွဲပါစာအမှတ် ၁၂၁၈/စိုက်-မွေး-ဆည်/၂၀၁၇ အရ စာဖြင့် ဖြေကြားချက်မှာ- ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ မျိုးကောင်းမျိုးသန့်ငါးမျိုးများ ပြန့်ပွားလာစေရန်နှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ် ဂရန်အင်း လုပ်ကိုင်ခွင့်ရရှိသည့် အင်းသားကြီးများထံမှ အင်းခွန်ငွေ၏ (၂. ၅%)နှင့် ညီမျှသောငွေကို ကောက်ခံပါသည်။

ထို (၂. ၅%)ငွေမှ (၂%)၏ (၃၀%)ငွေအား ငါးမျိုးဗီဇမြင့်တင်ရေးရန်ပုံငွေအဖြစ် ထူထောင်၍ လည်းကောင်း၊ ကျန်ငွေအား အဆိုပါနှစ်တွင် ဂရန်အင်းများ၌ ငါးမျိုးစိုက် ထည့်ရာတွင်လည်းကောင်း ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးထံ တင်ပြခွင့်ပြုချက်ရယူ၍ သုံးစွဲပါသည်။ နှစ်အလိုက် ငါးမျိုးဗီဇ မြင့်တင်ရေးရန်ပုံငွေထူထောင်မှုနှင့် သုံးစွဲမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးခုနှစ် | ငါးမျိုးဗီဇမြင့်တင်ရေး ရန်ပုံငွေ | သုံးစွဲသည့် အကြောင်းအရာ | သုံးစွဲငွေ(ကျပ်) |
|---|---|---|---|---|
| ၁။ | ၂၀၁၃-၂၀၁၄ | ၅၃၄၈၇၇၄ | Mono Sex တီလားပီးယားငါးမျိုးများ ဝယ်ယူခြင်း၊ ပိုက်လှောင်အိမ်များ ဝယ်ယူခြင်း။ | ၇၇၅၀၀၀၀ |
| ၂။ | ၂၀၁၄-၂၀၁၅ | ၆၃၀၄၆၃၈ | တစ်ပိုင်တစ်နိုင်ငါးသားဖေါက်စခန်းများတွင် အသုံးပြုရန် (မျိုးငါးဆွဲပိုက်၊ ပိုက်လှောင်အိမ်၊ ငါးသားဖောက်ရန် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူခြင်း။ | - |
| ၃။ | ၂၀၁၅-၂၀၁၆ | ၇၀၇၃၅၆၇ | တစ်ပိုင်တစ်နိုင်ငါးသားဖေါက်စခန်းများတွင်အသုံးပြုရန်(မျိုးငါးနှင့် အခြားပစ္စည်းများ)ဝယ်ယူခြင်း၊(သယံဇာတထိန်းသိမ်းရေးပညာပေး ပိုစတာများ ပြုလုပ်ခြင်း။ | ၁၃၅၂၃၄၀၀ |
| ၄။ | ၂၀၁၆-၂၀၁၇ | ၇၆၅၀၉၄၃ | သယံဇာတထိန်းသိမ်းရေး ပညာပေးVideo CD များပြုလုပ်ခြင်း။ | ၁၂၀၀၀၀၀ |

ထို့အတူ ငါးလုပ်ငန်းဦးစီးဌာနသည် ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဂရန်အင်းများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဂရန်အင်းလုပ်ကိုင်သူများမှ နှစ်ရှည်(၃)နှစ်ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့် ကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြ ရာတွင် အင်းပြုပြင်ခြင်းလုပ်ငန်း၊ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများဆောင်ရွက်ကြရန် တင်ပြချက်အပေါ် စိစစ်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးထံ တင်ပြခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ခွင့်ပြုပေးလျက်ရှိပါသည်။ နှစ်ရှည်(၃)နှစ် ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ရရှိပါက အင်းသားကြီးမှ အင်းချောင်းပြုပြင်ခြင်း သို့မဟုတ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ကြေးတိုင်လုပ်ကိုင်ခွင့်ရရှိသည့်နှစ်၏ အင်းခွန်ငွေ၏ (၃၀%)နှင့် ညီမျှသော အင်းသားကြီးအမည်ဖြင့် ငွေပေးသွင်းထားသော ငွေစုစာအုပ်ကို ဌာနမှထိန်းသိမ်းထားရှိပြီး၊ လုပ်ကိုင်ခွင့်ရရှိသည့် ကာလအတွင်း ၎င်းတို့ကနဦးလျှောက်ထားတင်ပြစဉ်ပါ ကတိပြုထားသည့်အတိုင်း အင်းချောင်းပြုပြင်ခြင်း သို့မဟုတ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထိုသို့ ဆောင်ရွက်ပြီးပါကသက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး၊ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးနှင့် တာဝန်ပေးအပ်ခြင်း ခံရသူ(၁)ဦးတို့ပါဝင်သော ကြေးတိုင်အင်း ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ထားရှိကြောင်း စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ အင်းသားကြီးထံမှ ထိန်းသိမ်းထားရှိသော ငွေစုစာအုပ်ကို စနစ်တကျပြန်လည်ထုတ်ပေးပါကြောင်းနှင့် ဌာနအနေဖြင့် လုပ်ငန်းပိုင်းကိုသာ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-ခုနှစ်မှ ၂၀၁၆-ခုနှစ်အထိ နှစ်အလိုက် နှစ်ရှည်(၃) ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ပြုသည့် ဂရန်အင်းများ၏ အခြေအနေနှင့် (၃၀%) ငွေစာရင်းတို့အား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| **စဉ်** | **ဘဏ္ဍာရေးခုနှစ်** | **ကြေးတိုင်အင်းအဖြစ်ခွင့်ပြုသည့်ဂရန် အင်းဦးရေ** | **(၃၀%)ငွေ** |
|---|---|---|---|
| ၁။ | ၂၀၁၃-၂၀၁၄ | ၁၄၄ | ၇၅၂၅၅၄၆၆ |
| ၂။ | ၂၀၁၄-၂၀၁၅ | ၁၄၆ | ၈၄၈၈၅၄၂၀ |
| ၃။ | ၂၀၁၅-၂၀၁၆ | ၁၈၁ | ၉၃၀၈၉၁၄၂ |
| ၄။ | ၂၀၁၆-၂၀၁၇ | ၁၄၂ | ၁၀၃၀၇၀၉၄၀ |

ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးစေရေး၊ လူတစ်ဦးချင်းတစ်နှစ်ငါးစားသုံးမှု မြင့်မားရေး၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဘိုး (GDP)တိုးတက်ရေး၊ ဂရန်အင်းများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရန်အတွက် ရန်ပုံငွေထူထောင်ခြင်းသည် အမှန်တကယ်လိုအပ်ပြီး အဆိုပါရန်ပုံငွေအား တိုင်းဒေသကြီး၏ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင်ဖွင့်လှစ်အပ်နှံခဲ့ပြီး ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးထံ

တင်ပြခွင့်ပြုချက်ရယူ၍ ငွေပေးချေခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။ ထို့အတူ နှစ်ရှည်(၃)နှစ်ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ပြုထားသည့် အင်းများမှ (၁၀%)ငွေနှင့်ညီမျှသောငွေဖြင့် အင်းချောင်းပြုပြင်ခြင်း သို့မဟုတ် ငါးမျိုးစိုက် ထည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ငါးထုတ်လုပ်မှုတိုးတက်လာပြီး တိုင်းဒေသကြီး အသားတင် ထုတ်လုပ်မှုတန်ဘိုး(GDP)မြင့်တက်လာကာ လူတစ်ဦးချင်း ငါးစားသုံးမှုလည်း တိုးတက်ခဲ့ပါသဖြင့် ယခုအခါ အဆိုပါငါးမျိုးစိုက်ထည့်ခြင်းနှင့် ကြေးတိုင်အင်းပြုပြင်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားလျက် ပွင့်လင်းထင်သာမြင်သာစွာဖြင့် ဆောင်ရွက်ရန် တရားဝင်စာဖြင့် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၂၀၁၃-၂၀၁၄ခုနှစ်တွင် ငါးမျိုးမြှင့်တင်ရေးရန်ပုံငွေမှ သယံဇာတထိန်းသိမ်းရေးနှင့် ပညာပေး(CD) ပြုလုပ်ရန် ထုတ်ယူမှုအခြေအနေ**

| စဉ် | အမျိုးအမည် | တန်ဖိုးငွေ | မှတ်ချက် |
|---|---|---|---|
| ၁။ | ငါးပြုစုမွေးမြူရန် ပိုက်လှောင်အိမ် ဝယ်ယူခြင်း | ၄၅၃၀၀၀၀ | |
| ၂။ | Mone Sex တီလားဗီးယား ဝယ်ယူခြင်း | ၃၂၂၀၀၀၀ | |
| | | ၇၇၅၀၀၀၀ | |

**၂၀၁၅-၂၀၁၆ခုနှစ်တွင် ငါးမျိုးမြှင့်တင်ရေးရန်ပုံငွေမှ သယံဇာတထိန်းသိမ်းရေးနှင့် ပညာပေး(CD) ပြုလုပ်ရန် ထုတ်ယူမှုအခြေအနေ**

| စဉ် | အမျိုးအမည် | တန်ဖိုးငွေ | မှတ်ချက် |
|---|---|---|---|
| ၁ | လေမှုတ်စက်(၄-လက်မ နှစ်လုံးထိုး) | ၄၀၀၀၀၀ | |
| ၂ | အင်ဂျင်(၁၃-HP) | ၄၁၈၀၀၀ | |
| ၃ | (၁လက်မ) လေပိုက်(၂၀၀)ပေ | ၂၄၄၀၀ | |
| ၄ | အထိုင်ဖရိန် | ၁၅၀၀၀၀ | |
| ၅ | မျိုးငါးဆွဲပိုက် | ၂၄၀၀၀၀၀ | |
| ၆ | ပိုက်လှောင်အိမ် | ၉၀၀၀၀၀ | |
| ၇ | တစ်ပိုင်တစ်နိုင်ငါးသားဖေါက်စခန်း(Backyard Hatchery) (၁၂)လုံးအတွက်တောင်းခံငွေ | ၈၁၃၉၀၀၀ | |
| ၈ | သယံဇာတထိန်းသိမ်းရေးဗီနိုင်း(ပိုစတာ)ပြုလုပ်ရန်တောင်းခံငွေ | ၁၀၉၂၀၀၀ | |
| | စုစုပေါင်း | ၁၃၅၂၃၄၀၀ | |

**၂၀၁၆-၂၀၁၇ခုနှစ်တွင် ငါးမျိုးမြှင့်တင်ရေးရန်ပုံငွေမှ သယံဇာတထိန်းသိမ်းရေးနှင့် ပညာပေး(CD) ပြုလုပ်ရန် ထုတ်ယူမှုအခြေအနေ**

| စဉ် | အမျိုးအမည် | တန်ဖိုးငွေ | မှတ်ချက် |
|---|---|---|---|
| ၁။ | သယံဇာတထိန်းသိမ်းရေးနှင့် ပညာပေး(CD) | ၁၂၀၀၀၀၀ | |

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရေတာရှည်မြို့နယ်၊ သာဂရ-ကိုးပင်လမ်း(၁၀)မိုင်ကျေးရွာတွင်တည်ရှိသော မြန်မာ့သစ်လုပ်ငန်း တောင်ငူမြောက်ပိုင်း သစ်ထုတ်လုပ်ရေးဒေသ ဖိုးကျားဆင်စခန်းအား လျှပ်စစ်သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်လမ်း(၁၀)မိုင်ကျေးရွာတွင်တည်ရှိသော မြန်မာ့သစ်လုပ်ငန်း တောင်ငူမြောက်ပိုင်း သစ်ထုတ်လုပ်ရေးဒေသ ဖိုးကျားဆင်စခန်းသည် ဆင်(၉၉)ကောင်နှင့် ဘန်ဂလို(၇)လုံးတည်ရှိပြီး ငှက်မျိုးစိတ်များ၊ လိပ်ပြာမျိုးစိတ်များ၊ တောတွင်းခရီးသွားလုပ်ငန်းများကိုလေ့လာနိုင်သော ဆင်စခန်းတစ်ခုအဖြစ် တည်ဆောက်ထားပြီးဖြစ်ပါသည်။ ထိုဆင်စခန်းမှ ရရှိသောဝင်ငွေဖြင့် သစ်ထုတ်ဝန်ထမ်းအင်အား (၅၀၀)အား ထောက်ပံ့နိုင်သောဝင်ငွေကို ရရှိနေသောစခန်းတစ်ခုဖြစ်ပါသည်။

သို့သော် ထိုဆင်စခန်းသည် နိုင်ငံခြားဧည့်သည်များ လာရောက်တည်းခိုလေ့လာနေသော စခန်းတစ်ခုဖြစ်သော်လည်း လျှပ်စစ်မီးမရရှိသဖြင့် ညအိပ်တည်းခိုရန် (အဲယားကွန်း) အိပ်ခန်းအပါအဝင် အခြားလျှပ်စစ်သုံးရမည့် ဝန်ဆောင်မှုမပေးနိုင်သဖြင့် နိုင်ငံခြားသားဧည့်သည်များမှာ ညအိပ်တည်းခိုခြင်း မပြုကြပါ။ သို့ဖြစ်ပါ၍ ဝင်ငွေလျော့နည်းစေပြီး ဌာန၏ရည်ရွယ်ထားသော စခန်း၏ အောင်မြင်မှုကို ထိခိုက်စေခဲ့ပါသည်။ ထိုဆင်စခန်းသည် သာဂရ ကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် (၁၀)မိုင်ကွာဝေးသလို ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် (၄)မိုင်သာကွာဝေးပြီး အမြန်လမ်းမှ အတက်အဆင်း (under

pass) ရှိပြီးဖြစ်ပါသည်။ လျှပ်စစ်သွယ်တန်းပေးမည်ဆိုပါက လျှပ်စစ်ရရှိပြီးသော သာဂရစက်မှုဇုန်ရဲစခန်းနှင့် (၅)မိုင်သာ ကွာပါသည်။ သို့ဖြစ်ပါ၍ ထိုဆင်စခန်းအား လျှပ်စစ်သွယ်တန်းရမည်ဆိုပါက နိုင်ငံခြား ဧည့်သည်များ ညအိပ်တည်းခိုလေ့လာခြင်းဖြင့် နိုင်ငံတော်အတွက်ဝင်ငွေပိုမိုရရှိမည်ဖြစ်ပါသည်။ လျှပ်စစ် သွယ်တန်းလျှင် ခန့်မှန်းကုန်ကျငွေမှာ သန်း(၅၃၀)ခန့် ကုန်ကျမည်ဟုခန့်မှန်းပါသည်။ သို့ဖြစ်ပါ၍ ထိုဆင်စခန်း အား လျှပ်စစ်သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်း မြို့နယ်၊ ကျောင်းရှစ်ဆယ် ကျေးရွာအုပ်စု၊ ခပေါင်းရွာ ရွာမရပ်ကွက်ရှိ ဂျိုးဖြူ အရက်ချက်စက်ရုံသည် စက်ရုံပတ်ဝန်းကျင်ပြည်သူများ ကျန်းမာရေး ထိခိုက်ခြင်းပါ အချက်(၃)ချက်"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ် ကျေးရွာအုပ်စု၊ ခပေါင်းရွာ၊ ရွာမရပ်ကွက်ရှိ ဂျိုးဖြူ အရက်ချက်စက်ရုံသည် လွန်ခဲ့သော ၁၉၉၆-၁၉၉၇တွင် စတင်တည်ထောင်ပြီး အရက်များကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ ထိုအရက်ချက်စက်ရုံသည် နေ့စဉ် လည်ပတ်ထုတ်လုပ်လျက်ရှိပြီး အနံ့ဆိုးများ ထွက်ရှိခြင်း၊ စွန့်ပစ်သောရေဆိုးများကိုလည်း ပြန်လည်သန့်စင်ခြင်း မပြုဘဲ၊ ခပေါင်းချောင်းအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းကြောင့် ချောင်းတစ်လျှောက်ပတ်ဝန်းကျင် အနံ့ဆိုးများ ထွက်ရှိခြင်း၊ ချောင်းရေမှာလည်း ရေထုညစ်ညမ်းလျက်ရှိပါသည်။

သို့ပါ၍-

(၁) စက်ရုံပတ်ဝန်းကျင်ပြည်သူများ ကျန်းမာရေးထိခိုက်ခြင်း၊

(၂) ခပေါင်းချောင်းအတွင်းရေကို ပြည်သူအသုံးပြု၍မရတော့ခြင်း၊ ရေနေသတ္တဝါ သယံဇာတများ ဖျက်ဆီးဆုံးရှုံးခြင်း၊

(၃) နိုင်ငံတော်အတွက် ဘဏ္ဍာအခွန်ရရှိသော်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု က ပိုမိုများနေသောကြောင့် အမြန်ဆုံးပြန်လည်စိစစ်၍ စက်ရုံအား ရပ်ဆိုင်းပယ်ဖျက် သင့်ပါကြောင်း ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သစ်တော နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာန]**။ ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရေတာရှည်မြို့နယ်၊ သာဂရ-ကိုးပင်လမ်း(၁၀)မိုင်ကျေးရွာတွင်တည်ရှိသော မြန်မာ့သစ်လုပ်ငန်း တောင်ငူမြောက်ပိုင်း**

**သစ်ထုတ်လုပ်ရေးဒေသ ဖိုးကျားဆင်စခန်းအား လျှပ်စစ် သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ သာဂရမြို့ရှိ သာဂရ-ကိုးပင်လမ်း၊ (၁၀)မိုင်ကျေးရွာရှိ ဖိုးကျားဆင်စခန်းအား ၁၉၇၉-၁၉၈၀ခုနှစ်မှစ၍ စိုက်ခင်းလုပ်ငန်းအခြေစိုက်စခန်း၊ သစ်ထုတ်လုပ်ငန်းအခြေစိုက်စခန်း၊ ဆင်ဝန်ထမ်းများ၏ အခြေစိုက်စခန်းအဖြစ် လည်းကောင်း၊ ၁၉၉၆-၁၉၉၇ခုနှစ်တွင် ဆင်နာရုံစခန်းအဖြစ်လည်းကောင်း၊ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် မြိုင်သာယာဆင်လေ့ကျင့်ရေးသုတေသနနှင့် ဆင်နာရုံအဖြစ်လည်းကောင်း၊ ၁၉၉၉-၂၀၀၀ခုနှစ်တွင် ရွှေပြည်အေးစခန်းအဖြစ်လည်းကောင်း၊ ၂၀၀၂ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာနမှ သဘာဝအခြေခံခရီးသွားလုပ်ငန်းနေရာအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ဖိုးကျားဆင်စခန်းတွင် ဌာနဆင် (၆၉) ကောင်နှင့် (အဲယားကွန်း)တပ်ဆင်ထားသော သစ်လုံးအိမ်တည်းခိုဆောင်(၈)လုံး၊ ရှင်းလင်းဆောင်နှင့် စားသောက်ခန်းများထားရှိပြီး ပြည်တွင်းပြည်ပ ဧည့်သည်(၂၈)ဦးအား လက်ခံဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထား ရှိပါသည်။ နှစ်သက်တမ်း (၁၁၈)နှစ်ရှိ ကျွန်းပင်ကြီးများ ထိန်းသိမ်းကာကွယ်ထားခြင်း၊ တောတွင်းခရီးသွားလုပ်ငန်းများ လေ့လာနိုင်ခြင်း၊ ဌာနပိုင်ဆင်များစနစ်တကျ ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဆင်သရုပ်ပြဆောင်ရွက်ခြင်း၊ ဆင်ဝန်ထမ်းများ၏ နေထိုင်မှုဘဝများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ပြည်သူများ လေ့လာကြည့်ရှုနိုင်ပါသည်။

ဖိုးကျားဆင်စခန်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ (၁၀)မိုင် ကွာဝေးပြီး အမြန်လမ်းမမှ (၄)မိုင်သာ ကွာဝေးသဖြင့် လျှပ်စစ်မီးမရရှိသည့် နေရာတစ်ခုဖြစ်ပါသည်။ လျှပ်စစ်မီးရရှိပါက သာဂရမှ ဖိုးကျားဆင်စခန်းလမ်းတလျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးစည်ပင်လာနိုင်ခြင်း ဆင်စခန်းတွင်လည်း လျှပ်စစ်မီး ရရှိပါက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထောက်အကူပေးသည့်နေရာဖြစ်လာနိုင်ပြီး ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေနိုင်ခြင်း၊ လာရောက်တည်းခိုကြမည့် ပြည်တွင်း/ပြည်ပ ခရီးသွားများ ညအိပ်တည်းခိုနိုင်သဖြင့် နိုင်ငံတော်ဝင်ငွေပိုမိုရရှိစေနိုင်ခြင်း၊ ဆင်များအား စနစ်တကျ ပြုစုထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပြည်သူများ ချစ်ခင်မြတ်နိုးထိန်းသိမ်း စောင့်ရှောက်လိုစိတ် တိုးပွားလာစေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် သာဂရနှင့် (၁၀)မိုင်အကွာ ဖိုးကျားဆင်စခန်းအကြား ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် ငွေကျပ်သန်း(၅၃၀)ကျော် ကုန်ကျမည် ဖြစ်ပါကြောင်း လျှပ်စစ်ဝန်ကြီးဌာနမှ တွက်ချက်ထားရှိပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်စဉ် ဖိုးကျားဆင်စခန်းအတွက်ပါ ပူးတွဲဆောင်ရွက်ပေးစေလိုပါကြောင်း လျှပ်စစ်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အုတ်တွင်း မြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု၊ ခပေါင်းရွာ ရွာမရပ်ကွက်ရှိ ဂျိုးဖြူ အရက်ချက်စက်ရုံသည် စက်ရုံပတ်ဝန်းကျင်ပြည်သူများ**

**ကျန်းမာရေး ထိခိုက်ခြင်းပါ အချက်(၃)ချက်”** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ခပေါင်းရွာ ရွာမရပ်ကွက်ရှိ ဂျိုးဖြူ အရက်ချက်စက်ရုံသည် ဧရိယာ(၂. ၆၆) ဧက ကျယ်ဝန်းပြီး ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဦးစီးဌာန၏ (၂၉. ၁. ၂၀၁၅)ရက်နေ့နှင့် (၁၉. ၁. ၂၀၁၇) ရက်နေ့တွင် စစ်ဆေးချက်များအရ အများဆုံးတစ်နေ့လျှင် အရက်ဆီဂါလံ (၁၀၀၀)ခန့် ထုတ်လုပ်နိုင်ပြီး အရက်ချက် လုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများအား စက်ရုံရှိ ရေမြောင်း(Drain) မှတစ်ဆင့် စက်ရုံဝန်းအတွင်း အရည်စစ်ကန် (၂၀×၄၀) ပေပြုလုပ်ပြီး အရည်နှင့်အဖတ်အား ခွဲခြားကာ နောက်ဆုံးစွန့်ပစ် ပစ္စည်းများကို ဘောက်ဆာကားဖြင့် သယ်ယူကာ စက်ရုံပိုင်လယ်ကွင်းများထဲသို့ မြေဩဇာအဖြစ် သွားရောက် စွန့်ပစ်ကြောင်းသိရှိရပါသည်။ ထို့အပြင်ဤဌာနမှ စစ်ဆေးခဲ့သည့် (၂)ကြိမ်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရန် ညွှန်ကြားခဲ့ပြီး ဖြစ်သော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ယနေ့အထိတင်ပြလာခြင်းမရှိသေးပါ။ သန့်စင်စက်၏ အခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ ပုဒ်မ ၅၅(က)အရ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲနေခြင်းရှိ/မရှိ စစ်ဆေး၍ ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ စက်ရုံမှ EMP ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အတိုင်း လိုက်နာမှုမရှိဘဲ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပန်းတောင်းမြို့နယ်၊ တလုပွင်အုပ်စု၊ သနီဝကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းခွဲ အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ တလုပွင်အုပ်စု၊ သနီဝကျေးရွာတွင် အနီးဆုံးအခြေခံပညာအထက်တန်းကျောင်း (ရှားဖြူကွင်း)နှင့် (၂)မိုင်ခန့်ကွာဝေးပါသည်။ သနီဝကျေးရွာမှ ကျောင်းသူကျောင်းသားများသည် ရှားဖြူကွင်းကျောင်းသို့သွားရာတွင် ရွှေတံငါချောင်းကမ်းပါးဘေးမှ ဖြတ်သန်း၍ ကျောင်းတက်ရခြင်းကြောင့် ချောင်းရေလျှံခြင်း၊ ကမ်းပါးပြိုကျခြင်းတို့ အန္တရာယ်ရှိသဖြင့် မိဘများမှ အလုပ်ပျက်ခံပြီး ကျောင်းအကြို/အပို့ပြုလုပ်နေရပါသည်။ သနီဝကျေးရွာမှ ကျောင်းသား/ ကျောင်းသူ(၂၁)ဦး ရှားဖြူကွင်းကျောင်းသို့သွားရောက်ကျောင်းတက်နေရပြီး သနီဝကျေးရွာတွင် မူလတန်းကျောင်းခွဲ ဖွင့်လှစ်နိုင်ပါက (၂၁)ဦးထက်ပို၍ ကျောင်းသားဦးရေတိုးလာမည်ဖြစ်သလို ကျောင်းအဆောက်အဦးမြေနေရာရှိပြီး ယာယီအဆောက်အဦးလည်းရှိကာ အိမ်သာနှစ်လုံးလည်းရှိပါသည်။ ထို့ပြင်လုပ်အားပေးမည့် ဆရာမများလည်းရှိပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ တလုပွင်အုပ်စု၊ သနီဝကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းခွဲ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ တလုပွင်အုပ်စု၊ သနီဝ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းခွဲ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ တလုပွင်ကျေးရွာအုပ်စု၊ သနီဝကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်လှစ်ရန်အတွက် ပထမဦးစွာ ကိုယ့်အားကိုယ် ကိုးစာသင်ကျောင်း ရှိရမည်ဖြစ်ပါသည်။ ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်း ဖွင့်လှစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပြီးမှသာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ရန် အခြေခံပညာဦးစီးဌာနသို့ ဆက်လက် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သက်ဆိုင်ရာဝန်ကြီး၏ ဖြေကြား ချက်မှာ ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းဖွင့်လှစ်ပြီးမှသာ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်လှစ်ဆောင်ရွက် ပေးမည်ဟု ဖြေကြားထားပါသည်။ မိမိမေးသည့်မေးခွန်းထဲမှာ အဆောက်အဦလည်းရှိသည်။ မြေနေရာလည်း ရှိသည်။ လုပ်အားပေးသည့် ဆရာ/ဆရာမများလည်းရှိသည်။ ကျောင်းသားများအတွက် အသုံးပြုနိုင်ရန် အိမ်သာ များလည်းရှိသည်ဟု မေးခွန်းထဲမှာ ထည့်သွင်းမေးမြန်းထားတာရှိပါသည်။ သို့သော်လည်း ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းဖွင့်လှစ်ပြီးမှသာ ၎င်းကျောင်းမှာသွားရောက်တက်ရောက်ရမည့် ကျောင်းသားများအတွက် တရားဝင်တက်ရောက်ခွင့်ရှိမှာလား။ အဘယ်ကြောင့်ဆိုသော် ၎င်းကျောင်းမှာ ကျောင်းဖွင့်၍ သွားရောက်တက်ပြီး မှ သက်ဆိုင်ရာမေးခွန်းများဖြင့် ထိုကျောင်းမှာ ဖြေဆိုခွင့်မရှိဘူးဆိုလျှင် ၎င်းကျောင်းမှာ တက်ရောက်သည့် ကျောင်းသားများမှာ တစ်နှစ် နစ်နာမည်ဖြစ်ပါသည်။ သို့ပါ၍ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းဖွင့်ရန် သတ်မှတ်အဆောက်အဦနှင့် မြေများရှိ၍ ချက်ချင်းဖွင့်လှစ်၍ရပါသည်။ သို့သော်လည်း ၎င်းကျောင်းမှာ တက်ရောက်မည့်ကျောင်းသားများ အတွက် တရားဝင်စာသင်ဖြေကြားခွင့်ကို လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိကို ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]**။ ။ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန် မိမိရွာကမိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းမှာ ပြည်ထောင်စု၏ မူဝါဒအရ တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုက်ပါဆောင်ရွက်ရခြင်းဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်- မြို့နယ်အားကစားကွင်း ပွဲကြည့်စင်အား RC (၁၀၀'×၂၀') ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒိုက်ဦးမြို့နယ်တွင် မြို့နယ်အားကစားကွင်းသည် ဧရိယာ ၆. ၇၉၈ ဧက အကျယ်အဝန်း ရှိပါသည်။ ထိုအားကစားကွင်းထဲတွင် ၁၉၈၂-၁၉၈၃ခုနှစ်ခန့်က တည်ဆောက်ခဲ့သော အားကစားပွဲကြည့်စင် ၁၃၆ ၁/၂' × ၂၄ ၁/၂' ရှိ သစ်သားပွဲကြည့်စင်ရှိပါသည်။ အဆိုပါ ပွဲကြည့်စင်သည် အမြင့် အရှေ့အမြင့် ၂၄' ×အနောက် ၁၈' ရှိပြီး အဆင့်၁၄ဆင့်ရှိ၍ အဆင့်အတန်းဝင်ဆံ့မှု ၉၆ဦး၊ ကြည့်ရှုနိုင်သည့်ဦးရေ (၁၃၄၄)ဦး ကြည့်ရှုနိုင်ပါသည်။ မြို့နယ်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော ရပ်ကွက်ပေါင်းစုံနှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲကိုလည်း စဉ်ဆက်မပြတ်ကျင်းပလေ့ရှိပါသည်။ ဒိုက်ဦးမြို့နယ်မှာရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း (၅၃)အုပ်စု၊ ရွာပေါင်း (၁၈၂)ရွာ၊ လူဦးရေပေါင်း (၂၁၀၀၀၀)ခန့် နေထိုင်ကြပါသည်။

ထိုသို့ကျင်းပလေ့ရှိသော ဘောလုံးပြိုင်ပွဲအား လူဦးရေ (၃၀၀၀)ခန့် ကြည့်ရှုအားပေး ကြပါသည်။ ပွဲကြည့်စင်အတွင်းနှင့်အပြင် မြေပြင်၌လည်း အားပေးကြည့်ရှုကြပါသည်။ မြို့နယ်အားကစားကွင်း၏ ပွဲကြည့်စင်မှာ ယခုအချိန်တွင် နှစ်ပေါင်း (၃၄)နှစ်ခန့်ရှိပြီး သစ်သားဆောင်မှာ ယိုယွင်းပျက်စီး၍ အန္တရာယ်ဆောင်အဖြစ်သို့ ရောက်ရှိနေပါသည်။

သို့ဖြစ်ပါသောကြောင့် ဒိုက်ဦးမြို့နယ်၊ မြို့နယ်အားကစားကွင်း ပွဲကြည့်စင်အား **RC ၁၀၀' ×၂၀' ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့အခြေခံပညာအလယ်တန်းကျောင်းခွဲ(ဈေးပိုင်း)ကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းကို အမြန်ဆုံးဖျက်သိမ်းခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ဈေးပိုင်း) ကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင် ဟောင်းမှာ ယခင်ကတည်းက ဟောင်းနွမ်းပျက်စီးနေပြီး ကျောင်းဆောင်တွင် ကျောင်းသားများ စာသင်ကြား နိုင်ခြင်းလည်းမရှိပါ။ ယခုအခါ ကျောင်းဆောင်မှာ အမိုးများ ပျက်စီးနေခြင်း၊ နံရံများအက်ကွဲ၍ ပြိုကျလုနီးပါး ဖြစ်လာသဖြင့် ဆရာ/ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအတွက် အသက်အန္တရာယ်စိုးရိမ် ရသောကြောင့် အမြန်ဆုံးဖျက်သိမ်းခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]။** ။ဦးသူရဇော်၊ **ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဒိုက်ဦးမြို့နယ်၊ မြို့နယ်အားကစားကွင်း ပွဲကြည့်စင်အား RC (၁၀၀'×၂၀') ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဒိုက်ဦးမြို့နယ် မြို့နယ်အားကစားကွင်း ပွဲကြည့်စင်အား RC(၁၀၀'×၂၀') ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ "၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားရန်ပုံငွေ (BE)တွင် ဒိုက်ဦးမြို့နယ် ပွဲကြည့်စင်တည်ဆောက်ခြင်း (၁၀၀ပေ×၂၀ပေ) RC ၉၃.၃၃၇သန်း"ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]။** ။ **ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ " ကျောက်တံခါးမြို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(ဈေးပိုင်း)ကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းကို အမြန်ဆုံး ဖျက်သိမ်း ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဈေးပိုင်းတွင် မူလတန်းဆင့်ကျောင်းသား (၁၄၂)ဦးနှင့် အလယ်တန်းဆင့်ကျောင်းသား (၁၇၆)ဦး စုစုပေါင်း (၃၁၈)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ အလယ်တန်းပြ(၉)ဦး နှင့် မူလတန်းပြ(၂)ဦး စုစုပေါင်း (၁၂)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် ခရေဆောင် (၆၀ ×၃၀)ပေ တစ်ထပ်ဆောင်(၁၉၆၆-ခုနှစ်)၊ နှင်းဆီဆောင်(၆၀ ×၃၀)ပေ (၂)ထပ်ဆောင် (၁၉၈၃-ခုနှစ်) ၊ ငုဝါဆောင်(၄၀ × ၃၀)ပေ (၁)ထပ်ဆောင် (၂၀၀၉-ခုနှစ်)၊ ကံ့ကော်ဆောင် (၆၀ × ၃၀)ပေ တစ်ထပ်ဆောင်(၂၀၁၃-ခုနှစ်)၊ ပိတောက်ဆောင်(၆၀ × ၃၀)ပေ (၁)ထပ်ဆောင် (၂၀၁၆-ခုနှစ်)နှင့် စုစုပေါင်း (၅)ဆောင်ရှိပါသည်။

အဆိုပါကျောင်းရှိ အန္တရာယ်ရှိ ခရေဆောင်(၆၀ × ၃၀)ပေ (၁၉၆၆-ခုနှစ်) ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ရရှိရန်အတွက် သက်ဆိုင်ရာမြို့နယ်သို့ အမှုတွဲပြုစုတင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ အမှုတွဲရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အမြန်ဆုံးတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား

အပ်ပါသည်။ တစ်ဆက်တည်းဖြေကြားလိုသည်မှာ လွှတ်တော်မေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတာရှိပါသည်။ အမှုတွဲကို သက်ဆိုင်ရာမြို့နယ်ကို တင်ပြထားသည်ဟု ပြောပါသည်။ သို့အတွက်ကြောင့် မိမိဆီအရောက်လာပို့ပါ။ သက်ဆိုင်ရာမြို့နယ်မှ တာဝန်ရှိသည့်သူကို ခေါ်ယူပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တစ်ဆက်တစ်စပ်တည်း ဖြေကြားအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ အနည်းငယ်တင်ပြလိုပါသည်။ မေးခွန်းမှာပါရှိသည့် ဖျက်သိမ်းခွင့်ရရှိရန်အတွက် သက်ဆိုင်ရာမြို့နယ်သို့ အမှုတွဲပြုစုတင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါသည်ဟုပါရှိပါ၍ အမှုတွဲကို ဈေးပိုင်းကျောင်းသို့ သွားရောက်တောင်းခံသည့်အခါ ဖျက်သိမ်းခွင့်မတင်ဘူးလားဟု မေးသည့်အခါ၌ တင်ထားပါသည်ဟု ပြန်လည်ဖြေကြားပါသည်။ ၂၄ရက်နေ့ Date နှင့် ဖျက်သိမ်းခွင့်ယခုတင်ထားသည့်စာကို မိမိကိုယ်တိုင် ယူခဲ့ပါကြောင်း၊ ဇန်နဝါရီလ ၂၄ရက်နေ့က တင်ပြသည့်စာသည် ယနေ့ဆိုလျှင် အောက်တိုဘာလ ရောက်ရှိနေပြီဖြစ်ပါ၍ (၉)လကျော်(၁၀)လနီးပါးဖြစ်နေပါသည်။ ယနေ့ မိမိတို့အစိုးရအဖွဲ့က ယနေ့မိမိတို့မပြောခဲ့လျှင် မဖျက်တော့ဘူးလားဟု မေးမြန်းရန်လိုပါသည်။ ပြည်သူများကလည်း ယနေ့ ပြောင်းလဲခြင်းကို လိုလားသည့်အတွက် ငွေရေးကြေးရေးဘဏ္ဍာရေးအရ အခက်အခဲရှိသည်ကို အားလုံး နားလည်ပါသည်။ သို့သော်လည်း အသေးအဖွဲ့ကအစ မိမိတို့လွှတ်တော်မေးမှ ဆောင်ရွက်မည်ဆိုလျှင် မဖြစ်သင့်သည့်ကိစ္စတစ်ခု ဖြစ်ပါသည်။ ယခုအစည်းအဝေးပြီးပါက မိမိမှ ဝန်ကြီးနှင့် လာရောက်တွေ့ဆုံပါမည်။ သက်ဆိုင်ရာအစိုးရအဖွဲ့မှ ယခုဖြစ်သည့် Limit တစ်ခုကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးရန် မိမိအနေနှင့် အကြံပြုဆွေးနွေးလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဦးလင်းလင်းကျော်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]။** ။မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့က အောက်ခြေရွာအထိ တစ်တိုင်းလုံးအတွက် အားလုံးမသိနိုင်ပါကြောင်း၊ မိမိတို့က တင်ပြမှသာ သိနိုင်ပါကြောင်း၊ တစ်ခါတစ်ရံ ကိုယ်တိုင်ဆင်းကြည့်သည့်အခါလည်း သိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏အဖြစ်အပျက်ကို နမူနာယူပြီးနောက်နောင် ယင်းကဲ့သို့မဖြစ်စေရန် ပညာရေးဌာနမှ တာဝန်ရှိသည့်သူကို ခေါ်ယူသတိပေးဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုးညိုမြို့နယ် ပြည်သူ့အားကစားကွင်း၌ စံချိန်ကိုက်ပွဲကြည့်စင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိုးညိုမြို့နယ် ပြည်သူ့အားကစားကွင်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြေပင်အမြင့် (၇)ပေ အုတ်တံတိုင်းကာရံထားပြီးဖြစ်ပါသည်။ အားကစားပွဲစဉ်များ ကျင်းပသည့်အခါ ပြည်သူများလုံခြုံအေးချမ်းစွာ ကြည့်ရှုအားပေး နိုင်ရန်နှင့် ဘောလုံးကွင်း အင်္ဂါစဉ်ပြည့်မီရန် အမှန်တကယ် ပွဲကြည့်စင်တစ်ခု လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် မိုးညိုမြို့နယ် ပြည်သူ့အားကစားကွင်း၌ စံချိန်ကိုက်ပွဲကြည့်စင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အားကစားပြိုင်ပွဲများ ကျင်းပရေးအတွက် လျာထား သတ်မှတ်ထားသော ရန်ပုံငွေအား တိုးမြှင့်သုံးစွဲရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။** တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ တွင် အားကစားပြိုင်ပွဲများ ကျင်းပရေးအတွက် လျာထားသတ်မှတ်ထားသော ရန်ပုံငွေအား တိုးမြှင့်သုံးစွဲရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် သုံးစွဲသွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]**။ ။ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုးညိုမြို့နယ် ပြည်သူ့အားကစား ကွင်း၌ စံချိန်ကိုက်ပွဲကြည့်စင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ “၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ၌ ငွေလုံးငွေရင်းနှင့် ဆောင်ရွက်လိုသော တည်ဆောက်ရေး လုပ်ငန်းများ တွက်ချက်မှုတင်ပြရန် (၂၀-၇-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၄၀၆/ အခ(၁၂) ပခတ/၂၀၁၇ဖြင့် ညွှန်ကြားခဲ့သော်လည်း မိုးညိုမြို့နယ်မှ အဆိုပြု တင်ပြလာခြင်း မရှိကြောင်း” လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အားကစားပြိုင်ပွဲများကျင်းပရေးအတွက် လျာထားသတ်မှတ်ထားသော ရန်ပုံငွေအား တိုးမြှင့်သုံးစွဲရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ယခင်နှစ်က တစ်မြို့နယ်ကို သိန်း(၃၀)ချပေးနိုင်ပါသည်။ ယခုနှစ် ၂၀၁၈-၂၀၁၉ BE မှာ အားကစားပြိုင်ပွဲကျင်းပရန် တစ်မြို့နယ်ကို တစ်နှစ်စာအတွက် သိန်း(၈၀) အဆိုပြုထားပြီးဖြစ်ပါသည်။ တိုင်းအတွင်းမှာ အားကစားရုံပြုလုပ်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေနှင့် ဆောင်ရွက်သည်ကများပြီး ပြည်ထောင်စုမှ ပံ့ပိုးမှုကနည်းပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရှိသည့်ရန်ပုံငွေနှင့် မိမိတို့အစိုးရလက်ထက်မှာ အားကစားလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့် အနေအထားဖြစ်ပါသည်။ ပြီးခဲ့သော ၂၀၁၆-၂၀၁၇မှာ PSC ပွဲများကို (၅)မြို့နယ် ကျင်းပပြီး ၂၀၁၇-၂၀၁၈မှာ (၁၀)မြို့နယ်ခန့် ကျင်းပနိုင်အောင် ကြိုးစားပြီး ဘတ်ဂျက်လျာထားခဲ့ပါသည်။ ၂၀၁၈-၂၀၁၉မှာ (၂၈)မြို့နယ်လုံးမှာ PSC ပွဲများကိုကျင်းပရန် ငွေကြေးများကို တိုးပြီးလျာထားထည့်သွင်းပြီးပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို ဖြေကြားအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သက်ဆိုင်ရာဝန်ကြီးဖြေကြားသွားသည်မှာ ၂၀၁၈-၂၀၁၉မှာ မိမိတို့ မိုးညိုမြို့နယ်တွင် ပြည်သူ့အားကစားကွင်း ပွဲကြည့်စင်တည်ဆောက်ရန်မှာ မျှော်လင့်ချက်မဲ့သွားပြီဖြစ်ပါသည်။ မိမိဆွေးနွေးချင်သည်မှာ ညွှန်ကြားချက်လာသည့်အချိန်မှာ မိမိတို့ မြို့နယ်အားကစားမှူးသည် ခွင့်ယူထားပါသည်။ ခွင့်ယူထားသည့်အချိန်ဖြစ်၍ မတင်ပြနိုင်ခြင်းဖြစ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ထံ မိမိမေးခွန်းနှင့်ပတ်သက်၍ မျှော်လင့်ချက်မဲ့သွားပြီဖြစ်ကြောင်း တင်ပြရာ ဝန်ကြီးချုပ်က ၎င်းကိစ္စနှင့်ပတ်သက်၍ ဆက်လက်ပြီးတင်ပြပေးမည်ဟု မိမိကို အကြံပေးပါသည်။ ၎င်းနှင့်ပတ်သက်၍ မိမိသိချင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းကိုမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]**။ ။ဘတ်ဂျက်သဘောတရားမှာ လွှတ်တော်ကအတည်ပြုပြီးမှ ဆောင်ရွက်ရတာဖြစ်ပါသည်။ RE ဆိုသည်မှာBE ဆောင်ရွက်သည့်အခါ BE ကိစ္စများမပြီးပြတ်သေးသည့် ကိစ္စရှိလျှင် ဖြည့်စွက်တွင် တင်တောင်းရသည်ဖြစ်

၍ လုပ်ငန်းအသစ်ကို RE မှာ တင်တောင်း၍မရပါကြောင်း၊ သို့ပါ၍ လာမည့်ဘတ်ဂျက်မှာ လျာထားပြီးဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ပေး၍မရပါကြောင်း ဖြေကြားလိုပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၁း၂၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]**။ ။တိုင်းဒေသကြီးဥပဒေချုပ်က တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၂၉. ၉. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၄/၅-၂/ဦး ၅ ဖြင့် အကြောင်းကြားချက်အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေချုပ်အနေဖြင့် သော်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစိုးရအဖွဲ့ဝင်အနေဖြင့်သော်လည်းကောင်း၊ အစီရင်ခံသည့် ကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြုစုတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (င)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)တို့အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဖြစ်ပြီး၊ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၁) (၂)တို့နှင့် ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄(ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် အားလည်းကောင်း၊ တာဝန်ခံ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ (Cabinet) အစည်းအဝေးများတွင် တက်ရောက်ပြီး အစည်းအဝေး၌ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်

ခြင်းတို့ ဆောင်ရွက်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့၊ အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်သန့်ရှင်းသာယာလှပရေးအဖွဲ့၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်မြေကျူးကျော်ခြင်းကိစ္စကော်မတီ၊ စက်မဖုန်များကြီးကြပ်ရေးကော်မတီနှင့် အခြားအစိုးရအဖွဲ့မှ တာဝန်ပေးအပ်ဖွဲ့စည်းထားသော အဖွဲ့အစည်းကော်မတီများတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်သည် ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့က အခါအားလျော်စွာ ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လစဉ် အလိုက် ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအစည်းအဝေးများ၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်မြေကျူးကျော်ခြင်းကိစ္စ အစည်းအဝေးများ၊ စက်မှုဖုန်များစိစစ်ကြီးကြပ်ရေးအစည်းအဝေးများ၊ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကြိုတင် အစည်းအဝေးများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကိစ္စ၊ စည်ပင်သာယာရေးကိစ္စ၊ (BRCCA)တည်ဆောက်ရေး၊ လုပ်ငန်းစိစစ်ရေးကော်မတီ ကိစ္စ၊ ပဲခူးတိုင်း လုံခြုံတည်ငြိမ်ရေးနှင့် မြို့တော်များသန့်ရှင်း သာယာလှပရေး ကိစ္စများနှင့် အခြားသော အစည်းအဝေးများအား တက်ရောက်ကာ ပါဝင်ဆွေးနွေးခြင်း၊ ဥပဒေနှင့်အညီ အကြံပြုချက်များပေးခြင်း၊ ပါဝင်ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းများဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပြုလုပ်သော လွှတ်တော်အထူးအစည်းအဝေးများတွင်လည်း တက်ရောက်ခဲ့ပါကြောင်း

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်သည် ဝန်ကြီးဌာနများမှပြုလုပ်သည့် အခမ်းအနား များ၊ နေ့ထူးအခါထူးရက်မြတ်အခမ်းအနားများအားလည်း တက်ရောက်ကာ ချီးမြှင့်စကားများ ပြောကြား ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့မှ (၉. ၂. ၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၁၄/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုရှေ့နေချုပ်မှ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ (နေပြည်တော်)၏ (၁၈. ၅. ၂၀၁၇)ရက်စွဲပါ အမိန့်အမှတ်၊ (၁၁/၂၀၁၇)ဖြင့် ဦးကြည်ဇင် (ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်)အဖွဲ့ခေါင်းဆောင်နှင့် အပါအဝင် စုစုပေါင်းအဖွဲ့ဝင် (၈)ဦး ပါဝင်သည့် ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ အဆိုပါအဖွဲ့ခွဲရုံးထိုင်မည့်နေရာအား ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အောက်ထပ်တွင် (၁၃. ၇. ၂၀၁၇)ရက်နေ့တွင် ဆိုင်းဘုတ်တင် ဖွင့်လှစ်နေရာချထားပေးပြီး လုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် ဥပဒေအရာရှိများ အရည်အသွေးမြှင့်သင်တန်းအား (၁၅. ၇. ၂၀၁၇)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး၊ ဥပဒေချုပ်၊ တိုင်းဒေသကြီး ဥပဒေအရာရှိနှင့် ဒုတိုင်းဒေသကြီးဥပဒေအရာရှိ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိတို့မှ အရာရှိငယ်များအား သင်တန်းပို့ချဆောင်ရွက်စေခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး (နေပြည်တော်) တွင် ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် ဥပဒေအရာရှိကျင့်ဝတ်ဆွေးနွေးပွဲတို့အား (၁၀. ၈. ၂၀၁၇ မှ ၁၃. ၈. ၂၀၁၇)ရက်နေ့ထိ တက်ရောက်ခဲ့ပြီး (၉. ၉. ၂၀၁၇ မှ ၁၀. ၉. ၂၀၁၇)ရက် နေ့တွင် ဥပဒေချုပ်မှ ပဲခူးတိုင်းတွင်းရှိ တိုင်း/ခရိုင်/မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား ပဲခူးတိုင်း ဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ကျင်းပပြုလုပ်သည့် လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့် ရှင်းလင်းပွဲအခမ်းအနားအား ကျင်းပပြုလုပ်ပေးခဲ့ပါသည်။

(၁၄. ၉. ၂၀၁၇)ရက်နေ့တွင် ဥပဒေအရာရှိကျင့်ဝတ် ရှင်းလင်းပွဲအခမ်းအနားအား ပဲခူးမြို့၊ မြို့တော်ခန်းမတွင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌလွှတ်တော် ကိုယ်စားလှယ်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရှေ့နေ ရှေ့ရပ်များ၊ မီဒီယာများ၊ အခြားအဖွဲ့အစည်းများအား ဖိတ်ကြားကာ ဥပဒေအရာရှိကျင့်ဝတ်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ရှင်းပြ ဆွေးနွေးပေးခဲ့ပါသည်။

(၂၈. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်တွင် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီမှ ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအခမ်းအနားအား တက်ရောက်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအကြံဉာဏ်တောင်းခံလာခြင်းအပေါ် ဥပဒေအကြံပေးခြင်းနှင့် စပ်လျဉ်းတင်ပြခြင်း

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၆(ဂ)အရ တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ (သို့မဟုတ်) တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတစ်ခုခု၊ တိုင်းဒေသကြီးဝန်ကြီးဌာနတစ်ခုခုတို့က ဥပဒေအကြံ တောင်းခံပါက ဥပဒေအကြံပြုပြန်ကြားပေးရန် တာဝန်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း အောက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်များပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

- ပဲခူးမြို့ ပြည်တွင်းစက်မှုဇုန်၊ အကွက် (၁၈)နှင့် (၂၃) အနက် အကွက် (၁၈)အတွင်း ကျူးကျော် ရှိသည့်အတွက် ဖယ်ရှားရှင်းလင်း ပေးနိုင်ပါရန်နှင့် ရှင်းလင်းပြီးပါက အထည်ချုပ်စက်ရုံ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်ဌေးမှ တင်ပြလာသည့်ကိစ္စအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကြံပြုချက် တောင်းခံလာသည့်အမှု
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်မြို့နယ်တရားရုံး၊ ရာဇဝတ်ကြီး (၁၁၃၆/၂၀၁၆)အမှု နှင့်စပ်လျဉ်း၍ တရားခွင်စာရေးအား အရေးယူပေးပါရန်တိုင်ကြားမှုအား စိစစ်အကြံပြုပြန်ကြား ပေးပါရန်ကိစ္စ
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးမြို့ ညောင်အင်းရွာ၊ အထူးစက်မှုဇုန် ၊ အကွက်အမှတ် (၈ ၊ ၉ ၊ ၁၀ ၊ ၁၁) မြေဧရိယာ (၂၀)ဧကအား ဦးဝင်းဆွေမှ မြေငှားဂရမ်လျှောက်ထားလာမှုနှင့် ပက်သက်၍ အကြံပြု ပြန်ကြားပေးပါရန်ကိစ္စ

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ကသစ်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းလမ်းရှိ ကြက်မွေးမြူရေးခြံများမှ ကြက်များကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ၊ ကျန်းမာရေးထိခိုက်ကြောင်း တင်ပြခဲ့မှုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဆက်လက်တင်ပြခဲ့မှုအား အကြံပြုပြန်ကြားပေးနိုင်ပါရန်ကိစ္စ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေအား တင်ပြခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)၊ ဥပဒေပြုစာရင်း၌ ပါဝင်သောကိစ္စရပ်များအား တိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းခွင့်ရှိပြီး ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဠ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးဥပဒေပြုစာရင်းပါ ကိစ္စရပ်များအတွက် သက်ဆိုင်ရာလွှတ်တော်ရှိ ဥပဒေပြုရေးနှင့်စပ်လျဉ်း ၍ ဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များက အကြံဉာဏ်တောင်းခံပါက လိုအပ်သလို အကြံဉာဏ်ပေးရန် တာဝန်ရှိပါသည်။

**စာချုပ်စာတမ်းများအား စိစစ်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စများနှင့် စပ်လျဉ်း၍ တင်ပြခြင်း**

- တိုင်းဒေသကြီးဥပဒေချုပ်သည် တိုင်းဒေသကြီးအတွင်းချုပ်ဆိုမည့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ၊ စီးပွားရေးနှင့်သက်ဆိုင်မှုမရှိသော နားလည်မှုစာချွန်လွှာ၊ သဘောတူစာချုပ်၊ အထောက်အပံ့စီမံကိန်းနှင့်ဆိုင်သော စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) အရ တိုင်းဒေသကြီးအစိုးရ အဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ ဥပဒေအကြံဉာဏ်တောင်းခံလာပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ဖြင့် စိစစ်ပြန်ကြားရပါသည်။

အစီရင်ခံသည့်ကာလအတွင်း အောက်ဖော်ပြပါ စာချုပ်(မူကြမ်း)များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားဖြင့် စိစစ်အကြံပြုပြန်ကြားခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနမှ ပြည်မြို့နေ ဦးငွေအောင်မှ အဆင့်မြင့် အပန်းဖြေကစားကွင်းလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနက ကန်ထရိုက် လယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ (ဒုတိယမူကြမ်း)ကို စိစစ်ပေးပါရန် သဘောထားတောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (UNDP)နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအကြား သဘောတူညီချက်စာချုပ်အား မှတ်တမ်းတင်ထားရှိရန်အတွက် သဘောထား တောင်းခံလာသည့်ကိစ္စ
- ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ၊ (၄)ထပ်၊ (၇၁ × ၂၈) RCC တစ်လုံးတည်ဆောက်ခြင်းလုပ်ငန်းများအတွက် သဘောတူစာချုပ် (မူကြမ်း) အပေါ် ဥပဒေအကြောင်းအရ စိစစ်ပေးနိုင်ပါရန် သဘောထားမှတ်ချက် တောင်းခံ

လာမှု

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုဝန်ကြီးဌာနမှ ဖဒိုဈေးသစ်တွင်း ဈေးရုံ၊ ဈေးဆိုင်ခန်းနှင့်ဆက်စပ် အဆောက်အဦများ ဆောက်လုပ်ခြင်းအတွက် စာချုပ်(မူကြမ်း)အား လိုအပ်သလို ပြင်ဆင်/ဖြည့်စွက်ပေးနိုင်ပါရန် သဘောထားမှတ်ချက်တောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနမှ တင်ဒါအောင်မြင်ပြီးသော ကုမ္ပဏီများနှင့် ကတ္တရာဝယ်ယူခြင်းနှင့်ကတ္တရာသယ်ယူခြင်းအတွက် ချုပ်ဆိုကြမည့် လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)အား စိစစ်အကြံပြုပေးနိုင်ပါရန် သဘောထားမှတ်ချက်တောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနမှ ပြည်မြို့နယ် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဝတီမြစ်ရေ နောက်ကျိမှုများပြားနေသည့်အတွက် အရေးပေါ်လိုအပ်လျက် ရှိသော (Chemical) များအား တင်ဒါစနစ်ဖြင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် တင်ဒါအောင်မြင်သော တေဇာဖြိုး ကုမ္ပဏီတို့ ချုပ်ဆိုကြမည့် လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ် (မူကြမ်း)ကို စိစစ်အကြံပြုပေးနိုင်ပါရန် သဘောထား တောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနမှ ပဲခူးမြို့၊ သားဖွားသင်တန်းကျောင်း၏ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စာချုပ်(မူကြမ်း) အား စိစစ်ပေးနိုင်ပါရန် သဘောထားမှတ်ချက်တောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ Grand Style Co,Ltd (GA MONG PWINT COMPANY GROUP) တို့၏ ပဲခူးမြို့ လက်ကားဈေး (Whole Sale Centre) ကလိ (တပ်ကလေး) စီမံကိန်း သဘောတူစာချုပ်(မူကြမ်း)ကို စိစစ်အကြံပြုပေးနိုင်ပါရန် သဘောထား တောင်းခံလာမှု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၂၈)ဖွဲ့တို့နှင့် လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါအောင်မြင်သော ကုမ္ပဏီတို့ ချုပ်ဆိုသော လုပ်ငန်းဆိုင်ရာသဘောတူစာချုပ် (မူကြမ်း)ကို စိစစ်အကြံပြုပေးနိုင်ပါရန် သဘောထားမှတ်ချက် တောင်းခံလာမှု

အစီရင်ခံသည့် ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၃)အရ ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြစ်စေ၊ ဥပဒေနှင့်အညီပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်တာဝန်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကသော်လည်းကောင်း၊ အစိုးရအဖွဲ့က သော်လည်းကောင်း၊ တာဝန်ပေးအပ်စိစစ်ဆေးစေခဲ့သော တိုင်စာနှင့်ပတ်သက်၍ (၁၅)မှုရှိရာ ယင်း (၁၅)မှုအားလုံး စိစစ်ဖြေကြားပြီးဖြစ်ပါသည်။

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရသည့် ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြခြင်း

လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ထိရောက်စွာ အရေးယူအပြစ်ပေးနိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ လူကုန်ကူးမှုဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရာတွင် ယင်းဥပဒေပုဒ်မ ၃၇ အရ ဗဟို အဖွဲ့ (သို့) ဗဟိုအဖွဲ့လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပါရှိပါသည်။ တရားစွဲဆိုရာတွင် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုမရှိစေရန် လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့က အမိန့်အမှတ် ၁/၂၀၁၆ ဖြင့် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရာ၌ ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ရာ၌ဖြစ်စေ၊ လက်မှတ်ရေးထိုးထုတ်ပေးရန် တာဝန်ယူဆောင်ရွက်ရပါသည်။

အစီရင်ခံသည့်ကာလအတွင်း လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုမိန့်ထုတ်ပြန်ပေးခဲ့ရမှု (၃)မှုရှိရာ အောက်ပါအတိုင်းဖော်ပြပါသည်။

- ရွှေတောင်မြို့မရဲစခန်း (ပ) ၉၀၂/၂၀၁၇၊ တရားလို ဒုရဲမှူးတင်မျိုးဝင်း နှင့် တရားခံ လှအောင် (ခ)မိုဟာမက်ဆာလေးပါ (၂)၊ အမှုမှ တရားခံ လှအောင်(ခ)မိုဟာမက်ဆာလေးအား လူကုန် ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၈(ခ) အရလည်းကောင်း၊ ထွက်ပြေးတရားခံ လှမောင် (ဘ)ဦးကာလူးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(ခ)/ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း တရားစွဲဆိုတင်ပို့ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇ အရ ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးထားသောအမှု
- ဒိုက်ဦးမြို့နယ်မြို့မရဲစခန်း (ပ) ၄၁၁/၂၀၁၇၊ အမှုမှ တရားခံ ဦးမြင့်လွင် (ဘ)ဦးကြိုင်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရလည်းကောင်း၊ ချစ်မိုး(ခ)ကျော်မိုးသူ (ဘ)ဦးမြင့်လွင်နှင့် ဒေါ်တင်တင်အောင် (ဘ)ဦးဖိုးလယ်တို့အား လူကုန်ကူးမှုတားဆီးကာကွယ် ရေးဥပဒေပုဒ်မ ၂၄/ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း၊ တရားစွဲတင်ပို့ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇ အရ ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးထားသော အမှု
- ပြည်ခရိုင်၊ ရွှေတောင်မြို့မြို့မရဲစခန်း (ပ) ၁၁၃၄/၂၀၁၇၊ အမှုမှ တရားခံ လှကျော်(ခ) မိုဟာမက်အလီနှင့်ထွန်းထွန်း(ခ)အစ္စမိုင်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈ (က) (ခ) အရလည်းကောင်း၊ တရားခံ ဝင်းလွင်၊ အလီ(ခ) သိန်းကျော်(ခ) ရွှေဒါလီ၊ ဆာဒေ့ရှ်၊ အီဆပ်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က) (ခ)/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း တရားစွဲတင်ပို့ရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇ အရ ကြိုတင် ခွင့်ပြုမိန့်ထုတ်ပေးထားသောအမှု

## အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့် တောင်းခံရာတွင် အစိုးရအဖွဲ့ကိုယ်စား စိစစ်သဘောထားပေးခြင်း

အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူဆောင်ရွက်သည့် အမှုများတွင် တရားစွဲအဖွဲ့အစည်းက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသဘောထားမှတ်ချက် တောင်းခံလာခြင်းနှင့်စပ်လျဉ်း၍ ဥပဒေချုပ်မှ စိစစ်ဆုံးဖြတ်သွားရန်နှင့် လစဉ် Cabinet အစည်းအဝေး၌ တင်ပြရန် (၂၆. ၁. ၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေး အမှတ်စဉ် ၁/၂၀၁၇ တွင် ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်ကိုလည်း သိရှိဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၁၃. ၂. ၂၀၁၇) ရက်စွဲပါစာအမှတ် ၆/၁-၁/ဦး ၁ (၀၁၀၈) ဖြင့် အကြောင်းကြားလာ၍ အဆိုပါကိစ္စအတွက် ဥပဒေချုပ်မှ သဘောထားမှတ်ချက်ပေးခြင်း ဆောင်ရွက်ရပါသည်။ အစီရင်ခံသည့်ကာလအတွင်း အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အောက်ပါအမှုများအား Cabinet သို့ သဘောထား မှတ်ချက်တင်ပြ ဆောင်ရွက်ခဲ့ရပါသည်။

အစီရင်ခံသည့်ကာလအတွင်း-

- ရေတာရှည်မြို့နယ်၊ အနောက်ဆွာ သစ်တောကြိုးဝိုင်းအတွင်း ပျဉ်းကတိုး သစ်လုံးများ၊ ကျွန်းသစ်လုံးများ တွေ့ရှိဖမ်းဆီးရမိသဖြင့်စုံစမ်းစစ်ဆေးရာမှ ပိုင်ရှင် ဝင်းနိုင်(ခ)ဂျိုကာဝင်းနိုင် နှင့် ဆင်ပိုင်ရှင်ဖြစ်သူ ဦးကနေဒီ(ခ)စောအာစီနှင့် ဆင်ဦးစီး စောမိုးဒီတို့အား ရေတာရှည်မြို့မ ရဲစခန်း (ပ) ၃၉၄/၂၀၁၇၊ သစ်တောဥပဒေပုဒ်မ ၄၃/(က) ဖြင့် အရေးယူမှုအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲတင်နိုင်ရေးအတွက် သဘောထားမှတ်ချက် တောင်းခံလာခြင်းကိစ္စ
- တောင်ငူမြို့နယ်၊ သံတောင်မြို့ အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၊ အသွင်ပြောင်းဌာန ၊ သံတောင်အထူးပြည်သူ့စစ်အဖွဲ့မှ ဒုတပ်ကြပ်စောဖိုးကျော် မောင်းနှင်လာသော Honda Fit ယာဉ်ပေါ်မှ ကျွန်းသစ်ခွဲသားများ၊ မီးသွေးအိတ်များ ဖမ်းဆီးရမိသဖြင့် ကျွန်းကုန်းနယ်မြေရဲစခန်း (ပ)၃၇၈/၂၀၁၇၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁) ဖြင့် အရေးယူသောအမှုအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲတင်နိုင်ရေးအတွက် သဘောထားမှတ်ချက် တောင်းခံလာခြင်းကိစ္စ

## ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်း ၊ ကြီးကြပ်ခြင်း

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ (၅) အရ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။ သို့ဖြစ်၍ ဥပဒေချုပ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး လက်အောက်ခံရုံးများသို့အခါအားလျော်စွာ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည်များမှာကြားခြင်း၊ ရုံးအဆောက်အဦများနှင့်ပတ်သက်၍ ပြုပြင်စရာရှိသည်များကို ဘက်ဂျက်ကာလနှင့်ကိုက်ညီအောင် သတ်မှတ်ထားသော စည်းမျဉ်း

စည်းကမ်းနှင့်အညီ ပြင်ဆင်စရိတ်များ ကြိုတင်တင်ပြကြရန်၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင်လည်း ဥပဒေအရာရှိငယ်များအား သင်တန်းဖွင့်လှစ်၍ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ငန်းကိစ္စမှန်သမျှကို တာဝန်ကျေပွန်စွာ သေသပ်သပ်ရပ်စွာ လုပ်ကိုင်နိုင်စေရန်နှင့် အမှုလိုက်လုပ်ငန်းများ စီမံရေးရာလုပ်ငန်းများ၊ ငွေစာရင်းနှင့် သက်ဆိုင်သောအချက်လက်များအား ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဆောင်ကာ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိတို့မှ သင်တန်းများပို့ချ ဆောင်ရွက်လျက် ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး လက်အောက်ခံ ခရိုင် (၄)ခရိုင်မှ ခရိုင်ဥပဒေတာဝန်ခံများအား တစ်လလျှင်တစ်ကြိမ်၊ မိမိခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဝန်ထမ်းများတို့သည် လာဘ်လာဘများ ကင်းရှင်းမှု ရှိ/မရှိ ကို စောင့်ကြည့်လေ့လာလျက် ရှိပါသည်။

**အထွေထွေ**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇ ပါ လုပ်ပိုင်ခွင့်များ အရ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ချမှတ်သောအမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍ လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိ၍လည်းကောင်း၊ သင့်လျော်သည့်အမိန့်မဟုတ်၍လည်းကောင်း၊ လိုအပ်သည့် အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများ တရားလွှတ်တော်သို့ တင်သွင်းခြင်းများ ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် အမှုသည်များက ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ တရားလွှတ်တော်သို့ တင်သွင်းလာခဲ့လျှင်လည်း နိုင်ငံတော်ကိုယ်စားလိုက်ပါဆောင်ရွက်ရပြီး အစီရင်ခံသည့် ကာလအတွင်း ရာဇဝတ်ဆိုင်ရာအယူခံ တင်သွင်း/လိုက်ပါခဲ့ရမှု ( ၁၈ )၊ ရာဇဝတ်ဆိုင်ရာ ပြင်ဆင်မှု တင်သွင်း/လိုက်ပါခဲ့ရမှု ( ၃၁ )မှု၊ ရာဇဝတ်ဆိုင်ရာအထွေထွေလျှောက်ထားမှု တင်သွင်း/ လိုက်ပါခဲ့ရမှု ( ၃ )မှုရှိပြီး အမှုလိုက်ပါ ဆောင်ရွက်ရာတွင်လည်း ဥပဒေအရာရှိများအား ကိုယ်တိုင်ကြီးကြပ်လျက်လိုက်ပါ ဆောင်ရွက်စေခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် သက်ဆိုင်သောအမှုများတွင် အယူခံ (သို့မဟုတ်) ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လိုအပ်သည့် အယူခံ၊ ပြင်ဆင်မှုများ တင်ပြရပါသည်။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခဲ့ရသည့် ရာဇဝတ်အယူခံမှု ( ၁ )၊ ရာဇဝတ်ပြင်ဆင်မှု ( ၂ ) ရှိခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ တရားရုံးတွင်စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ ရုပ်သိမ်းရန်လိုအပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပြီး အစီရင်ခံသည့်ကာလအတွင်း ဥပဒေနှင့်အညီ ရုပ်သိမ်းခွင့်ပြုပေးရသည့်အမှု ( ၁၆ )မှု ရှိခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)အရ တရားစွဲဆို

တင်ပို့ခြင်းမပြုနိုင်သော ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ပိတ်သိမ်းရန် သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်ရပြီး အစီရင်ခံသည့်ကာလအတွင်း ဆုံးဖြတ်ခဲ့ရသည့် ပိတ်သိမ်းမှု ( ၁၀ )မှုရှိခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်းတွင် တိုင်းဒေသကြီးဥပဒေချုပ်၏ ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ဥပဒေအရာရှိများ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချရန် ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

တိုင်းဒေသကြီးဥပဒေချုပ်သည် ဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် သင်တန်းများ ဖွင့်လှစ်ပို့ချရန် ဆောင်ရွက်လျက်ရှိခြင်း ပြည်ထောင်စုရှေ့နေချုပ်ကသော်လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သော်လည်းကောင်း၊ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း၊ တရားစီရင်ရေး နယ်ပယ်တွင်လည်း အမှုလိုက်ပါသည့် ကိစ္စရပ်များကို ကြီးကြပ်လျက်ရှိခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအနေဖြင့် လုပ်ငန်းတာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရုံးခန်းနေရာ၊ ဝန်ထမ်းအင်အားများကိုလည်း သတ်မှတ်ထားရှိရန် ဆောင်ရွက်လျက်ရှိခြင်း၊ တိုင်းဒေသကြီးအတွင်း ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့်ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းစေရေးအတွက် ဆုံးမသြဝါဒများပေးခြင်း စသည်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီး အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့်ကိုက်ညီမှု မရှိသည့် အဆောက်အအုံများနှင့် မြေနေရာ များကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီး အစိုးရသို့ တိုက်တွန်းကြောင်း” အဆိုအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တင်သွင်းအပ်ပါတယ်။

အထက်ပါ အဆိုနှင့်ပတ်သက်၍ ဥပမာအနေဖြင့် တင်ပြရလျှင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံရိုးကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၅၃၅. ဂ)ရှိ စားကျက်ပယ်ဖျက် မြေဧရိယာ (၁၃၇)ဧကအား ပုဂ္ဂလိကကုမ္ပဏီ တစ်ခုမှ လုပ်ငန်းအသုံးပြုရန် နှစ်ရှည်ရယူထားပြီး နှစ်ပေါင်းများစွာကြာမြင့်သော်လည်း ယနေ့အချိန်အထိ လုပ်ငန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသည်ကို သိရှိရပါသည်။ နောက်ထပ် ဥပမာတစ်ခုအနေဖြင့် တင်ပြရလျှင် တောင်ငူမြို့တွင် ရန်ကုန်-မန္တလေး လမ်းမကြီးဘေး မြို့၏ အချက်အချာကျသောနေရာတွင် တည်ရှိသည့် ယခင်ကကုန်သွယ်လယ်ယာမှ ကုန်တိုက်ဟောင်း၊ နဝတအစိုးရလက်ထက် တိုင်းအစိုးရရုံးဟောင်းနေရာအား ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ လုပ်ငန်းအသုံးပြုရန် နှစ်ရှည်ငှားရမ်းရယူထားသော်လည်း ယနေ့အချိန်အထိ လုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်းတွင်လည်း အခြားသော မြို့နယ်များမှ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ပတ်သက်ရာ ပတ်သက်ကြောင်း နည်းအမျိုးမျိုးဖြင့် ရယူထားသည်ကို သိရှိရပါသည်။ အချို့အဆောက်အအုံနှင့် မြေနေရာ များဆိုလျှင် မဖြစ်စလောက်အလွန်နည်းပါးသော ဈေးနှုန်းများဖြင့် ရယူထားကြောင်း၊ အချို့မှာလည်း လုပ်ငန်း လုပ်ကိုင်ခြင်းမရှိဘဲ မူလရယူစဉ်အတိုင်း ရှိနေသေးသည်ကို တွေ့ရှိရပါသည်။

ထိုကဲ့သို့ နိုင်ငံပိုင်အဆောက်အဦးနှင့် မြေနေရာများကို နည်းအမျိုးမျိုးဖြင့် ရယူထားပြီး လုပ်ငန်းအ ကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသည့်အတွက် နိုင်ငံတော်အနေဖြင့် အခွန်အခများ များစွာဆုံးရှုံးနစ် နာခြင်း၊ သက်ဆိုင်ရာမြို့နယ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာဆုံးရှုံးနစ်နာလျက် ရှိပါသည်။ အထက်ပါကိစ္စရပ်များသည်လည်း ပဲခူးတိုင်းဒေသကြီးအတွင်း များစွာရှိနေသည့်အတွက် မိမိတို့၏ တိုင်းအတွက် အလွန်နစ်နာလျက်ရှိပါသည်။

ထို့ကြောင့် ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်း ဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။အဆိုရှင်ဖြစ်သည့် တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးမင်းဝင်း ဆွေးနွေးသည့်အဆိုသည် မိမိတို့ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တော်တော်များများမှာ ယခုကဲ့သို့သော အကြောင်းအရာများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ပါသောကြောင့် ဦးအေးမင်းဝင်း တင်သွင်းသည့် "ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အဦများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"အဆိုကို ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ဇင်မိုးထိုက်က လွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံအပ်ပါသည်ရှင်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ယနေ့အဆိုရှင်၏ "နိုင်ငံပိုင် အဆောက်အအုံများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"အဆိုနှင့် ပတ်သက်ပြီး မိမိတို့၏ ကျောက်တံခါးမြို့နယ်မှာဆိုလျှင် သစ်တောမြေများကို နိုင်ငံတော်မှ ချပေးနေသည်များရှိပါကြောင်း၊ ထိုအခါ မိမိတို့အနေနှင့် အမြန်လမ်း တောက်လျှောက်ကြည့်လျှင် ရှေ့မျက်နှာစာများသည် ပြည့်နေပြီး အနောက်ကိုဝင်ကြည့်ပါက ဟောင်းလောင်းပေါက်ဖြစ်နေပါကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာဌာနဆိုင်ရာများကို မေးကြည့်သည့်အခါ နှစ်အလိုက်စီမံကိန်း အကောင်အထည်မဖော်လျှင် ပြန်လည်သိမ်းဆည်းနေသည်ဆိုသည့်အကြောင်းကို မိမိတို့မေးမြန်းလျှင် ဖြေကြားနေသည်ကို သိပါကြောင်း၊ သို့သော်လည်း တကယ်တမ်းဝင်ကြည့်လျှင် နောက်မှာ ဟောင်းလောင်းပေါက်ရှိသည်ကို တွေ့ရသည့်အတွက် ယနေ့မြေနေရာများအားလုံးနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ စိန်ခေါ်မှုပဲ ဖြစ်ပါကြောင်း၊ နံနက်ပိုင်းက ပြည်မြို့နယ်မှ ဦးကျော်ဇေယျတင်ပြသွားသည့် မေးခွန်းမှာလည်း အားလုံးမှာ စည်းကမ်းချက်များ ကိုက်ညီမှုမရှိသည်ကို တွေ့ရပါသည်။ ဥပဒေနှင့် စာချုပ်စာတမ်းများမှာ မလုပ်လျှင်ပြန်သိမ်း ဆည်းရမည်ဆိုသည့်အချက်လည်း ပါဝင်နေတာဖြစ်ပါသည်။ ၎င်းအချက်သည် အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်မှုကို အကောင်အထည်ဖော်ရန် လုပ်ဆောင်ရမည့်အချက်အလက်ဖြစ်သည့်အတွက် မိမိအနေဖြင့် အဆိုရှင်ဦးအေးမင်းဝင်း၏ တင်ပြချက်ကို ကျွန်တော် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းကျော်အနေနှင့် လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးမင်းဝင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဦးအေးမင်းဝင်း၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဦးအေးမင်းဝင်း တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၃း၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ခုနှစ် အောက်တိုဘာလ (၂၄)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
# [ ၂၀၁၇ခုနှစ် ၊ အောက်တိုဘာလ ၂၄ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၅. ၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ [ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး]၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညီဝင်း၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးဇော်လွင်၊ ဗိုလ်မှူးသိန်းလွင်ဦးနှင့် ဗိုလ်ကြီးနိုင်အောင်ခင် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၄-၁၀-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၁)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၈)ဦးကမေးမြန်းသည့် မေးခွန်း(၁၁)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"တောင်ငူမြို့နယ် ကေတုမတီမြို့ မြစေတီလမ်း ရန်ကုန်-မန္တလေးလမ်းမှ အမှတ်(၆)လမ်းအထိ လမ်းပိုင်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် ကေတုမတီမြို့ မြစေတီလမ်းနှင့် အမှတ်(၆)လမ်း ဆုံရာနေရာတွင် မြစေတီဆန္ဒတော်ပြည့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းနှင့် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲတို့တည်ရှိပါသည်။

မြစေတီဆန္ဒတော်ပြည့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းမှ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဆွမ်းခံကြွချီတော်မူရာတွင်လည်းကောင်း၊ ဓမ္မရိပ်သာကျောင်းသို့ ရိပ်သာဝင်မည့် သူတော်စင်ယောဂီများနှင့် အပတ်စဉ် ဥပုသ်သီလစောင့်တည်ကြသည့် ဥပုသ်သည်များသည်လည်းကောင်း၊ ဓမ္မစကူးလ်သင်တန်းတက်ရောက်ကြသည့် သင်တန်းသား/ သင်တန်းသူများသည်လည်းကောင်း၊ ဆရာတော်၏ တပည့်ဒါယိကာ၊ဒါယိကာမများသည်လည်းကောင်း၊ မြစေတီဆန္ဒတော်ပြည့် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းသို့ သွားရောက်ရာတွင် အဆိုပါ မြစေတီလမ်းပိုင်းကို အသုံးပြုသွားလာလျှက်ရှိပါသည်။ ထို့အပြင် ကေတုမတီမြို့အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် တာဝန်ထမ်းဆောင်လျှက် ရှိသော ဆရာ/ဆရာမများနှင့် ပညာသင်ကြားလျှက်ရှိသော အခြေခံပညာမူလတန်းနှင့် အလယ်တန်း ကျောင်းသား/ ကျောင်းသူများသည်လည်းကောင်း၊ ကျောင်းပို့/ကျောင်းကြိုဆောင်ရွက်ကြသည့် ကျောင်းသား မိဘများသည်လည်းကောင်း ထိုလမ်းပိုင်းကိုပင်အသုံးပြုဆောင်ရွက် နေကြောင်းသိရှိရပါသည်။

အဆိုပါ မြစေတီလမ်းပိုင်း (ရန်ကုန်-မန္တလေးလမ်းမှ အမှတ်(၆)လမ်းအထိ)အား ၂၀၁၅ ခုနှစ်တွင် မြစေတီဆရာတော်၏ ဦးဆောင်မှုဖြင့် တပည့်ဒါယိကာ၊ ဒါယိကာမများမှ အလှူငွေများထည့်ဝင်ကာ ကိုယ်ထူကိုယ်ထကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သို့ပါသော်လည်း ယခုအခါတွင် အဆိုပါ လမ်းပိုင်းမှာ မိုးရေများတင်ကျန်ကာ ချိုင့်ခွက်များဖြစ်ပေါ်နေပြီး လမ်းမှာပျက်စီးလျှက်ရှိသဖြင့် သွားလာရ ခက်ခဲလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါသောကြောင့် ဘာသာသာသနာအကျိုး သယ်ပိုးဆောင်ရွက်ခြင်းအနေဖြင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ ယောဂီသူတော်စင်များ၊ ဥပုသ်သည်များ၊ ဓမ္မစကူးလ် သင်တန်းသား/ သင်တန်းသူများ၊ တပည့်ဒါယိကာ/ဒါယိကာမများ သွားလာရေးအဆင်ပြေစေရေးအတွက်လည်းကောင်း၊ ပညာရေးကို တဖက်တစ်လမ်းမှအားပေးကူညီမြှင့်တင်ခြင်း အနေဖြင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် ကျောင်းသားမိဘများ၊ ရပ်ကွက်နေပြည်သူများ အသုံးပြုသွားလာရာတွင် လွယ်ကူ အဆင်ပြေစေရန်အတွက်လည်းကောင်း အဆိုပါ မြစေတီလမ်းပိုင်း (ရန်ကုန်-မန္တလေးလမ်းမှ အမှတ်(၆)လမ်း အထိ)အား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဗိုလ်မှူးဖြိုးမင်းသန့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းတွင် (၂၀၁၇-၂၀၂၁)ခုနှစ် အမျိုးသားကျန်းမာရေး စီမံကိန်းအရ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှင့် အောက်ကျန်းမာရေး စီမံကိန်းအား နှစ်အလိုက် မည်သို့စီမံချက်ချ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဖြိုးမင်းသန့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ နိုင်ငံတော်အနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းအား (၂၀၁၇-၂၀၂၁) ကာလသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းဆောင်ရွက်သည့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအတွက် အခြေခံအကျဆုံးသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် နေရာဒေသမရွေး ပေးစွမ်းနိုင်ရေးဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များအလိုက် ကျန်းမာရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုသည် အရေးကြီးဆုံးကဏ္ဍအနေဖြင့်ပါဝင်နေပြီး တိုင်းဒေသကြီးအစိုးရအနေဖြင့် ကတိကဝတ်ပြုဆောင်ရွက်လုပ်ကိုင်ရမည့် စီမံကိန်းတစ်ခုလည်းဖြစ်နေပါသည်။

ပဲခူးတိုင်းအနေဖြင့် လူဦးရေ၄. ၉သန်းရှိပြီး ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအနေဖြင့် ဆေးရုံစုစုပေါင်း(၁၀၉)လုံးရှိပြီး ခွင့်ပြုကုတင်(၃၆၀၅)ခန့်ရှိပြီး ကျေးလက်ကျန်းမာရေးဌာန (၁၈၉)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၉၆)လုံးရှိပါသည်။ ပြည်သူများအနေဖြင့် မိမိတို့ မြို့နယ်များရှိ ဆေးရုံများအားအားကိုးအားထားပြုလာရခြင်း၊ ယုံကြည်မှုရှိလာခြင်းများဖြစ်လာရန်လည်းလိုအပ်ပါသည်။ သို့မှသာ မိမိတို့ပဲခူးတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အသက်ဝင်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသက်ဘေးများအပြင် ငွေကြေးကုန်ကျမှုများလျော့နည်းလာမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၏ ပြုစုစောင့်ရှောက်မှုများ ပိုမိုပေါ်လွင်မည်ဖြစ်ပါသည်။ ထိုသို့ပေါ်လွင်လာသည်နှင့်အမျှ တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း မြို့နယ်အလိုက် ကျန်းမာရေးစီမံကိန်းများ လက်တွေ့ကျကျအကောင်အထည်ဖော်ရာထိရောက်မှုရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြို့နယ်အလိုက် ဦးစားပေးဆောင်ရွက်သွားမည့် ကျန်းမာရေးစီမံကိန်းများကို နှစ်အလိုက်မည်သို့လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခု အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"တောင်ငူမြို့နယ် ကေတုမတီမြို့ မြစေတီလမ်း ရန်ကုန်-မန္တလေးလမ်းမှ အမှတ်(၆)လမ်းအထိ လမ်းပိုင်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ တောင်ငူမြို့နယ် ကေတုမတီမြို့ရှိ မြစေတီလမ်းသည် မင်းကြီးဆွေရပ်ကွက်၌ လမ်းအရှည် (၆၀၇၈') နှင့်တပင်ရွှေထီးရပ်ကွက်၌ လမ်းအရှည်(၉၃၀')စုစုပေါင်း လမ်းအရှည် (၇၀၀၈')ရှိပြီး ရန်ကုန်-မန္တလေးလမ်းမှ နံပါတ်(၆)လမ်းအထိ လမ်းအရှည်(၁၃၀၀')ရှိပါသည်။ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိတွင် မြစေတီလမ်း ကတ္တရာခင်းခြင်း (၆၅၀'× ၁၂'×၉'')ခန့်မှန်းကုန်ကျငွေ ကျပ်(၉. ၇)သန်းကို အပိုင်း(၁)ဖြင့် ခင်းပေးမှာဖြစ်ပြီး မြစေတီလမ်း ကတ္တရာခင်းခြင်း(အပိုင်း-၂)ကို (၆၅၀'×၁၂'×၉'')ခန့်မှန်းကုန်ကျငွေကျပ်(၉. ၇)သန်းဖြင့်

စုစုပေါင်း (၁၃၀၀'×၁၂'×၉'')အား ခန့်မှန်းကုန်ကျငွေကျပ်(၁၉. ၄)သန်းဖြင့် (၂၀၁၈-၂၀၁၉)ဘတ်ဂျက်မှာ ဆောင်ရွက်ရန်လျာထားတင်ပြပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဗိုလ်မှူးဖြိုးမင်းသန့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းတွင် (၂၀၁၇-၂၀၂၁)ခုနှစ် အမျိုးသားကျန်းမာရေး စီမံကိန်းအရ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှင့် အောက်ကျန်းမာရေး စီမံကိန်းအား နှစ်အလိုက် မည်သို့စီမံချက်ချ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍အမျိုးသား ကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ၏ အဓိကပန်းတိုင်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်မြန်မာနိုင်ငံသူ/ သားအားလုံးအတွက် အခြေခံကျသည့် မရှိမဖြစ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ (Basic Essential Package of Health Services: BEPHS) ကိုငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့်နေရာမရွေး ၊ ဒေသမရွေး ပေးစွမ်းနိုင်ရေး ဖြစ်ပေသည်။ အဆိုပါပန်းတိုင်ကို ရရှိရေးအတွက် အမျိုးသားကျန်းမာရေး စီမံကိန်းသည်

- ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များ
- ဖွံ့ဖြိုးမှုမိတ်ဖက်များ
- တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်သူများ
- ကျန်းမာရေးစောင့်ရှောက်မှုအကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများအကြား ဟန်ချက်ညီ ပေါင်းစည်းမှုအသွင်ရရှိရေးကိုရည်မှန်းပါသည်။

မဟာဗျူဟာအနေဖြင့် အခြေခံကျသည့် မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံသူ/ သားအားလုံး ရယူသုံးစွဲနိုင်စွမ်းရှိရေးအတွက်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြို့နယ် အဆင့်တွင်ကျန်းမာရေးစောင့်ရှောက်မှု အဆင်သင့်ဖြစ်ရေးနှင့် ကျန်းမာရေးစနစ် ခိုင်မာတောင့်တင်းရေး အတွက်လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပါမည်။ ကျန်းမာရေးဝန်ဆောင်မှုကို အားလုံးတစ်ပြေးညီ စံမီရရှိရေးအတွက် ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍပြင်ပရှိကျန်းမာရေးစောင့်ရှောက်မှုပေးသော အဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။

ဒေသန္တရနှင့် ပထဝီသွင်ပြင်အရဦးစားပေးသတ်မှတ်ခြင်း- အမျိုးသား ကျန်းမာရေးစီမံကိန်းသည် လက်ရှိ စွမ်းဆောင်နိုင်စွမ်းများအပေါ် အခြေခံ၍ အခြေခံကျသည့်မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံနှင့်အဝှမ်းပေးစွမ်းနိုင်အောင်လုပ်ဆောင်ရာတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးအပ်ရန် အဆင်သင့် မဖြစ်သေးသည့် လိုအပ်ချက်အကြီးမားဆုံးသော မြို့နယ်များကိုဦးစားပေးဖြည့်ဆည်း၍ နှစ်အလိုက်ရင်းနှီးမြှုပ်နှံ သွားရန်ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဦးစားပေးသတ်မှတ်ခြင်း - အခြေခံကျသည့် မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဟူသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အားလုံးအတွက်တစ်ပြေးညီရရှိနိုင်ရန် ကတိကဝတ်ပြုထားမည့်လုပ်ငန်းများဖြစ်ပြီး စောင့်ရှောက်မှုများကို ကာလအလိုက်တိုးမြှင့်ပေးနိုင်ရန် မျှော်လင့်ထားသည်။ ထိုသို့သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအစုအဝေးကို ဖော်ထုတ်ခြင်းသည် ငွေကြေးတတ်နိုင်စွမ်း နှင့်စောင့်ရှောက်မှုပေးနိုင်စွမ်းတို့ပေါ် အဓိကမူတည်နေပါသည်။ ခမ္ဘခိဌာန်ကျသည့် စံပေတံများဖြင့် သတ်မှတ်ဖော်ထုတ်ရာတွင်မြို့နယ်အဆင့်နှင့် အောက်ဒေသများတွင် အမှန်တကယ် ပေးနိုင်စွမ်းရှိသော ပဏာမကျန်းမာရေးစောင့်ရှောက်မှု၏ အခန်းကဏ္ဍကိုအလေးပေး၍ လူထုအတွင်း အမှန်တကယ်အကောင်အထည်ဖော်နိုင်စွမ်းကို အလေးပေးပါသည်။

မြို့နယ်အဆင့်လက်တွေ့စီမံကိန်းရေးဆွဲခြင်း - အမျိုးသားကျန်းမာရေးစီမံကိန်း၏ ပန်းတိုင်ကို ရောက်ရှိရေးအတွက် အားလုံးပါဝင်သော ဒေသန္တရစီမံကိန်းများသည် မရှိမဖြစ်လိုအပ်ပြီးစံမီ စောင့်ရှောက်မှုအရည်အသွေးဖြစ်စေရေးအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းသွားနိုင်ရန်လက်တွေ့ကျသည့် စီမံကိန်းများကို ရေးဆွဲပြီး ကုန်ကျစရိတ်ကိုပါတွက်ချက်နိုင်ပါမည်။ မြို့နယ်အဆင့်စီမံကိန်းများသည်ပြည်နယ်/ တိုင်းဒေသကြီးအဆင့်နှင့် ပေါင်းစပ်ညှိနှိုင်းရင်း ကျန်းမာရေးဆိုင်ရာသွင်းအားစုများပေါ်မူတည်ကာ ဦးစားပေးအဆင့်သတ်မှတ်ရန် လိုပေသည်။ ထိုကိစ္စအားလုံးသည် အမျိုးသားအဆင့်လမ်းညွှန်ချက်များနှင့် ပုံစံများကို တစ်ပြေးညီအသုံးပြုမည့် အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်း (Inclusive Township Health Plan) အား နိုင်ငံနှင့်အဝှမ်း အချိန်နှင့်တပြေးညီဖော်ထုတ်ရေးဆွဲပါမည်။အဆိုပါစီမံကိန်းများ၏ လက်တွေ့အကောင်အထည်ဖော်မှုနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စရပ်များကို ပံ့ပိုးကူညီကြီးကြပ်ရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါမည်။

ထိုကဲ့သို့ အမျိုးသားကျန်းမာရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် မြို့နယ်နှင့် အောက်အဆင့်များတွင်အခြေခံကျသည့်မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပေးစွမ်းရန်အတွက် ကောင်းမွန်စွာလည်ပတ်နေသည့် ကျန်းမာရေးစနစ်ရှိရမည်ဖြစ်ပါသည်။ ကျန်းမာရေးစနစ်ဖွံ့ဖြိုးရန် အဓိကဒေါက်တိုင်လေးခုဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အဦ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍတို့ကို အားကောင်းတောင့်တင်းအောင် ဆောင်ရွက်ရန်လိုအပ်ပေသည်။

အမျိုးသားကျန်းမာရေးစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အားကောင်းသည့် အထောက်အပံ့ရပ်ဝန်း (လိုအပ်သောမူဝါဒများ၊ ထိန်းချုပ်မှုများ၊ စောင့်ကြည့်မှုများ၊ တာဝန်ခံမှုများ၊ ရလဒ်အခြေပြုဆုံးဖြတ်ချက်များနှင့် ကျင့်ဝတ်တရားဆိုင်ရာ ကျင့်ထုံးများ) လိုအပ်ပါသည်။

လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုပေးစွမ်းနိုင်ရန် အဆင်သင့်ဖြစ်ရေးသည် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)၏ အဓိကကိစ္စရပ်ဖြစ်သော်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် တောင်းဆိုမှုများကို ကူညီဖော်ထုတ်ရန် အလေးထားပြီး အဓိကအားဖြင့် အခြေခံကျသည့်မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် အလေးဂရုထားမည်

ဖြစ်သည်။ ပြည်သူ့အသံများနှင့် လူထုတာဝန်ယူမှုများကို ထည့်သွင်းခြင်းအားဖြင့် ကျန်းမာရေးစနစ်၏ တုံ့ပြန်မှုများ ပိုမိုအားကောင်းလာစေပါမည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် (၂၈) မြို့နယ်အား ပထမနှစ်တွင် (၆) မြို့နယ်၊ ဒုတိယနှစ်တွင် (၈) မြို့နယ်၊ တတိယနှစ်တွင် (၇) မြို့နယ်နှင့်စတုတ္ထနှစ်တွင် (၇) မြို့နယ်စီအား အမျိုးသားကျန်းမာရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| တိုင်းဒေသကြီး | ပထမနှစ် ရင်းနှီးမြှုပ်နှံမည့် မြို့နယ် | ဒုတိယနှစ် ရင်းနှီးမြှုပ်နှံမည့် မြို့နယ် | တတိယနှစ် ရင်းနှီးမြှုပ်နှံမည့် မြို့နယ် | စတုတ္ထနှစ် ရင်းနှီးမြှုပ်နှံမည့် မြို့နယ် |
|---|---|---|---|---|
| ပဲခူးတိုင်း | (၁) ပန်းတောင်း<br>(၂) ပေါက်ခေါင်း<br>(၃) နတ္တလင်း<br>(၄) သဲကုန်း<br>(၅) အုတ်တွင်း<br>(၆) ရေတာရှည် | (၁) ထန်းတပင်<br>(၂) ပေါင်းတည်<br>(၃) ပြည်<br>(၄) ကျောက်ကြီး<br>(၅) ရွှေကျင်<br>(၆) ကျောက်တံခါး<br>(၇) သာယာဝတီ<br>(၈) ပဲခူး | (၁) လက်ပံတန်း<br>(၂) ညောင်လေးပင်<br>(၃) ကဝ<br>(၄) သနပ်ပင်<br>(၅) မိုးညို<br>(၆) မင်းလှ<br>(၇) ဝေါ | (၁) ဇီးကုန်း<br>(၂) ကြို့ပင်ကောက်<br>(၃) အုတ်ဖို<br>(၄) ဒိုက်ဦး<br>(၅) ဖြူး<br>(၆) တောင်ငူ<br>(၇) ရွှေတောင် |
| **စုစုပေါင်း** | ၆ | ၈ | ၇ | ၇ |

အမျိုးသားကျန်းမာရေးစီမံကိန်းတွင်ပါဝင်သည့် ပထမနှစ်ရင်းနှီးမြှုပ်နှံမည့် မြို့နယ်များမှ ကျန်းမာရေးဌာနများ၏ လက်ရှိအခြေအနေကိုဆန်းစစ်နိုင်ရန်(MOHS Facility Survey Application) အားရေးဆွဲပြီး ၂၀၁၇-ခုနှစ် ဩဂုတ်လ၌ နေပြည်တော်တွင်အဆိုပါ (Application) အား သုံးစွဲကောက်ယူပုံ သင်တန်းပေးခြင်း၊ မြို့နယ်များတွင်ကျန်းမာရေးဝန်ထမ်းများအား ဆင့်ပွားသင်တန်းပေးပြီး စက်တင်ဘာလ၌ ပထမနှစ်မြို့နယ်များတွင်ကောက်ယူခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်း (Inclusive Township Health Plan) ရေးဆွဲနိုင်ရေးအတွက် ပုံစံပြင်ဆင်ခြင်း၊ မြို့နယ်များတွင်စမ်းသပ်ရေးဆွဲခြင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့်မြို့နယ်များတွင် တိုင်းဒေသကြီးအဆင့်/ မြို့နယ်အဆင့် ကျန်းမာရေးအဖွဲ့များ (Health Working Group) အား တိုင်းဒေသကြီးစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး/ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ မြို့နယ်များအတွင်း ကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ပြည်တွင်း/ပြည်ပ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ စသည့်အဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်၊ ကျန်းမာရေး အခြေခံအဆောက်အအုံများ (ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ)၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနနှင့် ဆေးရုံ/ ဆေးခန်း၊ ဝန်ထမ်းအိမ်ရာ၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ အဓိကလိုအပ်သော မရှိမဖြစ်ဆေးဝါးများနှင့် အခြားစသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး/ မြို့နယ်အဆင့် ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကိုစီစဉ်ရေးဆွဲခြင်း၊ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (ဥပမာ-စနစ်ကျသောလူနာညွှန်းပို့ခြင်းစနစ်၊ အရေးပေါ်လူနာညွှန်းပို့ခြင်းစနစ်၊ ကျန်းမာရေးသတင်းစနစ်၊ အစီရင်ခံခြင်းစနစ်)တွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အကောင်အထည်ဖော်နေသည့်အဖွဲ့အစည်းများ (INGO /NGO/EHO/CSO/IPs and Private sector) တို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပေါင်းစပ်ညှိနှိုင်းခြင်း တို့ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ရုံးသစ်တည်ဆောက်ရန်အတွက် ထည့်သွင်းလျာထား ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံးသည် ဘောလုံးပွဲ ပွဲကြည့်စင်အောက်တွင် ရုံးခန်းဖွင့်လှစ်ထားရှိရပါသည်။ ထို့ကြောင့် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတည်ဆောက်ရန် လိုအပ်နေပါသည်။ ယခင်နှစ်များက တင်ပြခဲ့သော်လည်း မရရှိခဲ့ပါ၍ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ရုံးသစ်တည်ဆောက်ရန်အတွက် ထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ရုံးသစ်တည်ဆောက်ရန် အတွက် ထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်း ဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ရုံးသစ်တည်ဆောက်ရန် အတွက် "၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားရန်ပုံငွေ(BE)တွင် ပန်းတောင်းမြို့နယ်ရုံးနှင့် နေအိမ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၅.၀၀သန်း" ထည့်သွင်း အဆိုပြုထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းတိုက်နယ်ဆေးရုံ(စံကိုက်) အဆောက်အဦတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"အုတ်ဖိုမြို့နယ်၊ အားကစားရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်း တိုက်နယ်ဆေးရုံ(စံကိုက်) အဆောက်အဦတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း အား မေးမြန်းအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ် အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်း တိုက်နယ်ဆေးရုံ(စံကိုက်) အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ အုတ်ဖိုမြို့နယ် အိုးသည်ကုန်း

စံကိုက်တိုက်နယ်ဆေးရုံဆောက်လုပ်ရန် နေရာတွေ့ပါတယ်။ တကယ်တော့ အုတ်ဖိုမြို့နယ် အိုးသည်ကုန်း တိုက်နယ်ဆေးရုံသည် အမှန်တကယ်လိုအပ်သည့် စံကိုက်တိုက်နယ်ဆေးရုံ တစ်ခုဖြစ်ပါသည်။ မိမိအနေဖြင့် မနှစ်က အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါဘူး။ ၂၀၁၈-၂၀၁၉ မှာ ဆောက်လုပ်ရန်အတွက် ဘတ်ဂျက်မှာ လျာထားဆောင်ရွက်ထားပြီး နေပြည်တော်ကိုလည်း တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ အားကစားရုံတည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍"၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် ဆောင်ရွက်လိုသော တည်ဆောက်ရေး လုပ်ငန်းများ တွက်ချက်မှုတင်ပြရန် (၂၀-၇-၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၄၀၆/အခ(၁၂)ပခတ/၂၀၁၇ဖြင့် ညွှန်ကြားခဲ့သော်လည်း အုတ်ဖိုမြို့နယ်မှ အဆိုပြုတင်ပြလာခြင်း မရှိကြောင်း" တွေ့ရသည်။ မိမိတို့ တင်ပြခိုင်းတာကို မြို့နယ်တွေက ဘာကြောင့်မတင်ပြသည်ကို အားကစားနှင့် ကာယပညာတိုင်းဦးစီးမှူးမှ တစ်ဆင့် မြို့နယ်တွေကို ယင်းကိစ္စနှင့်ပတ်သက်ပြီး ထုချေလွှာတောင်းထားပါကြောင်း၊ တင်ပြရမှာက သူတို့ကိစ္စပါ၊ မိမိတို့က ဒီဘတ်ဂျက်မှာတင်ပြရေးဆွဲတာဖြစ်ပြီး ဘတ်ဂျက်အနေ အထားကပေးနိုင်သည့် အပေါ်မူတည်၍ ရခြင်းမရခြင်းကို ဆောင်ရွက်ရမှာဖြစ်သည့်အတွက်ကြောင့် မြို့နယ်တွေကို တင်ပြရန် ကိစ္စနှင့်ပတ်သက်ပြီး ဘာ့ကြောင့်မတင်ပြတာလဲဆိုသည့်အချက်ကို ပြန်လည်ဖြေရှင်းရန် မေးမြန်းထား ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အုတ်တွင်းမြို့ပြည်သူ့ဆေးရုံတွင် ဆေးပစ္စည်းနှင့် အခြားဆေးရုံသုံးပစ္စည်းများထားရှိရန် သီးသန့်စတိုခန်း(၁)လုံး၊ RC(၃၀'× ၄၀')ခန့် တစ်ထပ်အဆောက်အဦတည်ဆောက် ပေးရန်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"အုတ်တွင်းမြို့ပြည်သူ့ဆေးရုံတွင် လူနာအခန်းများနှင့် သီးသန့်ဖြစ်ရန် ဓာတ်မှန်ခန်း တည်ဆောက်ပေးရန်"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်တွင်းမြို့ ပြည်သူ့ဆေးရုံသည် လက်ရှိအသုံးပြုနေသော လူနာဆောင်များ၊ ကျန်းမာရေးဝန်ထမ်းများနားနေဆောင်၊ ရုံးခန်း၊ ဓါတ်ခွဲခန်း၊ ဆေးကောင်တာ၊ စတိုခန်း၊ Meeting Room တို့ရှိသော်လည်း ဆေးပစ္စည်းနှင့်အခြားဆေးရုံသုံးပစ္စည်းများ ထားရှိရန် အခန်းများ လုံလောက်မှုမရှိပါ။ သို့ဖြစ်ပါ၍ ၎င်းပစ္စည်းများ စနစ်တကျသိုလှောင်ထားနိုင်ရန် သီးသန့် စတိုခန်း(၁)လုံး (၃၀' ×၄၀')ခန့် တစ်ထပ်အဆောက်အဦတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်တွင်းမြို့ ပြည်သူ့ဆေးရုံသည် လက်ရှိ ၂၅ကုတင်ဆံ့ဆေးရုံသာဖြစ်ပြီး ကုတင် ၅၀ ဆံ့သို့ တိုးမြှင့်ပေးရန် မေးခွန်းမေးမြန်းထားသော်လည်း တိကျသော အဖြေမရရှိသေးပါ။ ယခုထပ်မေးလိုသည့်မေးခွန်းမှာ ခါတ်မှန်ခန်းကိစ္စဖြစ်ပါသည်။ ဆေးရုံတွင် ခါတ်မှန်ခန်းရှိသော်လည်း လူနာဆောင်များနှင့်တွဲလျက်အခန်းတွင် အသုံးပြုနေရပါသည်။

သို့အတွက်ကြောင့် လူနာအခန်းများနှင့် သီးသန့်ဖြစ်ရန် ခါတ်မှန်ခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"အုတ်တွင်းမြို့ပြည်သူ့ဆေးရုံတွင် ဆေးပစ္စည်းနှင့် အခြားဆေးရုံသုံး ပစ္စည်းများထားရှိရန် သီးသန့်စတိုခန်း(၁)လုံး၊ RC(၃၀'× ၄၀')ခန့် တစ်ထပ်အဆောက်အဦ တည်ဆောက်ပေးရန်"** နှင့် စပ်လျဉ်း၍အုတ်တွင်းပြည်သူ့ဆေးရုံတွင် ဆေးပစ္စည်းနှင့် အခြားဆေးရုံးသုံးပစ္စည်း များထားရှိရန် သီးသန့်စတိုခန်း(၁)လုံး RC(၃၀'×၄၀')ခန့်တစ်ထပ် အဆောက်အဦဆောက်လုပ်ပေးနိုင်ရေး ဆေးရုံ၏ အကွက်ချပုံစံ၊ အင်ဂျင်နီယာတွက်ချက်မှုပုံစံများဖြင့် တင်ပြတောင်းခံရန် ဤရုံး၏(၁၄. ၁၀. ၂၀၁၇) ရက်စွဲပါစာအမှတ်-၄၂၂၆/ပခတ-ကုသ/ဆဦ / ၂၀၁၇ အရ ညွှန်ကြားထားပြီးဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ် မှ အကွက်ချပုံစံ အင်ဂျင်နီယာတွက်ချက်မှုပုံစံအမှုတွဲရရှိလာသည့်အခါ ပြန်လည်တင်ပြလာပါက ပြည်ထောင်စုသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"အုတ်တွင်းမြို့ပြည်သူ့ဆေးရုံတွင် လူနာအခန်းများနှင့် သီးသန့်ဖြစ်ရန် ဓာတ်မှန်ခန်းတည်ဆောက်ပေးရန်"**နှင့် စပ်လျဉ်း၍ အုတ်တွင်းပြည်သူ့ဆေးရုံတွင် ခါတ်မှန်ခန်းရှိသော်လည်း ဆေးရုံလူနာဆောင်နှင့် တွဲလျက်ရှိနေသဖြင့် သီးသန့်ခါတ်မှန်ခန်း ဆောက်လုပ်နိုင်ရေး ဆေးရုံ၏ Site Plan အင်ဂျင်နီယာတွက်ချက်မှုပုံစံများဖြင့် တင်ပြတောင်းခံရန် ဤရုံး၏(၁၄. ၁၀. ၂၀၁၇) ရက်စွဲပါစာအမှတ်-၄၂၂၁/ပခတ-ကုသ/ ဆဦ / ၂၀၁၇ အရ ညွှန်ကြားထားပြီးဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ်မှ ပြန်လည်တင်ပြလာပါက ကုသရေးဦးစီးဌာန၊ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန(ရုံးချုပ်)သို့ ဆက်လက် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မင်းလှမြို့ မြို့နယ်အားကစားကွင်းနှင့် စစ်ကွင်းမြို့ရှိ မြို့အားကစားကွင်းများကို မြို့နယ်အားကစားကွင်း၊ မြို့အားကစားကွင်း စံနှုန်းများအတိုင်း မည်သို့ဆောင်ရွက်ပေးနိုင်မည်၊ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ အားကစားကွင်းများဖြစ်သော မင်းလှမြို့ရှိ မြို့နယ်အားကစားကွင်းနှင့် စစ်ကွင်းမြို့ရှိ မြို့အားကစားကွင်းများကို မြို့နယ်အားကစားကွင်း၊ မြို့အားကစားကွင်းစံနှုန်းများအတိုင်းဖြစ်အောင် မည်သို့ဆောင်ရွက်ပေးနိုင်မည်၊ ဆောင်ရွက်ထားသည်ကိုသိရှိလိုပါ၍ အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပဲခူးမြို့နယ်၊ ကလိကျေးရွာလယ်မြေတွင် တိုင်းအထွေထွေရောဂါကု ခြောက်ထပ်ဆေးရုံကြီး ဆောက်လုပ်နေပြီဖြစ်၍ ခြောက်ထပ်ဆေးရုံကြီး၏ မြေနေရာရရှိခဲ့ပုံပါ အချက်(၅)ချက်"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် တိုင်းအထွေထွေရောဂါကု ခြောက်ထပ်ဆေးရုံကြီး တစ်ခုဆောက်လုပ်နေပြီဟု သိရပါသည်။ ယခင်က မြေနေရာအခက်အခဲကြောင့် ကြန့်ကြာနေရကြောင်းလည်း သိရှိရပါသည်။ ယခုအခါ ပဲခူးမြို့နယ်၊ ကလိကျေးရွာလယ်မြေတွင် ဆောက်လုပ်နေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပဲခူးမြို့သူ မြို့သားများ အနေဖြင့်၎င်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း၊

၁။ ခြောက်ထပ်ဆေးရုံကြီး၏ မြေနေရာရရှိခဲ့ပုံ

၂။ ခြောက်ထပ်ဆေးရုံကြီးအတွက် ခွင့်ပြုငွေ (ဘတ်ဂျက်)

၃။ ခြောက်ထပ်ဆေးရုံကြီး ဆောက်လုပ်ပြီးစီးမည့်ကာလ

၄။ မည်သို့တင်ဒါခေါ်ယူခဲ့ပြီး၊ မည်သည့်ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့သည်။

၅။ ခြောက်ထပ်ဆေးရုံကြီးပြီးစီးလျှင် ယခုမြို့လယ်မှ ဆေးရုံကြီးအား မည်သို့စီမံထား ရှိမည်တို့ကို သိရှိလိုကြပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရထံသို့ သိလိုသောအချက်အလက်များကို ရှင်းလင်းဖြေကြားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မင်းလှမြို့ မြို့နယ်အားကစားကွင်းနှင့် စစ်ကွင်းမြို့ရှိ မြို့အားကစားကွင်းများကို မြို့နယ်အားကစားကွင်း၊ မြို့အားကစားကွင်း စံနှုန်းများအတိုင်း မည်သို့ ဆောင်ရွက်ပေး**

**နိုင်မည်၊ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်ရှိ အားကစားကွင်းများဖြစ်သော မင်းလှမြို့ရှိ မြို့နယ်အားကစားကွင်းနှင့် စစ်ကွင်းမြို့ရှိ မြို့အားကစားကွင်းများကို မြို့နယ် အားကစားကွင်း၊ မြို့အားကစားကွင်း စံနှုန်းများအတိုင်း ဖြစ်အောင် မည်သို့ဆောင်ရွက်ပေးနိုင်မည်၊ ဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ မေးမြန်းသည့်ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ "မင်းလှမြို့နယ် အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (၁၂၀ပေ×၉၀ပေ)အားကစားရုံ တည်ဆောက်ခြင်း (၂၇၀. ၀၀)သန်းနှင့် စစ်ကွင်းမြို့ပွဲကြည့်စင်(၁၀၀ပေ×၃၆ပေ) တည်ဆောက်ခြင်း (၁၅၀. ၀၀)သန်းကို ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှရရှိရေးအတွက် ထည့်သွင်းအဆိုပြုတင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ မိမိတို့ ဆောင်ရွက်သည့်အခါ အားကစားနှင့်ပတ်သက်ပြီး ပြည်ထောင်စုက ချပေးသည့် ဘတ်ဂျက်က အင်မတန်နည်းပါးပါကြောင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ကနေ ဆောင်ရွက်ရတာ ဖြစ်သည့်အတွက် (၂၈) မြို့နယ်အားကစားကွင်းတွေကို အချိုးညီညီ အရင်ဦးစားပေးဆောင်ရွက်မည့် အတွက် ကြောင့် အဆိုပြုတင်ပြထားပြီးဖြစ်သည့် မင်းလှမြို့နယ် မြို့နယ်ခွဲဖြစ်သည့် စစ်ကွင်းမြို့အားကစားကွင်းကို ပြည်ထောင်စုဘတ်ဂျက်နှင့် မလုံလောက်သောကြောင့် တိုင်းဒေသကြီးဘတ်ဂျက်နှင့် ဆောင်ရွက်သည့်အခါ အားနည်းမှု ရှိသည့် ပြည်ထောင်စုဘတ်ဂျက် ရရှိရန်အတွက် တင်ပြထားပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပဲခူးမြို့နယ်၊ ကလိကျေးရွာ လယ်မြေတွင် တိုင်းအထွေထွေရောဂါကု ခြောက်ထပ်ဆေးရုံကြီး ဆောက်လုပ်နေပြီဖြစ်၍ ခြောက်ထပ်ဆေးရုံကြီး၏ မြေနေရာရရှိခဲ့ပုံပါ အချက် (၅)ချက်"**နှင့်စပ်လျဉ်း၍ ခြောက်ထပ်ဆေးရုံနှင့်ပတ်သက်ပြီး အခုလိုဖြေကြားခွင့်ရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကို အထူးပင်ကျေးဇူးတင်ပါကြောင်း၊ (၆)ထပ်ဆေးရုံကြီးမြေနေရာ မည်သို့ရရှိခဲ့သည်ကို အကျဉ်းချုပ်ဖြေကြားသွားမည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်က မိမိတို့ အစိုးရမတိုင်ခင် ကျခဲ့သည့်ဘတ်ဂျက်ပါ၊ ပထမအစိုးရလက်ထက်က ရေးဆွဲခဲ့သည့်ဘတ်ဂျက်ဖြစ်ပြီး (၆)ထပ်ဆေးရုံဆောက်လုပ်ရန် လက်ရှိပဲခူးဆေးရုံ အကျယ်အဝန်း (၁၀)ဧကရှိ၍ လက်ရှိအဆောင်တွေနဲ့ ပြည့်ကျပ်နေသည့်အတွက် ပြည်ထောင်စုကလည်း မြေတစ်နေရာရှာပေးပါ။ ရှာပြီးတော့မှ ဆောက်သင့်ပါတယ်ဆိုပြီး မိမိတို့ကို အကြံပေးထားပါကြောင်း၊ အကြံပေးမှုကိုကြည့်သည့်အခါ လက်ရှိပဲခူးဆေးရုံကြီးသည် နေရာအခက်အခဲရှိပြီး မြို့ထဲမှာလည်း ကျပ်သည့်အတွက်ကြောင့် ပြောင်းရွှေ့ရန် အမှန်တကယ် လိုအပ်ပြီဖြစ်၍ မြေနေရာရှာ၊ ရှာသည့်အခါ ပဲခူးမြို့တွင် မြေနေရာရှာရတာ အင်မတန်ခက်သည့်အတွက် မိမိတို့ လက်လှမ်းမမီခဲ့ပါဘူး၊ သို့သော်လည်း မိမိရဲ့မိတ်ဆွေတစ်ယောက် အကူအညီဖြင့် လက်ရှိဒီမြေကြီးသည် စီးပွားကူးသန်းအောက်မှာရှိသည့် စားသုံးသူရေးရာ ပိုင်ဆိုင်သည့် ဧကပေါင်း (၃၀)လမ်းဘေးမြေကြီးကို တွေ့ခဲ့ပါကြောင်း၊ ဧကပေါင်း(၃၀) လမ်းဘေး ဖြစ်သည့်အတွက် ပိုအဆင်ပြေနိုင်မှာဖြစ်ကြောင်း၊ လက်ရှိပဲခူးဆေးရုံကြီးသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဘက်မှ လူနာတွေအားကိုးပြီး လာရသည့်အတွက်ကြောင့် ယင်းနေရာမှာဆိုလျှင် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ် နီးစပ်သည့်အတွက် ပိုကောင်းတယ်ဆိုပြီး ယင်းမြေကြီးကို သွားတွေ့ပါကြောင်း၊ မိမိအနေဖြင့် ပထမဆုံး ဒီမြေကြီးရဖို့အတွက် ဒီမြေကြီးပိုင်သည့်ဝန်ကြီးသည်

မည်သူနှင့်နီးစပ်သလဲ လေ့လာသည့်အခါ မိမိတို့ပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တစ်ဦးနှင့် နီးစပ်မှုရှိသည်ဟု သိရသည့်အခါ ချဉ်းကပ်ရပါကြောင်း၊ ဒီမြေကြီးရောင်းလိုလျှင် မိမိတို့ ဒီမြေကြီးကာလပေါက်ဈေးနှင့် မဝယ်နိုင်ဘူး ရောင်းတဲ့သဘောမျိုးလည်းမသက်ရောက်အောင် ဆောင်ရွက်ပေးပါဆိုပြီးပြောသည့် ပါတီ၏ ထိပ်တန်းခေါင်းဆောင်က ပြည်ထောင်စုဝန်ကြီးကို ပြောပါတယ်။ ပြည်ထောင်စုဝန်ကြီးက ပဲခူးဆေးရုံကြီးအတွက်ဆို ဆောင်ရွက်ပေးမည်ဆိုသောကြောင့် မိမိအနေဖြင့် အလှူရှင်ကို ထပ်ရှာရပါတယ်။ မိတ်ဆွေတစ်ဦး၏ အကူအညီနှင့် ဦးမြင့်ဆွေက ၎င်း၏မိခင်ကျန်းမာရေးအတွက် ကုသိုလ်ရအောင်လှူပေးမည်ဟုပြောတာကို သိရပါကြောင်း၊ မိမိကိုယ်တိုင်ပြည်ထောင်စုသွားပြီး ဒီမြေကြီးရအောင် ကြိုးစားဆောင်ရွက်ခဲ့ရပါကြောင်း၊ မိမိကိုယ်တိုင်လိုချင်သည့်က ဧက(၃၀)ဖြစ်သော်လည်း ယင်းမြေပိုင်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်က မပေးနိုင်ဘူး(၂၅)ဧကဘဲပေးနိုင်မယ်၊ (၅)ဧကကို သူတို့ဝန်ထမ်းသက်သာအတွက် ထားပေးရမယ် ပြောပါကြောင်း၊ မိမိက ဒါဆိုမယူဘူးဟု ငြင်းခဲ့သော်လည်း ပါတီ၏ ထိပ်တန်းခေါင်းဆောင်(၁)ဦးက ဒါဆိုလည်း (၂၅)ဧကဘဲ ယူလိုက်ပါ ပြောသည့်အတွက် (၂၅)ဧကကိုလက်ခံခဲ့ကြောင်း၊ နှောင်ကြိုးမဲ့သည့် အလှူရှင်၏ငွေနှင့် ဒီမြေကြီး (၂၅)ဧကကို ရရှိခဲ့ပါကြောင်း၊ ရှေးဦးစွာဖြေကြားလိုပါသည်။

ဒုတိယမေးခွန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ခွင့်ပြုငွေ သန်း(၈၀၀,၀၀၀,၀၀၀) ခွင့်ပြုခဲ့ပါသည်။ သို့သော်မြေကြီးရှာရသည့် အနေအထားကြောင့် ဘတ်ဂျက်ကို မစောင့်နိုင်သည့်အတွက် ယင်းဘတ်ဂျက်ကို ပြန်အပ်လိုက်ရပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ခွင့်ပြုငွေ သန်း(၈၀၀,၀၀၀,၀၀၀) ပြန်ပါလာပါတယ်။ ပြည်ထောင်စုဘတ်ဂျက်နှင့် ဆောင်ရွက်ရတာဖြစ်သည့်အတွက် ပဲခူးမြို့ (၆) ထပ်ဆေးရုံကြီး ဘယ်အချိန်ပြီးစီးမည်ဆိုတာက ဖြေရန်အင်မတန်ခက်ပါကြောင်း၊ ပြည်ထောင်စုက ဘတ်ဂျက်ချပေးမှ ဆောက်ခွင့် ရတာဖြစ်သည့်အတွက် လာမည့်နှစ်မှာ ဘတ်ဂျက်ပါမပါ ပြည်ထောင်စုက ဆုံးဖြတ်တာကို မသိရှိသည့်အတွက် မည်သည့်အချိန်တွင် (၆) ထပ်ဆေးရုံကြီးပြီးစီးမည်ကို ဖြေကြားရန် အဆင်မပြေခဲ့ပါဘူး၊ တင်ဒါကို မည်သို့ခေါ်ယူပြီး ကုမ္ပဏီကို ဘယ်လိုအောင်မြင်ခဲ့ပါသလဲဆိုရင် မိမိတို့ တင်ဒါစည်းမျဉ်းစည်းကမ်းအရ တင်ဒါခေါ်ယူခဲ့တယ်၊ တင်ဒါလာလျှောက်သည့် ကုမ္ပဏီ (၈)ဦးရှိပါကြောင်း၊ ၎င်း(၈)ဦးကို (၂၃. ၁. ၂၀၁၇) နံနက် (၉း၀၀)နာရီမှာ ပဲခူးအထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးဆောင်မှာ တင်ဒါစိစစ်ရေးအဖွဲ့နှင့် ဆောင်ရွက်သည့်အခါ မြနန္ဒာကုမ္ပဏီတင်ဒါအောင်မြင်ခဲ့ကြောင်း လေးစားစွာဖြေကြားလိုပါသည်။

ဆေးရုံကြီး၏(Drawing Structure)တွေက မူလအတိုင်းလား ကိုယ်စားလှယ်ကြီးမေးပါကြောင်း၊ ဟုတ်ပါတယ် မူလအတိုင်းပါပဲ၊ သို့သော် ဒီတင်ဒါအောင်ခဲ့သည့်အခါ ယင်းမြေကြီးနှင့် ကိုက်ညီမည့် (Drawing Estimate) ကို ပြန်တင်ခိုင်းပါတယ်။ ယင်းမြေကြီးနိမ့်သည့်အတွက် ယင်းမြေကြီးဟာ (Pipe)ရိုက်မှရမယ် ဆိုတဲ့ အင်ဂျင်နီယာစိစစ်တွေ့ရှိချက်မူအရ ယင်းဆေးရုံကြီးကို ပိုင်သည့်လုပ်ငန်းနှင့် ဆောက်လုပ် ထားကြောင်း ကိုယ်စားလှယ်ကြီးကို ဖြေကြားလိုပါတယ်။

(၆) ထပ်ဆေးရုံကြီးပြီးလျှင် လက်ရှိဆေးရုံကြီးကို မည်သို့ဆောင်ရွက်မလဲ ကိုယ်စားလှယ်ကြီးမေးမြန်းမှု အပေါ် လက်ရှိ (၆) ထပ်ဆေးရုံကြီးပြီးသည့်အခါ လက်ရှိထွေထွေရောဂါကုဆေးရုံကြီး ကုတင် ၁၀၀ကို မိခင်နှင့် ကလေးဆေးရုံအဖြစ် ပြောင်းလဲဆောင်ရွက်မည်ဟုလည်း လျာထားဆောင်ရွက်မည်ကို ပြည်ထောင်စု၏ သဘော တူညီချက်ရထားပြီးဖြစ်သည့်အတွက် ရှင်းပြရန်မလိုတော့ပါကြောင်း လေးစားစွာဖြင့်ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။(၆) ထပ်ဆေးရုံကြီးတွင် ယခုအနေအထားအရ Master Plan မရှိသေးဟု သိရှိရပြီး အရင်တိုးချဲ့ဆေးရုံကြီး၏ ဒီဇိုင်းနှင့် ဆောက်လုပ်မည်ကို မိမိအနေဖြင့် သိရှိထားပါကြောင်း၊ အကယ်၍ (၆)ထပ်ဆေးရုံကြီးအတွက် Master Plan ရေးဆွဲပြီးပြီလား၊ ဘယ်လို ချိတ်ဆက်မည်ကို အနည်းငယ်ရှင်းပြပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်းအားမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညွန့်ရွှေ၊ မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်၊[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ (၆)ထပ်ကြီးဆေးရုံကြီးက ပဲခူးထဲမှာဆောက်မှာဖြစ်သည့် အတွက် အခြားMaster Plan မပါဘူး၊ သို့သော်လည်း ဆေးရုံဟောင်းနေရာက မဖြစ်နိုင်သည့်အတွက် ဆေးရုံကို အခြားနေရာရွှေ့သည့်အခါ လက်ရှိမိမိတို့အနေဖြင့် ဆေးရုံကို အရင်ဆုံးဆောက်နိုင်အောင် အရင်ကြိုးစားခဲ့ရပါကြောင်း၊ အကယ်၍ မဆောက်လုပ်နိုင်ပါက ဒီဘတ်ဂျက်ကို ပြည်ထောင်စုကို ပြန်အပ်ရမှာ ဖြစ်သည့်အတွက် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်အတွက် အင်မတန် နစ်နာသွားနိုင်သည့်အတွက် ယင်းမြေကြီး အပေါ်တွက် ဆောက်လုပ်ခဲ့ပါကြောင်း၊ Master Plan အတွက် လက်ရှိမြေကြီးပေါ်မှာ BRCCA နဲ့ ချိတ်ဆက် ဆောင်ရွက်ပြီး ဝန်ကြီးချုပ်ကြီးက BRCCA ကို Master Plan တစ်ခုဆွဲပေးပါဆိုပြီး ဝန်ကြီးချုပ်က ညွှန်ကြားထား သည်များရှိကြောင်း ဖြေကြားလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ခြမ်းကျေးရွာအုပ်စုများရှိ မြစ်ချောင်းကမ်းပါးအနီး စာသင်ကျောင်းများမှ ကျောင်းသားများနှင့် ဆရာ/ဆရာမများအတွက် Life Jacket (အသက်ကယ်အင်္ကျီ)များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"လက်ပံတန်းမြို့နယ်တွင် မြန်မာတိုင်းရင်းဆေးရုံဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ခြမ်း ကျေးရွာအုပ်စုများရှိ မြစ်ချောင်းကမ်းပါးအနီး စာသင်ကျောင်းများတွင် Life Jacket (အသက်ကယ်အင်္ကျီ)များ ချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် တင်ပြအပ်ပါသည်။

လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ခြမ်းမြစ်မခရေကာတာနှင့် ဇရာဝတီအရှေ့ဘက် ကမ်းရေကာတာတလျှောက်တွင် စာသင်ကျောင်းပေါင်းများစွာရှိပါသည်။ အဆိုပါရေကာတာများမှာ အခိုင်အမာတည်ဆောက်ထားသည်ဆိုသော်လည်း တာတမံများ အမှတ်မထင်ကျိုးပေါက်ခဲ့ပါက ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအတွက် Life Jacket (အသက်ကယ်အင်္ကျီ)များ ချထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ လက်ပံတန်းမြို့နယ်တွင် မြန်မာတိုင်းရင်းဆေးရုံဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုပါ၍ တင်ပြအပ်ပါသည်။

မြန်မာတိုင်းရင်းဆေးရုံတည်ဆောက်ရန်အတွက် ၂၀၁၂ -၂၀၁၃ခုနှစ်ခန့်က လက်ပံတန်းမြို့၌ ချထားသည်ဟု ကြားသိခဲ့ရပါသည်။ ထိုသို့ကြားသိခဲ့ရသော်လည်း အမှန်တကယ်တွင် လက်ပံတန်းမြို့၌ ဆောက်လုပ်ခဲ့ခြင်းမရှိဘဲ ဇီးကုန်းမြို့တွင် မြန်မာတိုင်းရင်းဆေးရုံဆောက်လုပ်ခဲ့သည်ဟုသာ ကြားသိခဲ့ရပါသည်။

အဆိုပါဆေးရုံအတွက် လက်ပံတန်းမြို့၌ မည်သည့်ဘဏ္ဍာနှစ်၌ ပြန်လည်ချထားပေး မည်ကို လက်ပံတန်းမြို့ရှိ မဲဆန္ဒရှင်ပြည်သူများမှ သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ခြမ်း ကျေးရွာအုပ်စုများရှိ မြစ်ချောင်းကမ်းပါးအနီး စာသင်ကျောင်းများမှ ကျောင်းသားများနှင့် ဆရာ/ဆရာမများအတွက် Life Jacket (အသက်ကယ်အင်္ကျီ)များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ခြမ်း ကျေးရွာအုပ်စုများရှိ မြစ်ကမ်းပါးအနီး စာသင်ကျောင်းများတွင် Life Jacket (အသက်ကယ်အင်္ကျီ)များ လတ်တလောတွင် ချထားပေးရန် မရှိပါကြောင်း ဖြေကြားအပ်ပါသည်။ အဓိက လူ/ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှာLife Jacket ဆိုသည့်ခေါင်းစဉ် မရှိပါကြောင်း၊ လူတစ်ယောက်ကို မိုးကြိုးပစ်လျှင် မည်မျှထောက်ပံ့ရမည်ဆိုသည် ခေါင်းစဉ်များသာရှိပြီး Life Jacket ခေါင်းစဉ်မရှိသည့်အတွက် ဆောင်ရွက်ပေး၍မရပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"လက်ပံတန်းမြို့နယ်တွင် မြန်မာတိုင်းရင်း ဆေးရုံဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဆေးရုံ၊ ဆေးကုဌာနများ၊ ရုံးဌာနများတိုးချဲ့ဆောက်လုပ်ရာတွင် မြေနေရာအနေအထား၊ လိုအပ်သောမြေ အကျယ်အဝန်းရရှိမှု၊ ပတ်ဝန်းကျင်တွင် အခြားသောကျန်းမာရေးဌာနများတည်ရှိမှု၊ လူဦးရေသိပ်သည်းမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ထမ်းများ၏ လုံခြုံမှုအခြေအနေ၊ တိုင်းရင်းဆေးပညာအား နယ်မြေခံလူထု၏ ယုံကြည်အားထားမှုနှင့် ဘတ်ဂျက်ခွင့်ပြုငွေရရှိမှုတို့အပေါ် မူတည်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ချုံငုံပြီး ဘတ်ဂျက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လက်ပံတန်းမြို့နယ်တွင် မြေနေရာမရရှိပါသဖြင့် ဇီးကုန်းမြို့နယ်တွင် တိုင်းရင်းဆေးကုဌာနဆောက်လုပ်ခဲ့ရပါသည်။

လက်ပံတန်းမြို့နယ်နှင့် (၁၂)မိုင်ခန့်အကွာရှိ သာယာဝတီမြို့နယ် တိုင်းရင်းဆေးကုဌာနသို့ တစ်နေ့လျှင် ပျမ်းမျှလူနာ (၁၃)ဦးခန့်၊ (၁၁) မိုင်ခန့်အကွာရှိမင်းလှမြို့နယ်၊ စစ်ကွင်းမြို့ တိုင်းရင်းဆေးကုဌာနသို့ တစ်နေ့လျှင်ပျမ်းမျှလူနာ (၇)ဦးခန့် လာရောက်ကုသမှုခံယူလျက်ရှိပါ၍ လက်ပံတန်းမြို့နယ်တွင်မြို့နယ် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လူနာဦးရေတိုးတက်များပြားလာပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနဆောက်လုပ်ရန် လိုအပ်သည့်အချိန်တွင် ပြည်ထောင်စုသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၁)နှင့် (၂)တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးဖြေကြားသည့်ထဲတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လက်ပံတန်းမြို့နယ် အနောက်ဘက်ခြမ်းကျေးရွာအုပ်စုများသို့ Life Jacketများချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်းအတိုလေးဘဲ ပြန်လည်ဖြေကြားထားမှု အပေါ် အစီအစဉ်မရှိသည့်အတွက် မိမိအနေဖြင့် အင်မတန်ဝမ်းနည်းမိပါကြောင်း၊ သို့ပေမဲ့ ဝန်ကြီးဦးမောင်မောင်လွင်က ပဲခူးတိုင်းဒေသကြီး၏ ပညာရေး၊ ကျန်းမာရေးမှာ အမြင့်ဆုံးဝန်ကြီးဌာနလူကြီးတစ်ဦးဖြစ်ပြီး သူ့ထက်ကြီးသူ ပဲခူးတိုင်းမှာ မရှိပါဘူး။ ကျေးရွာအုပ်စုများတွင် တာကျိုးပေါက်မှု (၂)ကြိမ်၊ (၃)ကြိမ် ဖြစ်ခဲ့ဖူးပါကြောင်း အကယ်၍ တာကျိုးပေါက်သွားခဲ့လျှင် Life Jacketမရှိလျှင် ဆရာ/မ၊ ကျောင်းသား/သူများကို ကယ်ဆယ်၍ တိုင်းဒေသကြီး အစိုးရဝန်ကြီးတစ်ဦးအနေဖြင့် တာကျိုးပေါက်ခဲ့လျှင် အရေးပေါ် အစီအစဉ်အနေဖြင့် မည်သို့မည်ပုံ စီစဉ်ထား သည်ကိုမိမိအနေဖြင့် သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ မိမိတို့ လက်ပံတန်းဒေသတွင် မြေနေရာမရှိဘူးဆိုပြီး အတင်းလက်မှတ်ထိုးခိုင်းတာဖြစ်ကြောင်း၊ လက်ပံတန်းမြို့နယ်တွင် လူဦးရေတိုးပွားလာပါက လက်ပံတန်းမြို့နယ်တွင် မဲပေးနိုင်သည့်လူဦးရေ (၁၂၀၀၀၀)ကျော်ရှိပြီး လူဦးရေ (၁၈၀၀၀၀)ကျော်ရှိပါ ကြောင်း၊ မိမိတို့မြို့ကို လူဦးရေ ဥပမာ (၅)သန်း(သို့) (၁၅)သိန်းလောက်ရှိမှ ချထားပေးမှာလားဆိုသည်ကို သိချင်ပါကြောင်း လက်ပံတန်းမြို့နယ်(၁၂)မိုင်ခန့် အကွာရှိ သာယာဝတီမြို့နယ် တိုင်းရင်းဆေးကုဌာနသို့ တစ်နေ့လျှင် (၁၃)ဦးခန့်၊ (၁၁)မိုင်ခန့်အကွာရှိ မင်းလှမြို့နယ် စစ်ကွင်းမြို့တိုင်းရင်းဆေးကုဌာနသို့ တစ်နေ့လျှင် ပျမ်းမျှလူနာ(၇)ဦးခန့် လာရောက်ကုသမှုခံယူကြောင်း၊ မြန်မာ့ဆေးသည် ကမ္ဘာမှာ နာမည်အကြီးဆုံးဖြစ်နေတာတောင် တိုင်းရင်းဆေးကုဌာနရှိနေပါလျက်နှင့် လူဦးရေ ဒီလောက်လေးဘဲလာရသည့် တိုင်းရင်းဆေးကုဌာနသို့ ဝန်ကြီးအနေဖြင့် မည်သို့ကိုင်တွယ်ဖြေရှင်းသွားမည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်၊ မေးမြန်းသည့် ဆက်စပ်မေးခွန်း(၁)နှင့်(၂)မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင် [ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးအောင် မေးမြန်းသည့်မေးခွန်းအမှတ်စဉ်(၁)သည် အတော်စိတ်ဝင်စားဖို့ကောင်းပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုတာ ပြည်ထောင်စု၏ မူဝါဒအပေါ် လိုက်ပါဆောင်ရွက်ရတာဖြစ်ပြီးLife Jacketဆိုတာကလည်း ပြည်ထောင်စုက ဘတ်ဂျက်ရှိမှ လုပ်ဆောင်၍ရမှာဖြစ်ကြောင်း၊ စောစောကတင်ပြခဲ့သလို မိုးကြိုးပစ်တာ၊ မီးလောင်တာတို့ကို ပြည်ထောင်စုက လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားမှုကို တိုက်ရိုက်ချထားပေးတာဖြစ်ကြောင်း၊ ပြည်ထောင်စုက တစ်တိုင်းလုံးစာချပေးတာဖြစ်၍ Life Jacket ဆိုသည့် ခေါင်းစဉ်အနေဖြင့် ခွဲဝေချထားပေးတာ မတွေ့ရပါဘူး၊ တာကျိုးပေါက်သွားသည့်ကိစ္စကို ဆောင်ရွက်ရန်အတွက်က ဆည်မြောင်းဝန်ကြီးနှင့်သာ သက်ဆိုင်ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးဖြစ်လာလျှင် လူ/ကယ်ပြန်က ဆောင်ရွက်ပေးရတာဖြစ်ပြီး၊ ဆောင်ရွက်သည့်အခါတွင်လည်း တစ်တိုင်းလုံးကိုလွှမ်းခြုံ၍ ကြည့်ရသည့်အတွက် ပြည်ထောင်စု၏ ဘတ်ဂျက်အပေါ်မှာဘဲ ဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင် [ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်၍မိမိတို့ အစိုးရသစ် လက်ထက်တွင် တိုင်းရင်းဆေးရုံ ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုက ဆောင်ရွက်ရသည့် ကိစ္စဖြစ်ကြောင်း၊ ပြည်ထောင်စုကလည်းတိုင်းနှင့်ပြည်နယ်(၁၄)ခုနှင့် နေပြည်တော်ကောင်စီအပါအဝင် အားလုံးကိုလွှမ်းခြုံပြီးကြည့်ရသည့်အခါ စံနှုန်းသတ်မှတ်ချက်များ ရှိပါကြောင်း၊ မြေနေရာအနေအထား၊ ကျန်းမာရေး၊ လူဦးရေသေဆုံးမှု၊ လမ်းပန်းဆက်သွယ်ရေးစသည့် စံနှုန်းပေါ်ကြည့်ပြီး တိုင်းရင်းဆေးရုံ ချထားပေးခြင်းဖြစ်သည့်အတွက် တစ်နေ့ဒီစံနှုန်းနှင့် ကိုက်ညီပါက ပြည်ထောင်စုက ချပေးမှာဖြစ်ကြောင်း၊ လက်ပံတန်းဆေးရုံက ပြည်ထောင်စုစံနှုန်းနှင့် ကိုက်ညီပါက တိုင်းရင်း

ဆေးရုံ သူ့အလိုအလျောက်ရလာမှာဖြစ်ကြောင်း၊ ပြည်ထောင်စုက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များကိုလည်း နားလည်ပေးစေချင်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း[ တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (BOT)စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုသော စာချုပ်များကို ပြင်ဆင်ချုပ်ဆို ပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စု အစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွန့်ရွှေ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများထံသို့ (BOT) စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာ နိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ် ဆိုသော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ် ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စု အစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆို**ကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (BOT)စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့သည်ကို တွေ့ရပါသည်။ ယင်းသို့ ငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကို ကြည့်၍ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ကြရပါသည်။

သို့ဖြစ်ပါ၍ ယခုအခါတွင် ခေတ်ကာလနှင့်ဆီလျော်သော နှုန်းထားများပြန်လည် ပြင်ဆင်သတ်မှတ်တောင်းခံသင့်ပြီဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်၏အခွန်ဘဏ္ဍာများ ဆုံးရှုံးလေလွင့်မှုကိုဂင်း၊ ပြည်သူတို့၏ အကျိုးစီးပွားကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဥပမာအနေဖြင့် တင်ပြရသော ပူးတွဲတင်ပြပါစာရင်းများအရ မြေငှားရမ်းခမှာ တစ်လလျှင် တစ်ဧကနှုန်းမှာ (ကျပ်သုံးထောင်) ပင်မပြည့်သည်ကိုဂင်း၊ အချက်အခြာကျသော မြို့ပြနေရာများ၊ လူစည်ကားသော လမ်းမကြီးဘေးနေရာများ၌ပင် တစ်ဧက တစ်လ(ကျပ်တစ်သောင်း)နှုန်းခန့်ပင် ဖြစ်နေသည်ကို တွေ့ရပါသည်။

အဆောက်အဦးများနှင့် မြေနေရာငှားရမ်းမှုမှာလည်း အချို့နေရာများတွင် တစ်လလျှင် ကျပ်(နှစ်သောင်းသုံးထောင်)ခန့်နှင့် လူစည်ကားသော အချက်အခြာကျသော မြို့ကြီးပြကြီး နေရာကောင်းများ၌ပင် တစ်လလျှင် (၅၀'×၁၂၀')ပေ တစ်လုံးတွင်ပင် စာချုပ်ငွေ(ငါးသောင်း) နှုန်းလောက်ဖြင့် ငှားရမ်းခဲ့သည်ကို တွေ့ရပါသည်။ ခေတ်ကာလပေါက်ဈေး-ဒေသပေါက်ဈေးနှင့် နှိုင်းယှဉ်ကြည့်ပါက အဆပေါင်းနှစ်ဆယ်(၂၀) ထက်မက လျော့နည်းသောနှုန်းထားဖြင့် ငှားရမ်းခဲ့သည်ကို တွေ့ရပါသည်။

ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးရှိ လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် စက်ရုံများ၊ အဆောက်အအုံများ၊ စိုက်ပျိုးမြေများအား အလွန်နိမ့်ကျသော နှုန်းထားများဖြင့် ငှားရမ်းခဲ့သည်။ အခကြေးငွေစုစုပေါင်းမှာ တစ်နှစ်လျှင် သိန်းပေါင်း (၃၀၄၉၀၃. ၉၂၈) သိန်းဖြစ်ကြောင်း သိရှိရပါသည်။

အကယ်၍ ခေတ်ကာလပေါက်ဈေးနှင့် ပြင်ဆင်သတ်မှတ်နိုင်မည်ဆိုလျှင် လက်ရှိနှုန်းထက် အဆပေါင်း (၂၀)ထက်မက ပိုမိုရရှိနိုင်မည်ဖြစ်ပြီး၊ နိုင်ငံနှင့် ပြည်သူတို့၏အကျိုးအတွက် ဆတက်ထမ်းပိုးသယ်ပိုးသော လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အဆိုရှင် တင်ပြထားသည်က "ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (BOT)စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုသော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင် ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးရန် ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးညွန့်ရွှေ၏အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အဆိုရှင်တင်ပြထားသည်က "ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (BOT)စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုသော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင် ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်သူအကျိုးလွန်စွာနစ်နာခဲ့ရပါသည်ဆိုသည့် အချက်ကို ထောက်ခံအပ်ပါသည်။ မိမိတို့ရွှေကျင်မြို့တွင် ပြီးခဲ့သည့်သက်တမ်းမှာ golden Star ကုမ္ပဏီက ရာဘာစိုက်ပျိုးမည်ဆိုပြီး မြေဧကတော်တော်များများ ငှားရမ်းခဲ့ပါတယ်။ တကယ်တမ်း မိမိတို့အစိုးရက စိုက်ထားသည့် ရာဘာပင်တွေကို ခုတ်လှဲပြီးမှ အသစ်စိုက်ပျိုး မည်ဆိုပြီး ဒီကနေ့အထိ ရာဘာပင်အသစ်တွေ စိုက်ပျိုးခြင်းမရှိဘဲ ကျေးရွာပြည်သူတွေရဲ့ အိမ်ရာချဲ့ဖို့တောင်မှပဲ သူတို့ဆီက ခွင့်တောင်းရမည့်သဘောမျိုးဖြစ်နေပါစေကြောင်း၊ အမှန်တကယ် သွားရောက်နေထိုင်သည့် ကျေးရွာသူ/သားများကိုလည်း တရားစွဲဆိုခြင်းများ ခြိမ်းခြောက်ခြင်းများရှိနေပါကြောင်း၊ အောင်မြင့်ထူး ကုမ္ပဏီငှားရမ်းထားသည့် မြေဧကတွေကလည်း ဒီလိုအတိုင်းပဲ နှစ်ရှည်ရာဘာခြံဆိုသည့် သစ်ပင်ကြီးတွေကို ခုတ်လှဲပြီး အသစ်စိုက်ပါ့မယ်ဆိုပြီး ငှားရမ်းထားသည့် အောင်မြင့်ထူးကုမ္ပဏီက ဘယ်ဈေးနှုန်းဖြင့် ငှားရမ်းထား သည်ကို မေးမြန်းသော်လည်း (၁)လရှိပြီး ယင်းကုမ္ပဏီမှ ကိုယ်စားလှယ်ရုံးသို့ လာရောက်ဖြေကြားမှုမရှိပါဘူး၊ ဒီငှားရမ်းထားသည့်မြေကိုလည်း ရွှေရှာသည့်သူများကို ဘတ်ဟိုးတွေနှင့် တူးပြီး ရွှေရှာဖွေသည့် ရွှေလုပ်ငန်းရှင် တွေကို (၁)ဧကလျှင် (၁)လ(၁၁)သိန်းနီးပါး ငှားရမ်းနေတာ တွေ့ရပါကြောင်း၊ B.O.Tကုမ္ပဏီတွေက စိုက်ပျိုးရေး

လုပ်မည်ဆိုပြီး နှစ်ပေါင်းများစွာငှားရမ်းပြီး ခြစ်ရမည့်ရာဘာတွေကို ခုတ်ထွင်ရှင်းလင်းပြီး ရောင်းချသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားနစ်နာခဲ့ရပါသဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် ယင်းလုပ်ငန်းများ လုပ်ကိုင်နေသည့်မြေဧကတွေကို မည်သို့မည်ပုံ ဆောင်ရွက်မည်လည်းကောင်း၊ စာချုပ်တွေကို ပြင်ဆင်ချုပ်ဆို ပေးပါရန်နှင့် စာချုပ်ပြင်ဆင်ချုပ်ပေးပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်မဒေါ်လှလှဝင်းအနေဖြင့် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွှန့်ရွှေတင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဦးညွှန့်ရွှေ၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဦးညွှန့်ရွှေတင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၁း၃၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ခုနှစ် အောက်တိုဘာလ (၂၅)ရက် (ဗုဒ္ဓဟူးနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
# [ ၂၀၁၇ခုနှစ် ၊ အောက်တိုဘာလ ၂၅ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၈ ရာခိုင်နှုန်း ရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် ကိုယ်စားလှယ် သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးဇော်လွင်၊ ဗိုလ်မှူးသိန်းလွင်ဦးနှင့် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၅-၁၀-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၉ ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်း၏ ကြမ်းခင်းပါ အချက်(၄)ချက်တို့အား ပြန်လည်ပြုပြင်ပေးရန် လိုအပ်ခြင်းတို့"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအရာရှိရုံးသည် မြို့၏တောင်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်းကြီး၏ အနောက်ဘက် ကပ်လျှက်တွင် တည်ရှိပါသည်။ မြေကွက်၏ဧရိယာအကျယ်မှာ (၁)ဧကခန့်ကျယ်ဝန်းပြီး မြေနိမ့်ပိုင်းတွင် တည်ရှိကာ ရုံးအဆောက်အဦမှာ (၃၂ပေ×၃၀ပေ)အုတ်ညှပ်တစ်ထပ် အဆောက်အဦ ဖြစ်ပါသည်။

ဌာနရုံးခန်း၏ ကြမ်းခင်းများမှာ ကွဲအက်ပျက်စီးနေပါသဖြင့် ကြမ်းခင်းအား ပြန်လည် ပြုပြင်ရန် လိုအပ်ခြင်း၊ ဝန်ထမ်းအိမ်ရာလိုအပ်ခြင်း (၂ခန်းတွဲ ၂ထပ်)ရုံးမြေဧရိယာအား ခြံစည်းရိုးကာရန်လိုအပ်ခြင်း၊ ယခင်ကာရံထားသည်မှာ (၄''×၄'')ကွန်ကရစ်တိုင်နှင့် သံဇကာ ကာရံထားသည်မှာ မပြီးသေးဘဲ ကျန်ရှိနေခြင်း (၈၅၀ပေ)ခန့်လိုအပ်နေပါသည်။ ရုံးရှေ့တံတားမှာ ယာယီသစ်သားတံတားဖြစ်ပြီး အသုံးပြု၍ မရတော့ပါ။ ထို့ကြောင့် သံကူကွန်ကရစ်တံတား (၁၀ပေ× ၁၂ပေ×၄ပေ) ပြုလုပ်ပေးရန်စသည်တို့မှာ မဖြစ်မနေလိုအပ်နေပါသဖြင့် ပြုလုပ်ပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရေတာရှည်မြို့နယ်တွင် မြို့မ(၅)မြို့တွင် (၅)နေရာခွဲခြား၍ မွေးမြူရေးဇုန် မြေနေရာများအား ချထားသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရေတာရှည်မြို့နယ်တွင် ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ မြို့မ(၅)မြို့မရှိပါသည်။ ယခုအခါ ထိုမြို့မများတွင် လူဦးရေ တိုးမြင့်လာမှုကြောင့် လူနေမှုသိပ်သည်းလာပြီဖြစ်ပါသည်။ အထူးသဖြင့် မွေးမြူရေးလုပ်ကိုင်ရသော လုပ်ငန်းရှင်များသည် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သည့် မြို့နှင့်နီးကပ်သောနေရာများတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လာကြပါသည်။ လုပ်ကိုင်ကြသော မွေးမြူရေးလုပ်ငန်းရှင်များမှာလည်း များပြားလာပြီဖြစ်ပါသည်။ ထို့ကြောင့် လူနေရပ်ကွက်များတွင် မွေးမြူရေးခြံများ၏ အနံ့ဆိုးများ၊ ယင်ကောင်များကြောင့် ရပ်ကွက်ကျေးရွာနေ ပြည်သူလူထုမှ တင်ပြတိုင်ကြားလာခြင်းများ အကြိမ်ကြိမ်နေရာတိုင်းတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ သက်ဆိုင်ရာ မြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များမှ ဖြေရှင်းပေးရခြင်းသည်လည်း အခက်အခဲများစွာကြားမှ နားလည်မှုရစေရန် ဆောက်ရွက်ရန်ခက်ခဲလာပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေတာရှည်မြို့နယ် မြို့မ(၅)မြို့မတွင် (၅)နေရာခွဲခြား၍ မွေးမြူရေးဇုန်မြေနေရာထားပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ကြက်မွေးမြူရေးခြံများသည် ပြဿနာဖြေရှင်းရဆုံးသော မွေးမြူရေးကိစ္စဖြစ်ပါသည်။ ထို့ကြောင့် မွေးမြူရေးဇုန်မြေနေရာများ ချထားသတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်း၏ ကြမ်းခင်းပါ အချက်(၄)ချက်တို့အား ပြန်လည်ပြုပြင်ပေးရန် လိုအပ်ခြင်းတို့"** နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ခွဲဝေသုံးစွဲသည့်အခါ သာမန်နှင့် ငွေလုံးငွေရင်းဟူ၍ ခွဲခြားသုံးစွဲသည့်နေရာမှာ သာမန်အသုံးစရိတ်များဟာ အစိုးရအဖွဲ့ ဖွဲ့စည်းထားသည့် Institution များနဲ့

ဖွဲ့စည်းထားတာဖြစ်ပြီး ဌာနဆိုင်ရာအသုံးစရိတ်များဟာ သာမန်အသုံးစရိတ်ပါ ထည့်သွင်းဆောင်ရွက်ရတာဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် လက်ရှိသုံးစွဲနေသည့် သာမန်နှင့် ငွေလုံး ရာခိုင်နှုန်းများဟာ မျှတလုနီးပါး Nearly valence ဖြစ်နေတာဖြစ်သည့်အတွက် ငွေလုံး၌ပိုမိုသုံးစွဲရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် ပျက်စီးသွားသော အဆောက်အဦများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနအကြီးအကဲကနေတင်ပြမည်ဆိုပါက အစိုးရအဖွဲ့ဝင်များ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမှာဖြစ်ပြီး လက်ရှိကိုယ်စားလှယ်တော်ကြီးတင်ပြသည့်ကိစ္စသည် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အုတ်တွင်းမြို့နယ်ရုံးခန်း၏ ကြမ်းခင်းပြင်ဆင်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတောင်းခံထားရာ ဘဏ္ဍာငွေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရေတာရှည်မြို့နယ်တွင် မြို့မ(၅)မြို့တွင် (၅)နေရာခွဲခြား၍ မွေးမြူရေးဇုန် မြေနေရာများအား ချထားသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ (၂၈. ၈. ၂၀၁၇)ရက်နေ့ (၂၃/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီးပွားဖြစ်မွေးမြူလိုသူ မွေးမြူရေးသမားများစုဖွဲ့ပြီး မွေးမြူရေးဇုန် ဖော်ဆောင်ပေးနေရေးမြေနေရာ အဆိုပြုတင်ပြကြရန် လမ်းညွှန်ထားခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်များကနေပြီး အဆိုများတင်ပြရန်အတွက် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ တကယ်လို့ သက်ဆိုင်ရာ မြို့နယ်များက မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စုဖွဲ့ပြီး တင်ပြလာပါက တင်ပြလာသည့် မြေဧကပေါ်မှာ ဖြစ်သင့်သည့်ဧကကို တွက်ချက်ပြီးသည့်အခါ အဆိုပြုမြေများ တင်ပြလာပါက တိုင်းဒေသကြီး မြေလွတ်/လပ် ကော်မတီသို့တင်ပြ၍ မွေးမြူရေးဇုန်မြေနေရာ ဖော်ဆောင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျာ မိမိတို့ အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဝန်ကြီးဖြေကြားသွားသည်က မိမိတို့ဌာန ရုံးခန်း၏ ကြမ်းခင်းလောက်ကိုဘဲ တင်သွားတာဖြစ်ပါကြောင်း၊ ဒါဟာလည်း အမှန်တကယ်လိုအပ်နေတာပါဘဲ။ မိမိတို့ မြို့၏ အပြင်ဘက်မှာရှိသည့် အဆောက်အဦဟာလည်းဘဲ ကြမ်းခင်းများပျက်စီးနေသည့်အတွက် အမြဲတမ်းဘဲ ပိတ်ထားရပါကြောင်း၊ အစောင့်တစ်ဦးသာ နေထိုင်လို့ ရပြီး ခြံစည်းရိုးဆိုတာလည်း မဖြစ်မနေလိုအပ်နေပြီး လွန်ခဲ့တဲ့(၁၀)နှစ်ကဆိုရင် မွေးမြူရေးနှင့် ကုသရေးအရာရှိပါ(၃)ဦး လူသတ်မှုဖြင့် သေဆုံးသွားသည့်အတွက် မိမိတို့အနေဖြင့် အရမ်းအန္တရာယ်များပါကြောင်း အခုအချိန်တွင်လည်း ခြံစည်းရိုးဟာ ဟောလောဖြစ်နေပြီး၊ ရှေ့ဂိတ်ပေါက်လဲ မရှိပါ။ တံတားဆိုရင်လည်း ယာယီသစ်သားတံတားဖြစ်ကြောင်း၊ သစ်သားတံတားဆိုတာ မိမိတို့ ရုံးအနီးနားမှာ

ရှိတဲ့ အပင်တွေကိုခုတ်ပြီး သစ်လုံး၊ သစ်ချောင်းများနှင့် ဆောက်လုပ်ထားတာဖြစ်ပါကြောင်း၊ အဲ့ဒါကြောင့် မဖြစ်မနေလိုအပ်သည့် အရာများဖြစ်သည့်အတွက် ဆက်စပ်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာများရဲ့ ရုံးများ၏ Facility တွေကို ထောက်ပံ့သည့်နေရာမှာ သက်ဆိုင်ရာမြို့နယ်မှာရှိသည့် သက်ဆိုင်ရာဌာနများ၏ ဖွဲ့စည်းပုံပေါ် မူတည်ပြီး လိုအပ်ချက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကိုယ်စားလှယ်ကြီးတင်ပြသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ခြံစည်းရိုးနှင့် တံတားတွေ ပျက်စီးနေခြင်းကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ဦးစီးဌာနမှူးကနေပြီး ကွင်းဆင်းစိစစ်ပြီး အမှန်တကယ်လိုအပ်တယ်၊ မဖြစ်မနေ ဝန်ထမ်းတွေအတွက် Facility ဟာ အရမ်းဘဲနိမ့်ကျနေတယ်ဆိုရင် မိမိတို့က ပြင်ဆင်စရိတ်အနေဖြင့် သာမန်စရိတ်ထဲ ထည့်သွင်းပြီး တောင်းခံ၍ ရပါကြောင်း၊ ဒါပေမဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူးအနေဖြင့် ဒါတွေကို အမှန်တကယ် မသိလို့ဘဲလား၊ ဒါမှမဟုတ် သက်ဆိုင်ရာမြို့နယ်တွေက သက်ဆိုင်ရာဌာနအကြီးအကဲကို တင်ပြခြင်းမရှိလို့လား၊ ဒါကြောင့် မိမိတို့အနေဖြင့် လက်ရှိကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် မေးခွန်းက ဌာနအနေဖြင့် ဆောင်ရွက် ပေးလို့ရသည့် လုပ်ငန်းတွေဖြစ်ပါကြောင်း၊ ယင်းဌာနမှ (၂၀၁၈-၂၀၁၉)တွင် ကြမ်းခင်းပျက်စီးနေတာကို တင်ပြတောင်းခံ ထားသည့်အတွက် မိမိအနေနဲ့ သိရှိရတာဖြစ်ပြီး တံတားတွေ၊ ခြံစည်းရိုးတွေဟာ မကောင်းဘူးဆိုလျှင် (၂၀၁၈-၂၀၁၉) REမှာ ထည့်သွင်းဆောင်ရွက်နိုင်ရန် စီစဉ်မည်ဖြစ်ပြီး အကယ်၍ မရခဲ့လျှင်(၂၀၁၉-၂၀၂၀) BEမှာ ထည့်သွင်း ဆောင်ရွက်ပေးရန် မိမိအနေနဲ့ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **"ကြို့ပင်ကောက် မြို့နယ်၊ ဆင်နင်းပင်အုပ်စု၊ ကျေးရွာ(၄)ရွာမှ တောင်သူ(၁၀၉)ဦး၏ လယ်ဧက ပေါင်း(၈၀၀)ခန့်အား နွေစပါးစိုက်ပျိုးနိုင်ရန် ရေရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင် ကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)**။ ။သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ဆင်နင်းပင်အုပ်စုအတွင်းရှိ ကျေးရွာများ၌ နွေစပါးစိုက်ပျိုးရာတွင် နှစ်စဉ်ရရှိနေသော ရေများ၊ ယခုနှစ်တွင် မရနိုင်တော့ကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ သတင်းထုတ်ပြန်သည့်အတွက် ဆင်နင်းပင် အုပ်စုအတွင်းရှိ လယ်များ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေး နိုင်ကြောင်း သိလို၍ မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ဆင်နင်းပင်အုပ်စုတွင်းရှိသော ဆင်နင်းပင်၊ မကျီးပင်စု၊ ကတက်ကုန်း၊ အောက်ကိုင်းအစရှိသော ကျေးရွာပေါင်း(၄)ရွာမှ တောင်သူဦးရေ (၁၀၉)ဦး၏ ပိုစံ(၇)ရရှိပြီးသော လယ်ဧကပေါင်း(၇၉၈)ဧကသည် လွန်ခဲ့သော (၃)နှစ်ခန့်မှစ၍ မိုးစပါး စိုက်ပျိုးသော်လည်း မြစ်ရေတက်ပြီး ရေကြီးနစ်မြုပ်ဒဏ် နှစ်စဉ်ခံရသဖြင့် မိုးစပါးမရဘဲ နွေစပါးစိုက်ပျိုးခြင်းကို အားထားလုပ်ကိုင်နေသော တောင်သူများဖြစ်ပါသည်။

သို့သော် သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနမှ ကြို့ပင်ကောက်မြို့ အနောက်ဘက်ခြမ်းရှိ ရေပိုရေထုတ် မြောင်းများမှ ပိုလျှံရေများကို မိမိတို့အစီအစဉ်ဖြင့် အသုံးပြုပြီး နွေစပါး စိုက်ပျိုးနေသော လယ်မြေများတွင် ရေမရနိုင်တော့ပဲ ကြို့ပင်ကောက်မြို့ အရှေ့ဘက်ခြမ်းတွင်ရှိနေသော ဆည်ရေသောက်လယ်များကိုသာ ရေအလုံအလောက်ပေးနိုင်မည်ဖြစ်ကြောင်းကို ကျေးရွာအုပ်စုသို့ အကြောင်းကြားစာများ ပေးပို့ပါသည်။

နွေစပါးကိုသာ အဓိကအားထားပြီး လုပ်ကိုင်နေရသော ဆင်နင်းပင်အုပ်စုအတွင်းရှိ ကျေးရွာပေါင်း (၄)ရွာ၊ လယ်မြေဧက(၇၉၈)ဧကပေါ် မှီခိုအားထားနေရသော တောင်သူ (၁၀၉) ဦးနှင့် မှီခိုမိသားစုများသည် မိုးစပါးတွင်လည်း မြစ်ရေကြီးမှုကြောင့် လယ်မြေများနစ်မြုပ်ပြီး ဝမ်းစာမရ ဖြစ်ခဲ့ရပါသည်။ ယခုလည်း နှစ်စဉ်အားထားလုပ်ကိုင်နေသော နွေစပါးလည်း ရေမရ၍ မစိုက်နိုင်ပါလျှင် ဒေသခံတောင်သူများ၏ ဝမ်းစာနှင့် ရပ်တည်နိုင်ရေးကို ထိခိုက်ပြီး စားဝတ်နေရေး အခက်အခဲများနှင့် ဆင်းရဲမွဲတေ၍ ပြဿနာများ ကြုံတွေ့လာနိုင်ပါသည်။

သို့ပါ၍ ဆင်နင်းပင်အုပ်စု၊ ကျေးရွာ(၄)ရွာမှ တောင်သူ(၁၀၉)ဦး၏ လယ်ဧကပေါင်း (၈၀၀)ခန့်၏ နွေစပါးစိုက်ပျိုးနိုင်ရန် ရေရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **"ကြို့ပင်ကောက် မြို့နယ်၊ ဆင်နင်းပင်အုပ်စု၊ ကျေးရွာ(၄)ရွာမှ တောင်သူ(၁၀၉)ဦး၏ လယ်ဧကပေါင်း(၈၀၀)ခန့်အား နွေစပါးစိုက်ပျိုးနိုင်ရန် ရေရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ကြောင်း"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်းရှိ ဂမုန်းရေလှောင်တမံသည် ဆည်ရေသောက် ဧရိယာအတွင်းရှိ နွေစပါးစိုက်ပျိုးသည့် လယ်မြေဧကများအား ဆည်ရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် တည်ဆောက် ထားပြီး နှစ်စဉ်နွေစပါးများ စိုက်ပျိုးနိုင်ရန်နှင့် မိုးစပါးအောင်ရေကို ဆည်ရေပေးဝေလျက် ရှိပါသည်။ ထိုသို့ နွေစပါးလျာထားဧကများပြည့်မီအောင် ဆည်ရေများ ပေးဝေနိုင်ရေးအတွက် တူးမြောင်းများ Structure များပျက်စီးမှုများရှိပါက ရန်ပုံငွေတောင်းခံ၍ ပွင့်လင်းရာသီရောက်ချိန်တွင် ပြုပြင်ရသော လုပ်ငန်းများ ရှိပါသည်။ ပွင့်လင်းရာသီတွင် အဆိုပါလုပ်ငန်းများဆောင်ရွက်နေစဉ် တူးမြောင်းများအတွင်း

ရေများရှိနေပါက Structure များပြန်လည်ပြုပြင်သည့် လုပ်ငန်းဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ အုတ်ဖိုမြို့နယ်၊ ဂမုန်းဆည် တူးမြောင်းမကြီး Side Spill Structure မှတစ်ဆင့် မြို့လယ်ချောင်းအတွင်းသို့ ရေချ၍ မြို့လယ်ချောင်းနှင့် ဆက်စပ်သော ကြို့ပင်ကောက်မြို့၊ ဆင်နင်းပင်၊ မကျီးပင်၊ ကတက်ကုန်း၊ အောက်ကိုင်းကျေးရွာများအပြင် ဂုမ္ဘကွင်း၊ စွယ်တော်၊ ဝွေးချောင်း၊ အုန်နွဲကျော့တန်း၊ ညောင်ကုန်း အစရှိသော နွေစပါး နှစ်သီး၊ သုံးသီးစိုက်ပျိုးသော လယ်မြေဧကများအား ဆည်ရေပေးဝေရပါသည်။ ယခုအခါတွင် တောင်သူများမှာ နွေစပါးအား ပိုမိုတိုးချဲ့ စိုက်ပျိုးလာသည့်အတွက် နွေစပါးလျာထားဧကများ ပြည့်မီစေရန် ရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ဂမုန်းဆည် မြောင်းမကြီးမှ မြို့လယ်ချောင်းအတွင်းသို့ ရေချသော Side Spill Structureအား (၂၀၁၇-၂၀၁၈)ခုနှစ်၊ ပွင့်လင်းရာသီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE) ဖြင့်မဖြစ်မနေ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ အဆိုပါမြို့လယ်ချောင်းအတွင်းသို့ ရေချသော Side Spill Structure မှာ ရေထုတ်ပေါက်ကျဉ်းနေပြီး ရေလုံလောက်စွာ မပေးနိုင်ခြင်း၊ မပြုပြင်ရသည်မှာ ကြာနေပြီဖြစ်၍ ပျက်စီးနေခြင်းကြောင့် Structure တိုးချဲ့ပြုပြင်ခြင်းနှင့် ဂဝံလိုင်နင်စီခြင်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း သို့မှသာ ရေကိုလုံလောက်စွာပေးဝေနိုင်ပြီး နွေစပါးများ ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း၊ ၄င်းအပြင် မြို့လယ်ချောင်းဘေးတွင် ကပ်လျက်တည်ရှိသော ကြို့ပင်ကောက်မြို့နယ်၊ ရှမ်းကွင်းကျေးရွာချောင်းရေတိုက်စား၍ ကမ်းပြိုခြင်းအား ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းကို ပွင့်လင်းရာသီတွင် (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE)ဖြင့် မဖြစ်မနေ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ လုပ်ငန်းများမှာ မြို့လယ်ချောင်းပေါ်တွင် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း မြို့လယ်ချောင်းအတွင်းသို့ ရေလွှတ်ပေးမည်မဟုတ်ကြောင်းကို မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ အစည်းအဝေးတွင် သက်ဆိုင်ရာဌာန ဆိုင်ရာ အဖွဲ့အစည်းများအား ကြိုတင်ညှိနှိုင်း အသိပေးတင်ပြထားပြီး ဖြစ်ပါသည်။

အုတ်ဖိုမြို့နယ်၊ ဂမုန်းဆည်မှ ယခင် (၂၀၁၆-၂၀၁၇)ခုနှစ်တွင် နွေစပါးစိုက်ဧက (၉၇၅)ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခု (၂၀၁၇-၂၀၁၈)ခုနှစ်တွင် ဂမုန်းဆည်ရေသောက် ဧရိယာအတွင်း နွေစပါး(၂၁၂၆)ဧက တိုးချဲ့စိုက်ပျိုးရန် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များဖြင့် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်း၊ ပွင့်လင်းရာသီတွင် မြို့လယ်ချောင်းအတွင်း ရေပေးအဆောက်အအုံများတည်ဆောက်ရန် အစီအစဉ်ရှိနေခြင်းကြောင့် ဆည်ရေသောက်ဧရိယာပြင်ပရှိ ဆင်နင်းပင်အုပ်စုသို့ စိုက်ပျိုးရေချမပေးခြင်းသာ ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာအုပ်စု၊ ဗျက်ကြီးကျေးရွာတွင်(၃၃/၁၁)ကေဗွီဓါတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒိုက်ဦးမြို့နယ်သည် ရန်ကုန်-မန္တလေး လမ်းနှင့် အမြန်လမ်းမကို ဆက်သွယ်ထားသည့် အုတ်ရှစ်ကုန်း-ဒရယ်မီးလမ်းမှာ (၁၆)မိုင် တည်ရှိပါသည်။ ထိုလမ်းဘေးတစ်လျှောက် လမ်းဘေးဝဲယာတွင် ကျေးရွာ(၁၈)ရွာခန့်ဖြင့် ဆက်စပ်လျက်ရှိပါသည်။ ၎င်းရွာများအနက် အုတ်ရှစ်ကုန်း-ဒရယ်မီးဆက်သွယ်သည့် လမ်းဘေး(၉)မိုင်ခန့်တွင် ဗျက်ကြီးကျေးရွာအဖြစ် တည်ရှိနေပါသည်။

အဆိုပါ ဗျက်ကြီးကျေးရွာတွင် (၃၃/၁၁)ကေဗွီ ဓါတ်အားခွဲရုံ တည်ဆောက်မည်ဆိုပါက ကျေးရွာ အုပ်စုပေါင်း (၁၁)အုပ်စု၊ ကျေးရွာပေါင်း (၇၀)ခန့်မှာ လျှပ်စစ်မီး(၄၀၀)ဗို့လိုင်း သွယ်တန်း၍ မီးလင်းနိုင်မည် ဖြစ်ပါသည်။

သို့ပါသောကြောင့် ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာအုပ်စု၊ ဗျက်ကြီးကျေးရွာတွင် (၃၃/၁၁) ကေဗွီ ဓါတ်အားခွဲရုံ တည်ဆောက်ရန်နှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"(၂၁. ၇. ၂၀၁၇ )ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာအုပ်စု သိမ်ဆိပ်ကျေးရွာ ရဲနွယ်ချောင်းကူး တံတားကို အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီးကြားရှိ မင်းလှ-စိန်ကန့်လန့် လမ်းအပိုင်းအား (၁၈)ပေအကျယ် တိုးချဲ့ပေးရန်နှင့် လမ်းဘေး ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ လမ်းများရေရှည် ကောင်းမွန်စေရေးတို့အတွက် ရေမြောင်းများ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာအုပ်စု သိမ်ဆိပ်ကျေးရွာရှိ ရဲနွယ်ချောင်းကူးတံတားသည် ၂၁-၇-၂၀၁၇ရက်နေ့တွင် ရေကြီး၍ ရေတိုက်စားပြိုကျ ပျက်စီးသွားခဲ့ပါသည်။ ၂၂-၇-၂၀၁၇ရက်နေ့တွင် မိမိနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဒု-ဦးစီးမှူး၊ သစ်တော တောအုပ်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။ အဆိုပါတံတားသည် ကျောက်တံခါးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့မှ ဒေသခံပြည်သူ များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ အဓိကအသုံးပြုသွားလာလျက်ရှိပါသည်။

ယခုအချိန်တွင် တံတားပျက်စီးနေသဖြင့် ယာယီဝါးတံတားကို ပြည်သူများမှ ဆောင်ရွက်အသုံးပြု သွားလာနေရပါသဖြင့် နောင်နှစ်မိုးရာသီမတိုင်မီ အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန် လမ်းမကြီးကြားရှိ မင်းလှ-စိန်ကန့်လန့်လမ်းအပိုင်းသည် စုစုပေါင်း ၁၄မိုင်၂ဖာလုံရှိပါသည်။ ၅မိုင်မှာ ၁၈ပေအကျယ်ကား (၂)စီးအလွယ်တကူရှောင်ကွေ့သွားနိုင်သောလမ်းဖြစ်ပြီး ယခုနှစ်ဘတ်ဂျက်တွင် ၃ဖာလုံသာ (၁၈ပေ)အကျယ်ချဲ့ရန် တိုင်းဘတ်ဂျက်တွင် ပါဝင်ပါသည်။ အဆိုပါလမ်းပေါ်တွင် ကားများဆိုင်ကယ်များ နေ့စဉ်ဖြတ်သန်းလျက်ရှိပြီး မကြာခဏယာဉ်တိုက်မှုဖြစ်၍ ပြည်သူများ အသက်ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေကြရပါသည်။ ကျန်ရှိနေသော (၈မိုင်၇ဖာလုံ)ကို ၁၈ပေအကျယ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် လာမည့်ဘတ်ဂျက်တွင် လျာထားပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် လမ်းဘေးရေနုတ်မြောင်းများမှာလည်း အချို့လယ်သမားများသည် လမ်းအထိကန်သင်းများဖို့၍ တာဘောင်သဖွယ်ပိတ်ဆို့ထားကြပါသည်။ ဖဒိုမြို့တွင်းအပိုင်းတွင်လည်း ရေမြောင်းများပိတ်ဆို့၍ နှစ်စဉ်နှစ်တိုင်းလမ်းများ ပျက်စီးလျက်ရှိပါသည်။ ရေမြောင်းများပြန်လည်တူးဖော်ပေးခြင်းအားဖြင့် လမ်းဘေးမြောင်းများ ရေစီးရေလာကောင်းမွန်ခြင်း၊ ပြည်သူများကျန်းမာရေးထိခိုက်မှု ကာကွယ်ပေးနိုင်ခြင်း၊ လမ်းများနှစ်စဉ်ပျက်စီးမှုမှ ကာကွယ်နိုင်ခြင်း၊ လယ်သမားများလည်း လယ်ယာမြေများ အလွယ်တကူရေသွင်းရေထုတ် ဆောင်ရွက်နိုင်မည်ဖြစ်ပါ၍ လမ်းဘေးရေမြောင်းများကိုလည်း စနစ်တကျ ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာအုပ်စု၊ ဗျက်ကြီးကျေးရွာတွင် (၃၃/၁၁)ကေဗွီဓါတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ဒိုက်ဦးမြို့နယ်၊ ဗျက်ကြီးကျေးရွာအုပ်စု၊ ဗျက်ကြီးကျေးရွာတွင် (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ရန် လုပ်ငန်းအား (၂၀၁၇- ၂၀၁၈)မှ (၂၀၂၁-၂၀၂၂)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် (၅)နှစ်စီမံကိန်းတွင် ပါရှိသည့် (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားပါကြောင်းနှင့် ဘဏ္ဍာငွေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"(၂၁. ၇. ၂၀၁၇ )ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာအုပ်စု သိမ်ဆိပ်ကျေးရွာ ရဲနွယ်ချောင်းကူး တံတားကို အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရှမ်းဒိုးတန်းကျေးရွာအုပ်စု၊ သိမ်ဆိပ်ကျေးရွာရှိ ရဲနွယ်ချောင်းကူးတံတားမှာ မူလတံတား အရှည် (၂၇၀'×၆'×၁၈') သစ်သားတံတားဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက် Class(C)လမ်းပေါ်ရှိတံတား ဖြစ်ပါသည်။ ၎င်းတံတားမှာ (၂၀၁၄-၂၀၁၅)ခုဘဏ္ဍာနှစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ခရီးစဉ်တွင် နိုင်ငံတော်ထောက်ပံ့ငွေ(၁. ၅)သန်းအား ထောက်ပံ့ခဲ့ပြီး ပြည်သူထည့်ဝင်ငွေ (၈. ၅)သန်း၊ စုစုပေါင်း(၁၀)သန်းဖြင့် (၂၇၀'×၆'×၁၈')သစ်သားတံတားဆောင်ရွက်ခဲ့ပါသည်။ (၂၂. ၇. ၂၀၁၇)ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေမြင့်တက်မှုကြောင့် တံတားအလယ်မှ ကျိုးကျပျက်စီး၍ ရေစီးနှင့်အတူ မျှောပါသွားခဲ့ပါသည်။ လတ်တလောတွင် လှေဖြင့်ချောင်းအား ဖြတ်ကူး သွားလာနေပြီး ချောင်းရေကျသွားပါက ယာယီလူကူးတံတား (ဝါးတံတား)ကို ကျေးရွာမှကျခံပြီး ပြန်လည် တည်ဆောက်မည့် အစီအစဉ်ရှိကြောင်းသိရှိရပါသည်။ ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက (၂၇၀'×၂၀'×၁၈')ဖြစ်ပြီး ရန်ပုံငွေကုန်ကျမှုမှာ သန်း(၂၀၀)ခန့် ကုန်ကျမည်ဖြစ်ပြီး ဆောင်ရွက်နိုင်မှု အခြေအနေမှာ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် လမ်းအဆင့်သတ်မှတ်ချက်အပေါ်မူတည်၍ လျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီးကြားရှိ မင်းလှ-စိန်ကန့်လန့် လမ်းအပိုင်းအား (၁၈)ပေအကျယ် တိုးချဲ့ပေးရန်နှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ လမ်းများရေရှည်ကောင်းမွန်စေရေးတို့အတွက် ရေမြောင်းများ ပြန်လည်ဖော်ထုတ် ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ကျောက်တံခါးမြို့နယ်၊မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်(၁၀၈/၀)နှင့် ရန်ကုန်-မန္တလေး(အမြန်လမ်းမကြီး) မိုင်တိုင် (၈၃/၄)ကြားတွင်ရှိပြီး (၁၄မိုင်၂ဖာလုံ)အရှည်ရှိ၍ ကွန်ကရစ်လမ်း(၅၁၀ပေ)အရှည်ပြီး ကျန်လမ်း အပိုင်းမှာ ကတ္တရာလမ်းအမျိုးအစားဖြစ်ပါသည်။ လက်ရှိလမ်းအကျယ်မှာ (၅မိုင် ၅၁၀ပေ)သည် (၁၈ပေ) အကျယ်ရှိပြီး (၉မိုင် ၁ဖာလုံ + ၁၅၀ပေ)သည် (၁၂ပေ)အကျယ် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိုင်(၈၀/၇-၈၁/၂+၂၅၈ပေ) အတွင်း (၃ဖာလုံ+၂၅၈ပေ)အား (၁၈ပေ)အကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့် မိုင်(၈၀/၇-၈၂/၇)ထိ (၂မိုင်)အား မြေသားတာဘောင်ချဲ့ခြင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မိုင်(၇၀/၅-၇၆/၆)အထိ (၆မိုင်၁ဖာလုံ) မြေသားတာဘောင်ချဲ့ခြင်း လုပ်ငန်းနှင့် မိုင်(၇၂/၇-၇၅/၇)ထိ (၃မိုင်)အား (၁၈ပေ)အကျယ် ကတ္တရာချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ကျန်လမ်းအပိုင်းကိုလည်း (၁၈)ပေအကျယ်

ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံသွားပြီး ခွင့်ပြုရန်ပုံငွေရရှိပါက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

လမ်းဘေးရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဖဒိုမြို့တွင်း မိုင်(၇၅/၇-၇၈/၇) အတွင်း လမ်းအပိုင်း၌ လမ်းနယ်အတွင်း ကျူးကျော်နေအိမ်နှင့် ဆိုင်ခန်းများသည် လမ်း၏ရေနုတ်မြောင်း ပေါ်တွင် တည်ရှိနေပါသဖြင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများညှိနှိုင်း၍ ဆောင်ရွက်သွားပြီး လမ်းဘေး ကျူးကျော်များနှင့် မြေညှိနှိုင်းဆောင်ရွက်ပြီးပါက ရေနုတ်မြောင်းများ လုပ်ကိုင်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၁) အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဝန်ကြီးရှင်းပြသွားသည်က အင်မတန်ကောင်းပါတယ်။ မိမိလုပ်ငန်းမှာ ယခုClass (C)ထဲမှာပါတယ်လို့ ပြောထားပါကြောင်း၊ Class (C)ကို မိမိတို့ စောင့်မည်ဆိုပါက အင်မတန်ကြန့်ကြာသွားမည်ဖြစ်ကြောင်း မိမိတို့ လွှတ်တော်သက်တမ်း ပြီးတာတောင် ပြီးမှာမဟုတ်သည့်အတွက် မိမိတို့လိုချင်သည်က သစ်သားတံတားပါ။ ကွန်ကရစ်တံတားလို့ မဆိုလိုပါဘူး။ တံတားကြီးကျိုးနေသည့်အတွက် ဒေသခံပြည်သူများ ဒုက္ခရောက်သည့်ကိစ္စကို ပြီးခဲ့သည့် ဖြည့်စွက်ရန်ပုံငွေ လုပ်ငန်းညှိနှိုင်းအစည်းအဝေး Meeting Hall ကျင်းပတုန်းကလည်း ဝန်ကြီးချုပ်ကိုတင်ပြပြီး ယင်းကိစ္စကို မည်သို့ဆောင်ရွက်ပေးနိုင်မလဲ ညှိနှိုင်းသည့်အခါ ဝန်ကြီးချုပ်က ယင်းကိစ္စကိုအဆင်ပြေအောင် ဆောင်ရွက် ပေးမည်ဟု ပြောကြားထားသည့်အပေါ် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါကြောင်း ဝန်ကြီးအနေဖြင့် ဝန်ကြီးချုပ်နှင့် ညှိနှိုင်းပြီး ပြန်လည်ဖြေကြားပေးလျှင် ပိုပြီးပြည့်စုံမည်ဟုယူဆသည့်အတွက် ဆက်စပ်မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ၊ ဦးလင်းလင်းကျော်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားရမည်ဆိုလျှင် မိမိအနေဖြင့် Class (C)သည် ဦးစားပေးအဆင့်အတန်းကိုသုံးတာ

မဟုတ်ပါဘူး၊ Class(A), Class (B), Class (C)ဆိုတာ မိမိတို့က လမ်းအဆင့်အတန်းသတ်မှတ်ချက်သာဖြစ်ပါတယ်။ လမ်းအဆင့်အတန်းသတ်မှတ်ချက်ဆိုသည်က Class (A)ဆိုရင် လမ်းကျယ်မယ်၊ လမ်းပိုကောင်းမယ်။ Class (B)ဆိုရင်လမ်းနည်းနည်းကျဉ်းမယ်၊ လမ်းနည်းနည်းပိုညံ့မယ်။ Class (C)ဆိုရင် လမ်းကျဉ်းသွားမယ်။ လမ်းနည်းနည်းပိုညံ့သွားမယ်။ ဒီဟာက A, B, Cကိုပြောတာပါ။ ဦးစားပေးအဆင့်အတန်း အနေနဲ့ မဆိုင်ပါကြောင်း၊ ဦးစားပေးအဆင့်အတန်းက စာစောက (၇)ချက်နဲ့ဘဲ ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ Class (C)သည် ဦးစားပေးအဆင့်အတန်းနောက်ဆုံးလို့ ဆိုလိုခြင်းမဟုတ်ပါ။ မိမိတို့က Class (A), Class (B),Class (C) ဦးစားပေးအဆင့်အတန်းအလိုက် မိမိတို့ မျှပြီးလုပ်သွားမှာဖြစ်ပါကြောင်း၊ ဦးစွာပထမ ရှင်းလင်းပြောကြားလိုတာက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလင်းလင်းကျော် မေးမြန်းထားသည့် မေးခွန်းနှင့်ပတ်သက်ပြီး မိမိဖြေကြားထားသည့်ထဲတွင် ကွန်ကရစ်လမ်း၊ ကွန်ကရစ်တံတား ဆောက်လုပ်မယ်ဆိုရင် သန်း(၂၀၀)ကျော် ကုန်ကျမှာဖြစ်ပါကြောင်း၊ ထို့အတူဘဲ မိမိတို့က သစ်သားတံတားဘဲ ဆောက်လုပ်မည်ဆိုပါက ၂၀၁၄-၂၀၁၅ခုနှစ်က ဆောက်လုပ်သွားတာသည် သစ်သားတံတားလုပ်မည့်တံတား (၁၀)သန်းကျော်မျှဘဲ ကုန်ကျမှာဖြစ်ပါကြောင်း ကွားခြားပါတယ်။ ထို့အတူ ခိုင်မာမှုကလည်း မည်သို့ကွာခြားသလဲဆိုလျှင် စာစောက ၂၀၁၄-၂၀၁၅ခုနှစ်က ဆောက်လုပ်သွားပြီးမှ ၂၀၁၇ခုနှစ် (၇)လပိုင်းမှာ ရေစီးကြောင့်ပြိုကျ ပျက်စီးသွားပြီး (၃)နှစ်ခန့်ခိုင်မာတာတော့ ဖြစ်ပါတယ်။ ခုဒီလို ကွန်ကရစ်တံတားမရရှိခင်စပ်ကြားမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလင်းလင်းကျော်မေးမြန်းထားသလို ဒီကြားထဲမှာ ဝန်ကြီးချုပ်က အရေးပေါ်ရန်ပုံငွေနှင့်ဆောက်ခဲ့လျှင် ၂၀၁၄-၂၀၁၅ ခုနှစ်က (၁၀)သန်းကျော်ကုန်ပြီး ယခု(၁၀)သန်း အထက်တော့ရှိမှာဖြစ်ကြောင်း၊ ဝန်ကြီးချုပ် အနေဖြင့် အရေးပေါ်ရန်ပုံငွေနှင့် လုပ်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာနှင့်ပတ်သက်၍ မိမိအနေဖြင့် ဝန်ကြီးချုပ်နှင့်လည်း ညှိနှိုင်းမေးမြန်းပြီးမှ လုပ်ဆောင်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မြန်မာပြည်အထက်/အောက် စုံ/ဆန် သွားလာ နေသော ကုန်တင်ယာဉ်ကြီးများ တောင်ငူမြို့အတွင်းကို မဖြတ်စေဘဲ ခရီးချောမွေ့စေရန် အတွက်လည်းကောင်း၊ မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန်နှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန်အတွက်လည်းကောင်း၊ ပြည်သူများ၏ အသက်အန္တရာယ် ကင်းရှင်းစေရန်နှင့် ထိခိုက်ဆုံးရှုံးနစ်နာမှုများ လျော့နည်းကျဆင်းစေရန်လည်းကောင်း၊ တောင်ငူမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင်မြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၊ အုန်းပင်ကျေးရွာအား (NEP) စီမံကိန်းဖြင့် တည်ဆောက်မည့် ကျေးရွာများဖြင့် တစ်ဆက်တစ်စပ်တည်း တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၊ အုန်းပင်ကျေးရွာသည် ဂျပန်နှစ်ရှည်ချေးငွေ (JICA) ဖြင့် ကျေးရွာမီးလင်းရေးစီမံကိန်း တည်ဆောက်သည့် လုပ်ငန်းနှင့် အမျိုးသားလျှပ်စစ် (NEP) ဖြင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖြင့် တည်ဆောက်သည့်လုပ်ငန်းတို့၏ အလယ်တွင် ကျေးရွာမီးလင်းရေးအတွက် တစ်ရွာတည်းကျန်ရှိနေသည့် ကျေးရွာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (JICA) ဖြင့် ကျေးရွာမီးလင်းရေး တည်ဆောက်နေသည့် လုပ်ငန်းနှင့် (NEP)စီမံကိန်းဖြင့် တည်ဆောက်မည့် ကျေးရွာများဖြင့် တစ်ဆက်တစ်စပ်တည်းတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ စမ္ပတ်ကျေးရွာ အုပ်စုတွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကို ကမ်းပြိုကာကွယ်ရေး အစီအမံများဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ထန်းတပင်မြို့နယ် ငါးဆီလှောင်ကျေးရွာအုပ်စု စမ္ပတ်ကျေးရွာတွင် ယခုနှစ်မိုးရာသီ၌ ကမ်းပါးများပြိုကျပျက်စီးလျှက်ရှိပြီး ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်လျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ စမ္ပတ်ကျေးရွာတွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကို ကမ်းပြိုကာကွယ်ရေး အစီအမံများဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၏ မြို့တွင်းပိုင်းသည် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းမကြီး၏ မိုင်(၁၇၂/၃)မှ (၁၇၆/၆)အတွင်းတည်ရှိပြီး လူဦးရေ ထူထပ်သည့် မြို့တစ်မြို့ ဖြစ်သည့်အပြင် ယာဉ်သွားလာမှုများပြားသည့် လမ်းပိုင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လဆန်းတွင် ဖြတ်သန်း သွားလာသည့် ပျမ်းမျှယာဉ်စီးရေမှာ ယာဉ်ငယ်နှင့် ခရီးသည်တင်ယာဉ် (၁၅၈၇)စီးနှင့် ကုန်တင်ယာဉ် (၂၉၁၈)စီး၊ စုစုပေါင်း (၄၅၀၅)စီးခန့် ဖြတ်သန်းသွားလာလျှက်ရှိပါသည်။ နေ့စဉ်ယာဉ်မတော်တဆမှုများလည်း ဖြစ်ပေါ်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ တောင်ငူမြို့အား ပဲခူးတိုင်းဒေသကြီး၏ အဓိကခရိုင်မြို့ကြီးအဖြစ် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် ကောင်းမွန်ပြည့်စုံသော မြို့ပြစီမံကိန်းပုံစံကို ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် တောင်ငူမြို့၏

အနောက်ဘက်မှနေ၍ မြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် လျာထားလမ်းအူကြောင်းကို အဆိုပြုရေးဆွဲထားပါသည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့အား ခရိုင်မြို့ကြီးအဖြစ် မြို့ပြစီမံကိန်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် တောင်ငူမြို့ရှောင်လမ်းအား ဖောက်လုပ်နိုင်ရန် အဆိုပြုထားသည့် လမ်းအူကြောင်းကို တိုင်းတာထားရှိပြီး ဖြစ်ပါကြောင်းနှင့် လမ်းအူကြောင်း အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်ပြီး အတည်ပြုချက်ရရှိပါက နှစ်အလိုက် ရန်ပုံငွေများ လျာထားတင်ပြလျှက်ရှိပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင် မြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၊ အုန်းပင်ကျေးရွာအား (NEP) စီမံကိန်းဖြင့် တည်ဆောက်မည့် ကျေးရွာများဖြင့် တစ်ဆက်တစ်စပ်တည်း တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့) ထန်းတပင်မြို့နယ် အုန်းပင်ကျေးရွာအုပ်စု အုန်းပင်ကျေးရွာ လျှပ်စစ်ဓါတ်အားရရှိရေးအတွက် (၁၁)ကေဗွီလိုင်း(၃. ၂)မိုင်၊ (၁၁/၀. ၄)ကေဗွီ(၁၆၀) ကေဗွီအေ ဓါတ်အားခွဲရုံ(၂)ရုံနှင့် (၄၀၀)ဗို့အားလိုင်း (၁. ၈)မိုင်အား အမျိုးသား လျှပ်စစ်ဓါတ်အားရရှိရေး (National Electrification Project)၏ ၅မိုင်စာရင်းတွင် ထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသွားသည့် (၅)မိုင်စာရင်းက နောက်ကျသည့် အတွက် ကျန်ရှိတာဖြစ်ပါကြောင်း၊ (JICA)သည် (JICA) လမ်းကြောင်းနှင့် အတူသွားတာဖြစ်ပြီး NEP သည် NEP လမ်းကြောင်းနှင့် သွားတာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နဂိုစာရင်းထဲမှာလည်း NEP (၂)မိုင်အတွင်း၊ (၅)မိုင်အတွင်းစာရင်းတွင် အတော်လေး ပြီးပြည့်စုံသည့် စာရင်းများကို လုပ်ဆောင်သွားပြီး ဖြစ်ပါကြောင်း၊ (JICA)တာဝန်ယူထားသည့် (၂)မိုင် အတွင်းကနေ (၅) မိုင်ကျန်သည့်လမ်း (၂)မိုင်ကျော်ကျော် ကျန်သည့် လမ်းဆိုရင်လည်း မိမိတို့က မူနဲ့ဆောင်ရွက်တာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်က တစ်တိုင်းလုံးမှာ တစ်ရွာကျန် နှစ်ရွာကျန် ပဲခူးတစ်တိုင်းလုံးမှာဆိုရင်တော့ အများကြီးရှိပြီး တစ်ရွာကျန်၊ နှစ်ရွာကျန်ကို လုပ်ပေးဖို့ကတော့ အခက်အခဲရှိပါကြောင်း၊ အကယ်၍များ ဒီလိုတစ်ရွာကျန်၊ နှစ်ရွာကျန်တွေ သိပ်များများစားစားမရှိဘူးဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးရန်ပုံငွေအနေနှင့် လုပ်ဆောင်ပေးနိုင်ဖို့ရှိပါကြောင်း၊ ပြည်ထောင်စုက စာရင်းကောက်ယူပြီးတော့မှ ဆောင်ရွက်သွားတာဖြစ်သည့် အတွက် ယင်းစာရင်းအတိုင်း တင်ဒါခေါ်ထားတာ ဖြစ်ပါပြီး ကျန်ရှိနေတာလည်း ဖြည်းဖြည်းခြင်းလုပ်ဆောင် သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ စမ္ဗွတ်ကျေးရွာ အုပ်စုတွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကို ကမ်းပြိုကာကွယ်ရေး အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ငါးဆီးလှောင်ကျေးရွာအုပ်စု၊ စမ္ဗွတ်ကျေးရွာ စစ်တောင်းမြစ်ကမ်းပါး

ပြုကျမှုနှင့်ပတ်သက်၍ ဤဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တင်ပြထားရှိခဲ့ပြီး ဖြစ်ပါသည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဆက်စပ်မေးခွန်းမေးမြန်း ခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေကြားသည့်ထဲတွင် ၂၀၁၃ ခုနှစ်ကတည်းက မြို့ရှောင်လမ်းအတွက် လမ်းအူကြောင်းကို တိုင်းတာထားပြီး ဖြစ်ပါတယ်လို့ သိရပါတယ်။ ဒီလမ်းအူကြောင်းအတည်ပြုချက်ကိုရယူပြီး ရန်ပုံငွေလျာထားမှုပေါ်မူတည်ပြီးတော့ လုပ်ငန်းဆောင်ရွက်သွားမယ်လို့ ဖြေကြားထားပါကြောင်း၊ လမ်းအူကြောင်းကို အမြန်ဆုံးအတည်ပြုချက်ရယူပြီး B.O.T စနစ်နှင့်တင်ဒါခေါ်ယူပြီး ယင်းလမ်းပိုင်းတွေကို အမြန်ဆုံးလုပ်ဆောင်ပေးရန်နှင့် လမ်းအူကြောင်းအတည်ပြုချက်အမြန်ဆုံးရယူပြီး တင်ဒါခေါ်ယူစနစ်နှင့်ပေးရန်အတွက် လက်ရှိအစိုးရသက်တမ်းအတွင်း လုပ်ဆောင်ပေးနိုင်ခြင်းအစီအစဉ် ရှိ/မရှိကို ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမိုးမခမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ မြို့ရှောင်လမ်းက တကယ်တမ်းအရေးတကြီးလိုအပ်သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနှင့် လုပ်ဆောင်မည်ဆိုပါက အတော်များများ ကုန်ကျမှာဖြစ်ပါကြောင်း၊ B.O.T လမ်းကို မိမိတို့က B.O.T လမ်းနှင့် လုပ်ဆောင်တာကို အများကြီးသဘောကျပါကြောင်း၊ B.O.T လမ်းလုပ်ဆောင်မည်ဆိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ဆောင်လို့မရပါဘူး၊ အကယ်၍ တိုင်းဒေသကြီးပိုက်ဆံနှင့် B.O.T လမ်းလုပ်သွားမယ်ဆိုရင် ပြည်ထောင်စုကို ဒီလမ်းကြီးကို အပ်ရပါတယ်။ ပြည်ထောင်စုကဘဲ B.O.T ပေးရတာဖြစ်ပါကြောင်း၊ ထို့အတွက် မိမိတို့က ယင်းလမ်းကြီး B.O.T လုပ်ဆောင်သည်ကို ပြည်ထောင်စုအစိုးရအပိုင်းက လုပ်ဆောင်ရမှာဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ယခုလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့်မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဇီးကုန်းမြို့နယ်၊ ထန်းတပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ မမျှမတ ဖြစ်နေပါသဖြင့် ပေ(၁၂၀'×၃၀') ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဇီးကုန်းမြို့နယ်၊ ဘုရားပျိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသည် အန္တရာယ်ရှိသောကြောင့် အပေါ်ထပ်အား စာသင်ခြင်းကို ပိတ်ထားရပါ၍ (၁၃၀'×၃၀') အုတ်ညှပ်နှစ်ထပ်ဆောင် အသစ်တစ်ဆောင် အမြန်ဆုံးလုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် ထန်းတပင်ကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်းတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသားဦးရေမှာ (၁၁၃) ယောက်ရှိပါသည်။ လက်ရှိအသုံးပြုနေသော ကျောင်းဆောင်မှာ (၈၀'×၃၀')ဖြစ်ပါသည်။ ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ မမျှမတဖြစ်နေပါသဖြင့် ပေ(၁၂၀'×၃၀') ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် ဘုရားပျိုကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း (၁၃၀'×၃၀') အုပ်ညှပ်နှစ်ထပ်ဆောင်သည် ပျက်စီးယိုယွင်းလျှက်ရှိပါသည်။ အပေါ်ထပ်သည် အုပ်နံရံများပြိုကျမည့် အခြေအနေတွင်ရှိပါသဖြင့် အန္တရာယ်ရှိသောကြောင့် အပေါ်ထပ်အား စာသင်ခြင်းကိုပိတ်ထားရပါသည်။ သို့ပါ၍ (၁၃၀'×၃၀') အုပ်ညှပ်နှစ်ထပ်ဆောင် အသစ်တစ်ဆောင် အမြန်ဆုံးလုပ်ဆောင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထူးခိုင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဇီးကုန်းမြို့နယ်၊ ထန်းတပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ မမျှမတ ဖြစ်နေပါသဖြင့် ပေ(၁၂၀'×၃၀') ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန်"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ ထန်းတပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသားဦးရေ (၁၁၃)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၁၂၀ × ၃၀)ပေ တစ်ထပ်ဆောင်နှင့် (၂၀ × ၁၂)ပေ တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း (၂)ဆောင် ရှိပါသည်။

အဆိုပါကျောင်းသည် အလယ်တန်းကျောင်းဖြစ်သဖြင့် တန်းခွဲလိုအပ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၉၀ × ၃၀)ပေ Steel Structure တစ်ထပ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး(ခွဲ) ပြည်မြို့၏ (၁၁-၉-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၁-ဃ)/၂၄၆၃/ အဆအ(၁၇)ဖြင့် အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ဇီးကုန်းမြို့နယ်၊ ဘုရားပျိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် အန္တရာယ်ရှိသောကြောင့် အပေါ်ထပ်အား စာသင်ခြင်းကို ပိတ်ထားရပါ၍ (၁၃၀'×၃၀') အုတ်ညှပ်နှစ်ထပ်ဆောင် အသစ်တစ်ဆောင် အမြန်ဆုံးလုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဘုရားပျိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ (၁၃၀× ၃၀)ပေ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်အား အကြီးစားပြင်ဆင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး(ခွဲ) ပြည်မြို့၏ (၁၁-၉-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ဃ) /၂၄၆၃/ အဆအ(၁၇)ဖြင့် အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် (၂)ခန်းတွဲ တိုက်နယ်ဆရာဝန်အိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(၂) **"သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် သူနာပြုအိမ်ရာ (၃)ခန်းတွဲ (၂)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၃) **"သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တိုက်နယ်ဆေးရုံတွင်(၂) ခန်းတွဲ တိုက်နယ်ဆရာဝန်အိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တိုက်နယ်ဆေးရုံတွင် သူနာပြုအိမ်ရာ(၃)ခန်းတွဲ (၂)ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၁)ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်နိုင်ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် (၂)ခန်းတွဲ တိုက်နယ်ဆရာဝန်အိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ် ပုတီးကုန်းတိုက်နယ်ဆေးရုံတွင် (၂)ခန်းတွဲ ဆရာဝန်အိမ်ရာဆောက်လုပ်ပေးနိုင်ပါရန် အင်ဂျင်နီယာတွက်ချက်မှု ပုံစံများနှင့်အတူ ဤရုံး၏ (၁၄. ၁၀. ၂၀၁၇) ရက်စွဲပါစာအမှတ်-၄၂၂၂/ပခတ-ကုသ/ ဆဉီ /၂၀၁၇ အရ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့တင်ပြထားပြီး ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် သူနာပြုအိမ်ရာ (၃)ခန်းတွဲ(၂)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တိုက်နယ်ဆေးရုံတွင် သူနာပြုအိမ်ရာ (၃)ခန်းတွဲ (၂)ဆောင်ဆောက်လုပ်ပေးနိုင်ပါရန် အင်ဂျင်နီယာတွက်ချက်မှုပုံစံများနှင့်အတူ ဤရုံး၏ (၁၄. ၁၀. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၄၂၂၂ /ပခတ-

ကုသ/ ဆဦ / ၂၀၁၇ အရ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့တင်ပြထားပြီး ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၁)ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် အင်ဂျင်နီယာတွက်ချက်မှု ပုံစံများနှင့်အတူ ဤရုံး၏ (၁၄. ၁၀. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၄၂၂၂ / ပခတ-ကုသ / ဆဦ / ၂၀၁၇အရ ညွှန်ကြားရေးမှူးချုပ်ကုသရေးဦးစီးဌာန ၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၄) **"သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဆောင်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံအား "စံကိုက် တိုက်နယ်ဆေးရုံ" (သို့မဟုတ်) "၂၅ ကုတင်ဆံ့ဆေးရုံ"အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ဆောင်(၁)ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တိုက်နယ်ဆေးရုံအား "စံကိုက် တိုက်နယ်ဆေးရုံ" (သို့မဟုတ်) "၂၅ကုတင်ဆံ့ ဆေးရုံ" အဖြစ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကိုသိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်နိုင်ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ်ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် အင်ဂျင်နီယာတွက်ချက်မှု ပုံစံများနှင့်အတူ ဤရုံး၏ (၁၄. ၁၀. ၂၀၁၇) ရက်စွဲပါ စာအမှတ် - ၄၂၂၂ / ပခတ-ကုသ / ဆဦ / ၂၀၁၇ အရ ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါသည်။

မည်သည့်ဘတ်ဂျက်မှာဆောက်ပေးမလဲဆိုသည့်မေးခွန်းက အင်မတန်ဖြေရခက်ခဲကြောင်း၊ ပြည်ထောင်စုက ဘတ်ဂျက်ဖြစ်သည့်အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီး၏ တင်ပြချက်အားလုံးကို မိမိတို့က ပြည်ထောင်စုကို ဆက်လက်တင်ပြပေးမည်ဖြစ်ပြီး ကျန်သည့်အပိုင်းသည် ပြည်ထောင်စု၏ စီမံခန့်ခွဲမှုဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) **"သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ တိုက်နယ်ဆေးရုံအား "စံကိုက် တိုက်နယ်ဆေးရုံ" (သို့မဟုတ်) "၂၅ ကုတင်ဆံ့ဆေးရုံ" အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ် ပုတီးကုန်း တိုက်နယ်ဆေးရုံးအား (၁၆)ခုတင်မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်မည်ဆိုပါကဆေးရုံ အဆင့်မြှင့်တင်ရန် လိုအပ်သော (၅)နှစ်စာဆေးရုံ လုပ်ငန်းဆောင်ရွက်ချက်၊ အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိစိစစ် သုံးသပ်ချက်များနှင့်အတူ မြို့နယ်ကုသရေး ဦးစီးဌာနမှ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ တင်ပြပြီး တိုင်းကုသမှကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြ၍ ခွင့်ပြုမှသာ တိုးမြှင့်မည်ဖြစ်ပါသည်။ အကယ်၍ ပုတီးကုန်းတိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ စံကိုက်အဆောက်အဦဆောက်လုပ်မည် ဆိုပါက စံကိုက်အဆောက်အဦဆောက်လုပ်ရန် လိုအပ်သောအချက်အလက်များနှင့် အတူ မြို့နယ်မှတိုင်း၊ တိုင်းမှတစ်ဆင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်ရမည် ဖြစ်ပါသည်။

သဲကုန်းမြို့နယ်ပုတီးကုန်းတိုက်နယ်ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဆောက်အဦ တည်ဆောက် ပေးရန် (သို့မဟုတ်) (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ပေးနိုင်ရေး မြို့နယ်ကုသရေးဦးစီးဌာနမှူးထံ ဤရုံး၏ (၁၄. ၁၀. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၄၂၂၃ /ပခတ-ကုသ/ဆေးရုံအဆင့်မြှင့်/ ၂၀၁၇ အရ ညွှန်ကြား ထားခဲ့ပြီး ဆောင်ရွက်မည့်တစ်ခုအားတင်ပြလာပါက ညွှန်ကြားရေးမှူးချုပ်ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မည်သည့်ဘတ်ဂျက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမလဲဆိုသည့်မေးခွန်းကိုလည်း ဖြေကြားပြီးသွားပါပြီ။ ဒါဟာ ပြည်ထောင်စုဘတ်ဂျက်ဖြစ်သည့်အတွက်ကြောင့် ပြည်ထောင်စုက ဆောင်ရွက်မှ ရမှာဖြစ်ပါကြောင်းလေးစားစွာဖြေကြားအပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆန္ဒပြုချက်အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီစသည့် လွှတ်တော်ရေးရာကော်မတီ(၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ)အရလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)နှင့် (ခ) အရလည်းကောင်း၊ (၁၁-၇-၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၇အရ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကိုလည်းကောင်း၊ (၈-၅-၂၀၁၇)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၇အရ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကို လည်းကောင်း၊ (၂၈-၃-၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၇အရ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ ဆန္ဒပြုချက်အရ ရေးရာကော်မတီ (၃)ခုကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော်ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ-
    - ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဥက္ကဋ္ဌ

| | | |
|---|---|---|
| - ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဗိုလ်မှူးမျိုးဟိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

- **လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ**

| | | |
|---|---|---|
| - ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| - ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

- **စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

| | | |
|---|---|---|
| - ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | ဥက္ကဋ္ဌ |
| - ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| - ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီ(၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ၂၀၁၇ခုနှစ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း အစီရင်ခံစာ(၃)အား ရေးရာကော်မတီအဖွဲ့ဝင် ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၂၀၁၇ခုနှစ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း အစီရင်ခံစာ(၃)အား ရေးရာကော်မတီအဖွဲ့ဝင် ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၂၀၁၇ခုနှစ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း အစီရင်ခံစာ

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲတိုးတက်မှု များအား ထပ်မံဆောင်ရွက်ရန် ကျန်ရှိနေသောလုပ်ငန်းများနှင့် ဆောင်ရွက်သင့်သော ကိစ္စရပ်များကို အချိန်နှင့်တပြေးညီ အရေးတကြီးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍအလိုက်စီစစ်၍ ရေးရာကော်မတီ၏ လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကြီးသို့ ရေးရာကော်မတီ (၃/၂၀၁၇) အစီရင်ခံစာအဖြစ် ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

- ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၏ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် (၃. ၈. ၂၀၁၇) ရက်နေ့တွင် လွှတ်တော်ရေးရာခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးတွင်-

- ရာဇာမင်းဓါတ်ဆီဆိုင်တည်ဆောက်ရာတွင် လုပ်အားခပေးချေရန် ကျန်ရှိနေခြင်းကိစ္စကို လည်းကောင်း၊
- မြန်မာနိုင်ငံတွင် ဖြစ်ပွားသော A($H_1N_1$)ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကြိုတင်ကာကွယ်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း
- ထန်းတပင်မြို့နယ်အတွက် တက္ကသိုလ်ဝင်တန်း ဓာတုဗေဒသင်ရိုးစာအုပ်များ အမြန်ရရှိရေးနှင့် ပတ်သက်၍လည်းကောင်း၊
- ပဲခူး အ. ထ. က(၉)တွင် KG နှင့် Grade-I ကျောင်းသားများထံမှ ကျောင်းအိမ်သာ ဆောက်လုပ်ရန် ပုလွေနှင့်ကြိုးဝယ်ယူရန်အတွက် ငွေကောက်ခံခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊
- ထန်းတပင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တို့တွင် ဆောက်လုပ်ထားသော လှည်းကူတိုက်နယ်ဆေးရုံအား ပြီးဆုံးအောင် မဆောက်လုပ်ဘဲ ရပ်ဆိုင်းထားခြင်းနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီသည်၎ (၄. ၈. ၂၀၁၇)ရက်နေ့တွင် (၃. ၈. ၂၀၁၇)ရက်နေ့က ဆွေးနွေးခဲ့သည့် ပဲခူးမြို့ အ. ထ. က(၉)တွင် KG နှင့် Grade-I ကျောင်းသားများအား ငွေတောင်းခံသည့်ကိစ္စကို တိုင်းပညာရေးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊
- တက္ကသိုလ်ဝင်တန်းအတွက် ဓာတုဗေဒစာအုပ် ရရှိရေးမှာ ပြည်ထောင်စုမှ ကိုင်တွယ်ခြင်း ဖြစ်ပြီး ဆရာကိုင်စာအုပ်များဖြန့်ဝေပြီးဖြစ်ကြောင်းနှင့် ကျောင်းသားများအတွက် ရရှိရေး ဆက်လက်ဆောင်ရွက်နေပါကြောင်း တိုင်းပညာရေးမှူး၏ တင်ပြလာချက်နှင့် ပတ်သက်၍ လည်းကောင်း၊
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများသို့ ကုမ္ပဏီမှပေးပို့သောစာသင်ခုံများ မပြည့်မီခြင်းကိစ္စနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်များ**

- **အလုပ်သမားရေး**

  ရာဇာမင်းဓါတ်ဆီဆိုင် တည်ဆောက်ရာတွင် လုပ်အားခပေးချေရန် ကျန်ရှိနေခြင်းကိစ္စကို ရေးရာကော်မတီဥက္ကဋ္ဌမှ ညှိနှိုင်းဆောင်ရွက်ဖြေရှင်းပေးရန်သုံးသပ်သည်။

- **ပညာရေး**

  ထန်းတပင်မြို့နယ်အတွက် တက္ကသိုလ်ဝင်တန်း ဓာတုဗေဒသင်ရိုးစာအုပ်များ ရရှိရေးနှင့်ပတ်သက်၍ (၄. ၈. ၂၀၁၇)ရက်နေ့တွင် တိုင်းပညာရေးမှူးမှ ၎င်းကိစ္စအား ပြည်ထောင်စုမှ ကိုင်တွယ်ခြင်းဖြစ်ပြီး ဆရာကိုင်စာအုပ်များဖြန့်ဝေပြီး ဖြစ်ကြောင်းနှင့် ကျောင်းသားများအတွက် ရရှိရေးဆက်လက်ဆောင်ရွက်နေပါကြောင်း တင်ပြလာခြင်းကြောင့်

စောင့်ဆိုင်းရန် သုံးသပ်သည်။

- **ပညာရေး**

  ပဲခူး အ. ထ. က(၉)တွင် KG နှင့် Grade-I ကျောင်းသားများထံမှ ကျောင်းအိမ်သာ ဆောက်လုပ်ရန် ပုလွေနှင့်ကြိုးဝယ်ယူရန်အတွက် ငွေကောက်ခံခြင်းကိစ္စနှင့်ပတ်သက်၍ တိုင်းပညာရေးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ပြန်လည်တင်ပြလာခြင်းအပေါ် စောင့်ဆိုင်းရန်သုံးသပ်သည်။

- **ကျန်းမာရေး**

  ထန်းတပင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တို့တွင် ဆောက်လုပ်ထားသော လှည်းကူးတိုက်နယ်ဆေးရုံအား ပြီးဆုံးအောင် မဆောက်လုပ်ဘဲ ရပ်ဆိုင်းထားခြင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိဌာနများမှ ပြန်လည်တင်ပြလာမှု ရရှိရန် ထပ်မံဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းအဖြစ် သုံးသပ်သည်။

**ဆုံးဖြတ်ချက်များ**

- ကျန်းမာရေး

  ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဝါးများတင်သွင်းခြင်း၊ နယ်မြေဒေသများသို့ပေးပို့ခြင်းသည် ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှု မရှိခြင်းအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီမှ အကြံပြုတင်သွင်းရန် ဆုံးဖြတ်သည်။

- ပညာရေး

  ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ကျောင်းများသို့ ပေးပို့သော စာသင်ခုံများအရည်အသွေး မပြည့်မီခြင်းအပေါ် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ ဓါတ်ပုံမှတ်တမ်းများ နှင့်အတူ စာရေးသားပေးပို့ကြရန်နှင့် တင်ပြစာများပြည့်စုံပါက သက်ဆိုင်ရာတိုင်းဒေသကြီး ခရိုင် ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်သည်။

**ကော်မတီအစည်းအဝေးမှတ်တမ်းများ**

- ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် (၁၉. ၉. ၂၀၁၇)ရက်နေ့တွင် လွှတ်တော်ရေးရာခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးတွင်-
  - ကျောက်ကြီးပြည်သူ့ဆေးရုံ တိုင်ကြားစာကိစ္စနှင့်ပတ်သက်၍ အခမဲ့ဆေးဝါးရရှိမှု ခွဲတမ်းနှင့် ဆေးရုံတွင် ထိုခွဲတမ်းအား ပြည်သူလူထုသိရှိနိုင်ရန် ဆောင်ရွက်ထားမှုတို့အား သိရှိလိုခြင်း ကိစ္စ။
  - ၂၀၁၅ခုနှစ်၊ မိုးညိုမြို့နယ်၊ ရွှေခဲ အ. လ. က ချောင်းကမ်းပါးပြိုကျမှုဖျက်သိမ်းခြင်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်မြေနေရာ အငြင်းပွားမှုကိစ္စ။
  - သာယာဝတီမြို့နယ်၊ စံရွှေး အ. ထ. ကကျောင်း မူကြိုဆောင် ဆောက်လုပ်ထားသော

မင်းချမ်းသာကုမ္ပဏီ ရာနှုန်းပြည့် ပြီးစီးကြောင်း တင်ပြထားသော်လည်း လက်ရှိ အခြေအနေမှာ ယခုအခါ ပြန်လည်ပြင်ဆင်ပြုပြင်ဆောင်ရွက်ရန်လုပ်ငန်းများ ကျန်ရှိနေသည့်အတွက် တင်ပြ တိုင်ကြားလာခြင်းကိစ္စ။

**ဆုံးဖြတ်ချက်များ**

- **ကျန်းမာရေး**

  ကျောက်ကြီး ပြည်သူ့ဆေးရုံတိုင်ကြားစာကိစ္စနှင့်ပတ်သက်၍ တိုင်းကျန်းမာရေးဦးစီးဌာန (ကုသ)တိုင်းကျန်းမာရေးဦးစီးမှူးအား (၂၈. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီ တိုင်းလွှတ်တော်သို့ ဖိတ်ကြားဆွေးနွေးရန်။

  (မှတ်ချက်)တိုင်းကျန်းမာရေး (ကုသ)ဦးစီးမှူးမှ (၂၈)မြို့နယ် ဆေးဝါးခွဲဝေမှုစာရင်းနှင့် (၂၈)မြို့နယ်ရှိ ပြင်ပဆေးဆိုင်များ မှတ်ပုံတင်စာရင်းများယူလာရန် အသိပေးအကြောင်းကြားရန် ဆုံးဖြတ်သည်။

- **ပညာရေး**

  မိုးညိုမြို့နယ်၊ ရွှေခဲ အ. လ. က ကျောင်းမြေနေရာအငြင်းပွားမှုအတွက် စည်ပင်သာယာ လူမှုဝန်ကြီး ဦးမောင်မောင်လွင်နှင့် တိုင်း၊ခရိုင်၊မြို့နယ်၊ပညာရေးမှူးများ ရွှေခဲကျောင်း ကျောင်းကော်မတီများ တိုင်ကြားသူများအားကြားနာပွဲကို (၂၉. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီ တိုင်းလွှတ်တော်ရုံးသို့ ခေါ်ယူရန် ဆုံးဖြတ်သည်။

- **ပညာရေး**

  သာယာဝတီမြို့နယ်၊ စံရွှေ အ. ထ. ကကျောင်းနှင့်ပတ်သက်၍ မင်းချမ်းသာကုမ္ပဏီ MD ဦးအေးမင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအား (၂၈. ၉. ၂၀၁၇)ရက်နေ့ နေ့လည်(၁)နာရီ တိုင်းဒေသကြီးလွှတ်တော်သို့ ကြားနာပွဲခေါ်ယူရန် ဆုံးဖြတ်သည်။

**ကော်မတီအစည်းအဝေးမှတ်တမ်းများ**

- ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် (၂၈. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီတွင် လွှတ်တော်ရေးရာခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးတွင်
  - ရေတာရှည်မြို့နယ် အစ်ဝှါ အ. လ. က(ခွဲ)ကျောင်းဆောင်သစ် တည်ဆောက်နေသော (နိုင်ဇွဲသီဟဇော် ကုမ္ပဏီ)မှ မှန်ဖိုးငွေနှင့်တပ်ဆင်ခမရသဖြင့် တိုင်ကြားစာရောက်ရှိလာခြင်းကိစ္စ။
  - ကျောက်ကြီး ပြည်သူ့ဆေးရုံတိုင်ကြားစာကိစ္စနှင့်ပတ်သက်၍ တိုင်းကျန်းမာရေး ဦးစီးဌာန (ကုသ)တိုင်းကျန်းမာရေးဦးစီးမှူးအား (၂၈. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီ တိုင်းလွှတ်တော်သို့ ဖိတ်ကြားဆွေးနွေးရန်ခေါ်ယူထားသော်လည်း ရောက်ရှိလာခြင်း မရှိခြင်းကိစ္စ။

**သုံးသပ်ချက်များ**

- **ပညာရေး**

ရေတာရှည်မြို့နယ် အစ်ဝှါ အ. လ. က(ခွဲ)ကျောင်းဆောင်သစ် တည်ဆောက်နေသော (နိုင်ဖွဲ့သီဟဇော် ကုမ္ပဏီ)မှ မှန်ဖိုးငွေနှင့်တပ်ဆင်ခမရသဖြင့် တိုင်ကြားစာနှင့် ပတ်သက်၍ ဒေသခံလွှတ်တော်ကိုယ်စားလှယ်မှဉပဒေနှင့်အညီ ဆောင်ရွက်ရန် သုံးသပ်သည်။

- **ကျန်းမာရေး**

ကျောက်ကြီး ပြည်သူ့ဆေးရုံတိုင်ကြားစာကိစ္စနှင့်ပတ်သက်၍ တိုင်းကျန်းမာရေး ဦးစီးဌာန (ကုသ)တိုင်းကျန်းမာရေးဦးစီးမှူးအား (၂၈. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီ တိုင်းလွှတ်တော်သို့ ဖိတ်ကြားဆွေးနွေးရန်ခေါ်ယူထားသော်လည်း ရောက်ရှိလာခြင်းမရှိသည့်အတွက် ဝန်ကြီးဌာနများသည် လွှတ်တော်ရေးရာ ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်များ**

- **ကျန်းမာရေး**

ကျောက်ကြီး ပြည်သူ့ဆေးရုံတိုင်ကြားစာကိစ္စနှင့်ပတ်သက်၍ တိုင်းကျန်းမာရေး ဦးစီးဌာန (ကုသ)တိုင်းကျန်းမာရေးဦးစီးမှူးအား (၂၈. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီ တိုင်းလွှတ်တော်သို့ ဖိတ်ကြားဆွေးနွေးရန်ခေါ်ယူထားသော်လည်း ရောက်ရှိလာခြင်းမရှိသည့်အတွက် လွှတ်တော်ဥက္ကဌထံတင်ပြရန်ဆုံးဖြတ်သည်။

**ကော်မတီအစည်းအဝေးမှတ်တမ်းများ**

- ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် (၂၈. ၉. ၂၀၁၇)ရက်နေ့ နေ့လည်(၁)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်ရေးရာ ကော်မတီခန်းမတွင် သာယာဝတီမြို့နယ် စံရွှေး အ. ထ. က ကျောင်းနှင့် ပတ်သက်၍ ကြားနာပွဲခေါ်ယူကျင်းပခဲ့ပါသည်။ ထိုကြားနာပွဲအခမ်းအနားတွင် တိုင်း၊ မြို့နယ်ပညာရေးမှူး၊ ဦးအေးမင်း(MD) မင်းချမ်းသာကုမ္ပဏီ ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ စုံညီစွာတက်ရောက်ကြပါသည်။

**ကြားနာပွဲမှသဘောတူညီချက်**

- **ပညာရေး**

(၂. ၁၀. ၂၀၁၇)ရက်နေ့တွင် တိုင်းပညာရေးမှူးရုံး အနောက်ခြမ်းတာဝန်ခံ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ တိုင်းပညာရေးရုံးအင်ဂျင်နီယာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်တို့သည် စံရွှေ အ. ထ. ကမူကြိုကျောင်းကို စစ်ဆေးပြီး ထိုစစ်ဆေးတွေ့ရှိချက်များကို မင်းချမ်းသာကုမ္ပဏီမှ ကျောင်းအကျိုးတော်ဆောင်များ ကျေနပ်သည်အထိ ဆောင်ရွက်ပေးရန် သဘောတူညီမှု ရရှိပါသည်။

- ပြင်ဆင်ဆောင်ရွက်ချက်များကို ကုမ္ပဏီမှတိုင်းအင်ဂျင်နီယာ ဒေါ်ဟေမာမြင့်၏ စစ်ဆေး

တွေ့ရှိချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ တိုင်းအင်ဂျင်နီယာ၏ ကြီးကြပ်မှုကိုလည်း လက်ခံသဘောတူညီပါသည်။

**ကော်မတီအစည်းအဝေးမှတ်တမ်းများ**

- ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီနှင့် စိုက်ပျိုးရေး၊မွေးမြူရေး၊တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ရေးရာကော်မတီ နှစ်ရပ်ပေါင်း၍ (၂၉. ၉. ၂၀၁၇)ရက်နေ့ နံနက်(၁၀)နာရီတွင် လွှတ်တော်ရေးရာခန်းမ၌ မိုးညိုမြို့နယ်၊ရွှေခဲကျေးရွာအလယ်တန်းကျောင်း မြေနေရာအပြောင်းအလဲပြုလုပ်ခြင်း ကြားနာခြင်း အခမ်းအနားကျင်းပခဲ့ပါသည်။ထိုကြားနာပွဲအခမ်းအနားတွင် လွှတ်တော်ဥက္ကဋ္ဌ၊ နှစ်ရပ်ပေါင်း ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတိုင်း၊ခရိုင်၊မြို့နယ်၊ပညာရေးမှူးများ၊ မိုးညိုမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ရွှေခဲကျေးရွာ အ. လ. က ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ စုံညီစွာတက်ရောက်ကြပါသည်။

**ကြားနာပွဲ သုံးသပ်ချက်များ**

- **ပညာရေး**

  ရွှေခဲကျေးရွာ အ. လ. က ကျောင်းမြေနေရာရွေးချယ်ရန် ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းသုံးသပ်ချက်များအား တိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ်ထံနှင့် တိုင်းပညာရေးမှူးသို့ ပေးပို့ပေးရန် လွှတ်တော်သို့ မိတ္တူပေးပို့ရန် သုံးသပ်သည်။

- နှစ်ရပ်ပေါင်းရေးရာကော်မတီ၏ သဘောထားအရ ရွှေခဲကျေးရွာ အ. လ. ကကျောင်း မြေနေရာ (၁) နှင့် (၂)ကို ပဲခူးတိုင်းဒေသကြီးရေအရင်း အမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းသုံးသပ်ချက် တူညီမှုတွေ့ရှိပါက အမှန်တကယ် ကျောင်းတည်ဆောက်ပြီးဖြစ်သောနေရာနှင့် ကျောင်းသားအင်အားများပြားသော နေရာဖြစ်သည့် မူလ(၁)နေရာကို ဦးစားပေးရွေးချယ်ရန် သုံးသပ်သည်။
- နှစ်ရပ်ပေါင်းရေးရာကော်မတီ၏ သဘောထားကို တိုင်းဒေသကြီးအစိုးရသို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း သုံးသပ်သည်။

**အစီရင်ခံစာ**

ရေးရာကော်မတီ၏ ထပ်မံဆောင်ရွက်ရန်ကျန်ရှိနေသော လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သော ကိစ္စရပ်များကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာမှာ -

- **ပညာရေး**

  ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းများသို့ ပေးပို့သော စာသင်ခုံများအရည်အသွေး မပြည့်မီခြင်းအပေါ် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှခါတ်ပုံမှတ်တမ်းများနှင့်အတူ

စာရေးသားပေးပို့ကြရန်နှင့် တင်ပြစာများပြည့်စုံပါက သက်ဆိုင်ရာတိုင်းဒေသကြီး ခရိုင်ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးချက်များအား ရယူရန်။

- ရေတာရှည်မြို့နယ် အစ်ဝှါ အ. လ. က(ခွဲ) ကျောင်းဆောင်သစ် တည်ဆောက်နေသော (နိုင်ဖွဲ့သီဟဇော် ကုမ္ပဏီ)မှ မှန်ဖိုးငွေနှင့် တပ်ဆင်ခမရသဖြင့် တိုင်ကြားစာနှင့်ပတ်သက်၍ ဒေသခံလွှတ်တော်ကိုယ်စားလှယ်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ထားမှုအား ပြန်လည်ရယူရန်။
- (၂. ၁၀. ၂၀၁၇)ရက်နေ့တွင် တိုင်းပညာရေးမှူးရုံး အနောက်ခြမ်းတာဝန်ခံခရိုင် ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ တိုင်းပညာရေးရုံးအင်ဂျင်နီယာ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်တို့သည် စံရွှေ အ. ထ. က မူကြိုကျောင်းကို စစ်ဆေးပြီး ထိုစစ်ဆေးတွေ့ရှိချက်များကို မင်းချမ်းသာ ကုမ္ပဏီမှ ကျောင်းအကျိုးတော်ဆောင်များ ကျေနပ်သည်အထိ ဆောင်ရွက်ပေးရန် သဘောတူညီမှုအားပြီးဆုံးသည်အထိ ဆောင်ရွက်ထားမှုအခြေအနေအား ပြန်လည်ရယူရန်။
- ရွှေခဲကျေးရွာ အ. လ. က ကျောင်းမြေနေရာရွေးချယ်ရန် ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းသုံးသပ်ချက်များအား တိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ်ထံနှင့် တိုင်းပညာရေးမှူးသို့ ပေးပို့ပေးရန် လွှတ်တော်သို့ မိတ္တူပေးပို့ရန် သုံးသပ်ချက်အား ဆောင်ရွက်ပြီးသည်အထိ ပြန်လည်ရယူရန်။
- နှစ်ရပ်ပေါင်းရေးရာကော်မတီ၏ သဘောထားအရ ရွှေခဲကျေးရွာ အ. လ. က ကျောင်းမြေနေရာ (၁)နှင့်(၂)ကို ပဲခူးတိုင်းဒေသကြီးရေအရင်း အမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းသုံးသပ်ချက် တူညီမှုတွေ့ရှိပါကအမှန်တကယ် ကျောင်းတည်ဆောက်ပြီး ဖြစ်သောနေရာနှင့် ကျောင်းသားအင်အားများပြားသော နေရာဖြစ်သည့် မူလ(၁)နေရာကို ဦးစားပေးရွေးချယ်ရန် သုံးသပ်ထားသည့်အတိုင်း နောက်ဆုံး ဆုံးဖြတ်ချက်အား ရယူရန်။
- အစီရင်ခံစာအပိုဒ်(၈)၏ ဆုံးဖြတ်ချက်ရယူပြီးပါက တိုင်းဒေသကြီးအစိုးရသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဆောင်ရွက်ရန်။
- **ကျန်းမာရေး**

  ထန်းတပင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တို့တွင် ဆောက်လုပ်ထားသော လှည်းကူတိုက်နယ်ဆေးရုံအား ပြီးဆုံးအောင်မဆောက်လုပ်ဘဲ ရပ်ဆိုင်းထားခြင်း ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိ ဌာနများမှ ပြန်လည်တင်ပြလာမှုအပေါ် ဆက်လက် ဆောင်ရွက်ရန်။
- ကျောက်ကြီး ပြည်သူ့ဆေးရုံတိုင်ကြားစာကိစ္စနှင့်ပတ်သက်၍ တိုင်းကျန်းမာရေးဦးစီးဌာန(ကုသ) တိုင်းကျန်းမာရေးဦးစီးမှူးအား (၂၈. ၉. ၂၀၁၇)ရက်နေ့နံနက် (၁၀)နာရီ တိုင်းလွှတ်တော်သို့ ဖိတ်ကြားဆွေးနွေးရန် ခေါ်ယူထားသော်လည်း ရောက်ရှိလာခြင်းမရှိသည့်အတွက် ဝန်ကြီး ဌာနများသည် လွှတ်တော်ရေးရာ ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းကြောင်း တင်ပြရန်နှင့်ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ ဆောင်ရွက်ပေးနိုင်ရန်။

- **အလုပ်သမားရေး**

  ရာဇာမင်းခေါင်ဆီဆိုင် တည်ဆောက်ရာတွင် လုပ်အားခပေးချေရန် ကျန်ရှိနေခြင်းကိစ္စကို ရေးရာကော်မတီဥက္ကဋ္ဌမှ ညှိနှိုင်းဆောင်ရွက် ဖြေရှင်းပေးပြီးသည်အထိ ပြန်လည်ရယူရန်။

- ရေတာရှည်မြို့နယ် အစ်ဝှါ အ. လ. က(ခွဲ) ကျောင်းဆောင်သစ် တည်ဆောက်နေသော (နိုင်ဇွဲသီဟဇော် ကုမ္ပဏီ)မှ မှန်ဖိုးငွေနှင့်တပ်ဆင်ခမရသဖြင့် တိုင်ကြားစာနှင့်ပတ်သက်၍ ဒေသခံလွှတ်တော်ကိုယ်စားလှယ်မှဥပဒေနှင့်အညီ ဆောင်ရွက်ထားမှုအား ရယူရန်တို့ဖြစ်ပါသည်။

**နိဂုံး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များကို လက်ရှိ အစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုများကို ပေါင်းစပ်၍ ပြည်သူလူထုအား နွေးနွေးထွေးထွေးဆက်ဆံမှု ရရှိစေလိုခြင်း၊ ပြည့်ပြည့်ဝဝခံစားမှု ရရှိစေလိုခြင်း များကို ဆောင်ရွက်ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁း၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ခုနှစ် အောက်တိုဘာလ (၂၆)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
# [ ၂၀၁၇ခုနှစ် ၊ အောက်တိုဘာလ ၂၆ ရက် ]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌသည် ဥက္ကဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင် [ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးကြည်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦး၊ ဗိုလ်မှူးဇော်လွင်၊ ဗိုလ်မှူးသိန်းခိုင်မြင့်နှင့် ဗိုလ်ကြီးနိုင်အောင်ခင် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၆-၁၀-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့ (၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၉ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခုလွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်ကြီး မြို့နယ် မုန်းမြို့အတွင်းရှိ ယခုအခါအသုံးပြုခြင်းမရှိတော့သည့် စိုက်ပျိုးရေးကိုထောင်ဟောင်းအား ဖျက်သိမ်း၍ စိုက်ပျိုးရေးရှေ့တန်း ပညာပေးစခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် စိုက်ပျိုးမြေဧက (၉၀၆၁၀)ဧကရှိပြီး လယ်မြေ (၆၈၅၀၃)ဧက၊ ယာမြေ(၁၅၉၉၃)ဧက၊ ကိုင်း/ကျွန်းမြေ(၂၆၈၃)ဧကနှင့် ဥယျာဉ်ခြံမြေ (၃၄၃၁)ဧကရှိပါသည်။ မုန်းဒေသတွင် တောင်သူပေါင်း (၆၀၀၁)ဦးရှိပြီး လယ်(၁၆၈၅၉)ဧက၊ ယာ (၂၁၈၂)ဧက၊ ကိုင်း/ကျွန်း (၇၉၅)ဧက၊ ဥယျာဉ် (၄၇၄)ဧက၊ စုစုပေါင်း (၂၀၃၁၀)ဧက ရှိပါသည်။ သို့ရာတွင် ကျောက်ကြီးမြို့နယ်တွင် ယခုအချိန်ထိ တောင်သူအသိပညာပေးရှေ့တန်းစခန်းမရှိသေးပါ။ မုန်းဒေသသည် ကျောက်ကြီးမြို့နှင့် (၂၁)မိုင်ကွာဝေးသဖြင့် မုန်းဒေသခံတောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော စိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောပွဲများအား မတက်ရောက်နိုင်ခြင်း၊ မျိုးကောင်း၊ မျိုးသန့်များအား ခရီးကွာဝေးသဖြင့် သွားရောက်ထုတ်ယူနိုင်မှုမရှိခြင်းစသည့် အကြောင်းများကြောင့် ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးဗဟုသုတများ လွန်စွာအားနည်းလျက်ရှိပြီး စိုက်ပျိုးရေးစနစ်များနှင့် မျိုးကောင်း၊ မျိုးသန့်များ မရရှိခြင်းကြောင့် အထွက်နှုန်းများမှာလည်း တစ်နှစ်ထက်တစ်နှစ် ယုတ်လျော့လျက်ရှိပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အချိန်အခါမဟုတ် ကျရောက်တက်သည့် သီးနှံဖျက်ပိုးများကြောင့်ဖြစ်စေ၊ သီးနှံများပျက်စီးဆုံးရှုံးမှုရှိလျှင်လဲ အချိန်မီကာကွယ်တားဆီးနိုင်ရန်အတွက် များစွာအခက်အခဲရှိပါသည်။ ထို့ကြောင့် မုန်းဒေသခံတောင်သူများအနေဖြင့် ၎င်းအကူအညီများအား အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ရန်အတွက် ဆန္ဒပြင်းပြလျက်ရှိပါသည်။ စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းအင်အား နည်းပါးခြင်း၊ မြို့နယ်ရုံးနှင့် စိုက်ကွက်တည်နေရာများသည် ခရီးကွာဝေးခြင်းများကြောင့် အမြဲတမ်းလာရောက်ဆွေးနွေးပို့ချရန်မှာ လွန်စွာအခက်အခဲရှိပါသည်။ ထို့အတွက်ကြောင့် မုန်းမြို့အတွင်းရှိ ယခုအခါတွင် အသုံးပြုခြင်းမရှိတော့သည့် စိုက်ပျိုးရေးဂိုထောင်ဟောင်းအား ဖျက်သိမ်း၍ စိုက်ပျိုးရေး ရှေ့တန်းပညာပေးစခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာအုပ်စု၊ ငနွားဆိပ်ချောင်းကျိုးအင်း ရေဝင်ရေထွက်မြောင်းအား ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၅)၊ ရေလဲအုပ်စုပိုင်၊ ကွင်းအမှတ် (၆၇/၆၈)ကွင်းနှစ်ကွင်း၏ ဧရိယာအတွင်း ငနွားဆိပ်ချောင်းကျိုး (ဂရန်) အင်းဧရိယာ (၈၇)ဧကခန့် အင်းကြီးတည်ရှိပါသည်။

အင်းကြီး၏ မျက်နှာစာတစ်ဆက်တည်း အင်းနှုတ်ခမ်းပေါ်ရှိ အိမ်ထောင်စု(၁၈၀)နှင့် လူဦးရေ(၉၅၀) နေထိုင်သည့် ငနွားဆိပ်ကျေးရွာနှင့် အညာစုကျေးရွာတို့ တည်ရှိပါသည်။

အင်းကြီး၏ အနောက်ဖက် ပေ(၂၀၀၀)ခန့်အကွာတွင် စစ်တောင်းမြစ်မကြီးတည်ရှိပြီး မြစ်မကြီးနှင့် အင်းတို့သည် ရေဝင်/ရေထွက်ဆက်နွယ်နေသည့် ဆက်သွယ်ရေးရေမြောင်းကြီးလည်းတည်ရှိပါသည်။

နှစ်စဉ် မိုးလယ်ကာလ မိုးရွာသွန်းမှုများလာပါက စစ်တောင်းမြစ်ရေကြီးရေလျှံလာသည့်အခါ

စစ်တောင်းမြစ်မှတစ်ဆင့် ရေမြောင်းရေလမ်းအတိုင်းစီးဆင်း၍ အင်းအတွင်းသို့ ရေများစွာစီးဝင်စေပါသည်။ အလားတူမြစ်ရေများ ပြန်လည်ကျဆင်းပါကလည်း အင်းအတွင်းမှရေများ ရေမြောင်းရေလမ်းမှ ရေပြန်လည်ထွက်၍ မြစ်မသို့ပြန်လည်စီးဆင်းစေပါသည်။

ယခုအခါ ဖော်ပြပါ ရေမြောင်းကြီးသည် နှစ်ပေါင်း(၁၀၀)ကျော် သက်တမ်းရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ရေမြောင်းလိုအပ်သည့် အကျယ်အဝန်းနှင့် (ဇောက်)အနက်တို့မရှိတော့ဘဲ ချို့ယွင်းပျက်စီးစေပြီး ရေဝင်ရေထွက် ဝန်ဆောင်မှုလုပ်ငန်း ပြုလုပ်ပေးနိုင်ခြင်းမရှိ ဖြစ်နေပါသည်။

နှစ်စဉ် အင်းအတွင်းသို့ ရေဝင်ရေထွက် မကောင်းခြင်း/မရှိခြင်းကြောင့် ရေဟောင်းရေသစ် ရေပြောင်းရေလွဲမရှိသဖြင့် ရေညှိရေမှော်ပင်မျိုးစုံများစွာ ပေါက်ရောက်ထူထပ်လာပြီး အင်းရေသန့်စင်မှုမရှိ သည့်အပြင် ရေညစ်၊ ရေဆိုး၊ အနံ့ဆိုးများ ဖြစ်ပေါ်လာကာ ပြည်သူများအတွက် ကျန်းမာရေးအန္တရာယ် နေ့စဉ် ကျရောက်ရခြင်း၊ ကျွဲနွားတိရိစ္ဆာန်များသောက်သုံးနိုင်မှုမရှိခြင်း၊ အင်းအတွင်းသို့ ငါးမျိုးများ ရောက်ရှိမှုနည်းပါးပြီး ငါးတိုးပွားပေါက်ရောက်မှု၊ ရှင်သန်ကြီးထွားမှု ဖြစ်ထွန်းနိုင်မှုမရှိဘဲ အစဉ်အလာအရ ငါးဖမ်းနည်းလမ်းအတိုင်း ငါးရှာ၊ ငါးဖမ်းမပြုလုပ်နိုင်ခြင်းတို့ကြောင့် ငါးကုန်ထုတ်စွမ်းအား များစွာထိခိုက် လျော့နည်းလာကြရပါသည်။

အင်း၏မြောက်ဘက်နှင့် အနောက်ဘက် မျက်နှာစာတစ်ဆက်တည်းရှိ ကိုင်းမြေလုပ်ကွက် ဧရိယာ (၂၈)ဧကခန့်သည်လည်း ရေကျရေပြန် စီးဆင်းမှုမရှိခြင်းတို့ကြောင့် နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်ရခြင်းမရှိသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ကျဆင်းခြင်းနှင့် ပြည်သူများ၏ စီးပွားရေးများ ထိခိုက်နစ်နာဆုံးရှုံးမှုများ တွေ့ကြုံနေပါသည်။

သို့ဖြစ်ပါ၍ နတ်သံကွင်းအုပ်စုမှ ငွေသွားဆိပ်ကျေးရွာ၊ ရေလဲအုပ်စုမှ အညာစုကျေးရွာ နှစ်ရွာနေပြည်သူများအတွက် ကျန်းမာရေးနှင့် အကျိုးစီးပွားတို့ ထိခိုက်နစ်နာဆုံးရှုံးမှုများမရှိကြစေရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ကြစေရေး အလေးထားထောက်ရှုပြီး အထက်ဖော်ပြပါ စစ်တောင်းမြစ်နှင့် ငွေသွားဆိပ်ချောင်းကျိုးအင်း ဆက်သွယ်ရေးရေမြောင်းကြီးအား အမြန်ဆုံးပြုပြင်တူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်ကြီးမြို့နယ် မုန်းမြို့အတွင်းရှိ ယခုအခါ အသုံးပြုခြင်း မရှိတော့သည့် စိုက်ပျိုးရေးကိုထောင်ဟောင်းအား ဖျက်သိမ်း၍ စိုက်ပျိုးရေး ရှေ့တန်းပညာပေးစခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ဂိုဒေါင်အဟောင်းအား မဖျက်ဘဲ ဂိုဒေါင်ဘေးရှိ မြေကွက်လပ်တွင် လူထုအခြေပြု ပညာပေးစခန်း (၆၀'×၃၅'×၁၂') တစ်လုံး တည်ဆောက်ရန် ၂၀၁၈-၂၀၁၉ ခုနှစ်ငွေလုံးငွေရင်းဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲထားပြီးရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာအုပ်စု၊ ငွေ့ဆိပ်ချောင်းကျိုးအင်း ရေဝင်ရေထွက်မြောင်းအား ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာအုပ်စုအတွင်းတွင် ငွေ့ဆိပ်ချောင်းကျိုးအင်း၊ ငွေ့ဆိပ်ကျေးရွာနှင့် အညာစုကျေးရွာတို့ တည်ရှိပါသည်။

ငွေ့ဆိပ်ချောင်းကျိုးအင်းသည် စစ်တောင်းမြစ်နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိပြီး အင်းရေနုတ်မြောင်းသည် တူးဖော်ပြုပြင်ခြင်းမရှိသည်မှာ နှစ်ပေါင်း(၁၀၀) ကျော်ရှိခဲ့သဖြင့် အင်းရေနုတ်မြောင်း တိမ်ကောနေပြီး စစ်တောင်းမြစ်ရေကြီးချိန်များတွင် ရေနုတ်မြောင်းမှာ ရေဝင်၊ ရေထွက်မကောင်းခြင်း၊ ရေညှိရေမှော်ပင်များမျိုးစုံ ပေါက်ရောက်နေပြီး သန့်ရှင်းမှုမရှိခြင်း၊ ရေဆိုးရေညစ်များကြောင့် ပတ်ဝန်းကျင် ပြည်သူများအတွက် ကျန်းမာရေး၊ စီးပွားရေး ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရပါသည်။

ရေလဲအုပ်စု၊ ချောင်းကျိုးအညာစုပေါက်ချောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၀. ၅၇)မိုင်၊ မြေကြီးကျင်း(၈၅၀၀)၊ ခန့်မှန်းကုန်ကျ ငွေမှာကျပ်သန်း(၄၀. ၀၀) ဖြစ်ပြီး (၂၀၁၈-၂၀၁၉)ခုဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE) (အောက်တိုဘာလမှ စက်တင်ဘာလအထိ) စိစစ်စာရင်းတွင် လျာထားပါကြောင်းနှင့် ဆောင်ရွက်နိုင်ရေးအတွက် ဆက်နွယ်သောဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီးတော့ Public Concentation များပြုလုပ်ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် မိမိမှာ ညွှန်ကြားထားပြီးဖြစ်ပါသဖြင့် ညီညွတ်ကိုက်ညီမှုရှိတယ်ဆိုရင် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ပေါင်းတည်မြို့နယ် ဝဲကြီးဆည်တူးမြောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ အရည်အသွေး စံချိန်စံညွှန်းမကိုက်ညီသော လုပ်ငန်းဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း ဂျပန်နိုင်ငံ ODA ချေးငွေဆည်မြောင်းများကို အကြီးစားပြင်ဆင်လျှက်ရှိပါသည်။ ထိုဆည်မြောင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်နေပါသနည်း။ ဆည်မြောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် စံချိန်စံညွှန်း မကိုက်ညီသော လုပ်ငန်းဆောင်ရွက်ချက်များကို မည်ကဲ့သို့အရေးယူနေပါသနည်း။ စံချိန်စံညွှန်းမကိုက်ညီသော လုပ်ငန်းဆောင်ရွက်ချက်များကို မည်သူကတာဝန်ယူ၍ အရေးယူပေးပါမည်နည်း။ ပေါင်းတည်မြို့နယ်အနေဖြင့် ကျပ်သန်းပေါင်း(၂၄၇၃၆. ၀၉၀)သန်းဖြင့် ဝဲကြီးဆည်မြောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်လျှက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင်အရည်အသွေး စံချိန်စံညွှန်း မကိုက်ညီသော လုပ်ငန်းဆောင်ရွက်ချက်များကို တွေ့ရှိနေရပါသည်။ ဂျပန်နိုင်ငံမှ ODA ချေးငွေသည် နောင်တစ်ချိန်တွင် ကျွန်တော်တို့၏

မျိုးဆက်သစ်ညီငယ်/ညီမငယ်များမှ တာဝန်ယူပြန်လည်ပေးဆပ်ရမည့်ငွေများဖြစ်ပါသည်။ ကုန်ကျငွေနှင့် လုပ်ငန်းပမာဏနှင့်မညီမျှပဲ လေလွင့်သွားပါက နောင်အနာဂတ်လူငယ်များအတွက် ဝန်ထုပ်ဝန်ပိုးများ ထားခဲ့သလို ဖြစ်နေပါသည်။ ထို့ကြောင့်ကုန်ကျစရိတ်နှင့်ညီမျှသော အကျိုးရလဒ်ကောင်းများ ရရှိစေရန် အရည်အသွေးစံချိန်စံညွှန်းမကိုက်ညီသော လုပ်ငန်းဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သဲကုန်းမြို့နယ်၊ ကျေးသားအုပ်စု၊ ရွာသစ်ကုန်းရွာ အနောက်ဘက်(၁)မိုင်ခန့်အကွာရှိ အုတ်တွင်းကွင်းတွင် လုပ်ငန်းရှင် တစ်ဦးမှ ရယူထားသည့် ပုံစံ(၇) ဧက(၄၀) ကို စိစစ်၍ မူမမှန်ပုံစံ(၇)များဖြစ်ပါက ပြန်လည်ပယ်ဖျက်ရန်နှင့် မှန်ကန်ပါက အဆိုပါဧက (၄၀)နယ်နိမိတ်ကို တိုင်းတာသတ်မှတ်၍ ကျန်မြေနေရာများတွင် ဒေသခံများကို လျှောက်ထားလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"** တို့နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သဲကုန်းမြို့နယ် ကျေးသားအုပ်စု ရွာသစ်ကုန်းရွာ အနောက်ဘက်(၁)မိုင်ခန့်အကွာရှိ အုတ်တွင်းကွင်းတွင် လုပ်ငန်းရှင်တစ်ဦးမှ ဧက(၈၀)ခန့် မြေပြင်၍ ကျောက်စရစ်နှင့်မြေနီထုတ်ယူလုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ သက်ဆိုင်ရာဦးစီးဌာန၏ အတည်ပြုချက်အရ အဆိုပါလုပ်ငန်းရှင်တွင် ပုံစံ(၇) ဧက(၄၀)ခန့် ရယူထားသည်ဟု သိရပါသည်။ ရယူခဲ့ချိန်မှာ အစိုးရအကူးအပြောင်းကာလဖြစ်ပါသည်။ ပုံစံ(၇)ရယူရန် အဆင်သင့်လျှောက်ထားရယူခဲ့ခြင်းမရှိ၍ မူမမှန်ပုံစံ(၇)များ ဖြစ်/မဖြစ် စိစစ်ရန် လိုအပ်နေပါသည်။ ယခုအခါ ကျေးသားအုပ်စု၊ တံခွန်တိုင်အုပ်စု တောင်သူများနှင့် ပဋိပက္ခဖြစ်ပွားလျှက်ရှိပါသည်။ သွားရောက်စိစစ်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း မိမိတွင်တပ်မတော်အရာရှိများ ကျောထောက်နောက်ခံရှိနေသည်ဟု ခြိမ်းခြောက်ပြောဆိုမှုများ ရှိပါသည်။ ထုတ်ပေးထားသော ဧက(၄၀)ထက်ပိုမိုချဲ့ထွင်နေသောကြောင့် စားကျက်မြေလျော့ပါးမှု၊ သစ်တော သစ်ပင်များပြုန်းတီးမှု၊ မြေနီများပျော်ဝင်စီးဆင်း၍ ကျေးရွာအုပ်စုလယ်ကွင်းများ ပျက်စီးမှုများ ကြုံတွေ့ နေရပါ၍

- ပုံစံ(၇) ဧက (၄၀)ကိုစိစစ်၍ မူမမှန် ပုံစံ(၇)များဖြစ်ပါက ပြန်လည်ပယ်ဖျက်ရန် အစီအစဉ် ရှိ/မရှိ၊
- မှန်ကန်ပါက အဆိုပါဧက(၄၀)နယ်နိမိတ်ကို တိုင်းတာသတ်မှတ်၍ ကျန်မြေနေရာများတွင် ဒေသခံများကို လျှောက်ထားလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ပေါင်းတည်မြို့နယ် ဝဲကြီးဆည်တူးမြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အရည်အသွေးစံချိန်စံညွှန်းမကိုက်ညီသော လုပ်ငန်းဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့၏ သဘောတူညီချက်အရ တရားဝင်ဖွံ့ဖြိုးရေးချေးငွေ (Official Development Assistant) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရရန်ပုံငွေ (ODA Loam)ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တာဝန်ခံကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ချေးငွေစာချုပ်ပါ သဘောတူညီချက်အရ Third Party အဖြစ် အပြည်ပြည်ဆိုင်ရာ Consultant ကုမ္ပဏီဖြစ်သော Bago West Irrigation Development Consultant Team အား ငှားရမ်းပြီး အတိုင်ပင်ခံအင်ဂျင်နီယာများ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှု (Construction Supervision) အောက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ခံကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ချေးငွေစာချုပ်ပါသဘောတူညီချက်အရ လုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း အတိုင်ပင်ခံအင်ဂျင်နီယာများက နေ့စဉ် Quality Control, Quanity Survery, Progress နှင့် Cost Control လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေပြီး နှစ်ပတ်တစ်ကြိမ် Consultant Team နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဆိုင်ရာ အင်ဂျင်နီယာများ တွေ့ဆုံပုံမှန်အစည်းအဝေးပြုလုပ်၍ လိုအပ်ချက်များကို အတိုင်ပင်ခံအင်ဂျင်နီယာများမှ ထောက်ပြခြင်း၊ လိုအပ်ချက်ရှိပါက ချက်ခြင်းပြင်ဆင်ခိုင်းခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

တစ်လတစ်ကြိမ် Monthly Progress Report စာအုပ်ကို အတိုင်ပင်ခံအင်ဂျင်နီယာများမှ ထုတ်ဝေကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် JICA Myanmar Office သို့ တင်သွင်းရပါသည်။ ၎င်း Report တွင် လုပ်ငန်းအပိုင်းတိုင်းအတွက် Quality Control နှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ ပါဝင်ပါသည်။

သုံးလတစ်ကြိမ် Project Status Report ကို အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ JICA Myanmar Office သို့ ပြုစုတင်ပြလျက်ရှိပါသည်။ လုပ်ငန်းစံချိန်စံညွှန်းနှင့်ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဘက်မှ အရည်အသွေးထိန်းသိမ်းရေးအင်ဂျင်နီယာအဖွဲ့ (ITC Bago) မှ အမြဲကြီးကြပ်ဆောင်ရွက်နေပါသည်။ Third Party အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ Bago West Irrigation Development Consultant Team မှလည်း အနီးကပ်ကြီးကြပ်နေပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် မကိုက်ညီသည်များကို တွေ့ရှိပါက ချက်ခြင်းပြုပြင်ဆောင်ရွက်စေခြင်း၊ အစားထိုးပြုပြင်ဆောင်ရွက်စေခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက အနည်းဆုံးခြောက်လစောင့်ကြည့်ပြီးမှ လုပ်ငန်းများ သတ်မှတ်ပုံစံနှင့်အညီ ပြီးစီးကြောင်း Complection Certificate ကို Consultant Team မှ ထုတ်ပေးသည့်နည်းလမ်းဖြင့် ထိန်းချုပ်ထားပါသည်။ ထို့အပြင် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် ဌာနတွင်းတာဝန်ခံအင်ဂျင်နီယာဝန်ထမ်းအဆင့်ဆင့်တို့မှ အပြန်အလှန်စစ်ဆေးထိန်းချုပ်ခြင်း (Internal Control)၊ ပြင်ပမှ Third Party အတိုင်ပင်ခံအင်ဂျင်နီယာများမှ ထိန်းချုပ်စစ်ဆေးခြင်း၊ စာရင်းစစ်မှခြောက်လတစ်ကြိမ် လုပ်ငန်းများကို မြေပြင်မျက်မြင်စစ်ဆေးတိုင်းတာမှု ပြုလုပ်ခြင်းများ စသည့်နည်းလမ်းများဖြင့် အဆင့်ဆင့်တာဝန်ယူကာ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးဖြေကြားလိုသည်က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် Spec များမပြည့်တဲ့အပေါ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သတ်မှတ်ထားသည့်စံချိန်းစံညွှန်း၊ ဆွဲထားသည့် Designနှင့် သတ်မှတ်ထားသည့် Specification များကို မိမိတို့က ပြန်လည်စိစစ်ပြီးသည့်အခါမှာ Spec များပြည့်မပြည့် ဆိုတာကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ရင်ပြန်လည်စိစစ်ပြီး ပြည်ထောင်စုအစိုးရသို့ အစီရင်ခံတင်ပြပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အစီရင်ခံတင်ပြပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“သဲကုန်းမြို့နယ်၊ ကျေးသားအုပ်စု၊ ရွာသစ်ကုန်းရွာအနောက်ဘက် (၁)မိုင်ခန့် အကွာရှိ အုတ်တွင်းကွင်းတွင် လုပ်ငန်းရှင်တစ်ဦးမှရယူထားသည့် ပုံစံ(၇) ဧက(၄၀)ကို စိစစ်၍ မူမမှန်ပုံစံ(၇)များဖြစ်ပါက ပြန်လည်ပယ်ဖျက်ရန်နှင့် မှန်ကန်ပါက အဆိုပါဧက(၄၀)နယ်နိမိတ်ကို တိုင်းတာသတ်မှတ်၍ ကျန်မြေနေရာများတွင် ဒေသခံများကို လျှောက်ထားလုပ်ကိုင်နိုင်ရန် ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ”** တို့နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ကျေးသားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၃၅)၊ အုတ်တွင်းကွင်းအတွင်းတွင်တည်ရှိပါသည်။ ဦးသိန်းဇော်၏ လယ်ယာမြေလုပ်ပိုင်ခွင့်ရ ပုံစံ(၇)အား ပြန်လည်စိစစ်ရာတွင် ၂၀၁၂ခုနှစ်လယ်ယာမြေ ဥပဒေနှင့်အညီ ဦးသိန်းဇော်မှ (၅. ၉. ၂၀၁၃)ရက်နေ့တွင် ရပ်ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပုံစံ(၁) တင်ပြလျှောက်ထားလာပြီး မြို့နယ်လယ်ယာမြေ စီမံခန်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးမှ (၁၄. ၉. ၂၀၁၃)မှ (၁၃. ၁၀. ၂၀၁၃)ရက်နေ့အထိ ပုံစံ(၂) နောက်ဆက်တွဲ (က)ဖြင့် ကန့်ကွက်လွှာခေါ်ယူခဲ့ပြီး ကန့်ကွက်ခဲ့သူမရှိသဖြင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံတင်ပြခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ထံတင်ပြခဲ့ခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏အတည်ပြုချက်ဖြင့် (၂၈. ၁၀. ၂၀၁၃)ရက် နေ့ရက်စွဲပါစာအမှတ်-၁၂၃/လယ်-စီ/(ခရိုင်) ၀၅ ဖြင့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ဦးပိုင်(၈)ခု၊ဧရိယာ(၄၀. ၀၀)ဧကအား ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းတင်ပြလိုပါသည်။ အဆိုပါ မြေဧရိယာ(၄၀. ၀၀)ဧက၏ နယ်နိမိတ်ကိုပြသပေးရန် (သို့မဟုတ်) တိုင်းတာပေးရန် တရားဝင်လျှောက်ထားလာပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့မေးထားသည်မှာ တိတိကျကျပါပါကြောင်း၊ ဘယ်လိုအရေးယူမလဲ၊ အရေးယူသည့်နည်းက အရေးယူတာကိုတောင် မသိသည့် သဘောမျိုးဖြေကြားထားတာတွေ့ရပါသည်။ မည်ကဲ့သို့ အရေးယူမည်ဆိုတာကို ဂဃနဏ ဖြေကြားထားတာ မတွေ့ရပါကြောင်း၊ ပြစ်မှုအရရော၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရရော (၄)လက်မခင်းရမည့်ထုကို (၄)လက်မမခင်းထားတာတွေ့နေပါလျက် ဘယ်လိုအရေးယူသွားပါမည်ဆိုသည်ကို တိတိကျကျ မဖြေကြားနိုင်ခြင်းသည် မိမိတို့မေးခွန်းထုတ်ရမည့်အပိုင်းဖြစ်နေပါသည်။ နောက်တစ်ပိုင်းက ပြည်ထောင်စုအစိုးရကို တင်ပြသွားမည်ဆိုတာက တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်များ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပေးထားတာရှိပါသည်။ ပုဒ်မ ၂၅၆ မှာ ပြဋ္ဌာန်းထားတာရှိပါလျက် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းများကို တိတိကျကျမဆောင်ရွက်ဘဲ အရေးယူခြင်းများ၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးအရေးယူခြင်းများ မဆောင်ရွက်ဘဲ ပြည်ထောင်စုအစိုးရကို တင်ပြမည်ဆိုတာ မိမိတို့များအားကိုးလွဲနေလား၊ မိမိတို့သည် တိုင်းဒေသကြီးအစိုးရကိုဘဲ တင်ပြပိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့တင်ပြပိုင်ခွင့်ရှိသည့် တိုင်းဒေသကြီးအစိုးရသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်တစ်စုံတစ်ရာရှိပါလျက် လုပ်ပိုင်ခွင့်ကို မကျင့်သုံးဘဲ ပြည်ထောင်စုကိုတင်ပြမည်ဟုဆိုပါသည်။ ဒါကြောင့် မိမိတို့တိတိကျကျလေး တစ်ချက်မေးချင်ပါတယ်။ ဘယ်နေ့ဘယ်ရက် ဆည်မြောင်းကိုဝင်စစ်ပြီးလျှင် ဘယ်နေ့ဘယ်ရက်ကို ပြည်ထောင်စုကိုတင်ပြပေးမည်ဆိုတာကို မေးချင်ပါကြောင်း။ ဒါလေးကိုတိတိကျကျ ဖြေကြားပေးပါ။ မိမိတို့ အနာဂတ်နှင့်သက်ဆိုင်နေပါသည်။ အနာဂတ်ညီငယ်/ညီမငယ်တွေ ဆပ်ရမယ့်အကြွေးတွေဖြစ်၍ ဒါကိုမှ စနစ်တကျမဆောင်ရွက်နိုင်ဘူးဆိုလျှင် မိမိတို့ တိုင်းပြည်အတွက် မိမိတို့အနာဂတ်အတွက် ဆုံးရှုံးမှုများစွာ ပေါ်ပေါက်သွားနိုင်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံးပဲမင်္ဂလာပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရမှာ လုပ်ပိုင်ခွင့်ပေးအပ်ထားသည့်ဘောင်တွေရှိပါသည်။ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ဆည်ပေါင်း (၃၉) ခုရှိသည့်နေရာမှာ တိုင်းဒေသကြီးစီမံခန့်ခွဲခွင့်အနေဖြင့် (၂၈)ခု စီမံခန့်ခွဲခွင့်ပေးထားပါကြောင်း၊ ဧက (၅၀၀၀) အောက်ရှိသည့် ဆည်များကို စီမံခန့်ခွဲခွင့်ပေးထားပါသည်။ မိမိတို့လက်ရှိစီမံကိန်းအနေဖြင့် ဆောင်ရွက်နေသည့်ဆည်ကြီးများဟာ ပြည်ထောင်စုမှ တိုက်ရိုက်ချေးငွေရယူပြီး ဆောင်ရွက်နေသည့် ဆည်မြောင်းများဖြစ်သည့်

အတွက် ယင်းဆည်မြောင်းကို ပြန်လည်ပြုပြင်တည်ဆောက်၍အဆင့်မြှင့်တင်ခြင်းနှင့် ပတ်သက်သည့် Design များ၊ Structural Design များ၊ Specification များ၊ Spec များဟာ မိမိတို့က ပြည်ထောင်စုမှာဘဲ Document များကိုထိန်းသိမ်းထားတာဖြစ်ကြောင်း ဦးစွာပထမတင်ပြလိုပါသည်။

မိမိတို့အနေဖြင့် လုပ်ပိုင်ခွင့်ကိုကျော်လွန်ဆောင်ရွက်သည့်အခါမှာ တစ်ဖက်နှင့်တစ်ဖက် ပြည်ထောင်စုက လုပ်ပိုင်ခွင့်ရှိသည့်ဟာကို လိုအပ်လို့မိမိတို့ ဝင်ရောက်စိစစ်၍ တွေ့ရှိချက်များကို မိမိတို့က ပြည်ထောင်စုအစိုးရကို Report တင်ပေးပြီး ဆောင်ရွက်လို့ရပါကြောင်း၊ မိမိတို့အနေဖြင့် သူတို့တည်ဆောက်ထားသည့် Upgrade လုပ်ထားသည့် အဆောက်အဦများ Structure များရဲ့ Design နှင့် Spec များကို တိုင်းဒေသကြီးအစိုးရက ရေးဆွဲဆောင်ရွက်တာမဟုတ်ဘဲ ပြည်ထောင်စုကဆောင်ရွက်ထားသည့်အပေါ်မှာ ဘယ်လို Spec ၊ ဘယ်လို Specification၊ ဘယ်လို Design၊ ဘယ်လိုသဘောတူညီချက်များနှင့် ဆောင်ရွက်ထားသည်ဆိုတာကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ယခုလိုလွှတ်တော်ကတင်ပြသည့်အခါမှာ မိမိတို့တောင်းကြည့်ပြီးသည့်အခါမှာ တွေ့ရှိလာမည့် Spec များမမီတာ၊ အရည်အသွေးမမီတာများကို Report ရေးပြီး ပြည်ထောင်စုအစိုးရသို့ တင်ပြရုံပဲရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရကို တင်ပြသည့်အခါမှာ Design၊ Spec မပြည့်စုံဘူးဆိုသည့် စစ်ဆေးမှုတွေ ဆောင်ရွက်ပြီးသည့်အခါ ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ထားသည့် လုပ်ငန်းဖြစ်သည့်အတွက် မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကသာ လိုအပ်တဲ့အရေးယူမှုကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ စီမံခန့်ခွဲခွင့်ပေးထားတာကို ကျော်လွန်လုပ်သည့်အခါမှာ ပြည်ထောင်စု၏ စီမံခန့်ခွဲမှုအရ ဆောင်ရွက်နေသည့် စာချုပ်စာတမ်းများ၊ သဘောတူညီချက်များကို သိရှိနားလည်မှုမရှိဘဲ ဝင်ဆောင်ရွက်သည့်အခါ အားနည်းချက်များလည်း ဖြစ်နိုင်တာဖြစ်သည့်အတွက် ပြည်ထောင်စုကိုအစီရင်ခံတင်ပြဖို့ လိုအပ်ကြောင်းကိုဖြေကြားရခြင်းဖြစ်ပါသည်။ နောက်တစ်ချက်အနေဖြင့် လက်ရှိလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် မြောင်းလက်တံနှင့် ပတ်သက်ပြီး စစ်ဆေးချက်များကိုလည်း JICA Consultant က စစ်ဆေးထားတာဖြစ်သည့်အတွက် စစ်ဆေးချက်များကို တောင်းယူကြည့်ရှုပြီးသည့်အခါမှာ Spec များ၊ Design များနဲ့ ပြန်ပြီးတော့ စိစစ်ပေးပါမည်။ စိစစ်ပေးတာက ရက်အနေဖြင့် အချိန်ဘယ်လောက်ကြာမည်၊ အချိန်ဘယ်လောက်ယူမည်ဆိုတာ လုပ်ငန်းအပေါ်မှာမူတည်တာဖြစ်၍ မိမိတို့အနေဖြင့် ဒီလုပ်ငန်းတစ်ခုတည်း မဟုတ်ဘဲ အခြားသောလုပ်ငန်းများ အားလုံးရှိတာဖြစ်သည့်အတွက် လွှတ်တော်ပြီးတာနှင့်စပြီးတော့ စိစစ်ရေးအတွက်ကို ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ဘယ်အချိန်ပြီးမည်ဆိုသည့်ကိစ္စကို စစ်ဆေးသူတွေ၏အပေါ်မှာ မူတည်တာ ဖြစ်သည့်အတွက် အချိန်ပေးပြီး စိစစ်ရမှာဖြစ်ကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီး ဖြေကြားသွားသည့်အထဲတွင် လယ်ယာမြေပုံစံ(၇) အဆင့်ဆင့်လျှောက်ထားသွားသည့်ပုံစံကိုသာ ဖြေကြားသွားခြင်း ဖြစ်ပါသည်။ မိမိယခုမေးမြန်းသည်က နဂိုကတည်းကလည်း လယ်ယာမြေမဟုတ်ပါဘူး။ လယ်ယာမြေ မဟုတ်သည့်အတွက် မြေလွတ်၊ မြေရိုင်းပေါ်မှာ ပုံစံ(၇) လျှောက်ထားလာလျှင် ပုံစံ(၇)ပေးလို့မရသည့် နေရာမှာ ပေးထားသည့်အတွက်ကြောင့် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါသည်။ ပေးလို့မရနိုင်သည့်နေရာမှာ ပေးထားသည့်အပြင် အခြားနည်းသုံးစွဲခွင့် လျှောက်ထားခြင်းမရှိဘဲ မြေနီကျောက်စလစ်ထုတ်ယူသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ စည်းပျက်ကမ်းပျက်အရေးယူသည့်ကိစ္စများနှင့်ပက်သက်၍ စီမံကိန်းဝင်သည့်ဒေသများမှာ စီမံကိန်းဝင်သီးနှံကို စီမံကိန်းအတိုင်း မစိုက်ပျိုးသည့်ကိစ္စ၊ နှစ်ရှည်သီးနှံပင်များကို ပြောင်းလဲစိုက်ပျိုးသည့်ကိစ္စတို့နှင့် ငြိစွန်းနေသည့်အတွက်ကြောင့် မြေယာမှုခင်းဖွင့်၍ဆောင်ရွက်လို့ရပါကြောင်း၊ ဝန်ကြီးဖြေကြားသွားသည်မှာ လယ်ယာမြေဖြစ်သည့်အတွက် ပုံစံ(၇) ပေးထားသည့်ပုံစံကိုဖြေထားပါသည်။ ယင်းမြေဟာ လယ်ယာမြေ ဟုတ်/မဟုတ်ကို ဌာနတွေပေါင်းစပ်ပြီး စိစစ်ဖို့လိုအပ်ပါကြောင်း၊ မိမိတို့မြေစာရင်းမှာ ဆိုလျှင် လတ္တီကျူ/လောင်တီကျူဖော်ပြသည့် မြေကြီးမြေပုံမှတ်တမ်းတွေမရှိသည့်အတွက် လတ္တီကျူ/ လောင်တီကျူဖော်ပြချက်ရှိသည့် ဦးစီးဌာနများနှင့် ပူးပေါင်းပြီးတော့ ယင်းမြေဟာ တကယ်ပဲ လယ်ယာမြေပေါ် ကျသလား၊ သစ်တောမြေမှာ ကျနေသလား၊ ဒါမှမဟုတ်ရင် မြေလွတ်၊ မြေရိုင်းထဲဝင်နေသလားဆိုတာကို ပူးပေါင်းစိစစ်ပြီးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတာကို မေးမြန်းတာဖြစ်ပါတယ်။ နယ်နိမိတ်ပိုင်းခြား သတ်မှတ်ရန်ကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးက လျှောက်ထားလာလျှင် ဆောင်ရွက်ပေးမည်ဟုဖော်ပြထားပါ၍ မိမိတို့ လယ်ယာမြေ အခြားနည်း သုံးစွဲခွင့် လရ(၃၉)၊ လရ(၃၀)တို့မှာ ခွင့်ပြုချက်ပေးပြီဆိုတာနှင့် နယ်နိမိတ် သတ်မှတ်ချက်များ ပါဝင်ရပြီးသား ဖြစ်ပါကြောင်း၊ ယင်းနယ်နိမိတ် သတ်မှတ်ချက်များကိုလည်း အများ သိအောင်ကြေညာပေးရပါကြောင်း၊ ခြံစည်းရိုးများကာခြင်း၊ ငုတ်တိုင်များစိုက်ခြင်း။ ဥပမာ- စည်ပင်ပိုင်နယ်မြေ မကျူးကျော်ရတို့၊ တပ်ပိုင်မြေ မကျူးကျော်ရတို့သည် နဂိုကတည်းက ဥပဒေပုဒ်မ ဖော်ပြချက်မှာ အကျုံးဝင်ပြီးသား ဖြစ်၍ တစ်ဆက်တည်း ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်မထားသည့် အတွက်ကြောင့် နယ်နိမိတ်သတ်မှတ်ချက် တိုင်းတာရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတာကို မေးမြန်း ရခြင်းဖြစ်ပါသည်။ ဒါကြောင့် ယင်းမြေကို လယ်ယာမြေ ဟုတ်/မဟုတ် ဌာနများပူးပေါင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် နယ်နိမိတ် သတ်မှတ်ချက်ကို ဥပဒေအတိုင်း ကာယကံရှင်က တာဝန်ယူပြီး ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိတို့ကို ဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံးမင်္ဂလာပါ။ ဦးဇော်လင်းထိုက်မေးမြန်းသည့် လယ်ယာမြေ ဟုတ်/မဟုတ် ဌာနများ ပူးပေါင်းစိစစ်ပေးနိုင် ပါရန်ဆိုပြီး တင်ပြသည့် အပေါ်မှာ သက်ဆိုင်ရာကာယကံရှင်က ယင်းမြေယာပေါ်မှာ မြေယာနယ်နိမိတ်ပိုင်းခြားမှုကို

တိုင်းတာပေးရန် ဥပဒေနဲ့အညီ လျှောက်ထားလာလျှင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနအနေဖြင့် တိုင်းတာပေးလို့ ရပါကြောင်း၊ နံပါတ်တစ် ကာယကံရှင်လျှောက်ထားဖို့လိုပါသည်။ နောက်တစ်ခုက လယ်ယာမြေ ဟုတ်/မဟုတ် စိစစ်ပေးသည့်နေရာမှာ လယ်ယာမြေပုံစံ(၇) ထုတ်ပေးခြင်းသည် သက်ဆိုင်ရာ ရပ်/ကျေးလယ်စီကနေ စပြီးတော့ ပုံစံ(၁)နဲ့ စပြီးလျှောက်ရတာဖြစ်ပါကြောင်း၊ ယင်းဒေသဟာ လယ်ယာမြေဟုတ်/မဟုတ် ပုံစံ(၇) ထုတ်ပေးခွင့်/မပေးခွင့်ကို ရပ်/ကျေးလယ်စီကို ယင်းဒေသမှာရှိသည့် လယ်ယာမြေကိုပိုင်ဆိုင်မှု အရသော် လည်းကောင်း သို့မဟုတ် တခြားဥယျာဉ်ခြံမြေအဖြစ် ပိုင်ဆိုင်မှုရှိလျှင် ရပ်/ကျေးလယ်စီမှာ လျှောက်လိုက်လျှင်ဘဲ ရပ်/ကျေးလယ်စီမှ အမှုတွဲပြုစုပြီး တင်ပေးသည့်အပေါ်မှာ ကန့်ကွက်လွှာများကို မြို့နယ်ကခေါ်ပါကြောင်း၊ မကန့်ကွက်လျှင် လယ်ယာမြေပုံစံ(၇)ကို ခရိုင်ကိုအတည်ပြုပြီးထုတ်ပေးသည့် Process ကိုလည်း ရှင်းပြထားပြီး ဖြစ်ပါသည်။ ယင်းသို့အစပြုပြီးတော့လုပ်သည့်နေရာမှာ ရပ်/ကျေးလယ်စီကစပြီးလုပ်တာဖြစ်၍ မြို့နယ်က ဆင်းပြီး ယင်းနေရာဟာ ဘယ်သူမှမသုံးသည့်မြေတွေဆိုပြီး တစ်ဦးတစ်ယောက်ကို ပေးသည့်ပုံစံလည်း မဟုတ်ပါကြောင်း၊ သက်ဆိုင်ရာဒေသခံ ရပ်/ကျေးလယ်စီဆိုတာ ကျေးရွာအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီး ယင်းကျေးရွာ အုပ်ချုပ်ရေးမှူးဆိုတာ ကျေးရွာဒေသခံကနေ ရွေးချယ်ထားသည့် ပုဂ္ဂိုလ်ပဲဖြစ်ပါသည်။ ၎င်းတို့ ရွေးချယ်ထားသည့်ပုဂ္ဂိုလ်ကို ဥက္ကဋ္ဌထားပြီး တစ်ဆင့်လျှောက်သည့်အခါ မြို့နယ်ရောက်သည့်အခါမှာ ကန့်ကွက်လွှာလည်း ခေါ်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိသည့်အတွက် ဒီမြေဟာခရိုင်ကို Bountary Officer ဖြစ်သည့် ခရိုင်အုပ်ချုပ်ရေးမှူးထံကို တင်ပြပြီးသည့်အခါမှာ ပုံစံ(၇)ထုတ်ပေးထားခြင်းဖြစ်ပါကြောင်း၊ လယ်ယာမြေ ဟုတ်/မဟုတ်ဆိုသည့် အပိုင်းမှာတော့ မိမိအနေဖြင့်အနည်းငယ်ရှင်းပြလိုပါသည်။ လယ်ယာမြေနှင့် ပတ်သက်သည့် ပုံစံ(၇)ထုတ်ပေးသည့်အပေါ်မှာ ယင်းနေရာဟာသစ်တောမြေဖြစ်လျှင် မြို့နယ်လယ်/စီ အဖွဲ့ကလည်း ဘယ်လိုမှထုတ်ပေးလို့မရပါကြောင်း၊ သစ်တောမြေဖြစ်လျှင် သစ်တောဆီကနေပယ်ဖျက်ခွင့် တောင်းပြီး ပုံစံ(၇)ထုတ်ပေးလို့ရပါကြောင်း၊ သူများနေရာကိုကျော်ပြီး ပုံစံ(၇)သွားထုတ်လို့မရပါ။ စာကျက်မြေ ထဲမှာ ကျူးကျော်စိုက်နေသည့်ပုဂ္ဂိုလ်များ ပုံစံ(၇)ဘယ်လောက်လျှောက်လျှောက် ပုံစံ(၇)ထုတ်ပေးလို့မရပါကြောင်း၊ နံပါတ်တစ် ပုံစံ(၇)လိုချင်လျှင် စာကျက်မြေပယ်ဖျက်ခွင့်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြတောင်းခံ၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ပယ်ဖျက်ခွင့်ပြုမှ တခြားလယ်ယာမြေအဖြစ်ပြောင်းလဲပြီး စိုက်ပျိုးလို့ရပါကြောင်း၊ လယ်ယာမြေဟုတ်/မဟုတ်ဆိုသည့် မှတ်သားချက်အပေါ်မှာ ဥပဒေနှင့်အညီ ပြန်လည်တိုက်ဆိုင်စိစစ်ပြီး ယင်းမှတ်တမ်းများ၊ Documentation များဟာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှာ သတ်မှတ်ထားသည့်ပုံစံများနှင့် တိုက်ဆိုင်စိစစ်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် ပတ်သက်၍ အမည်ပြောင်းလဲခြင်း ကိစ္စရပ်များကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ကြေညာချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား စတင်လက်ခံဆုံးဖြတ်ရသည့် ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက မူလမှုခင်းဖွင့်လှစ်၍ ဆုံးဖြတ်မှုမရှိသည့် ကိစ္စရပ်များအား တိုင်းဒေသကြီးလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့က မည်ကဲ့သို့ ကြီးကြပ်စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့ ရည်ရွယ်ချက်(၃)ခု ရှိပါသည်။

ပထမတစ်ချက်က ၂၀၁၂ လယ်ယာမြေဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)အရ လယ်ယာမြေကို စည်းကမ်းချက်များနှင့်အညီ ရောင်း၊ ပေါင်၊ ငှား၊ လဲ၊ ပေးခွင့်ရှိပါတယ်။ နောက်ဆက်တွဲပြဿနာများက လယ်ယာမြေ အရောင်းအဝယ်လုပ်ပြီးနောက် နာမည်မပြောင်းဘဲ အမည်ပေါက်ကတစ်ယောက်၊ လက်ဝယ်အသုံးချသူက တစ်ယောက် ဖြစ်နေပါသည်။ အရောင်းအဝယ်စာချုပ်တော့ချုပ်ထားတယ်။ ဒါပေမယ့် မှတ်ပုံတင်ကြေးသွင်းပြီး အမည်မပြောင်းတဲ့ကိစ္စဖြစ်နေပါတယ်။ အဲဒီတော့ ပုံစံ(၇)အမည်ပေါက် မြေတွေရဲ့ နောက်ကွယ်က ပိုင်ဆိုင်သူများကို ကျွန်တော်တို့မသိနိုင်ပါဘူး။ ဥပမာပြရရင် ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ်ထဲက စိုက်ပျိုးရေးအခြေခံကုမ္ပဏီရဲ့ အဝယ်တော်တစ်ဦးက သူတို့မြေအမျိုးမျိုးဝယ်ယူထားတာ ဧက(၅၀၀၀)ကျော်ပြီလို့ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်ရှေ့ကပြောခဲ့သလိုပဲ၊ စာချုပ်တော့ရှိတယ်၊ သို့သော် ဥပဒေ၊ နည်းဥပဒေများအရ သတ်မှတ်ထားတဲ့ စည်းကမ်းများနှင့်အညီ ဌာနမှာအမည်မပေါက်သေးပါဘူး၊ ဒါတွေကို အစိုးရကသတိပြုမိပြီး ထိန်းကျောင်းတည့်မတ်စေချင်ပါတယ်။

ဒုတိယအချက်က ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊ မြေယာပိုင်ဆိုင်မှုကို ကန့်သတ်ထားတာမရှိပါဘူး။ ငွေကြေးတတ်နိုင်သူတွေက မြေဧကထောင်ပေါင်းများစွာ အတိုင်းအဆမရှိဝယ်ယူပိုင်ဆိုင်နိုင်ပါတယ်။ အဲဒီအခါ တောင်သူတွေက လယ်ယာတွေကို လွယ်လွယ်နဲ့ရောင်းကြပါတော့တယ်။ လယ်ယာမြေရောင်းချခဲ့တဲ့အတွက် ကျွန်တော်တို့ ကျေးလက်ဒေသမှာဖြစ်ပေါ်နေတဲ့ လူမှုရေးပြဿနာများစွာရှိနေခဲ့ပါပြီ။ ဘေးထွက်ဆိုးကျိုးတွေလည်းဖြစ်နေပါပြီ၊ ၁၉၄၇ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ မည်သည့်စနစ်နှင့်မျှ မြေယာအမြောက်အမြား ပိုင်ဆိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းခဲ့ဖူးပါတယ်။ သို့သော် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံသားတစ်ဦးရဲ့ လယ်ယာမြေ ပိုင်ဆိုင်မှုကို ဘယ်ရွေ့ဘယ်မျှဆိုတာ မပါဝင်ဘူး။

တတိယချက်အနေဖြင့် တောင်သူ တစ်ချို့က ရပ်ကျေးအဆင့်မှာပဲ ကိုယ့်ရပ်ရွာဒေသခံနှင့် ရောင်းကြဝယ်ကြပါတယ်။ ဝယ်တဲ့တောင်သူက လယ်ယာမြေကို အမည်ပြောင်းတဲ့နေရာ ဌာနကတာဝန်ရှိသူတစ်ချို့က တောင်သူတွေနားလည်အောင် ရှင်းလင်းမပြတော့ဘဲ အမည်ပြောင်းလို့ဘဲမရသလို ပြောဆိုနေတာကြောင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူရမှာ အရမ်းအခက်အခဲဖြစ်နေပါတယ် ။ အမည်ပေါက်တောင်သူက ဝယ်ထားတဲ့ တောင်သူကို မယုံကြည်၍သော်လည်းကောင်း အမည်ပေါက်သူက ခရီးလွန်နေလျှင်သော်လည်းကောင်း ဝယ်ထားတဲ့သူက ချေးငွေထုတ်ယူမရတော့တဲ့အထိ နစ်နာနေပါတယ်။ ယခုနှစ်စိုက်ပျိုးရာသီမှာ အဲဒီပြဿနာ တော်တော်များပါတယ်။

လယ်ယာမြေကို ရောင်းသူ/ဝယ်ယူနှစ်ဦးစလုံးဟာ ရပ်/ကျေးလယ်စီရှေ့မှာ တံဆိပ်ခေါင်းခွန်ကပ်၊ စာချုပ်ချုပ်ပြီး မြို့နယ်မြေစာရင်းရုံးမှာ ရက်ပေါင်း၁၂၀အတွင်း မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ ပုံစံ(၇)မူရင်းကို ပူးတွဲတင်ပြပြီး အမည်ပြောင်းလျှောက်လွှာပုံစံ (၉)ဖြင့် လျှောက်ထားရမှာဖြစ်ပါတယ်။ လယ်ယာမြေ/နည်းဥပဒေအခန်း(၄)မှာ လွှဲပြောင်းလက်ခံတဲ့လယ်ယာမြေနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်များ ပါဝင်ပါတယ်။ နည်းဥပဒေ အပိုဒ်၂၄မှ ၂၈အထိ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေ/နည်းဥပဒက သတ်မှတ်ထားတဲ့ ရက်ပေါင်း ၁၂၀အတွင်း သက်ဆိုင်ရာ မြို့နယ်ရုံးမှာ လာရောက်မှတ်ပုံမတင်တဲ့ဖြစ်ရပ်တွေကို တိုင်းလယ်/စီအဖွဲ့က မည်သို့စီစဉ်ဆောင်ရွက်နေပါသလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်ရခြင်းဖြစ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။တောင်သူအချင်းချင်းဟာ အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့်အငြင်းပွားတက်ကြပါတယ်၊ ထိုသို့ဖြစ်ခဲ့ရင် လယ်ယာမြေဥပဒေအရ ရပ်/ကျေးအဆင့်မှ မူလမှုခင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၂၂ မှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဗဟိုလယ်/စီအဖွဲ့ကို ၂၀၁၆ခုနှစ် ဇွန်လ ၁၆ရက်နေ့မှာ ပြည်ထောင်စုအစိုးရက အမိန့်ကြေငြာစာအမှတ် ၄၉/၂၀၁၆ ဖြင့် ဖွဲ့စည်း ပေးပြီးလည်းဖြစ်ပါတယ်။ အမိန့်ကြေငြာချက် အပိုဒ်၂(ဃ)မှာ လယ်လုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် ပတ်သက်ပြီး လမ်းညွှန်ကွပ်ကဲခြင်းကို တာဝန်တစ်ရပ်အနေဖြင့်ပေးထားပါတယ်။ ၂၀၁၂လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုနှင့် ဆိုင်တဲ့ မူလမှုခင်းတွေကို စတင်စစ်ဆေးရာမှာ ရပ်/ကျေးလယ်စီအဖွဲ့ဖြစ်ပြီး နောက်ဆုံးအပြီးအပြတ်အဆုံးအဖြတ်ပေးရတာက တိုင်းလယ်/စီအဖွဲ့တွေဘဲ ဖြစ်ပါတယ်။

ယခုအချိန်ထိတည်ဆဲဖြစ်နေတဲ့ ၂၀၁၂ အောက်တိုဘာ၁၆ရက်နေ့တွင် ဗဟိုလယ်/စီ ကထုတ်ပြန်ခဲ့တဲ့ ၂/၂၀၁၂မှာ လယ်/စီအဖွဲ့အဆင့်ဆင့်တို့၏ လက်ခံစစ်ဆေးဆောင်ရွက်ပြီးစီးမှုနှင့် အမှုလက်ကျန်စာရင်းတို့ကို လစဉ်အစီရင်ခံစာပေးပို့ရမှာဖြစ်ပါတယ်။ ၂၀၁၂လယ်/ဥအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို အချိန်တိုအတွင်း ဆောင်ရွက်ခဲ့မှုကြောင့် အချို့နေရာတွေမှာ အငြင်းပွားမှုတွေဖြစ်နေတာငြင်းလို့မရပါဘူး၊ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ထဲမှာ မူလမှုခင်းဖွင့်လှစ်စစ်ဆေးပေးပို့ အချိန်တွေကျော်လွန်နေတာတွေ့ရပါတယ် ဒါတွေကို အထက်အဆင့်ဆင့် လယ်/စီအဖွဲ့တွေက မည်သို့စီစဉ်ကြီးကြပ်ဆောင်ရွက်သွားမလဲဆိုတာ သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့်ပတ်သက်၍ အမည်ပြောင်းလဲခြင်း ကိစ္စရပ်များကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ကြေညာချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး လယ်ယာမြေ**

**စီမံခန့်ခွဲမှုအဖွဲ့က မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် မေးခွန်းဟာ စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်ရတဲ့ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအနေဖြင့် အလွန်အင်မတန်အခက်အခဲရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်အဖြစ်နဲ့ရှိနေပါတယ်။ စီမံခန့်ခွဲမှုလုပ်သည့် အဖွဲ့များဟာ လွှတ်တော်များက ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရတဲ့ အဖွဲ့အစည်းများလည်း ဖြစ်ပါတယ်။ ဒါကြောင့်လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းဟာ အလွန်အင်မတန်မေးသင့်တဲ့ ကျွန်တော်တို့အတွက် အခက်အခဲဖြစ်နေတဲ့မေးခွန်းတစ်ခုလည်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ လယ်ယာမြေကိုလုပ်ပိုင်ခွင့်ရရှိသူသည် ၂၀၁၂ခုနှစ်လယ်ယာမြေဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ခ) အရ **လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ချေးငှားခွင့်ရှိသည်ဟု** ပြဋ္ဌာန်းထားရှိပါကြောင်း၊ အဆိုပါကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ချုပ်ဆိုထားသော စာချုပ်စာတမ်းများအား မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်သို့ ထမ်းဆောင်ရမည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးနှင့် မှတ်ပုံတင်ကြေးပေးဆောင်ရမည့်တန်ဖိုးများ သတ်မှတ်ပေးရန်အတွက် ယခင်ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေဥပဒေမှာပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၂ လယ်ယာမြေဥပဒေမှာ ထည့်သွင်းဖော်ပြခြင်း မရှိကြောင်းဦးစွာပထမဖြေကြားလိုပါတယ်။ အဲ့ဒီအတွက် ၂၀၁၄လယ်ယာမြေဥပဒေကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်သူ့လွှတ်တော်မှာလည်းဆွေးနွေးလျက်ရှိနေပါကြောင်းနှင့် ၂၀၁၂ လယ်ယာမြေဥပဒေကို ဖြည့်စွက်အတည်ပြုပြီးနောက်မှာ ညွှန်ကြားချက်များရရှိလာမှသာသက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနများမှ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လယ်ယာမြေများကို ရောင်း၊ ဝယ်၊ ပေါင်၊ ငှားလုပ်တဲ့နေရာမှာ ဒေသရဲ့ညှိနှိုင်းပေါက်ဈေးတွေနဲ့ ဆောင်ရွက်နေရကြောင်းနှင့် ဗဟိုလယ်/စီရဲ့ကြော်ငြာချက်များဟာ ဒီနေ့ထိတော့ရောင်း၊ ဝယ်၊ ပေါင်၊ ငှားနှင့်ပက်သက်ပြီးတော့ ထုတ်ပြန်ထားတဲ့ကြော်ငြာချက်များလည်း မရှိသေးပါကြောင်း လေးစားစွာဖြင့်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား စတင်လက်ခံ ဆုံးဖြတ်ရသည့် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက မူလမှုခင်းဖွင့်လှစ်၍ ဆုံးဖြတ်မှုမရှိသည့် ကိစ္စရပ်များအား တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မည်ကဲ့သို့ကြီးကြပ်စီစဉ်ဆောင်ရွက်သွားမည်ကိုသိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်ရာတွင် ၂၀၁၂ခုနှစ်လယ်ယာမြေ ဥပဒေပုဒ်မ ၁၃ တွင် **ဤဥပဒေအာဏာ တည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုအရှုပ်အရှင်း ဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တာဝန်ယူဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်** ဟု ပြဋ္ဌာန်း

ထားရှိပါကြောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၇. ၅. ၂၀၁၃)ရက်စွဲပါ စာအမှတ်-၁၂/လယ-၅/(၀၁၉/၂၀၁၃) အပိုဒ် ၄(ခ)တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီးသည့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုများကိုသာ မူလမှုခင်းအဖြစ် လက်ခံစစ်ဆေးရန် ညွှန်ကြားထားပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိပြီး လယ်ယာမြေအငြင်းပွားမှုများအား ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေဥပဒေပုဒ်မ ၂၂အရ မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းများဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သောအမိန့် (သို့မဟုတ်)ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း လယ်ယာမြေဥပဒေပုဒ်မ ၂၃ ၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်နိုင်ပြီး မြို့နယလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့်အမိန့်(သို့မဟုတ်)ဆုံးဖြတ်ချက်ကို ပုဒ်မခွဲ(ခ)အရ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုနိုင်ပါကြောင်း ပြဌာန်းထားရှိပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သောအမိန့်(သို့မဟုတ်) ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်(သို့မဟုတ်)ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း လယ်ယာမြေဥပဒေပုဒ်မ ၂၄ ၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်နိုင်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကချမှတ်သည့် အမိန့်(သို့မဟုတ်)ဆုံးဖြတ်ချက်ကို ပုဒ်မခွဲ(ခ)အရ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်)ပယ်ဖျက်ခြင်း ပြုနိုင်ပါကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သောအမိန့်(သို့မဟုတ်)ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်(သို့မဟုတ်) ဆုံးဖြတ်ချက်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း လယ်ယာမြေဥပဒေပုဒ်မ ၂၅ ၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်နိုင်ကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့်အမိန့်(သို့မဟုတ်) ဆုံးဖြတ်ချက်ကို ပုဒ်မခွဲ(ခ)အရအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့မဟုတ်) ပယ်ဖျက်ခြင်းပြုနိုင်ပြီး၊ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅. ၉. ၂၀၁၆)ရက်စွဲပါ စာအမှတ်-၁၂/လယ-၅/ (၀၀၂/၂၀၁၆) ဖြင့် ပြဌာန်းထားရှိပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မရရှိသေးသည့် အငြင်းပွားမှုများနှင့်ပတ်သက်၍ အငြင်းပွားသူနှစ်ဦးအား သက်ဆိုင်ရာကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အပြိုင်လျှောက်ထားစေပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅. ၉. ၂၀၁၆) ရက်စွဲပါစာအမှတ်-၁၂/လယ-၅/(၀၀၁/၂၀၁၆) ညွှန်ကြားချက်နှင့်အညီ ပုံစံ(၇)ရရှိပြီးမှသာ မကျေနပ်သူသည် သက်ဆိုင်ရာကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမှုခင်းအဖြစ် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏

(၂၈. ၁၀. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၂/၂၀၁၆နှင့်အညီ ဆောင်ရွက်လျှက်ရှိပါကြောင်း ဒီနေရာမှာလယ်ယာမြေပုံစံ(၇) ရရှိပြီးတော့ အငြင်းပွားမှုများကို ရပ်ကွက် (သို့မဟုတ်) ကျေးရွာလယ်/စီအဖွဲ့ များကနေမူလမြေယာမှုခင်း ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းမရှိပါက (၂၈. ၁၁. ၂၀၁၇)ရက်စွဲပါအမိန့် ကြော်ငြာစာ အမှတ် (၂/၂၀၁၆)ဖြင့် လယ်/စီအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ အမိန့်ကြော်ငြာစာ အရ ရပ်/ကျေးလယ်စီမှ လယ်ယာမှုခင်းဖွင့်လှစ်ဆောင်ရွက်ခြင်းမရှိပါက တစ်ဆင့်မြင့်လယ်/စီ အဖွဲ့များသို့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပျက်ကွက်မှုဖြင့် တိုင်ကြားနိုင်ပါကြောင်း လေစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ပဲခူးတိုင်း ဒေသကြီးအတွင်း၌ တရားမဝင်စက်သုံးဆီဆိုင်များအား မြို့တွင်းနှင့် ကျေးရွာများအတွင်းမှ ဖယ်ရှား ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယင်းကိစ္စနှင့်ပက်သက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော် ဆိုင်ကယ်များ တစ်နေ့တစ်ခြားများပြားတိုးပွားလျက်ရှိပါသည်။

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ထိုကဲ့သို့တစ်နေ့တစ်ခြား များပြားတိုးပွားလျက်ရှိပါသည်။ ကျွန်တော်ယခုမေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ (၂၈)မြို့နယ်အားလုံးကို ကိုယ်စားပြုပါသည်။

ဥပမာအားဖြင့်တင်ပြရလျှင် ကျွန်တော်တို့ ထန်းတပင်မြို့နယ်၌ တရားဝင်စက်သုံးဆီဆိုင် (၃)ဆိုင်သာ ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့သော်လည်း ရပ်ကွက်ကျေးရွာအသီးသီး၌ တရားမဝင်စက်သုံး ဆီဆိုင်များ တွေ့ရှိနေရပါသည်။ ၎င်းစက်သုံးဆီဆိုင်များသည် လူနေရပ်ကွက်အသီးသီး၌ တည်ရှိနေပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို နာရီ၊ မိနစ်၊ စက္ကန့်နှင့်အမျှ ခြိမ်းခြောက်လျက်ရှိပါသည်။ အထူးသဖြင့် လူနေအိမ်ထူထပ်သော မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုတို့တွင် ၎င်းစက်သုံးဆီဆိုင် များကြောင့် မိဘပြည်သူများ မီးဘေးအန္တရာယ် လွန်စွာစိုးရွံ့ထိတ်လန့်လျက်ရှိပါသည်။ ထို့အတူ အခြား ကျန်ရှိနေသော (၂၇)မြို့နယ်တွင်လည်း ထိုကဲ့သို့ဖြစ်ရပ်များရှိသည်ကို ခရီးသွားလာရင်း တွေ့မြင်နေရပါသည်။

တောင်ငူမြို့၊ လိုခရိုင်မြို့ကြီးများတွင်တောင် လူနေရပ်ကွက်အတွင်း၌ စက်သုံးဆီဆိုင်များ တည်ရှိ နေသည်ကို တွေ့ရှိရပါသည်။ တရားဝင်ဆီဆိုင်ဟုဆိုသော်လည်း လူနေရပ်ကွက်အတွင်း၌ ဖွင့်လှစ်ရောင်းချ

နေသည်မှာ မီးဘေးအန္တရာယ်ကို ဖိတ်ခေါ်ရာရောက်နေပါသည်။ တောင်ငူမြို့မဈေးကြီးသည် မီးဘေးအန္တရာယ်ကြောင့် ယခုတိုင်ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးပါ။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တရားဝင်နှင့် တရားမဝင်စက်သုံးဆီဆိုင်များ မြို့တွင်းနှင့်ကျေးရွာများအတွင်းမှ ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ]**။ ။ ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တရားမဝင်စက်သုံးဆီဆိုင်များအား မြို့တွင်းနှင့် ကျေးရွာများအတွင်းမှ ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားမဝင်စက်သုံးဆီအရောင်းဆိုင်များအားလုံးလိုင်စင်မဲ့ရောင်းချခွင့်မရှိစေရေး အရောင်းဆိုင်အားလုံးသို့ ထပ်မံပြီး Notice စာပေးပို့မည်ဖြစ်ပြီး လိုက်နာမှုမရှိပါကတရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာဘဲ စက်သုံးဆီဆိုင်များမြို့တွင်းတွေမှာရှိသည်ဆိုတာ မိမိတို့အစိုးရလက်ထက်မှာတော့ မြို့တွင်းမှာ နဂိုရှိပြီးသားဆိုင်တွေကလွဲပြီးဆီဆိုင်တွေကို ထပ်တိုးခွင့်မပြုတော့ပါ။ မိမိတို့အစိုးရတက်လာသည့် နောက်ပိုင်းမှစပြီး ပဲခူးတိုင်း (၂၈)မြို့နယ်အတွင်း မြို့တွင်းတွေမှာ ဆီဆိုင်တွေကိုထပ်တိုးပြီးမပေးတော့ပါကြောင်း၊ ပြည်သူတွေ၏ဘဝ လုံခြုံမှုအပြည့်ရှိစေရန်အတွက် ဆီဆိုင်တွေအားလုံးသည် မြေအောက်သိုလှောင်ကန်တွေဘဲဖြစ်ပြီး နောက်ပိုင်းမှာ မိမိတို့မြေအောက်သိုလှောင်ကန်တွေဘဲ ခွင့်ပြုထားတာဖြစ်၍ လုံခြုံမှုသည် ယခင်ကထက်ဆိုင်ရင် ပိုပြီးတော့လုံခြုံလျက်ရှိပါသည်။ တရားမဝင်စက်သုံးဆီဆိုင်တွေအားလုံးကို မိမိတို့ထပ်ပြီးတော့ Notice စာပို့ပါမည်။ လိုက်နာမှုမရှိဘူးဆိုလျှင် တရားဥပဒေကြောင်းအရ ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးကန်တော်ကြီးရေဝေရေလဲ ဒေသတစ်ခုလုံးအား အစိုးရအဖွဲ့အနေဖြင့် ပုဒ်မ ၁၄၄ ထုတ်ပြန် တားမြစ်ရန်လိုအပ်ပါသဖြင့် တားမြစ်ဇရိယာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိပါ အချက်(၃)ချက် ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်ရှိ ပဲခူးမြို့ရပ်ကွက်များအတွင်းသို့ နေ့စဉ်ရေပေးဝေလျှက်ရှိသော ပဲခူးကန်တော်ကြီး၏ ရေဝေရေလဲတောမြေဧက(၇၃၀)မှာ ပြည်သူ့လွှတ်တော်မှ ပြန်လည်သိမ်းဆည်းရန်အတွက် အဆိုပြုတင်ပြမှု အောင်မြင်ခဲ့ပြီး၊ပြည်ထောင်စုအစိုးရမှာလည်း ပြန်လည်သိမ်းဆည်းရယူရန် ညွှန်ကြားချက်ထွက်ထားပြီးဖြစ်ပါသည်။

ယခုအခါ ကန်တော်ကြီးမှ ရေပေးဝေရေးစီမံကိန်းကို JICA နှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ (Focal Department) တာဝန်ယူပြီး ဂျပန်နိုင်ငံနှစ်ရှည်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတည်ဆောက်ပြီးသော ရေသန့်စင်သည့် ရေစစ်ကန်တွင် ရေဝေရေလဲတောမှ စီးဝင်လာသော အနည်အမှုန်များ၊ သစ်စသစ်ဆွေး၊ အမျှင်တန်းများ၊ သဲ၊ နုန်းများ အဆမတန်များပြားနေ၍ နောက်ထပ် ရေစစ်ကန်တစ်ခု ထပ်မံတည်ဆောက်ရဦးမည့်အခြေအနေကြောင့် သတ်မှတ်ရက်တွင်ပြီးမြောက် နိုင်ခြင်းမရှိကြောင်း၊ လုပ်ငန်းကြန့်ကြာနေရကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ လွှတ်တော်သို့ တင်သွင်း လာသော အစီရင်ခံစာတွင် အတိအလင်းဖော်ပြထားပါသည်။ ၎င်းယခုပေးဝေနေသောရေတွင် Ecoil နှင့် Coliform ရောဂါပိုးများပါဝင်နေကြောင်းလည်း တွေ့ရပါသည်။

၎င်းအပြင် (၇. ၁၀. ၂၀၁၇) ရက်နေ့တွင် စည်ပင်သာယာရေးကော်မတီ၊ တာဝန်ခံအင်ဂျင်နီယာ၊ ကန်တော်ကြီးရေသန့်စင်မှု ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းအလုပ် အမှုဆောင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ၎င်းကွင်းဆင်းစစ်ဆေးရာတွင် ရေဝေရေလဲဒေသအတွင်း သဲမှုတ်၊ သဲထုတ်လုပ်မှုများရှိနေခြင်း၊ လူနေအိမ်ခြေ (၂၀)ကျော်ခန့် ရှိနေခြင်း၊ အိမ်သာများရှိနေခြင်း၊ ရော်ဘာ စေးများ၊ ယနေ့တိုင်ခြစ်ယူ၍ ရော်ဘာထုတ်လုပ်နေခြင်း၊ လုပ်ငန်းရှင်များမှ ဖယ်ရှားမှုလုံးဝမရှိဘဲ ဆက်လက် လုပ်ကိုင်နေခြင်း၊ လေကြောင်းရန်ရှာဖွေရေးတပ်မှ အိမ်သာများမှာလည်း ကန်ဘောင်ပေါ်တွင်ရှိနေဆဲ၊ စားဖိုဆောင်မှ ရေဆိုးများလည်း ရေကန်အတွင်းစွန့်ပစ်နေဆဲဖြစ်ကြောင်းတို့ကို ဓါတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြထားသည်ကို တိုင်းဒေသကြီးလွှတ်တော်သို့လည်းကောင်း၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံသို့လည်းကောင်း အစီရင်ခံတင်ပြ ထားသည်ကိုတွေ့ရပါသည်။

သို့ဖြစ်ပါ၍ ကန်တော်ကြီးရေဝေရေလဲဒေသတစ်ခုလုံးအား အစိုးရအဖွဲ့အနေဖြင့် ပုဒ်မ-၁၄၄ ထုတ်ပြန် တားမြစ်ရန် လိုအပ်ပါသဖြင့် တားမြစ်ဇရိယာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ။

လုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များအား ၎င်းကန်တော်ကြီးရေဝေရေလဲ ဒေသအတွင်းမှ အပြီးတိုင်ဖယ်ရှားပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။

စည်ပင်သာယာရေးကော်မတီမှ တင်ပြချက်အရ ရေဝေရေလဲဒေသကို ထိန်းချုပ်ရန်မှာ သစ်တောရေးရာ နှင့် သဘာဝပတ်ဝန်းကျင်ရေးရာဌာနမှသာ တာဝန်ရှိသည်ဟု တင်ပြထားသဖြင့် သက်ဆိုင်ရာမှ ပြည်သူ့လွှတ်တော် ၏ အဆိုပြုအောင်မြင်ခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းတို့ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးကန်တော်ကြီး ရေဝေရေလဲ ဒေသတစ်ခုလုံးအား အစိုးရအဖွဲ့အနေဖြင့် ပုဒ်မ ၁၄၄ ထုတ်ပြန်တားမြစ်ရန် လိုအပ်ပါသဖြင့် တားမြစ် ဧရိယာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိပါ အချက်(၃)ချက် "**နှင့် စပ်လျဉ်း၍မေးခွန်း(၁)အပေါ် ဖြေကြားချက်အနေဖြင့်ကန်တော်ကြီးရေဝေရေလဲဒေသတစ်ခုလုံးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်နိုင်ရေးအတွက် ပဲခူးခရိုင်သစ်တောဦးစီးဌာန၏ (၃၁-၇-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၀၂၀၆-၀၇/ ကြိုးဝိုင်းကျူးကျော်နှင့် ပဲခူးမြို့နယ် သစ်တောဦးစီးဌာန၏ (၃၀-၈-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၂၅၃၈-၃၉/ ကြိုးဝိုင်းကျူးကျော်ဖြင့် ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြား ထားပြီဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

မေးခွန်း(၂)အပေါ် ဖြေကြားချက်ကတော့ကန်တော်ကြီး ကြိုးပြင်ကာကွယ်တောအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်(၅)ဦးသို့ ခွင့်ပြုခဲ့သည့် ပုဂ္ဂလိကရော်ဘာစိုက်ခင်း (၇၃၀)ဧကမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များမှာ စာချုပ်စည်းကမ်း အတိုင်းလိုက်နာမှုမရှိသဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ (၃-၂-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေး၌ သနပ်ပင်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦး၏ အဆိုနှင့်ပတ်သတ်၍ အကောင်အထည်ဖော်ရန် အတွက် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကန်တော်ကြီးရေကန်၊ ရေသန့်စင်ရေးနှင့် ဘေးပတ်လည်ရှိ သစ်တော ဧရိယာများနှင့်ပတ်သတ်၍ တွေ့ဆုံညှိနှိုင်းရေးကော်မတီ၏ ၄/၂၀၁၇ကြိမ်မြောက်အစည်းအဝေးမှ အကြံပြုချက် များအရ လည်းကောင်း၊ မြေပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသည်။ ပြန်လည်သိမ်းဆည်းထားသည့် မြေအတွင်း ဆောက်လုပ်ထားသည့် အခိုင်အမာအဆောက်အဦများအား (၁၅-၇-၂၀၁၇)ရက်နေ့ နောက်ဆုံးထား ဖျက်သိမ်းပေးရန် လုပ်ငန်းရှင်များသို့အကြောင်းကြားခဲ့ရာ (၁၆-၇-၂၀၁၇)ရက်နေ့အထိဖျက်သိမ်းခြင်းမရှိသဖြင့် (၃၀-၈-၂၀၁၇)ရက်နေ့ နောက်ဆုံးထားဖျက်သိမ်းပေးရန် ထပ်မံအကြောင်းကြားခဲ့ရာ (၃၀-၈-၂၀၁၇) ရက်နေ့တွင် အဆောက်အဦ များ ဖျက်သိမ်းလျှက်ရှိပြီး (၂၉-၉-၂၀၁၇)ရက်နေ့ ကွင်းဆင်းစစ်ဆေးချက်အရ ဦးဉာဏ်ဝင်း၏အဆောက်အဦ မှာ တစ်ဝက်တစ်ပျက်ဖျက်သိမ်းထားပြီး အပြီးသတ်ဖျက်သိမ်းရန်ကျန်ရှိသဖြင့် အမြန်ဆုံးဖျက်သိမ်းပေးရန် (၁၆-၁၀-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၃၀၁၂-၁၃/ ပုဂ္ဂလိက/ရော်ဘာဖြင့် လုပ်ငန်းရှင်သို့ အကြောင်းကြား ပြီးဖြစ်ပါသည်။

ကန်တော်ကြီးကြိုးပြင်ကာကွယ်တောအတွင်းခွင့်ပြုခဲ့သည့် ပုဂ္ဂလိကလုပ်ငန်းရှင်(၅)ဦး၏ ပုဂ္ဂလိကရော်ဘာ စိုက်ခင်း(၇၃၀)ဧကအား သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြန်လည်သိမ်းဆည်းပြီး လုပ်ငန်းရှင်များမှ ကန်တော်ကြီးကြိုးပြင်ကာကွယ်တောအတွင်းမှ ဖယ်ရှားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

မေးခွန်း(၃)အပေါ် ဖြေကြားချက်ကတော့ ကန်တော်ကြီးကြိုးပြင်ကာကွယ်တောအတွင်းခွင့်ပြုခဲ့သည့် ပုဂ္ဂလိကရော်ဘာစိုက်ခင်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသဖြင့် ကန်တော်ကြီးရေကန်၏ ရေဝေရေလဲဒေသကို အောက်ပါအတိုင်း ထိန်းသိမ်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။

ကန်တော်ကြီး ရေဝေရေလဲဧရိယာအတွင်း (၆'×၃') တားမြစ်သတိပေးဆိုင်းဘုတ်များ စိုက်ထူထားပြီး ဖြစ်ပါသည်။

ကန်တော်ကြီးရေဝေရေလဲဒေသကို ထိန်းသိမ်းအုပ်ချုပ်နိုင်ရန်အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့အကြောင်းကြားထားပြီး ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ကိုတောင်းခံထားပါသည်။ ရှေ့နေချုပ်ရုံး၏မှတ်ချက်ရရှိပါက ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒ့ါအပြင် နောက်ဆုံးမိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့၏ Cabinet ကနေတစ်ဆင့် ပြည်ထောင်စုအစိုးရကိုလည်းတင်ပြပြီးဖြစ်ပါကြောင်း၊ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၉)ရက်နေ့ရက်စွဲအရ ပဲခူးမြို့ရှိ ကန်တော်ကြီး ကြိုးပြင်ကာကွယ်တောဧရိယာ သီးသန့်ဇုန်အဖြစ်သတ်မှတ်ရန်ကိစ္စဆိုပြီး ရည်ညွှန်းချက်အနေဖြင့် ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ၂၉-၉-၂၀၁၇ရက်စွဲပါစာအမှတ် ၇/၃-၁ ဦး(၆)၇၁၈၃အရ ပြည်ထောင်စုအစိုးရကနေပြီး ပြည်ထဲရေးဝန်ကြီးဌာန သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ပုဒ်မ(၁၄၄)ထုတ်ပြန် သတ်မှတ်သွားဖို့နှင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ မြေပြင်အခြေအနေ၊ တည်နေရာအကျယ်အဝန်းသတ်မှတ်ချက်မြေပုံအား ပြည်သူများသိရှိနိုင်ရန် အမိန့်ကြော်ငြာစာ စိုက်ထူကြေညာသွားမည်ဖြစ်ကြောင်း ရည်ညွှန်းစာပါဖြင့်တင်ပြမှုနှင့်ပက်သက်ပြီး သဘောထားပြန်ကြားပေး နိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ညွှန်ချုပ်မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုလည်း စာထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ နောက်ဆုံးမှတ်ချက်အနေဖြင့် ကျွန်တော်တို့ကို ရှေ့နေချုပ်ရုံးက မှတ်ချက်ကျလာပြီဆိုလျှင် ပြည်ထဲရေးကိုလည်း အကြောင်းကြားထားပြီးဖြစ်သည့်အတွက်ကြောင့် ဆက်လက်ပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရန်ကုန်-မန္တလေး လမ်းဟောင်းမိုင်တိုင်(၁၉၆)မှ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၆၄/၇)ထိ တည်ရှိပြီးသောလမ်းကို အသုံးပြု၍ အမြန်လမ်းတက်ဆင်းလမ်းအဖြစ် ရွေးချယ်တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ရေတာရှည်မြို့နယ် အုန်းပင်ကွေ့ကျေးရွာနှင့် မျက်နှာပြင်ကျေးရွာ၊ ရေတာရှည်မြို့သို့ ဆက်သွယ်ထားသော ကုန်ထုတ်လမ်းမကြီးနှင့် ဇင်းလမ်းပေါ်ရှိတံတားတို့အား အချိန်နှင့်တစ်ပြေးညီအမြန်ပြုပြင်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရေတာရှည်မြို့နယ် လမ်းဦးစီးဌာနမှ မိတ္တူပေးပို့လာသော စာအမှတ် ၁၁၇/လင/ ရတရ/၂၀၁၇-၁၈ စာဖြင့် ဝန်ကြီးချုပ်ခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်အားပေးပို့လာပါ သည်။ ထိုမှာကြားချက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် ၁၉၁/၂-၃ကြားမှ ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင် ၁၅၉/၅-၆ ပေါ်သို့ တက်ရောက်သွားနိုင်သော လမ်းဖောက်လုပ်ပေးရန် လမ်းညွှန်မှုပြုခဲ့ကြောင်း တင်ပြလာပါသည်။

ထိုလမ်းညွှန်မှုပြုသောလမ်းသည်-

- လမ်းဦးစီးဌာနမှ မြေပြင်ကွင်းဆင်းမှတ်တမ်းဓါတ်ပုံများအရ လမ်းသစ်ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ လယ်ယာများပါရှိနေသဖြင့် တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ခြင်း၊
- ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၁၈၅/၀-၁)မှ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၁၅၄)ပေါ်သို့ တက်ရောက်သွားလာနိုင်သောလမ်းတည်ရှိပြီးဖြစ်၍ လမ်းညွှန်မှုပြုထားသောလမ်းနှင့် နီးကပ်နေခြင်းများတွေ့ရှိရပါသည်။

အမှန်တကယ် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းသို့ တက်ရောက်ရန်သင့်လျော်ဆုံးသော နေရာရွေးချယ်ရမည်ဆိုပါက ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၉၆)မှ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၆၄/၇)သို့တက်ရန် လမ်းကိုရွေးချယ်သင့်ပါသည်။ ထိုသို့ လမ်းဟောင်းမိုင်တိုင်အမှတ် (၁၉၆)မှ အမြန်လမ်းမိုင်တိုင် (၁၆၄/၇)သည်

- အကွာအဝေး(၂)မိုင်ဝန်းကျင်သာရှိပြီး ကျောက်ချောလမ်း(လက်ရှိ)တည်ရှိပြီးဖြစ်ခြင်း ၂၀၁၇/၂၀၁၈ဘတ်ဂျက် ကျေး/လက်လမ်းတံတားဦးစီးဌာနမှ ကတ္တရာခင်းခြင်းလုပ်ငန်းကို စီမံကိန်းရေးဆွဲတောင်းခံထားခြင်း၊
- ထိုလမ်းကိုရွေးချယ်ခြင်းဖြင့် ရေတာရှည်မြို့နယ်နှင့် ဆွာမြို့များအကြားတွင် တည်ရှိမှာဖြစ်သဖြင့် မြို့နှစ်မြို့မှ အသုံးပြုရန်အဆင်ပြေချောမွေ့ခြင်း၊
- တည်ရှိပြီးဖြစ်သော အမြန်လမ်းမိုင်တိုင် (၁၅၄)ရှိ လမ်းနှင့် အမြန်လမ်းမိုင်တိုင်(၁၇၃) လမ်းတို့၏ကြားတွင် ယခုလမ်းသည် တည်ရှိမှာဖြစ်၍ သင့်လျော်သောလမ်းဖြစ်ခြင်း၊
- တည်ဆောက်စဉ်က ယာယီတက်လမ်း၊ ဆင်းလမ်းပြုလုပ်ထားသော မြေသားဖို့ပြီး လမ်းဟောင်းကျန်ရှိနေခြင်းကြောင့် တည်ဆောက်မှုအတွက်အထောက်အပံ့ဖြစ်ခြင်း၊
- လမ်းဟောင်း(၁၉၆)မိုင်တိုင်မှ အမြန်လမ်း(၁၆၄/၇)မိုင်တိုင်ရှိ လက်ရှိလမ်းသည် ဆွာဆည်တည်ရှိရာနေရာသို့ ဆက်သွယ်ထားသော ကျောက်ချောလမ်းဖြစ်နေခြင်းတို့ရှိပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်-မန္တလေးလမ်းဟောင်းမိုင်တိုင်(၁၉၆)မှ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၆၄/၇)အထိ တည်ရှိပြီးသောလမ်းကိုအသုံးပြု၍ အမြန်လမ်းတက်ဆင်းလမ်းအဖြစ်ရွေးချယ်တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရေတာရှည်မြို့နယ် အုန်းပင်ကွေ့ကျေးရွာနှင့် မျက်နှာပြင်ကျေးရွာ၊ ရေတာရှည်မြို့သို့ ဆက်သွယ်ထားသော ကုန်ထုတ်လမ်းမကြီးကို အုန်းပင်ကွေ့ရွာနှင့် ပြည်သူများမှ ကိုယ့်အားကိုယ်ကိုး (ကိုယ်ထူကိုယ်ထ) ဆောက်လုပ်ပြုပြင်ခဲ့သောလမ်း ဖြစ်ပါသည်။

၂၀၁၇ခုနှစ်၊ ဩဂုတ်လကုန်မှ စက်တင်ဘာလဆန်းထိ စစ်တောင်းမြစ်ရေကြီးရေလျှံမှုကြောင့် အဆိုပါ ပြည်သူဆောက်လုပ်ထားသော ကုန်ထုတ်လမ်းမကြီးသည် မြစ်ရေတိုက်စားပြီး အရှည်(၃၅၀)ပေအမြင့်(၂)ပေခန့် မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကုန်ထုတ်လမ်းပေါ်ရှိ တံတားတစ်စင်းမှာလည်း ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထိုလမ်းနှင့်တံတားသည် ကျေးရွာနေပြည်သူများ၏ ကုန်ထုတ်ရာတွင် အဓိကကျသော လမ်းမကြီးဖြစ်ပါသဖြင့် ရာသီချိန်တွင် စပါး၊ ကြံ၊ ပဲ၊ နှမ်းစသည့်ထုတ်ကုန်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လုပ်ပို့ ဆောင်နိုင်ရန်အတွက် အဆိုပါလမ်းမကြီးနှင့်တံတားများအား အချိန်နှင့်တစ်ပြေးညီ အမြန်ပြုပြင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ရန်ကုန်-မန္တလေး လမ်းဟောင်းမိုင်တိုင် (၁၉၆)မှ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၆၄/၇)ထိ တည်ရှိပြီးသောလမ်းကို အသုံးပြု၍ အမြန်လမ်းတက်ဆင်းလမ်းအဖြစ် ရွေးချယ်တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ရန်ကုန်-မန္တလေး(လမ်းဟောင်း) မိုင်တိုင်(၁၉၆)မှ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၁၆၄/၇)အတွင်း တည်ရှိသောလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး ကုန်းကြီး-ဥယျာဉ်မှူးလမ်း၏ လမ်းအပိုင်းဖြစ်ပါသည်။ ကုန်းကြီး-ဥယျာဉ်မှူးလမ်းသည် စုစုပေါင်း (၆)မိုင်(၄)ဖါလုံအရှည်ရှိပါသည်။ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် (၁၉၆/၀) ကုန်းကြီးရွာမှ ရန်ကုန်-မန္တလေးအမြန်လမ်းအထိ (၃)မိုင် (၂)ဖါလုံမှာ ကျောက်ခင်းလမ်းဖြစ်ပြီး ၎င်းအမြန်လမ်းမှ ဥယျာဉ်ရွာအထိ (၃)မိုင် (၂)ဖါလုံမှာ မြေသားလမ်းနှင့် စုစုပေါင်း (၆)မိုင် (၄)ဖါလုံ အရှည်ရှိပါသည်။ ၎င်းကုန်းကြီး-ဥယျာဉ်မှူးလမ်းတွင် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် (၁၂၅. ၃၂၅)သန်းဖြင့် (၁၂)ပေအကျယ် ကတ္တရာလမ်း (၆. ၉၉၅)ဖါလုံခင်းရန် ခွင့်ပြုရန်ပုံငွေရရှိထားပြီးဖြစ်ပါသည်။ ၎င်းလမ်းအားအဆင့်မြှင့်တင် တည်ဆောက်ရန် အတွက် နှစ်အလိုက်ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ယခုဒီလမ်းကို အမြန်လမ်း ပေါ်မှာ မေးတင်ပြီးတော့ Interchange လုပ်မည့်လမ်း ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းထားခြင်းဖြစ်၍ အမြန်လမ်းဆိုတာ Express way မှာကတကယ်တမ်း Fully ascess control ဟုခေါ်သည့် အမြန်လမ်းကို အခြားလမ်းကနေတိုက်ရိုက်ချိတ်ဆက်မှုကို ထိန်းချုပ်သည့်လမ်းဖြစ်ပါကြောင်း၊ ထို့အပြင် ဒီလမ်းမှာ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးပြောထားသည့်လမ်းက အမြန်လမ်းမကြီး(၁၆၄/၇)မှာ ချိတ်ဆက်မှာဖြစ်ပါကြောင်း၊

ယင်းအနားမှာရှိသည့်(၁၅၄/၀)ဖြစ်သည့် ကေတုမတီမြို့နှင့် ချိတ်ဆက်သည့် လမ်းရှိပါကြောင်း၊ နောက်တစ်ခုကလည်း (၁၇၃/၁)ရှိသည့် သာဂရနှင့်ချိတ်ဆက်သည့်လမ်းရှိပါသည်။ ထိုသို့လမ်း(၂)ခုရှိသည့်အတွက် ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောဆိုထားသည့်နေရာမှာ လမ်းအပိုင်းများသွားလာရလွယ်အောင် ပြုပြင်ထိန်းသိမ်းမှာဖြစ်ပြီး အမြန်လမ်းမကြီးနှင့် ချိတ်ဆက်သည့်လမ်းအဖြစ် လုပ်ဆောင်၍မရပါကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။

တစ်ဖန်ဝန်ကြီးချုပ်က ထိုလမ်းကိုဖောက်မည်ဆိုလျှင် အမြန်လမ်းဟောင်း မိုင်တိုင်အမှတ် (၁၉၁/၂)နှင့် အမြန်လမ်းသစ် (၁၅၉/၅)မှာရှိသည့် နေရာကို တိုင်းထွာတွက်ချက်ဖို့ လမ်းညွှန်ထားခဲ့ခြင်းဖြစ်ပြီး ရန်ပုံငွေလျာထားခြင်းလည်း တိတိကျကျ မရှိသေးပါ၍ လမ်းနှစ်ခုလုံးဟာ အမြန်လမ်းအတွက် Interchange ဖြစ်မည့် Ascess Road နှစ်ခုလုံးကိုရွေးချယ်ပြီး နှစ်ခုလုံးကိုဖောက်လုပ်ရန်လတ်တလောတွင် အစီအစဉ်မရှိသေးပါ။ ဖောက်လုပ်ဖို့ဆိုတာကလည်း တကယ်တမ်း အမြန်လမ်းမကြီးဆိုတာ Fully ascess control ဖြစ်တဲ့အတိုင်း အမြန်လမ်းကိုအခြားလမ်းမှ တိုက်ရိုက်ထိန်းချုပ်သည့် လမ်းဖြစ်ပါသည်။ ဆိုလိုသည်က မိမိတို့ ယာဉ်အန္တရာယ်ကင်းရှင်းရေးဖြစ်အောင် တခြားလမ်းတွေနှင့် ချိတ်ဆက်မှုတွေကို အများကြီးလျှော့ချပြီးမှ ဖောက်လုပ်ရသည့်လမ်းဖြစ်၍ လမ်းနှစ်ခုလုံးသည် ထိုရွာမှာရှိသည့် ပြည်သူပြည်သားများ သွားလာရန်အဆင်ပြေမှာ ဖြစ်ပါသည်။ အမြန်လမ်းကို ချိတ်ဆက်ရန်အတွက်တော့ အသုံးပြုမည်မဟုတ်ပါ။ အကယ်၍ လမ်းနှစ်ခုထဲမှမဖြစ်မနေ အမြန်လမ်းကို ချိတ်ဆက်ရမည်ဆိုသည့် အနေအထားရှိလာခဲ့လျှင် ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသည့်လမ်းနှင့် ဝန်ကြီးချုပ်ကြီးလမ်းညွှန်သည့်လမ်း ဒီလမ်းနှစ်ခုလုံးကို မိမိတို့ကကြည့်ပြီးသုံးသပ်ပြီးတော့မှ ဒေသခံပြည်သူများ၏ တကယ်လိုအပ်ချက်၊ ဒီလမ်းများ၏ Ascess မှာ Ascess Road ဖြစ်အောင်ကြည့်ပြီးမှ တကယ်အလိုအပ်ဆုံးဖြစ်သည့် လမ်းကိုသာ ရွေးချယ်ပြီး ဖောက်လုပ်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရေတာရှည်မြို့နယ် အုန်းပင်ကွေ့ကျေးရွာနှင့် မျက်နှာပြင်ကျေးရွာ၊ ရေတာရှည်မြို့သို့ ဆက်သွယ်ထားသော ကုန်ထုတ်လမ်းမကြီးနှင့် ၎င်းလမ်းပေါ်ရှိ တံတားတို့အား အချိန်နှင့်တစ်ပြေးညီ အမြန်ပြုပြင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရေတာရှည်မြို့နယ်၊ ဝါးရုံတောအုပ်စု၊ မျက်နှာပြင်ကျေးရွာ၊ ကျွဲရိုင်းပြင်ကျေးရွာအုပ်စု၊ အုန်းပင်ကွေ့ကျေးရွာနှင့် ကျွဲရိုင်းပြင်ကျေးရွာများသို့ ဆက်သွယ်ထားသောလမ်းပေါ်တွင် လမ်းအရှည်(၃၅၀)ပေ အမြင့် (၂)ပေနှင့် တံတားတစ်စင်းမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ပါသည်။ ၎င်းလမ်းပိုင်းနှင့်တံတားသည် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆင့်(၁)လမ်းဖြစ်သော ရေတာရှည်-မျက်နှာပြင်-အုန်းပင်ကွေ့-ကျွဲရိုင်းပြင်လမ်း စုစုပေါင်းလမ်းမိုင်အရှည်(၆)မိုင်ပေါ်တွင် တည်ရှိပါသည်။ ၎င်းလမ်းပေါ်တွင် ၂၀၁၇-၂၀၁၈တိုင်းဒေသကြီး (ဖြည့်စွက်) ရန်ပုံငွေဖြင့် (၄. ၉၆)ဖာလုံအား (၁၈)ပေအကျယ်၊ (၈)လက်မထု ကျောက်ရောမြေခင်းခြင်းလုပ်ငန်းအား လျာထားခဲ့ပြီး ရန်ပုံငွေတင်ပြတောင်းခံထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုမေးခွန်းပါကျန်ရှိနေသော ၎င်းလမ်းပေါ်ရှိ ပျက်စီးနေသောလမ်းပိုင်းအရှည် (၃၅၀ပေ)နှင့် တံတားတစ်စင်းပျက်စီးမှုအား ပြုပြင်ထိန်းသိမ်းရန်

အတွက် ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ တံတားပုံစံရေးဆွဲပြီး ၂၀၁၈-၂၀၁၉ (BE) မှာ အချိန်မီလျှင်သော်လည်းကောင်း၊ (BE) မှာအချိန်မမီလျှင် (RE) မှာ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းလျာထား၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်(၁)နှင့် ပက်သက်၍ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ၊ မိမိတို့မြို့နယ်မှနေပြီးတော့ အမြန်လမ်းပေါ်သို့ ချဉ်းကပ်သည့်လမ်း၊ ဆက်သွယ်သည့်လမ်းကို ဒီတိုင်းတောင်း၍မရဘူးဆိုတာသိပါသည်။ ထိုပြဿနာဟာလည်း မိမိတို့မှာမရှိပါ။ သို့သော် ဝန်ကြီးချုပ်ကြီးခရီးစဉ်ပြီးသည့်အခါမှာ ဒီပြဿနာ ပေါ်ပေါက်လာတာဖြစ်ပြီး မိမိယနေ့တင်ပြလိုတာက မြို့နယ်ပြည်သူလူထု၏ Voice ကိုတင်ပြတာဖြစ်ပါသည်။ ယခုဝန်ကြီးချုပ်ကြီးလျာခဲ့တဲ့လမ်းသည် မိမိအိမ်ခေါင်းရင်းမှဖြတ်သွားသည့်လမ်းဖြစ်ပါသည်။ ယခုကျွန်တော် တင်ပြတဲ့လမ်းသည် ကျွန်တော့်အိမ်နှင့် (၆)မိုင်ဘဲကွာဝေးပါသည်။ တကယ်တမ်းပုဂ္ဂလိကခံစားချက်အရဆိုလျှင် ဝန်ကြီးချုပ်လျာခဲ့တဲ့လမ်းကို ရွေးမှာပါ။ သို့သော်လည်း ပြည်သူလူထု၏အသံကိုတော့ လျစ်လျူရှုလို့မရပါ။ ထို့ကြောင့် တကယ်တမ်း ဝန်ကြီးတို့အနေဖြင့် ထိုလမ်းတွေကို အမြန်လမ်း၊ ချဉ်းကပ်လမ်းတွေ ရွေးတော့မည်ဆိုလျှင် ပြည်သူ့အသံကိုတော့ နားထောင်ဖို့လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်တည်းဖြင့် ဒီမိုကရေစီခေတ်ကို ဖော်ဆောင်နေသည့် အစိုးရအဖွဲ့အစည်းဖြစ်၍ ပြည်သူ့အသံကိုတော့ နားထောင်ရပါလိမ့်မည်။ မိမိသဘောဆန္ဒတစ်ခုတည်းဖြင့် ဆောင်ရွက်လို့တော့မရနိုင်ပါ။ ဒါကြောင့်မို့ ဝန်ကြီးတို့အနေဖြင့် တကယ်တမ်းရွေးချယ်ခဲ့ပြီး နီးကပ်နေတယ်ဆိုလျှင် အမြန်လမ်းချဉ်းကပ်လမ်းရဲ့ တစ်ဖက်လမ်း (၁၅၄) မိုင်က လမ်းနဲ့နီးတယ်ဆိုလျှင် ယခုဝန်ကြီးချုပ်ပြတဲ့လမ်းသည် (၁၅၆)မိုင်ကိုတက်မှာပါ။ (၂)မိုင်ပဲကွာမည်ဖြစ်ပြီး သို့သော် အတွေ့အကြုံအရ ဖြူး (၁၁၅)မိုင် ဒီဘက်(၁၀)မိုင် အကျော်လေးမှာ သရက်စိန်လမ်းဆိုသည့် တောကျွဲအင်းဘက်မှ ချဉ်းကပ်လမ်းတစ်ခုဖောက်ထားပါကြောင်း၊ မိမိတို့ရေတာရှည်မြို့နယ်သည် ဝန်ကြီးချုပ်၏ မြို့နယ်လည်းဖြစ်ပြီး ဝန်ကြီးချုပ်နေပြည်တော် အသွားအပြန်အတွက်လည်းသင့်တော်မည် ဖြစ်ပါသည်။ ဒါကြောင့် ရေတာရှည်မြို့နယ်အတွင်းသို့ ဝင်ရောက်နိုင်သည့် ချဉ်းကပ်လမ်းတစ်ခုတော့ရှိသင့်ပါ၍ ဒါလေးဖြင့် အကျိုးအကြောင်းပြပြီး အမြန်လမ်းဆောက်လုပ်ရေးဌာနကို တောင်းသင့်သည်ဆိုသည့် အကြောင်းကို ထပ်ဆင့်အကြံပြုအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့် ပက်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာကျော်ကျော် မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပက်သက်၍ စောစောကဖြေကြားခဲ့သလို အမြန်လမ်းမကြီးသည် တကယ်တမ်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအရသော်လည်းကောင်း၊ အမြန်လမ်း၏လုပ်ထုံးလုပ်နည်းအရ သော်လည်းကောင်း၊ Fully ascess control ဆိုသည့် အမြန်လမ်းကိုအခြားလမ်းတွေ ချဉ်းကပ်နိုင်အောင် အတတ်နိုင်ဆုံးလျှော့ချပြီး လုပ်တဲ့လမ်း ဖြစ်ပါသည်။ ယခု ရန်ကုန်-မန္တလေးလမ်းတစ်လျှောက်မှာ တကယ်တမ်း ဒီလိုသွားမည့် လမ်းတွေသည် စုစုပေါင်း (၁၄)ခုဘဲရှိပါ၍ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် အမြန်လမ်းမကြီးပေါ်မှာရှိသည့် မိုင်တိုင်အမှတ်(၁၆၄)အနီးနားမှာလည်း (၁၅၄/၀)ကေတုမတီနှင့် ချိတ်ဆက်သည့်လမ်း၊ (၁၇၃/၁) သာဂရမြို့နှင့်ချိတ်ဆက်သည့်လမ်း လမ်းတွေရှိပါသည်။ ထို့ကြောင့် ဝန်ကြီးချုပ်ကြီး တိုင်းထွာရန်ပြောသွားသည့်လမ်းကလည်း မိုင်တိုင်အမှတ်(၁၅၉/၅)မှာ ရှိနေပါကြောင်း၊ လက်ရှိအသုံးပြုနေသည့်လမ်းတွေနှင့် အကွာအဝေးချင်း သိပ်မရှိသည့်အတွက် မိမိတို့ လိုအပ်ခြင်း တကယ်တမ်းမရှိပါဘူး။ မိမိတို့အနေဖြင့် အမြန်လမ်းမကြီးနှင့် ချိတ်ဆက်ဖို့အတွက် လုပ်ဆောင်မှာ မဟုတ်ပါ။ အကယ်၍များ ပြည်သူလူထုတကယ်လိုအပ်လာခဲ့လျှင်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ အတိုင်း ပြည်သူလူထုမနစ်နာအောင် ပြည်သူလူထုတကယ် လိုအပ်သည့် လိုလားသည့်ဟာဖြစ်အောင် ညှိနှိုင်းပြီးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ် မြစ်ကျိုးဒေသ(၃၃)ခွဲရုံ အနီးတွင်တည်ရှိနေသော လေးအိမ်စုကျေးရွာ၊ ဖိုးစန္ဒာစုကျေးရွာ၊ အောက်ကွေ့ကြီးကျေးရွာနှင့် ကျွန်းညိုစုကျေးရွာများအား (၂၀၁၈-၂၀၁၉) တိုင်းဒေသကြီးဘတ်ဂျက် လျာထားချက်တွင် လျှပ်စစ်မီးရရှိနိုင်ရန်အတွက် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝေါမြို့နယ် မြစ်ကျိုးဒေသ(၃၃) ခွဲရုံအနီးတွင် တည်ရှိနေသော လေးအိမ်စုကျေးရွာ၊ ဖိုးစန္ဒာစုကျေးရွာ၊ အောက်ကွေ့ကြီးကျေးရွာနှင့် ကျွန်းညိုစုကျေးရွာများရှိ ပြည်သူများသည် မိမိတို့မှကျေးရွာအတွင်းဆွဲမည့် (၄)လိုင်းအတွက် ကုန်ကျငွေကိုကျခံမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရမှ (၁၁)ကေဗွီလိုင်းနှင့် ထရန်စဖော်မာများကို ကူညီပံ့ပိုးပေးပါရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို တင်ပြတောင်းဆိုကြပါသည်။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် (၂၀၁၈-၂၀၁၉) တိုင်းဒေသကြီးဘက်ဂျက်လျာထားချက်တွင် ၎င်းကျေးရွာများရှိ ဒေသခံပြည်သူများ လျှပ်စစ်မီးရရှိနိုင်ရန်အတွက် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းအုပ်စု၊ ပျဉ်းကတိုးကုန်းကျေးရွာအနီး မြစ်ကမ်းပါး ပြိုကျနေမှုအား ၂၀၁၈-၂၀၁၉ ဘတ်ဂျက်၌ ကမ်းထိန်းနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းအုပ်စုအတွင်း၌တည်ရှိသော ဇရာဝတီအရှေ့ဘက်ကမ်း ရေကာတာအနီး၌ ပျဉ်းကတိုးကုန်းကျေးရွာအနီးတွင် မြစ်ကမ်းပါးများ မြစ်ရေတိုက်စားမှုကြောင့် ရေကာတာနှင့်ကမ်းပါးမှာ ပေ၁၀၀ (ပေတစ်ရာ)ကျော်ခန့်သာ ကွာဝေးတော့ပါသည်။

ဤရေကာတာကျိုးပြတ်သွားပါက လယ်ဧကနှစ်သောင်းကျော်ခန့်နှင့် ကျေးရွာများစွာ ရေနစ်မြုပ်နိုင်ပါသည်။

သို့ပါ၍ မြစ်ကမ်းပါးပြိုကျနေမှုအား ကမ်းထိန်းနံရံအဖြစ် ၂၀၁၈-၂၀၁၉ဘတ်ဂျက်၌ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ် မြစ်ကျိုးဒေသ(၃၃)ခွဲရုံ အနီးတွင်တည်ရှိနေသော လေးအိမ်စုကျေးရွာ၊ ဖိုးစန္ဒာစုကျေးရွာ၊ အောက်ကွေ့ကြီးကျေးရွာနှင့် ကျွန်းညိုစုကျေးရွာများအား "(၂၀၁၈-၂၀၁၉) တိုင်းဒေသကြီးဘတ်ဂျက် လျာထားချက်တွင် လျှပ်စစ်မီးရရှိနိုင်ရန်အတွက် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်၊ မြစ်ကျိုးဒေသ၊ (၃၃)ကေဗွီခွဲရုံအနီးတွင် တည်ရှိနေသော လေးအိမ်စုကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၄၀၀)ဗို့လိုင်း (၂)မိုင်၊ (၁၁)ကေဗွီလိုင်း(၂)မိုင်၊ (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၂)လုံး ဖိုးစန္ဒာစုကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၄၀၀)ဗို့လိုင်း (၁)မိုင်၊ (၁၁)ကေဗွီလိုင်း (၁)မိုင်၊ (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေထရန်စဖော်မာ (၁)လုံး၊ အောက်ကွေ့ကြီးကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် (၄၀၀)ဗို့လိုင်း(၁)မိုင်၊ (၁၁)ကေဗွီလိုင်း (၁)မိုင်၊ (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၂)လုံးနှင့် ကျွန်းညိုစုကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၄၀၀)ဗို့လိုင်း(၁)မိုင်၊ (၁၁) ကေဗွီလိုင်း (၁)မိုင်၊ (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် (၂၀၁၈-၂၀၁၉) တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းအုပ်စု၊ ပျဉ်းကတိုးကုန်းကျေးရွာအနီး မြစ်ကမ်းပါးပြိုကျနေမှုအား ၂၀၁၈-၂၀၁၉ ဘတ်ဂျက်၌ ကမ်းထိန်းနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းအုပ်စုအတွင်း၌ တည်ရှိသော ဧရာဝတီအရှေ့ဘက်ကမ်း ရေကာတာအနီး၌ ပျဉ်းကတိုးကုန်းကျေးရွာအနီးတွင် မြစ်ကမ်းပါးများ မြစ်ရေတိုက်စားမှုကြောင့် ရေကာတာနှင့် ကမ်းပါးမှာ ပေ(၁၀၀)ကျော်ခန့် သာကွာဝေးမှုသာရှိသဖြင့် မြစ်ချောင်း/ဖြိုး ဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉မှာတော့ ထည့်သွင်းလျာထားခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေမှာတော့ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ၏ရာဇဝင်အဆက်ဆက်တွင် ထင်ရှားခဲ့သော ပဲခူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့စသည့် မြို့ကြီးများ၏ မြို့ပြစီမံကိန်းများနှင့်ပတ်သက်၍ မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာ စီမံကိန်းများရေးဆွဲရာတွင် နိုင်ငံတကာမှအတွေ့အကြုံရှိသည့် ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နှစ်ရှည်စီမံကိန်းများရေးဆွဲရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း တည်ရှိသည့် မြန်မာနိုင်ငံ၏ ရာဇဝင်အဆက်ဆက်တွင် ထင်ရှားခဲ့သော ပဲခူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့စသည့် မြို့ကြီးများ၏ မြို့ပြစီမံကိန်းများနှင့်ပတ်သတ်၍ မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နှစ်ရှည်စီမံကိန်းများ ရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သတ်သောမေးခွန်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၁-၂၀၁၅ခုနှစ်အတွင်း မြို့ပြစီမံကိန်းရေးဆွဲထားရှိသော မြို့(၅၆)မြို့စာရင်းတွင် ပဲခူးတိုင်းအတွင်းမှ ပဲခူးမြို့၊ တောင်ငူမြို့နှင့် ပြည်မြို့ တို့ပါဝင်ခဲ့ပါသည်။ အဆိုပါမြို့ပြစီမံကိန်းများနှင့်ပတ်သတ်၍ ပဲခူးမြို့၊ မြို့ပြစီမံကိန်း(မူကြမ်း) ရှင်းလင်းတင်ပြခြင်း၊ မြို့ပြနှင့်အိမ်ရာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲအား ၂၃-၈-၂၀၁၇ရက်နေ့တွင် ပဲခူးမြို့ ရွှေဝါထွန်း (Hotel)၊ ကမ္ဘောဇသာဒီခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပဲခူးမြို့၊ မြို့ပြစီမံကိန်းနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ အပါအဝင် သက်ဆိုင်ရာအဆင့်ဆင့်မှ စီမံချက်များ၊ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းတည်ရှိသည့် မြန်မာနိုင်ငံ၏ ရာဇဝင်အဆက်ဆက်တွင်ထင်ရှားခဲ့သော ပဲခူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့စသည့်မြို့ကြီးများ၏ မြို့ပြစီမံကိန်းများနှင့်ပတ်သတ်၍ မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာ စီမံကိန်းများရေးဆွဲရာတွင် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီ

ဖြင့် နှစ်ရှည်စီမံကိန်းများရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် လက်ရှိအစီအစဉ်မရှိသေးသော်လည်း ဆောင်ရွက်သွားမည့်အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဗိုလ်မှူးဖြိုးမင်းသန့် ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးမြို့နယ်၊ ရွာသစ်ကိုင်းတာကျေးရွာအုပ်စု၊ ကိုင်တာကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဖြိုးမင်းသန့် ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ရွာသစ်ကိုင်းတာကျေးရွာအုပ်စု ကိုင်းတာကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးနိုင်မှုနှင့် ပတ်သတ်၍ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနှင့်ပတ်သတ်သည့် မေးခွန်းအား မေးမြန်းအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ရွာသစ်ကိုင်းတာကျေးရွာအုပ်စု ကိုင်းတာကြီးကျေးရွာသည် ပဲခူး-တောင်ငူလမ်းမကြီး၁၁ကေဗွီလျှပ်စစ်ဓါတ်အားလိုင်း ကိုင်းတာကြီးကျေးရွာသို့ ကားများဝင်ရောက်သွားလာနိုင်ရန် ဂဝံလမ်းဖြင့်ဆက်သွယ်ထားပါသည်။ ကိုင်းတာကြီးကျေးရွာတွင် အိမ်ခြေပေါင်း(၁၀၀)ခန့်နှင့် လူဦးရေ(၃၆၀)ခန့် နေထိုင်ကြပြီး စားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းတို့ဖြင့်အသက်မွေး ဝမ်းကြောင်းပြုနေသောကျေးရွာလေးတစ်ရွာလည်းဖြစ်ပါသည်။ ပညာရေးအနေဖြင့် အခြေခံမူလတန်းလွန်ကျောင်း(၁)ကျောင်းတည်ရှိပြီး ဆရာ/ဆရာမ(၉)ဦးနှင့် ကျောင်းသား/ ကျောင်းသူ(၁၁၁)ဦးတို့ဖြင့် ပညာသင်ကြားနေပါသည်။ သာသနာရေးအနေဖြင့် မဟာဓမ္မရာဇာ ဇေတိစေတီတော်မြတ်တစ်ဆူတည်ရှိပြီး ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတည်ရှိကာ သံဃာ(၁၀)ပါး၊ သာမဏေ(၈)ပါးတို့ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။

အထက်ပါအခြေအနေမျိုးတွင် ကိုင်းတာကြီးကျေးရွာသည် လျှပ်စစ်မီးမရရှိသေးသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ၏ ဘဝများတိုးတက်မြင့်မားလာစေရေး၊ အသိဉာဏ်ပွင့်လင်းလာစေရေးစသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးရရှိရေးအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ၏ ရာဇဝင်အဆက်ဆက်တွင် ထင်ရှားခဲ့သော ပဲခူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့စသည့် မြို့ကြီးများ၏ မြို့ပြစီမံကိန်းများနှင့် ပတ်သက်၍ မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းများရေးဆွဲရာတွင် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နှစ်ရှည်စီမံကိန်းများ ရေးဆွဲရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသည် နိုင်ငံတစ်ဝှမ်းရှိ မြို့များ၏ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းကို နှစ်အလိုက် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့၊ သာယာဝတီမြို့၊ ညောင်လေးပင်မြို့ များ၏ မြို့ပြစီမံကိန်းများကို ရေးဆွဲခဲ့ပြီးယခုအခါပြွန်တန်ဆာမြို့၏ မြို့ပြစီမံကိန်း ရေးဆွဲရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသောမြို့ကြီးများဖြစ်သည့် ပဲခူးမြို့၏ မြို့ပြစီမံကိန်းကို (၂၀၀၂)ခုနှစ်တွင်ရေးဆွဲခဲ့ပြီးနောက် ဒုတိယအကြိမ် ပြင်ဆင်မွမ်းမံသည့် မြို့ပြစီမံကိန်း (review master plan) ကို (၂၀၁၇)ခုနှစ်အတွင်းတွင်လည်းကောင်း၊ ပြည်မြို့၏ မြို့ပြစီမံကိန်းကို (၂၀၁၃)ခုနှစ်တွင်လည်ကောင်း၊ တောင်ငူမြို့၏ မြို့ပြစီမံကိန်းကို (၂၀၁၃)ခုနှစ်တွင် လည်းကောင်း အသီးသီးရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ မြို့ပြစီမံကိန်းများရေးဆွဲရာတွင် ဌာန၏မြို့ပြစီမံကိန်း ရေးဆွဲရေး ပညာရှင်များက မြို့၏သမိုင်းကြောင်း၊ အချက်အလက်၊ လက်ရှိအခြေအနေနှင့် အနာဂတ် အလားအလာများကို အသေးစိတ်စိစစ်သုံးသပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ဒေသခံများ၏ သဘောထားအမြင်များ၊ လိုလားချက်များကို ဆွေးနွေးမေးမြန်းခြင်းတို့နှင့်အတူ ရေးဆွဲပြီးနောက်လိုအပ်ပါက ဌာန၏အကြံပေး မြို့ပြပညာရှင်များ၊ ပြင်ပပညာရှင်များ၏ သုံးသပ်အကြံပြုချက်များနှင့် အခါအားလျော်စွာ နိုင်ငံတကာ အဖွဲ့အစည်းနှင့် ပညာရှင်များ၏ဆွေးနွေးအကြံပြုချက်များကို ရယူဆောင်ရွက်လေ့ရှိပါသည်။ ဌာန၏လုပ်ငန်း မူဝါဒအရ မည်သည့်မြို့ပြစီမံကိန်းကိုမဆို ရေးဆွဲပြီး (၅)နှစ်အကြာတွင် ပြောင်းလဲလာသောအခြေအနေနှင့် လိုအပ်ချက် အပေါ် မူတည်၍ ပြန်လည်သုံးသပ်ပြင်ဆင်သည့် မြို့ပြစီမံကိန်း(review master plan)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

ယခုအခါ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ပဲခူး၊ တောင်ငူ၊ ပြည်မြို့ စသည့် မြို့ကြီးများ အတွက် ကာလတို၊ ကာလရှည် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို မကြာမီကရေးဆွဲထားခဲ့ပြီးဖြစ်၍ ၎င်းမြို့များ အတွက် မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နှစ်ရှည်စီမံကိန်းများရေးဆွဲရန် လောလောဆယ် အစီအစဉ် မရှိသေးပါ။ သို့ပါသော်လည်း ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု၊ ဖြစ်ပေါ်ပြောင်းလဲလာမှုအခြေအနေများအရနှင့် နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ညှိနှိုင်းကမ်းလှမ်းလာမှုများရှိလာပါက အနာဂတ်တွင် ၎င်းမြို့များ၏ ပြန်လည်သုံးသပ်ပြင်ဆင်သည့် မြို့ပြစီမံကိန်းများ (review master plan)ကို နိုင်ငံတကာ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ နှစ်ရှည်စီမံကိန်းများ ရေးဆွဲသွားမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဗိုလ်မှူးဖြိုးမင်းသန့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးမြို့နယ်၊ ရွာသစ်ကိုင်းတာ ကျေးရွာအုပ်စု၊ ကိုင်တာကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိ လိုပါကြောင်း"** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ပဲခူးမြို့နယ်၊ ရွာသစ်ကိုင်းတာကျေးရွာအုပ်စု၊ ကိုင်းတာကြီးကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ၁၁ကေဗွီလိုင်း (၁. ၈၈)မိုင်၊ ၁၁/၀. ၄ကေဗွီ (၁၀၀) ကေဗွီအေ ဓါတ်အားခွဲရုံ (၁)ရုံနှင့် ၄၀၀ဗို့ဓါတ်အားလိုင်း (၂. ၅)မိုင်အား အမျိုးသား လျှပ်စစ် ဓါတ်အားရရှိရေးစီမံကိန်း (National Electrification Plan) ၏ ၂မိုင်စာရင်းတွင် ထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဥပဒေပြုရေး ကော်မတီတို့အားအမည်ပြောင်းလဲပြင်ဆင်ခြင်းကို တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေပြုရေးကော်မတီတို့အား အမည်ပြောင်းလဲ ပြင်ဆင်၍ ကော်မတီ၏တာဝန်များကို ပြင်ဆင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်]**။ ။လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က) နှင့် (ခ)အရလည်းကောင်း၊ (၂၈. ၃. ၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈/၂၀၁၇အရ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုလည်းကောင်း၊ (၈. ၅. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၀/၂၀၁၇အရ ဥပဒေပြုရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားရှိ ပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ (၄. ၉. ၂၀၁၇)ရက်စွဲပါတင်ပြစာအရ လွှတ်တော်၏ လုပ်ငန်းများ အောင်မြင်စွာနှင့်ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီကို **"စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင် ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ"** ဟုလည်းကောင်း၊ ဥပဒေပြုရေးကော်မတီကို **"တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုရေးကော်မတီ"** ဟုလည်းကောင်း အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များကို ပြင်ဆင်နိုင်ရေး

အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော်ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- **စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

    - ဦးမောင်မောင်ဦး နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဥက္ကဋ္ဌ
    - ဦးထွန်းထွန်းဦး ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးအုန်းသွင် ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးဌေးလွင် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးမျိုးကြည် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးလင်းလင်းကျော် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)အဖွဲ့ဝင်
    - ဦးဇော်နိုင်ဦး သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဒုတိယဗိုလ်မှူးကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
      မြတ်လှိုင်
    - ဗိုလ်မှူးနိုင်ဝင်းဌေး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
    - ဦးအေးမင်းဝင်း တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရေးမှူး

- **ကော်မတီ၏တာဝန်များ**

  ကော်မတီသည် စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍-

    - ကော်မတီသည် စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
    - တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးနည်းစနစ်ကောင်းများ ပေါ်ထွန်းလာရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
    - တိုင်းဒေသကြီးအတွင်းရှိ ပို့ဆောင်ရေးယာဉ်လိုင်းများ၊ ယာဉ်ရပ်နားစခန်းများ၊ လမ်းဝန်ဆောင်ကြေးကောက်ခံသည့်ဂိတ်များ၊ လမ်းအဆင့်မြှင့်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ကူညီဆောင်ရွက်ပေးရမည်။

- တိုင်းဒေသကြီးအတွင်းရှိ ရေကြောင်းဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ၊ မြစ်ချောင်းဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဆိပ်ခံ၊ ဆိပ်ကမ်းများ ဖြစ်ထွန်းလာရေးတို့အတွက် ကူညီဆောင်ရွက်ပေးရမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း တန်ဖိုးနည်းအိမ်ရာများနှင့် အိမ်ခန်းများ ဖြစ်ထွန်းလာရေးတို့အတွက်ကူညီဆောင်ရွက်ပေးရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျှက်ရှိသော ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိ သည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်း များ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီအစည်းအဝေးတွင်ကော်မတီဝင်တစ်ဦးဦးကပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်းသိမ်းဆည်းထား နိုင်ရန်လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## - တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုရေးကော်မတီ

| | | | |
|---|---|---|---|
| - | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

- ဗိုလ်ကြီးခင်မောင်ဝင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဦးလင်းလင်းကျော် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရေးမှူး

- **ကော်မတီ၏တာဝန်များ**

ကော်မတီသည် တရားဥပဒေစိုးမိုးခြင်းနှင့် ဥပဒေပြုခြင်း ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍-

- နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများဦးတည်ချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ရန်၊
- တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးရန်၊
- ကောင်းမွန်သော ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရန်၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိစိစစ်ရန်၊
- နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိစိစစ်ရန်၊
- နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကိုအန္တရာယ်ပြု ထိပါးစေမည့် အချက်များ ရှိ/မရှိစိစစ်ရန်၊
- နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိစိစစ်ရန်၊
- အများပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်းရှိ/မရှိ စိစစ်ရန်၊
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်းရှိ/မရှိ စိစစ်ရန်၊
- ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များရောထွေးခြင်း ရှိ /မရှိစိစစ်ရန်၊
- အပြည်ပြည်ဆိုင်ရာ၊ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်း ဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူညီချက်များပါ မြန်မာနိုင်ငံကသဘောတူ လက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ/မရှိနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိစိစစ်ရန်၊
- သက်ဆိုင်ရာဥပဒေနှင့်သက်ဆိုင်သောမူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်းရှိ/မရှိစိစစ်ရန်၊
- ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ/မရှိစိစစ်ရန်၊
- ဥပဒေ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိခြင်းရှိ/မရှိစိစစ်ရန်၊

- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် ဥပဒေပြုရေးနှင့်ဆက်နွယ်သောတိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်၊
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့စိစစ်တင်ပြရန်၊
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ရန်၊
- ကော်မတီသည်တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရန်၊
- ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေး သုံးသပ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ဆွေးနွေးသည့် အတိုင်းဆွေးနွေးစဉ်းစားတင်ပြရန် ထိုသို့ဆောင်ရွက်ရာတွင်-
    - ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊
    - ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။
    - ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအားဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီသည် အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြား ခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေပေးခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက် ရေးကော်မတီကို **"စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက် ရေးကော်မတီ"** ဟုလည်းကောင်း၊ ဥပဒေပြုရေးကော်မတီကို **"တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေပြုရေးကောမတီ"** ဟုလည်းကောင်း အမည်ပြောင်းလဲ၍ ကော်မတီ၏ တာဝန်များကို ပြင်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှုဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ် များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက် ရေးကော်မတီကို **"စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက် ရေးကော်မတီ"** ဟုလည်းကောင်း၊ ဥပဒေပြုရေးကော်မတီကို **"တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေပြုရေးကော်မတီ"** ဟုလည်းကောင်း အမည်ပြောင်းလဲ၍ ကော်မတီ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်းအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ် ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ယခုပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၂း၀၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက် (သောကြာနေ့) နံနက် (၁၀း၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
# [ ၂၀၁၇ခုနှစ် ၊အောက်တိုဘာလ ၂၇ ရက် ]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၃ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပဥ္စမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင် [ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဌာန]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ ဒေါ်နော်ပွယ်စေး (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးသိန်းလွင်ဦး၊ ဗိုလ်မှူးဇော်လွင်နှင့် ဗိုလ်ကြီးနိုင်အောင်ခင်၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းတို့သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် (၂၇-၁၀-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၂)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေတောင် မြို့နယ် ညောင်စာရေးကျေးရွာအုပ်စုသည် ဖွံ့ဖြိုးတိုးတက်ပြီး လူဦးရေထူထပ်များပြားသော ကျေးရွာအုပ်စု ဖြစ်ပါသဖြင့် နယ်မြေမီးသတ်စခန်းတစ်ခုအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ် ညောင်စာရေးအုပ်စုသည် ရွှေတောင်မြို့နယ် နှင့် (၁၄)မိုင်ကွာဝေးသဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဒေသအရန်မီးသတ်တပ်ဖွဲ့ဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။

ညောင်စာရေးကျေးရွာအုပ်စုတွင် ကျေးရွာခွဲ(၆)ရွာ၊ အိမ်ခြေ(၇၉၆)အိမ်၊ အိမ်ထောင်စု(၈၀၁)အိမ်၊ လူဦးရေ(၂၉၅၆)ဦး နေထိုင်လျက်ရှိပြီး ဌာနဆိုင်ရာရုံးအဆောက်အဦများအနေဖြင့် ရဲစခန်း(၁)ခု၊ တိုက်နယ်ဆေးပေးခန်း(၁)ခု၊ ဆက်သွယ်ရေးစာတိုက်၊ အ. ထ. က စာသင်ကျောင်း(၁)ကျောင်း၊ စည်ပင်သာယာဈေးနှင့် ကျေးရွာအတွင်း ဆန်စက်၊ ပဲခွဲစက်များ၊ ပုံမှန်လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

၄င်းအုပ်စုတွင် အရံမီးသတ်တပ်ဖွဲ့ဝင်(၃၅)ဦး ဗွိအိတ်မီးသတ်ရေသယ်ယာဉ်အပျက်တစ်စီး၊ ဘီဂျေနိုင်းဂျေ အပေါ်စားမီးသတ်စက်တစ်လုံးဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ညောင်စာရေးကျေးရွာအုပ်စုသည် ဖွံ့ဖြိုးတိုးတက်ပြီး လူဦးရေထူထပ်များပြားသော ကျေးရွာအုပ်စုဖြစ်ပါသဖြင့် နယ်မြေမီးသတ်စခန်း(၁)ခုအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုလုပ်ပေးနိုင်မည် ဖြစ်ကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအား လူနေလိုင်းခန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေ ရဲစခန်းသည်-

(၁) ကျေးရွာအုပ်စုပေါင်း(၁၅)အုပ်စု

(၂) ကျေးရွာပေါင်း(၇၇)ရွာ

(၃) အိမ်ခြေပေါင်း(၁၃၀၂၉)အိမ်

(၄) အိမ်ထောင်စုပေါင်း(၁၃၀၇၈)စုတို့၏ ပြည်သူများ အသက်အိုးအိမ်စည်းစိမ်နှင့် တရားဥပဒေ စိုးမိုးရေးတို့ကို တာဝန်ယူရသော နယ်မြေရဲစခန်းကြီးဖြစ်ပါသည်။

ဇရပ်ကြီးနယ်မြေရဲစခန်းသည် ဖွဲ့စည်းပုံအပြည့်ဆိုလျှင် စခန်းမှူး(၁)ဦး၊ ဒုရဲအုပ်(၇)ဦး၊ အခြားအဆင့် (၃၇)ဦး၊ စုစုပေါင်း(၄၅)ဦးရှိရမည်ဖြစ်ပါသည်။ လက်ရှိဖွဲ့စည်းပုံမှာ စခန်းမှူး(၁)ဦး၊ ဒုရဲအုပ်(၃)ဦး၊ အခြားအဆင့် (၃၅)ဦး၊ စုစုပေါင်း(၃၉)ဦးနှင့်ဖွဲ့စည်း၍ တာဝန်ထမ်းဆောင်နေပါသည်။

ဇရပ်ကြီးနယ်မြေရဲစခန်းတွင် လက်ရှိလိုင်းခန်း(၆)ခန်းတွဲ(၁)ခန်းသာရှိပြီး နေထိုင်စရာလိုင်းခန်းမရှိ၍ ဖျက်မိန့်ကျပြီးသား အင်ဖက်မိုးထရံကာ ပျဉ်ခင်း(၃)ခန်းတွဲ(၁)ခုနှင့် လူပျိုတပ်ဖွဲ့ဝင်များသည် စခန်းတွင်းဓမ္မာရုံ၌ နေထိုင်နေရပါသည်။ စခန်းပြင်ပရပ်ကွက်အတွင်း ငှားရမ်းနေထိုင်သူ မိသားစု(၃)စုရှိပါသည်။ အနေအထိုင် ကျပ်တည်းဆင်းရဲစွာဖြင့် ပြည်သူ့တာဝန်များကို ထမ်းဆောင်နေရသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ (၆)ခန်းတွဲ(၂)ထပ်ဆောင်တစ်ဆောင်နှင့် လူပျိုရိပ်သာ(၁)ဆောင် လိုအပ်လျှက်ရှိပါသောကြောင့် ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းတွင် လူနေလိုင်းခန်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးညွှန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေတောင်မြို့နယ် ညောင်စာရေးကျေးရွာအုပ်စုသည် ဖွံ့ဖြိုးတိုးတက်ပြီး လူဦးရေထူထပ်များပြားသော ကျေးရွာအုပ်စုဖြစ်ပါသဖြင့် နယ်မြေမီးသတ် စခန်းတစ်ခုအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ညောင်စာရေးကျေးရွာအုပ်စုတွင် နယ်မြေမီးသတ်စခန်း မြေနေရာရရှိရေးအတွက် ကျေးရွာရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပြီး မြေနေရာအမည်ပေါက်ရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ခွင့်ရရှိရန် ခွင့်ပြုချက်တောင်းခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုမိန့်ရရှိပါက နယ်မြေမီးသတ်စခန်းတည်ဆောက်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံသွားပြီး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးငွေလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအား လူနေလိုင်းခန်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းတွင် ဖွဲ့စည်းပုံအင်အားမှာ အရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ စုစုပေါင်း(၄၅)ဦး ထားရှိရမည်ဖြစ်ပါသည်။ ဇရပ်ကြီးနယ်မြေရဲစခန်းဝင်းတွင် ၁၉၅၄ခုနှစ်က နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း ရဲစခန်းရုံးအဆောက်အဦ (၁)လုံး၊ ၂၀၁၂ခုနှစ်က ဆောက်လုပ်ခဲ့သော သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၆)ခန်းတွဲ (၁)ထပ် (၁)လုံး၊ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့သော သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းရဲရိပ်သာ အဆောက်အဦ(၁)လုံး သာရှိပါသည်။

ဇရပ်ကြီးနယ်မြေရဲစခန်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင် (၃၉)ဦးရှိရာ လူပျို (၂၈)ဦးအနက် (၁၆)ဦးမှာ ရဲစခန်းဝင်းအတွင်းမှာနေထိုင်ပြီး ကျန် (၁၂)ဦးမှာ ပြင်ပရှိဆွေမျိုးသားချင်းများထံတွင် နေထိုင်လျက်ရှိပါသည်။ အိမ်ထောင်သည်(၁၁)ဦးအနက် (၈)ဦးမှာရဲစခန်းဝင်းတွင်နေထိုင်ပြီး ကျန်(၃)ဦးမှာ

ပြင်ပမှာငှါးရမ်းနေထိုင်လျက်ရှိပါသည်။ တပ်ဖွဲ့ဝင်အင်အားနှင့် လက်ရှိအဆောက်အဦအနေအထားအရ နေအိမ်လိုင်းခန်းများလုံလောက်မှုမရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဇရပ်ကြီးနယ်မြေရဲစခန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၄)ခန်းတွဲ(၁)ထပ် (၂)လုံး၊ (၆)ခန်းတွဲ(၂)ထပ်(၂)လုံး၊ လူပျိုဆောင်(၁)လုံး ဆောက်လုပ်ခွင့်ပြုမိန့်ချမှတ်ပေးရန် တင်ပြတောင်းခံထားရှိပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့ တောင်ညိုမြို့သစ်၌ မီးသတ်စခန်းနှင့် မီးသတ်ကားတစ်စီးချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်တွင် တောင်ညိုဆည်ကို ၁၉၉၆ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ထိုဆည်တည်ဆောက်သည့်အခါ ဆည်အတွင်းရေမြုပ်ဧရိယာမှ ကျေးရွာအုပ်စု(၅)အုပ်စုအား မျှော်တော်တောင်စေတီတော်မြတ်ကြီး၏ အနီးတဝိုက်တွင် ရွှေ့ပြောင်းနေရာချထားပေးရာ မြို့တစ်မြို့သဖွယ် ရပ်ကွက်(၅)ရပ်ကွက်ဖြင့် တစ်စုတစ်စည်းတည်းချထားပေးခဲ့ပြီး တောင်ညိုမြို့သစ်ဟု ဆိုင်းဘုတ်တင်ပေးခဲ့ပါသည်။

၎င်းတောင်ညိုမြို့သစ်သည် နတ်တလင်းမြို့နှင့် (၁၂)မိုင်ခန့်ကွာဝေးသည့်အပြင် ဆက်သွယ်သွားလာရာလမ်းမှာလည်း အလွန်ဆိုးရွားလျက်ရှိနေပါသဖြင့် ခြောက်သွေ့ရာသီတွင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ လျင်မြန်စွာမရောက်ရှိနိုင်ပါ။ ထို့ကြောင့် တောင်ညိုမြို့သစ်နှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာအုပ်စုများ မီးဘေးအန္တရာယ် အချိန်မီတားဆီးကာကွယ်နိုင်ရန်အတွက် မီးသတ်စခန်းနှင့် မီးသတ်ကားတစ်စီးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့ မီးသတ်စခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့၊ မီးသတ်စခန်း တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၏ **"နတ်တလင်းမြို့ တောင်ညိုမြို့သစ်၌ မီးသတ်စခန်းနှင့် မီးသတ်ကားတစ်စီး ချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ တောင်ညိုမြို့တွင် နယ်မြေမီးသတ်စခန်းချထားပေးရန်အတွက် မြေစာရင်းပုံစံ၁၀၅ ရရှိပြီးဖြစ်ကာ မီးသတ်စခန်း မြေနေရာအမည်ပေါက်ရရှိရေးဆောင်ရွက်လျက်ရှိပါသည်။မြေနေရာအမည်ပေါက်ရရှိပါက တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါသည်။ တောင်ညိုမြို့နယ်တွင် မီးသတ်ကားတစ်စီးအား ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့ မီးသတ်စခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းနယ်မြေမီးသတ်စခန်း တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မြို့တွင်းမြို့ပြင် ပြေးဆွဲနေသောယာဉ်လိုင်းများ စနစ်တကျစည်းကမ်းဥပဒေနှင့်အညီ ပြေးဆွဲဆောင်ရွက်စေရန် စီစဉ်ပေးနိုင်ခြင်း ရှိ /မရှိ နှင့် ယာဉ်ကြီးကြပ်မှုကော်မတီအား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးမြို့သည် တိုင်းဒေသကြီးအစိုးရ ရုံးစိုက်ရာမြို့၊ တိုင်းဒေသကြီးလွှတ်တော်တည်ရှိရာမြို့၊ တိုင်းမြို့တော်တစ်ခုဖြစ်ပါသည်။ မြို့တွင်း၊ မြို့ပြင်ပြေးဆွဲနေသော ရဟန်းခရီးသည် ယာဉ်လိုင်း(၂၀)ခန့်ရှိသည်ဟုလည်းသိရပါသည်။ ပဲခူး-ရန်ကုန်ပြေးဆွဲနေသော ယာဉ်လိုင်းများလည်းများစွာရှိနေပါသည်။ သို့သော်လည်း ယာဉ်စည်းကမ်းလိုက်နာမှုမှာ အားနည်းနေပြီး မကြာခဏ ဆိုသလို ယာဉ်အန္တရာယ်များလည်း ကြုံတွေ့နေကြရပါသည်။

ရပ်နီး၊ မြို့တွင်းမြို့ပြင် သယ်ယူပို့ဆောင်သော ယာဉ်လိုင်းများတွင် သုံးဘီးဆိုင်ကယ် အစီးရေ(၆၀၀)ခန့်နှင့် Mini Bus ၊ ခွေးဘီလူးကားများစွာရှိပါသည်။ သို့သော်လည်း ယာဉ်လိုင်းအလိုက် ရပ်-တင်-ချမှတ်တိုင်များ မရှိခြင်း၊ ယာဉ်များလမ်းကြောင်းသတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိခြင်း၊ အသက်မပြည့်သော လူငယ်များ ယာဉ်မောင်းအဖြစ် ဆောင်ရွက်နေခြင်းများနှင့် ယာဉ်ကြီးကြပ်မှုကော်မတီရှိသည်ဆိုသော်လည်း ဥပဒေ အရ လေးနှစ်တစ်ကြိမ် ယာဉ်ပိုင်ရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ရမည်ဟု ပါရှိသော်လည်း ယနေ့တိုင်ရွေးချယ် ပေးမှုမရှိခြင်း၊ ယာဉ်လိုင်းများအား တစ်နှစ်တစ်ကြိမ် သင်းလုံးကျွတ်အစည်းအဝေး ပြုလုပ်ရမည်ဖြစ်သော်လည်း

ပြုလုပ်မပေးခြင်း၊ ပြေးဆွဲနေသောယာဉ်များသည်လည်း ဂိတ်အစအဆုံး သွားလာပေးခြင်းမရှိခြင်း။

ပြေးဆွဲနေသောယာဉ်များတွင် Way-bill, Log bookများ ထားရှိရမည်မှန်သော်လည်း ထားရှိသည်ကိုမတွေ့ရခြင်း၊ အဝေးပြေးမော်တော်ယာဉ်များသည်လည်း သတ်မှတ်ယာဉ်ဝင်းရှိပါလျက် မြို့တွင်းလမ်းမကြီးဘေးလမ်းသွယ်ထောင့်နေရာများတွင် ရပ်ချင်သလိုရပ်၊ ခရီးသည်တင်ချင်သလိုတင်နှင့် စည်းကမ်းမဲ့စွာ ဆောင်ရွက်နေမှုများကို ပြည်သူများခရီးသွားခရီးလာများ နေ့စဉ်ရင်ဆိုင်နေကြရပါသည်။

သို့ဖြစ်ပါ၍ မြို့တွင်းမြို့ပြင်ပြေးဆွဲနေသောယာဉ်လိုင်းများ စနစ်တကျစည်းကမ်းဥပဒေနှင့်အညီ ပြေးဆွဲဆောင်ရွက်စေရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ယာဉ်ကြီးကြပ်မှုကော်မတီအား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။

မြို့တော်အတွင်း ယာဉ်ကြောရှင်းလင်းရန် စည်းကမ်းဥပဒေနှင့်ညီသော ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဖြစ်ပေါ်စေရန် မည်သို့စီစဉ်ထားပါကြောင်း သိရှိလိုပါ၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွှန့်ရွှေမေးမြန်းသည့်မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“မြို့တွင်းမြို့ပြင် ပြေးဆွဲနေသောယာဉ်လိုင်းများ စနစ်တကျစည်းကမ်းဥပဒေနှင့်အညီ ပြေးဆွဲဆောင်ရွက်စေရန် စီစဉ်ပေးနိုင်ခြင်းရှိ /မရှိ နှင့် ယာဉ်ကြီးကြပ်မှုကော်မတီအား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်း မြို့တွင်း/မြို့ပြင်ပြေးဆွဲနေသော ယာဉ်လိုင်းများ စနစ်တကျ ယာဉ်စည်းကမ်းဥပဒေနှင့်အညီ ပြေးဆွဲဆောင်ရွက်စေရန် ပဲခူးမြို့ပေါ်ရှိလမ်းမကြီးများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းမကြီး၊ သနပ်ပင်လမ်းမကြီးများပေါ်တွင် ယာဉ်လိုင်းများရပ်-တင်-ချပြုလုပ်ရန် မှတ်တိုင်နေရာ (၁၅)ခုတို့အား တိုင်းဒေသကြီးယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်းရွေးချယ်ပြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ထို့အတူ အဝေးပြေးမော်တော်ယာဉ်များအား သတ်မှတ်ယာဉ်ဝန်းအတွင်း ရပ်နားစေရန်အတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။ ယာဉ်ကြီးကြပ်မှုကော်မတီအား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ခြင်းကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးရွေးချယ်ရေးကော်မရှင်အဖွဲ့မှ လုပ်ငန်းစီမံချက်အား စိစစ်ရေးဆွဲလျက်ရှိပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြေးဆွဲနေသောယာဉ်များတွင် Way-bill, Log book များထားရှိခြင်း ကိစ္စနှင့်ပတ်သက်၍ တိုင်း/ခရိုင်/မြို့နယ် ယာဉ်လုပ်ငန်းများကြီးကြပ်မှု ကော်မတီအဖွဲ့များမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခုလွှတ်တော်ကိုယ်စားလှယ်(၄)ဦးကမေးမြန်းသည့် မေးခွန်း(၁၀)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဝေါ-ဘုရားပျို ဆက်သွယ်ထားသည့်လမ်းတွင် ကတ္တရာခင်းရန်ကျန်ရှိ နေသည့် လမ်းပိုင်း ၁မိုင် ၅ဖာလုံကို ကတ္တရာခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ အေးချမ်း(၁)လမ်း၊ အေးချမ်း(၂)လမ်း၊ ဇီဇဝါလမ်းနှင့် ခတ္တာလမ်းများရှိ မီးတိုင်၊ မီးကြိုးများကို စံချိန်စံနှုန်းပြည့်မီသည့်ကြိုးများ၊ တိုင်များနှင့် လဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့မှဘုရားပျိုကျေးရွာသို့ ဆက်သွယ်ထားသောလမ်းမှာ ၃မိုင်၅ဖာလုံခန့်ရှိပြီး ယခင်အစိုးရလက်ထက်တွင် အရှည်၂မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးခဲ့ပြီး ကျန်နေသော ၁မိုင်၅ဖာလုံကို ကျောက်ချောလမ်းအဖြစ်သာ ကျန်ရှိနေခဲ့ပါတယ်။

၎င်းလမ်းပိုင်းသည် ဝေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၁၅အုပ်စုက မှီခိုအားထားနေရတဲ့ အဓိကဆက်သွယ်ရေးလမ်းဖြစ်ပြီး သနပ္ပင်မြို့နယ်နှင့် ဝေါမြို့နယ်ကို ဆက်သွယ်ထားတဲ့ မြို့ချင်းဆက်လမ်းပိုင်းလည်းဖြစ်ပါတယ်။

ကျေးရွာပေါင်းများစွာက ဝေါမြို့သို့ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာအသုံးပြုနေသည့် စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကအားကိုးနေရတဲ့ လမ်းမကြီးဖြစ်နေပါသဖြင့် ကျန်ရှိနေသည့် လမ်းပိုင်း၁မိုင်၅ဖာလုံကို ကတ္တရာလမ်းအဖြစ်ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ အေးချမ်းသာယာရပ်ကွက်၊ အေးချမ်း(၁)လမ်း၊ အေးချမ်း(၂)လမ်း၊ ဇီဇဝါလမ်းနှင့် ခတ္တာလမ်းများရှိ မီးတိုင်များမှာ ၄လက်မပတ်လည်သံတိုင်များ၊ ကျွန်းမျောသစ်သားတိုင်များ၊ မီးရထားလမ်းဟောင်းသံတိုင်များ ကို မီးတိုင်များအဖြစ် အသုံးပြုထားပြီး မီးကြိုးများမှာလည်း 35mm ACSR ကြိုး၊ ကြေးကြိုး No,7^No,8 များဖြင့် တည်ဆောက်ထားပါတယ်။ မီးလိုင်းကိုလည်း မိန်း၃လိုင်းလုံး အပြည့်အဝမတည်ဆောက်ထားသဖြင့် ရပ်ကွက်နေပြည်သူများ Voltအားအပြည့်အဝသုံးစွဲခွင့်မရရှိခြင်း၊ မီးသုံးစွဲမှုမြင့်တက်လာပြီး သွယ်တန်း

ထားသောကြိုးများသေးနေသဖြင့် မီးမကြာခဏပြတ်တောက်ခြင်းများဖြစ်ပေါ်နေပါသဖြင့် အေးချမ်း ၁၊ ၂၊ ဇီဇဝါ၊ ခတ္တာလမ်းများမှ မီးတိုင်၊ မီးကြိုးများကို စံချိန်စံနှုန်းပြည့်မီသည့် ကြိုးများ၊ တိုင်များနှင့် လဲလှယ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါ-ဘုရားပျို ဆက်သွယ်ထားသည့်လမ်းတွင် ကတ္တရာခင်းရန် ကျန်ရှိနေသည့် လမ်းပိုင်း၁မိုင်၅ဖာလုံကို ကတ္တရာခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍အဆိုပါလမ်းမှာ ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နယ်မှ ဘုရားပျိုကျေးရွာသို့ ဆက်သွယ်ထားသည့် Class (B)လမ်းဖြစ်သော ဝေါ-ဘုရားပျို-ကမာကဘန်လမ်းဖြစ်ပြီး လမ်းစာရင်းတွင် ကတ္တရာလမ်း (၂မိုင်)၊ ကျောက်လမ်း(၂မိုင်)၊ ဂဝံလမ်း (၀/၆မိုင်)၊ မြေသားလမ်း(၅/၅မိုင်) စုစုပေါင်း(၁၀မိုင် ၃ ဖာလုံ) ရှိပါသည်။လွှတ်တော်ကိုယ်စားလှယ်ဆောင်ရွက်လိုသောလမ်းမှာ ၎င်းလမ်းပိုင်းထဲမှ ကျောက်လမ်း(၂မိုင်)အပိုင်းဖြစ်ပါသည်။အဆိုပါ ကျောက်လမ်းအား ကတ္တရာလမ်း အဖြစ်အဆင့်မြှင့်တင်မည်ဆိုပါက(၂/၀မိုင်×၁၂'×၁၂") ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောလမ်းအပိုင်းမှာ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ပါဝင်ခဲ့ခြင်းမရှိ၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေရရှိမှုနှင့် ဦးစားပေးအဆင့်အတန်းအလိုက် သတ်မှတ်ချက်ပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ အေးချမ်း(၁)လမ်း၊ အေးချမ်း(၂)လမ်း၊ ဇီဇဝါလမ်းနှင့် ခတ္တာလမ်းများရှိ မီးတိုင်၊ မီးကြိုးများကို စံချိန်စံနှုန်းပြည့်မီသည့်ကြိုးများ၊ တိုင်များနှင့် လဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်၊ အေးသာယာရပ်ကွက်၊ အေးချမ်း(၁)လမ်းတွင် လက်ရှိအနေဖြင့် သံတိုင်(၃)တိုင်၊ ACSR 35mm$^2$ ကြိုးများဖြင့် ၄၀၀ ဗို့လိုင်း (၃၆၀)ပေ၊ အေးချမ်း (၂)လမ်းတွင် သစ်သားတိုင်(၇)တိုင်၊ ACSR 35mm$^2$ကြိုးများဖြင့် ၄၀၀ဗို့လိုင်း (၈၄၀)ပေတို့ဖြင့် တည်ဆောက်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဇီဇဝါလမ်းနှင့် ခတ္တာလမ်းများတွင် လက်ရှိအနေဖြင့် ၄၀၀ဗို့လိုင်းများ တည်ဆောက်ထားခြင်းမရှိဘဲ ရှည်လျားဆားဗစ်ကြိုးများဖြင့်သာ ဓာတ်အားသွယ်တန်းရယူထားပါသည်။ ဇီဇဝါလမ်းနှင့် ခတ္တာလမ်းများသို့ ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက အဆိုပါလမ်းများတွင် ၄၀၀ ဗို့လိုင်း (၆၀၀)ပေစီ တိုးချဲ့တည်ဆောက်ပေးရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအား (၂၀၁၈-၂၀၁၉) တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိပါက လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၃) **"ဝေါ်မြို့အဝင် ပန်းခြံအနီးတွင် 200KVA ထရန်စဖော်မာတစ်လုံး ထပ်မံချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ဝေါ်မြို့နယ်၊ ကျုံရဲ့ကျေးရွာနှင့် ဘိုကတော်ကျေးရွာချင်းဆက် မြေသားလမ်းကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး ဝေါ်မြို့အဝင်ရှိ ဌာနဆိုင်ရာရုံးများဖြစ်ကြသော စည်ပင်ရုံး၊ သစ်တောရုံး၊ စီမံကိန်းရုံး၊ သမဝါယမရုံး၊ ပညာရေးမှူးရုံး၊ စက်မှုလယ်ယာရုံး၊ တရားရုံး၊ လဝကရုံးများမှာ လျှပ်စစ်Voltအားအဝင်နည်းသဖြင့် စာစီစာရိုက်၊ မိတ္တူဆွဲလုပ်ငန်းများလုပ်ဆောင်ရာတွင် မီးစက်နှိုး၍လုပ်ဆောင်နေရသည့်အခက်အခဲများကိုဖြေရှင်းနိုင်ပြီး ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် တိုးချဲ့ရပ်ကွက်နေပြည်သူများ လျှပ်စစ်မီးအပြည့်အဝအသုံးပြုနိုင်ရန်အတွက် ဝေါ်မြို့အဝင်ပန်းခြံအနီးတွင် 200KVA ထရန်စဖော်မာတစ်လုံး ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ဝေါ်မြို့နယ်၊ ကျုံရဲ့ကျေးရွာ နှင့် ဘိုကတော်ကျေးရွာတို့၏ ရွာချင်းဆက်လမ်းကို ကျုံရဲ့-ဘိုကတော်ကျေးရွာပြည်သူများက အကျယ် ၂၀ပေ အရှည်၂မိုင် ရှိ မြေသားလမ်းကို စုပေါင်းဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

အဲ့ဒီမြေသားလမ်းဟာ သနပ္ပင်မြို့နယ်ရှိ ကျီးပင်စု၊ ကုလားချောင်းကြီး၊ သနပ်တန်း၊ ကျုံပါချောင်းဝ စသည့်ကျေးရွာများမှ ကျုံရဲ့-ဘိုကတော်-ဖိုးစပါယ်-ညောင်ခါးရှည်ရွာချင်းဆက်လမ်းမှတစ်ဆင့် ရန်ကုန်-မော်လမြိုင်လမ်းမကြီးကို ဆက်သွယ်တဲ့လမ်းဖြစ်လို့ ဒေသအတွက်အမှန်တကယ်အားကိုးရတဲ့ မြို့ချင်းဆက်လမ်းလည်း ဖြစ်ပါတယ်။

အဲဒါကြောင့် ဝေါ်မြို့နယ်နှင့် သနပ္ပင်မြို့နယ် ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ ဒေသ ဖွံ့ဖြိုးရေးနှင့် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရေးတို့အတွက် အထူးအားထားရသော ကျုံရဲ့-ဘိုကတော် ဆက်သွယ်ရေးလမ်းမကြီးကို မြေသားလမ်းမှဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ဝေါမြို့အဝင် ပန်းခြံအနီးတွင် 200KVA ထရန်စဖော်မာတစ်လုံး ထပ်မံချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့အဝင်ရှိ ဌာနဆိုင်ရာရုံးများဖြစ်ကြသော စည်ပင်ရုံး၊ သစ်တောရုံး၊ စီမံကိန်းရုံး၊ သမဝါယမရုံး၊ ပညာရေးမှူးရုံး၊ စက်မှုလယ်ယာရုံး၊ တရားရုံး၊ လဝကရုံးများ ရုံးလုပ်ငန်းများအဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်ရန်နှင့် တိုးချဲ့ရပ်ကွက်နေပြည်သူများ လျှပ်စစ်မီးပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် အဆိုပါရုံးများနှင့်နီးစပ်ပြီး လျှပ်စစ်နည်းပညာအရ ဝေါမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအနီးတွင် (၁၁/၀. ၄)ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တိုးချဲ့တည်ဆောက်ရန် (၂၀၁၈-၂၀၁၉) တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိပါက လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ဝေါမြို့နယ်၊ ကျုံရဲ့ကျေးရွာနှင့် ဘိုကတော်ကျေးရွာချင်းဆက် မြေသားလမ်းကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ အဆိုပါလမ်းမှာ ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နယ် ကျုံရဲ့ကျေးရွာနှင့် ဘိုကတော်ကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ကျေးရွာနေပြည်သူများ ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့သော မြေသားလမ်းသစ်(၂မိုင်×၂၀') ရှိပါသည်။၎င်းလမ်းသည် Class (C) လမ်းဖြစ်သော ဘုရားပျို-ဘိုကတော်လမ်းအား ဆက်သွယ်ထားသောလမ်းဖြစ်ပါသည်။အဆိုပါ မြေသားလမ်းအား ဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက (၂/၀မိုင်×၁၂'×၈") ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောလမ်းအပိုင်းမှာ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင်ပါဝင်ခဲ့ခြင်းမရှိ၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေရရှိမှုနှင့် ဦးစားပေးအဆင့်အတန်း သတ်မှတ်ချက်ပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **" ပန်းတောင်း-တောင်ကုတ်လမ်း ဥသျှစ်ပင်မြို့၊ ညောင်ခြေထောက်ရွာအနီး လဝကဂိတ်နားလမ်းဘေးဝဲယာရေမြောင်းများနှင့် လမ်းပြုပြင်ခြင်း အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပန်းတောင်းမြို့နယ်၊ ဇရပ်လှအုပ်စု၊ ညောင်ပင်သာကျေးရွာလမ်းအား (၂၀၁၈-၂၀၁၉) ဘတ်ဂျတ်တွင် ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၇ခုနှစ်၊ ဇူလိုင်လ၊ (၁၀)ရက်တွင် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ ပန်းတောင်းမြို့နယ်သို့ လာရောက်သည့်အချိန်တွင် BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်သော နေလသစ္စာကုမ္ပဏီမှပြုလုပ်ရမည့် ပန်းတောင်း-တောင်ကုတ်လမ်း၊ ဥသျှစ်ပင်မြို့ ညောင်ခြေထောက်ကျေးရွာအနီး လဝကဂိတ်နား လမ်းဘေးဝဲယာရေမြောင်းများကို စက်များဖြင့်ဖော်ပေးမည် သက်ဆိုင်ရာဌာနများမှ ပေါင်းစပ်ပေးပါရန် နေလသစ္စာတာဝန်ရှိသူမှပြောကြားရာ ကျန်ဌာနများမှပေါင်းစပ်သော်လည်း ယခုအချိန်ထိ ရေမြောင်းတူးဖော်ခြင်းမရှိသလို ရေမြောင်းမကောင်းသောကြောင့် ရေများလျှံသဖြင့် လမ်းများပျက်စီးနေသည်ကိုလည်း မိုးပြတ်လျှင်ပြတ်ချင်း ချက်ချင်းလုပ်ပေးမည်ပြောသော်လည်း၊ မိုးပြတ်သော်လည်း မလုပ် ယခုထိလည်းလုပ်ဆောင်ခြင်းမရှိသဖြင့် ကြီးကြပ်လမ်းညွှန်သတိပေး၍ ဥသျှစ်ပင်မြို့-ညောင်ခြေထောက်ကျေးရွာ အနီး လဝကဂိတ်နား လမ်းဘေးဝဲယာရေမြောင်းများနှင့်လမ်းပြုပြင်ခြင်း အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ ဇရပ်လှအုပ်စု၊ ညောင်ပင်သာရွာတွင် အိမ်ထောင်စု(၄၂)ခုရှိပြီး လူဦးရေ(၁၅၀)ခန့်ရှိပါသည်။ ညောင်ပင်သာရွာမှ သနီချောင်းအထိ အရှည်(၁၆၅၀)ပေမှာ လမ်းခင်းပေးရန်အလွန်လိုအပ်လျက်ရှိပါသည်။ မူလကကျေးရွာတွင် လမ်းကောင်းမွန်စွာ မရှိသည့်အတွက် ပညာရေး၊ ကျန်းမာရေးခက်ခဲသလို စီးပွားရေးကိစ္စများတွင် အများနှင့် ယှဉ်လျှင်နိမ့်ကျပြီး လူမှုရေးကိစ္စများလည်း ပျက်ကွက်လျက်ရှိပါသည်။ ကျေးရွာမှကျေးလက်လမ်းဖောက်လုပ်ရန် လိုအပ်သည့် လမ်းဘေးဝဲယာမြေနေရာများကို ပိုင်ရှင်များမှလှူဒါန်းမည်ဖြစ်ပြီး လမ်းအူကြောင်းအား ကျေးရွာမှစုပေါင်း၍ ပြုလုပ်မည်ဖြစ်ပါသည်။ ထိုလမ်းအူကြောင်းပေါ်မှ ဂဝံလမ်းအဖြစ် ၂၀၁၈-၂၀၁၉ဘတ်ဂျက်တွင် ချထားပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ပန်းတောင်း-တောင်ကုတ်လမ်း ဥသျှစ်ပင်မြို့၊ ညောင်ခြေထောက်ရွာအနီး လဝကဂိတ်နား လမ်းဘေးဝဲယာရေမြောင်းများနှင့် လမ်းပြုပြင်ခြင်း အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍နေလသစ္စာကုမ္ပဏီမှ ပန်းတောင်း-တောင်ကုတ်လမ်း ဥသျှစ်ပင်မြို့ ညောင်ခြေထောက်ရွာအနီး လဝကဂိတ်နားလမ်းဘေးဝဲ/ယာရေမြောင်းများကို စက်ဖြင့်ဖော်ပေးမည်၊ ကျူးကျော်များဖယ်ပေးပြီးမှ ရေမြောင်းတူးပေးမည်ဟု ပြောကြားလာပါသဖြင့် ပန်းတောင်းမြို့နယ်လမ်းဦးစီးဌာနမှ (၁. ၇. ၂၀၁၇)ရက်နေ့စွဲပါ စာအမှတ်-၂၀၀/၂၀၁၇/ကျူးကျော်ဖြင့် ကျူးကျော်ဆိုင်များအားဖယ်ရှားပေးရန် အကြောင်းကြားစာများ ပေးပို့ခဲ့ပါသည်။

ရေမြောင်းတူးလျှင် လမ်းဦးစီးဌာန ပန်းတောင်းမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)နှင့် ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးများမှ ကြီးကြပ်ပြီးဆောင်ရွက်ပေးပါမည်ဟု ကုမ္ပဏီအားမှာကြားထားပြီးဖြစ်ပါသည်။

ၚင်းနေလသစ္စာကုမ္ပဏီမှ လမ်းဘေးဝဲ/ယာရေမြောင်းနှင့် လမ်းပြုပြင်ခြင်းအား မိုးရာသီကုန်ဆုံးချိန်တွင် ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။ ယခုအခါတွင် မိုးရာသီကုန်ဆုံးပြီဖြစ်သော်လည်း မိုးများဆက်လက်ရွာသွန်းလျက် ရှိပါသဖြင့် မိုးရွာသွန်းမှုရပ်စဲသည်နှင့် ရေမြောင်းများတူးဖော်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးမည် ဟုလည်းပြောကြားခဲ့ပါသည်။

သို့ပါ၍ နေလသစ္စာကုမ္ပဏီအားတွေ့ဆုံ၍ နိုဝင်ဘာလပထမပတ်အတွင်း စတင်ဆောင်ရွက်ပေးပါမည် ဟု ကတိတစ်ခုရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် နိုဝင်ဘာလပထမပတ်မှစတင်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပန်းတောင်းမြို့နယ်၊ ဇရပ်လှအုပ်စု၊ ညောင်ပင်သာကျေးရွာ လမ်းအား (၂၀၁၈-၂၀၁၉)ဘတ်ဂျတ်တွင် ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ဇရပ်လှကျေးရွာအုပ်စု ညောင်ပင်သာရွာမှ သနီချောင်းအထိလမ်းပိုင်းသည် လက်ရှိအခြေအနေ တွင် လယ်ကန်သင်းရိုးများပေါ်တွင်သွားလာရသော ခြေလျင်သွားလမ်း အဆင့်သာရှိပါသေးသည်။ အဆိုပါလမ်းပိုင်း အား မြေသားလမ်းအသစ်ဖောက်လုပ်ရန် ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ CRRN လမ်းစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ ညောင်ပင်သာရွာမှ သနီချောင်းအထိ မြေသားလမ်းအသစ် ဖောက်လုပ်မည်ဆိုပါက (၂၇၀၀'× (၁၈'×၂၄')/၂× ၂' ) နှင့် Box Culvert (၃)စင်း ထည့်သွင်း တည်ဆောက်ရမည်ဖြစ်ပြီး ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေရရှိမှုနှင့် ဦးစားပေးအဆင့်အတန်းလမ်းသတ်မှတ်ချက် ပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ဖြူးဘူတာတွင် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လက်ရှိဟောင်းနွမ်းပျက်စီးနေသော လိုင်းခန်းများအား ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဖြူးဘူတာတွင် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ ဆောက်လုပ်ပေးခြင်း၊ လက်ရှိဟောင်းနွမ်းနေသောလိုင်းခန်းများအား ပြုပြင်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးဘူတာတွင် လက်ရှိဝန်ထမ်းများအတွက် လိုင်းခန်းများလိုအပ်ချက်နှင့် လက်ရှိ ဟောင်းနွမ်းပျက်စီးနေသော လိုင်းခန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဖြူးဘူတာဝန်ထမ်းများ

| ရှိရင်းအင်အား | လိုင်းခန်းရရှိမှု | လိုင်းခန်းမရရှိမှု | ပြုပြင်ရန်လိုအပ်မှု |
|---|---|---|---|
| ၁၉ဦး | ၁၄ခန်း | ၅ခန်း | ၁၁ခန်း |

- အငယ်တန်းအင်ဂျင်နီယာ(၁)သံလမ်းရုံး

| ရှိရင်းအင်အား | လိုင်းခန်းရရှိမှု | လိုင်းခန်းမရရှိမှု | ပြုပြင်ရန်လိုအပ်မှု |
|---|---|---|---|
| ၃၀ဦး | ၃၀ခန်း | မရှိ | မရှိ |

- တွဲပြင်ဌာန

| ရှိရင်းအင်အား | လိုင်းခန်းရရှိမှု | လိုင်းခန်းမရရှိမှု | ပြုပြင်ရန်လိုအပ်မှု |
|---|---|---|---|
| ၁၄ဦး | ၁၃ခန်း | ၁ခန်း | ၉ခန်း |

သို့ဖြစ်ပါ၍ ဖြူးဘူတာဖွဲ့စည်းပုံအင်အားအတွက် လိုအပ်သောလိုင်းခန်းများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပျက်စီးယိုယွင်းနေသော လိုင်းခန်းများကို ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးဘူတာတွင် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လက်ရှိဟောင်းနွမ်းပျက်စီးနေသော လိုင်းခန်းများအား ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်း၍အထက်ဖော်ပြပါ မြန်မာ့မီးရထားဌာန (၃)ခုရှိဝန်ထမ်းများနေအိမ်လိုအပ်မှု၊ ဘူတာဝန်ထမ်းအိမ်ရာ (၅)ခန်း၊ တွဲပြင်ဌာနအိမ်ရာ (၁)ခန်း၊ စုစုပေါင်း(၆)ခန်း လိုအပ်ပါသည်။ သို့သော်လည်း မီးရထားဌာနမှာ ရန်ပုံငွေရရှိမှုနည်းပါးသည့်အတွက် အဆိုပါ (၆)ခန်းကို လတ်တလောအနေနဲ့ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြေကြားအပ်ပါသည်။ ပြုပြင်ပေးရန် အတွက် ဘူတာဝန်ထမ်း (၁၁)ခန်းနှင့် တွဲပြင်ဌာနဝန်ထမ်းအိမ် (၉)ခန်း၊ စုစုပေါင်း (၂၀)ခန်း ဖြစ်ပါသည်။ ထိုအခန်း (၂၀) အတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ပြင်ထိန်းရန်ပုံငွေမှ အမိုးကိုလုံအောင်လုပ်ကိုင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အကာ နှင့်အခင်းကို ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေမှာထည့်သွင်း၍ လုပ်ကိုင်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းဖြေကြားအပ်ပါသည်။ ထို့အပြင်ရထားဌာနမှလိုအပ်မှုများကို အင်ဂျင်နီယာမှူးမြို့ပြနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးတို့ အတူတကွသွားရောက်စစ်ဆေးမည်ဖြစ်ကြောင်းလည်း လေးစားစွာဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်-၅၈/၄၊ ၅၉/၀ ကြား ဒုံးတိုရွာတွင်ရှိ ၃'ပိုက်ပွန်တံတားသည် မြေသားတင်လမ်းချဲ့ခြင်း လုပ်ငန်း များကြောင့် ပွန်ပေါက်ပိတ်သွားခဲ့သဖြင့် လမ်းလုပ်ငန်းစီမံကိန်းများနှင့်အညီ ပွန်ပေါက် တံတားတစ်စင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်-၃၃ /၄၊ ၃၄/၀ကြား၊ ကြက်တက်ညောင်ပင်ကျေးရွာအပိုင်းရှိ ၁'⌀ပိုက်ပြွန်တံတားသည် နုန်းအနယ်အနှစ်များနှင့်အမှိုက်များ ပိတ်ဆို့နေခြင်းကြောင့် ၁'⌀ ပိုက်ပြွန်တံတားအစား ၃'⌀ပိုက်ပြွန်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် - ၅၈/၄၊ ၅၉/၀ ကြား ဒိုးတိုရွာတွင်ရှိ ၃'⌀ပိုက်ပြွန်တံတားသည် မြေသားတင်လမ်းချဲ့ခြင်းလုပ်ငန်းများကြောင့် ပြွန်ပေါက်ပိတ်သွားခဲ့သဖြင့် မိုးတွင်းရေကြီးချိန်တွင် ရေစီးရေလာမရှိတော့သဖြင့် ဒိုးတိုရွာတွင်း ရေကြီးမှုဖြစ်ပေါ်ခြင်း၊ လယ်ယာမြေများနစ်မြုပ်မှု ဖြစ်ပွားလာသဖြင့် ကျေးရွာသားများမှ ၎င်းပိတ်ဆို့မြေသားများအား ဖယ်ရှားရှင်းလင်းလိုက်ရပါသည်။ ထို့ကြောင့် ၎င်းပြွန်ပေါက်တံတားအား ဆက်လက်ဆောင်ရွက်မည့် လမ်းလုပ်ငန်းစီမံကိန်းများနှင့်အညီ ပြွန်ပေါက်တံတားတစ်စင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် - ၃၃/၄၊ ၃၄/၀ ကြား ကြက်တက်ညောင်ပင်ကျေးရွာအပိုင်းရှိ ၁'⌀ ပိုက်ပြွန်တံတားသည် ယခုအခါ နုန်းအနယ်အနှစ်များနှင့် အမှိုက်များပိတ်ဆို့နေခြင်းကြောင့် ရေစီးရေလာကောင်းမွန်မှုမရှိတော့သဖြင့် မိုးတွင်းအခါတွင် ကြက်တက်ညောင်ပင်ရွာသည် နှစ်စဉ်လိုလို ရေကြီးမှုနှင့်ကြုံတွေ့နေရပါသဖြင့် ၎င်း၁'⌀ ပိုက်ပြွန်တံတားအစား ၃'⌀ ပိုက်ပြွန်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်-၅၈/၄၊ ၅၉/၀ ကြား ဒိုးတိုရွာတွင်ရှိ ၃'ပိုက်ပြွန်တံတားသည် မြေသားတင်လမ်းချဲ့ခြင်းလုပ်ငန်းများကြောင့် ပြွန်ပေါက်ပိတ်သွားခဲ့သဖြင့် လမ်းလုပ်ငန်းစီမံကိန်းများနှင့်အညီ ပြွန်ပေါက်တံတားတစ်စင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း (ကျောက်ကြီး-မုန်းအပိုင်း) မိုင်(၅၈/၄-၅၉/၀) အတွင်းရှိ ဒိုးတိုရွာအနီး (၃'⌀) ပိုက်ပြွန်တံတားသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လွှတ်တော်ရန်ပုံငွေအစီအစဉ်ဖြင့် ဒိုးတိုရွာအဝင်လမ်း/တံတားတည်ဆောက်စဉ် မြေစာများစွန့်ပစ်မှုကြောင့် ပိတ်ဆို့သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍

မိုးတွင်းကာလရေစီးရေလာမရှိခြင်းကြောင့် ဖုံးတိုရွာအတွင်း ရေကြီးမှုဖြစ်ပေါ်ခြင်း၊ လယ်ယာမြေများနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ပါသဖြင့် ပိတ်ဆို့နေသောမြေသားများအား ဖယ်ရှားရှင်းလင်းခဲ့ပါသည်။

ထို့ကြောင့် ရေစီးရေလာကောင်းမွန်စေရန် လယ်ယာမြေရေနစ်မြုပ်မှု၊ ရေကြီးမှုများအား ကာကွယ်ရန်အတွက် အဆိုပါ (၃'⌀)ပိုက်ပြွန်အား (၅'×၅'×၄၀') သံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ရန် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်-၃၃ /၄၊ ၃၄/၀ကြား၊ ကြက်တက်ညောင်ပင်ကျေးရွာအပိုင်းရှိ ၁'⌀ ပိုက်ပြွန်တံတားသည် နှုန်းအနယ်အနှစ်များနှင့်အမှိုက်များ ပိတ်ဆို့ နေခြင်းကြောင့် ၁'⌀ ပိုက်ပြွန်တံတားအစား ၃'⌀ ပိုက်ပြွန်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိမိုင်တိုင်အမှတ်-၃၃/၄၊ ၃၄/၀ကြား၊ ကြက်တက်ညောင်ပင်ကျေးရွာအပိုင်းရှိ (၁'⌀)ပိုက်ပြွန်တံတားသည် လမ်းဦးစီးဌာနပိုင်လမ်းမကြီးပေါ်တွင် တည်ရှိနေသောကြောင့် လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် လုပ်ကိုင်ဆောင်ရွက်ရန် ဘတ်ဂျက်လျာထားပြီးဖြစ်၍ ရန်ပုံငွေရရှိပါက လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်-၄၂/၆၊ ၄၃/၀ကြားရှိ တုံးတောရွာနှင့် အောင်လောင်းစိန် တံတားအကြား ၃'⌀အမ်ကိုးပိုက်ပြွန်တံတားသည် လမ်းဘေးတစ်ဖက်စီတွင် မြေသားတင်လမ်းချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ရာ၌ ပိတ်ဆို့သွားပါသဖြင့် လမ်းလုပ်ငန်းစီမံကိန်းနှင့်အညီ ပြွန်ပေါက်တံတားတစ်စင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် - ၄၂/၆၊ ၄၃/၀ကြားရှိ တုံးတောရွာနှင့် အောင်လမ်းစိန် တံတားကြား ၃'⌀အမ်ကိုးပိုက်ပြွန်တံတားသည် ယခုအခါလမ်းဘေးတစ်ဖက်စီတွင် မြေသားတင်လမ်းချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းပြွန်ပေါက်တံတားအား ပိတ်ဆို့သွားပါသဖြင့် မိုးတွင်းရေကြီးသည့်အချိန်တွင် ရေစီးရေလာမရှိတော့၍ လယ်ကွက်များရေနစ်မြုပ်နေသဖြင့် တောင်သူများမှ ၎င်းပိတ်ဆို့သွားသောမြေသားများအား ဖယ်ရှားလိုက်သဖြင့် ယခုအခါတွင် ၎င်းပြွန်ပေါက်နေရာသည် ကတ္တရာလမ်းပုခုံးသားများ ပြိုကျလာမှုကြောင့် မြေထိန်းနံရံတည်ဆောက်၍ ပြုပြင်ထားရပါသည်။ ထို့ကြောင့် ၎င်းပြွန်ပေါက်နေရာတွင် ဆက်လက်ဆောင်ရွက်မည့် လမ်းလုပ်ငန်းစီမံကိန်းနှင့်အညီ ပြွန်ပေါက်တံတားတစ်စင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင် အမှတ်-၄၂/၆၊ ၄၃/၀ကြားရှိ တုံးတောရွာနှင့် အောင်လောင်းစိန်တံတားအကြား ၃'ø အမ်ကိုးပိုက်ပြွန် တံတားသည် လမ်းဘေးတစ်ဖက်စီတွင် မြေသားတင်လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပိတ်ဆို့ သွားပါသဖြင့် လမ်းလုပ်ငန်းစီမံကိန်းနှင့်အညီ ပြွန်ပေါက်တံတားတစ်စင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီး-မုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်-၄၂/၆၊ ၄၃/၀ကြား၊ တုန်းတောရွာနှင့် အောင်းလောင်းစိန်တံတားကြား( ၃'ø)ပိုက် ပြွန်တံတားသည် လမ်းဦးစီးဌာနပိုင် လမ်းမကြီးပေါ်တွင်တည်ရှိနေသောကြောင့် လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရန် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအားပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့် ရယူထားပြီး ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့်ရယူထားပြီး ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့တိုက်တွန်းကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ။** ။သို့ဖြစ်၍ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ-ကျွန်တော်က တောင်ငူမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းရဲ့အဆိုဖြစ်တဲ့ **"နိုင်ငံတော်ပိုင်မြေ အဆောက်အဦတို့ကို နည်းအမျိုးမျိုးဖြင့်ရယူထားပြီး လုပ်ငန်းဆောင်ရွက်မှုမရှိသော မြေအဆောက်အအုံ တို့အား နိုင်ငံပိုင်အဖြစ်ပြန်လည်သိမ်းဆည်းသွားရန်"**ဟူသောအဆိုကို ထောက်ခံဆွေးနွေးသွားမည့် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အပြောကျယ်လှသောမြေယာများ ပေါကြွယ်လှတဲ့သဘာဝသယံဇာတများ မြောက်များစွာရှိနေကြပါတယ်။ ဒါပေမယ့် လွန်ခဲ့သောနှစ်ပေါင်း(၂၀)ခန့်ကာလအတွင်း လုပ်ငန်းရှင်ကြီးများ၊ သူဌေးကြီးများ၊ ခရိုနီများနှင့် အာဏာပိုင်တချို့တို့က သူတို့ရဲ့အမွေရပစ္စည်းသဖွယ်ခွဲဝေယူထားကြတဲ့အတွက် တောပြုန်းတောင်တွေလည်း ကတုံးဖြစ်ပြီး၊ လက်ညှိုးညွှန်ရာသူတို့မြေအဖြစ်ယူထားခဲ့ကြလို့ ပြည်သူတို့ရဲ့ဆင်းရဲတွင်းဟာ ပိုနက်ခဲ့ကြရပါတယ်။

ကျွန်တော်တို့ရဲ့ ပဲခူးမြို့နယ်အနေနဲ့ မြေပုံပေါ်မှာကြည့်ရင်တော့ မြေနေရာလပ်ဆိုတာ မရှိသလောက် ရှားပါးနေတာကို တွေ့ရပါလိမ့်မည်။ သို့သော်လည်းတကယ်မြေပြင်ကို ကွင်းဆင်းကြည့်မယ်ဆိုရင် မြေလပ်တွေများစွာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဥပမာအနေဖြင့် စက်မှုဇုံမြေနေရာများကိုကြည့်မည်ဆိုလျှင် စက်ရုံတည်ဆောက်ပြီး လုပ်ငန်းဆောင်ရွက်နေသောလုပ်ငန်းရှင်များအား လက်ချိုးလို့ရေကြည့်မယ်ဆိုလျှင်တောင်ရနိုင်လောက်တဲ့ အနေအထားမှာ ရှိနေပါတယ်။ ကျန်လုပ်ငန်းရှင်အမည်ခံပြီးယူထားသူများကတော့ တချို့ကခြံစည်းရိုးကာရုံသာရှိပြီး တချို့ကခြံစည်းရိုးတောင် ကာရံထားခြင်းမရှိသေးပါ။ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောမြေများမှာ ဧကေ ရာ၊ ထောင်ချီပြီးရှိနေပါတယ်။ စာချုပ်ပါ စည်းကမ်းများနဲ့ ကိုက်ညီခြင်းလည်းမရှိပါဘူး။ ပထမခြောက်လမှာ လုပ်ငန်းစတင်ပြီး (၂)နှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမည်ဆိုထားသော်လည်း ယနေ့တိုင်မြက်တော၊ ကိုင်းတောအဆင့်မှာဘဲ ရှိနေသေးတာကြောင့် နိုင်ငံတော် အနေနဲ့ရော မြေယာအသိမ်းဆည်းခံ တောင်သူများအနေနဲ့ပါ လွန်စွာနစ်နာကြရပါတယ်။ မြေနေရာယူထားပြီး မြေရောင်း၊ မြေဝယ်သဘောမျိုးနဲ့ ရင်းနှီးမြုပ်နှံနေကြကြောင်း စုံစမ်းသိရှိရပါတယ်။

ထို့နည်းအတူ နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အဦများကိုလည်း တစ်ဆင့်ငှားရမ်းရောင်းဝယ် လုပ်ငန်းများမျှော်လင့်ပြီး ရယူထားခြင်းမျိုးတွေလည်း မြောက်များစွာရှိနေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းရဲ့ **"နိုင်ငံတော်၏ မြေယာများ၊ နိုင်ငံပိုင်အဆောက်အအုံများကို နည်းအမျိုးမျိုးဖြင့်ရယူထားကြပြီး လုပ်ငန်းဆောင်ရွက်ခြင်း မရှိသော မြေယာအဆောက်အအုံများကို နိုင်ငံတော်ပိုင်အဖြစ်ပြန်လည်သိမ်းဆည်းရယူပါရန်"** အဆိုကိုလေးနက်စွာ ထောက်ခံအပ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါသည်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေး ပေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအေးမင်းဝင်းတင်သွင်းထားသည့် **"ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာ များအား ပုဂ္ဂလိကလုပ်ငန်းရှင်များကနည်းအမျိုးမျိုးဖြင့်ရယူထားပြီး ယနေ့အထိလုပ်ငန်းအကောင်**

**အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို မိမိအနေဖြင့်ထောက်ခံဆွေးနွေးမှုဖြစ်ပါသည်။ ၎င်းအဆိုကို ပြန်ပြီးသုံးသပ်ကြည့်ကြမည်ဆိုလျှင် ၎င်းအဆိုမှာ ဥပဒေနှင့်ညီညွတ်သည်ကို ဥပဒေနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ပြထားသည့်အဆိုတစ်ခုဖြစ်သည်ဟု မိမိအနေဖြင့် ပထမဦးစွာသုံးသပ်တင်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအဆိုမှာပြောမည်ဆိုလျှင် အစိုးရအဖွဲ့၏ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်သွားမည်ဆိုလျှင် ၎င်းအဆိုကိုတင်ပြပြီးဆောင်ရွက်စရာမလိုဘူး ဟုယူဆသည့်အတွက်ကြောင့် တင်ပြရခြင်းဖြစ်ပါသည်။ မိမိအနေဖြင့် ၎င်းအဆိုနှင့်ပတ်သက်ပြီး အပိုင်း(၃)ပိုင်း ဆွေးနွေးတင်ပြ သွားမည်ဖြစ်ပါသည်။

ပထမပိုင်းမှာ မိမိတို့လက်ရှိ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်ပြီး နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကို မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းနေသည့် ဥပမာလေးနှင့် စံထိုးပြီးဆွေးနွေးသွားမည်ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေသည့်နိုင်ငံရေးအခြေအနေမှာ မိမိတို့နိုင်ငံတော်အရေးကြီးဆုံး Issue တစ်ခုဖြစ်သည့် ရခိုင်ပြဿနာမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် အပိုင်း(၃)ပိုင်းခွဲပြီး ရပ်တည်သွားတာဖြစ်ပါသည်။ ပထမအပိုင်းက ပြည်သူများကိုဆန့်ကျင်မလား၊ နောက်တစ်ပိုင်းက နိုင်ငံတကာကိုဆန့်ကျင်မလား၊ နောက်တစ်ပိုင်းက ဥပဒေနှင့် အညီဆောင်ရွက်မလားဆိုပြီးအပိုင်း(၃)ပိုင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်သွားသည်ဟု မိမိအနေဖြင့် တင်ပြလိုပါသည်။ ပထမတစ်ခုအနေနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သည့်နေရာမှာ ပြည်သူများ၏မေတ္တာကို ခံယူရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အတိုင်ပင်ခံသည် ရခိုင်အရေးမှာဆောင်ရွက်သွားသည်ကို ကြည့်မည်ဆိုလျှင် ပြည်သူများ၏မေတ္တာကိုခံယူပြီး ပြည်သူများဘက်က မားမားမတ်မတ်ရပ်တည်ပြီး နိုင်ငံတကာနှင့် ပြောဆိုဆွေးနွေးရသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ နောက်တစ်ခုအနေနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်သွားသည်မှာ ဘင်္ဂါလီများကိုပြန်လက်ခံသည့်နေရာမှာ ဥပဒေနှင့်အညီပြန်လက်ခံမည်ဆိုသည့်အတွက်ကြောင့် ပြဿနာများကိုဖြေရှင်းသည့်အခါ ဥပဒေနှင့်အညီ ဖြေရှင်းမည်ဆိုသည့် Message ကိုပြည်သူများအားပေးချင်သည် ဟုယူဆသည့်အတွက် မိမိအနေဖြင့် ၎င်းအဆိုနှင့်ပတ်သက်ပြီး ပထမပိုင်းကိုဆွေးနွေးတင်ပြလိုခြင်းဖြစ်ပါသည်။

ပထမပိုင်းအစိုးရအဖွဲ့ကအဆိုများကို ဆောင်ရွက်သည့်နေရာမှာ မည်သူ့မျက်နှာကိုမျှမကြည့်ဘဲ မိမိတို့ သစ္စာဆိုထားသည့် ပြည်သူနှင့်ပြည်သူ့အကျိုးအတွက်ပဲကြည့်ပြီး ဆောင်ရွက်သွားရန်လိုမည်ဟုမိမိအနေဖြင့် ပထမအဆင့် ဆွေးနွေးတင်ပြချင်ပါသည်။

ဒုတိယအပိုင်းအနေဖြင့် လက်ရှိဖြစ်ပျက်နေသည့် အခြေအနေများကို ဥပမာပေးပြီးတင်ပြလိုပါသည်။ မိမိတို့ လက်ပံတန်းမြို့နယ်မှာ ဦးအေးမင်းဝင်းတင်ပြခဲ့သည့်အတိုင်း ယခင်ခေတ်အဆက်ဆက်က ဆောင်ရွက်လာခဲ့သည့် တန်(၂၅၀)စက်ရုံကြီးသည် ဟိုးယခင်ကလည်ပတ်ပြီး ပြည်သူများကိုအလုပ်အကျွေးပြုနိုင်ခဲ့သည်မှာ ဥက္ကဋ္ဌကြီးလည်း အသိပင်ဖြစ်ပါသည်။ မိမိတို့မြို့မှာ ၎င်းစက်ရုံကို မည်သူကပိုင်ဆိုင်သည်ကို မေး၍မရပါကြောင်း၊ မည်သူရထားသည် ကိုလည်းမသိပါကြောင်း၊ မည်သူ့ကိုမျှမေး၍မရဖြစ်နေပါကြောင်း၊ မိမိတို့မြို့နယ်မှ တန်(၂၅၀)စက်ရုံကြီးသည် ယင်းကဲ့သို့ သော အခြေအနေဖြစ်နေပြီး ၎င်းစက်ရုံသည်မြို့၏အလယ်ခေါင် တည့်တည့်မှာ ဖြစ်နေပါကြောင်း၊ ၎င်းစက်ရုံမှာ ယခင်ကကုန်လှောင်ရုံဖြစ်ပြီး ၎င်းကုန်လှောင်ရုံအား မည်သူပိုင်သည်ကို ကုန်သွယ်ရေးသို့မေးသည့်အခါ ဗိုလ်မှူး တစ်ယောက်ပိုင်သည်ဟုဆိုပြီး မည်သည့်ဗိုလ်မှူးဖြစ်သည်ကိုမသိရပါကြောင်း၊ ယခုအဆိုများကိုဆွေးနွေးသည့်အခါ

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို ရှိစေချင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဝန်ကြီးချုပ်နှင့်မိမိတို့ပြောဆို ဆွေးနွေးသည့်အခါမှာ လွှတ်တော်တွင်အဆိုတင်ထားသည်ကို ဝန်ကြီးချုပ်မှမိမိမသိရပါလားဟုပြောသည့်အတွက် ယခု အစည်းအဝေးတက်ရောက်လျက်ရှိသည့် အစိုးရအဖွဲ့ဝင်များက Cabinet အစည်းအဝေးတွင် ၎င်းအချက်ကို တင်ပြပေးရန် မေတ္တာရပ်ခံပါကြောင်း၊ ယခုမဆွေးနွေးသည့် ကိုယ်စားလှယ်များမှာလည်း ၎င်းတို့မြို့နယ်များမှာ ယင်းကဲ့သို့သောအခြေအနေများရှိလိမ့်မည်ဟု မိမိကျိန်းသေယူဆထားပါကြောင်း၊ မိမိတို့မြို့မှာ ပြည်သူ့အရေးနှင့် သက်ဆိုင်သည့် ပန်းခြံကိစ္စမှာ နှစ်(၃၀)စာချုပ် နှစ်ရှည်ချုပ်ထားသည့်အတွက် မိမိတို့မည်သို့မျှမဆောင်ရွက်ပေးနိုင် ပါကြောင်း၊ အမှန်တကယ်လေ့လာလိုက်သည့်အခါ နှစ်(၃၀)စာချုပ်မချုပ်ဘဲ တစ်နှစ်ချင်းစာချုပ်ပေးထားခြင်း ဖြစ်ပါကြောင်း၊ ၎င်းကိစ္စမှာ လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ချုပ်ဆိုရမည့်ကိစ္စဖြစ်ပါကြောင်း၊ နံပါတ်(၃) အပိုင်းမှာ အဆိုမှာပါဝင်ပြီးဖြစ်သည့် စည်းကမ်းချက်များနှင့်အညီဆိုသည်ကို အစိုးရအဖွဲ့ကထပ်ပြီးစာထုတ်ရန် မလိုပါကြောင်း၊ လွှတ်တော်မှလည်းထပ်ပြီးစာထုတ်ရန်မလိုပါကြောင်း၊ ၎င်းအချက်ကိုဥပဒေနှင့်ပတ်သက်သည့် လူပုဂ္ဂိုလ်များအသိဆုံးဖြစ်မည်။ စာချုပ်စည်းကမ်းပါအချက်အလက်များနှင့် မည်ကဲ့သို့မညီညွတ်ကြောင်း၊ ညီညွတ်သည်ဆိုသည်မှာ အစိုးရအဖွဲ့အသိဆုံးပင်ဖြစ်သကဲ့သို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆောင်ရွက်သည့်အတိုင်း ပြည်သူ့ဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး ယခုလက်ရှိအခြေအနေမှနေ၍ နောက်ကျန်သည့်နှစ်(၃၀)အတွင်း အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးပါမည်ဟု မေတ္တာရပ်ခံချင်ပါကြောင်း၊ ၎င်းအဆိုကို မဖြစ်မနေထောက်ခံရမည်ဟု မိမိယူဆသည့်အတွက် ၎င်းအဆိုကိုထောက်ခံဆွေးနွေးခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျွန်တော်ကတော့ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအေးမင်းဝင်းတင်သွင်းထားသည့် **"ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံပိုင် အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့်ရယူထားပြီး ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများ နှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ်ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့တိုက်တွန်းကြောင်း"** အဆိုအား ထောက်ခံဆွေးနွေးမည့် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသက်ဝင်းလှိုင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- သည်အဆိုကိုထောက်ခံဆွေးနွေးရာမှာ ကျွန်တော်ကအပိုင်း(၂)ပိုင်းနှင့် ဥပဒေပိုင်း အရသော်လည်းကောင်း၊ ဖြစ်စဉ်ဖြစ်ရပ်များအရသော်လည်းကောင်း၊ကျွန်တော်(၂)ပိုင်းခွဲပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့နိုင်ငံမှာ (၁၉၆၃)ခု ဩဂုတ်လ(၁၆)ရက်နေ့မှာ ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ခုနှစ် လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေရှိပါတယ်။ အဲ့ဒီဥပဒေနှင့် ဆီစက်များ၊ ရုပ်ရှင်ရုံများ၊ သစ်စက်များ၊ ဆီဆိုင်များ၊ ကျောင်းများပါ ပြည်သူပိုင်များပြုလုပ်ခြင်းခံခဲ့ရပါတယ်။ အဲ့ဒီပြည်သူပိုင်ပြုလုပ်ခြင်းခံရသည့် လုပ်ငန်းများကို

ဌာနဆိုင်ရာများနှင့် သမဝါယမကစီမံခန့်ခွဲခဲ့ကြပါတယ်။ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေမပြဌာန်းခင်က ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းဥပဒေကိုပြဌာန်းခဲ့ပြီး ပြည်သူပိုင်ပြုလုပ်ပြီးသည့်နောက်ရရှိလာသည့် လုပ်ငန်းကိုကော်ပိုရေးရှင်းကဥပဒေအရဆက်လက်စီမံခန့်ခွဲပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့ယခင်ပြီးခဲ့သည့် သက်တမ်းကရှိခဲ့သည့် ပြည်ထောင်စုအစိုးရက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းခဲ့ပြီး ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ ဖြစ်ပေါ်လာသည့် နိုင်ငံပိုင် မြေယာ၊ အဆောက်အအုံနှင့် လုပ်ငန်းတို့ကို ထုခွဲရောင်းချလေလံပစ်ခဲ့ကြပါတယ်။ ၎င်းကော်မရှင်ကိုဘဲ ယခုပြည်ထောင်စုအစိုးရက ၂၀၁၆ခုနှစ်၊ မေလ(၄)ရက်နေ့မှာ အမိန့်ကြေညာစာ အမှတ်၁၀/၂၀၁၆ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် အဲ့ဒီကော်မရှင်ကပဲ ၂၀၁၆ခုနှစ် ဩဂုတ်လ(၁၂)ရက်နေ့မှာ အမိန့်ကြေညာစာအမှတ်၊ ၂/၂၀၁၆ဖြင့် မြေ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီကို ထပ်မံဖွဲ့စည်းခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့တာဝန်ယူနေရသည့် မြေယာစစ်ကော်မတီသည် ယခင်ကပြည်သူပိုင်ပြုလုပ်ခြင်းခံရသည့် အိမ်ရာအဆောက်အအုံနှင့်လုပ်ငန်းများကို ၎င်းတို့မျိုးဆက်များက ပြန်လည်တောင်းဆိုထားတာကို တွေ့ကြုံကြားသိဖြေရှင်းနေရပါတယ်။ အချို့လုပ်ငန်းများ၊ မြေယာနှင့် အဆောက်အအုံများသည် ပြည်သူပိုင်ပြုလုပ်ခြင်းခံရပြီးနောက် ဌာနဆိုင်ရာများက စီမံခန့်ခွဲတာတွေ့ရှိရသလို ပြည်သူကိုပြန်လည်လွှဲအပ်လိုက်သည်များလည်းရှိပါတယ်။ အချို့လုပ်ငန်းများကို သမဝါယမအသင်းအဖွဲ့များက စီမံခန့်ခွဲနေပြီး သမဝါယမမှတစ်ဆင့် လုပ်ငန်းရှင်များကို ထပ်မံလွှဲပြောင်းငှားရမ်းပြန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့မဲဆန္ဒနယ်ပြည်မှာဆိုလျှင် နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများစွာရှိပါတယ်။ သိုလှောင်ရုံများ၊ ရုပ်ရှင်ရုံများနှင့် စိုက်ပျိုးမြေများပါဝင်ပါတယ်။ အချက်အလက်များနှင့် တင်ပြရမည်ဆိုလျှင် စိုက်ပျိုးရေးဦးစီးဌာန လက်အောက်မှာရှိသည့် ကြားစခန်းသိုလှောင်ရုံဝင်းနှင့် ဂိုဒေါင် (၄)လုံး မြေဧရိယာ(၁. ၉၆)ဧကကို SSL Trading Company Limited ကိုတစ်နှစ်လျှင် (၇၆)သိန်းဖြင့် (၁၀. ၁၂. ၂၀၁၃)မှ (၁၀. ၁၂. ၂၀၃၃)အထိ နှစ်(၃၀)စာချုပ်ဖြင့်လည်းကောင်း၊ လျှော်ရွှေးလျှော်ထုတ်စက်ရုံ၏ ပင်မအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများအပါအဝင် မြေဧရိယာ၇. ၈ဧကကို ခေတ္တရာဟာသ်ာနီ စပါးအထူးပြုကုမ္ပဏီကို တစ်နှစ်လျှင်ကျပ်သိန်း(၃၂၀)ဖြင့် (၁. ၁၂. ၂၀၁၂)မှ (၁၅)နှစ်တစ်ကြိမ် စာချုပ်သက်တမ်းဖြင့်လည်းကောင်း ငှားရမ်းခဲ့ပြီး ၎င်းငှားရမ်းသူမှာ ယခုအခါတွင် ၎င်းနေရာကို အခြားထွန်စက် ကုမ္ပဏီ(၁)ခုကို ထပ်မံငှားရမ်းထားပါသည်။ နဝဒေးသကြားစက်၏ ပင်မအဆောက်အအုံနှင့် ဆက်နွယ်နေသော ဝန်ထမ်းအိမ်ရာအဆောက်အဦများ မြေဧရိယာ(၁၃၅. ၁၇)ဧကကို တစ်နှစ်လျှင်သိန်း(၂၅၀၀)ဖြင့် ၂၈. ၁၀. ၂၀၁၁ခုနှစ်မှ ၂၈. ၁၀. ၂၀၃၈ခုနှစ်အထိ တောင်ပြာတန်းကုမ္ပဏီအား ငှားရမ်းစာချုပ်ချုပ်ဆိုထားပါတယ်။ ၎င်းနေရာမှာ နဝဒေးသကြားစက်အကြောင်း တင်ပြရမည်ဆိုလျှင် နဝဒေးသကြားစက်စီမံကိန်းကို ၁၉၉၆ခုနှစ်မှစတင်ခဲ့ပြီး မြန်မာဆုတက်ဖက်စပ်ကုမ္ပဏီလီမိတက်ဖွဲ့စည်းပြီး မြန်မာအစိုးရက ၅၅%၊ ထိုင်းလုပ်ငန်းရှင်က ၄၅%နှင့် အကျိုးတူဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ မြန်မာဘက်က ၅၅%မှာ မြေနှင့်စက်ရုံ အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများပါဝင်ပါတယ်။ ယခုမြန်မာဘက်က အကျိုးတူထည့်ဝင်ထားသည့် ၅၅%ကို တောင်ပြာတန်းကုမ္ပဏီကို ပွင့်လင်းမြင်သာမှုမရှိဘဲငှားရမ်းခဲ့တာဖြစ်ပါတယ်။ သူကပဲ(၄)ထပ်ပြင်ကွင်းမှာရှိသည့် စိုက်ပျိုးမြေများစွာကို ငှားရမ်းရန်ပြင်ဆင်နေသည်ဟုကြားသိရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား- ၎င်းစိုက်ပျိုးမြေများသည် တောင်သူဆီမှသိမ်းဆည်းထားသည့် မြေများပါဝင်

နေပါတယ်။ မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်မှာရှိသည့်ရုပ်ရှင်ရုံများနှင့် ဘုရင့်ရုပ်ရှင်ရုံကို ၁၅-၉-၁၉၉၉ ခုနှစ်မှာ (၅၈)သိန်းဖြင့်လည်းကောင်း၊ ထူးသီရီရုပ်ရှင်ရုံကို ၁. ၁. ၂၀၀၀ခုနှစ်မှာ (၂၂)သိန်းဖြင့်လည်းကောင်း ရောင်းချခဲ့ပြီး မြို့မရုပ်ရှင်ရုံ ကို ကုန်သွယ်ရေးဌာနသို့ လွှဲပြောင်းပေးခဲ့ပါတယ်။ ကုန်သွယ်ရေးဌာနက ယခုအချိန်မှာ ပုဂ္ဂလိကသို့ ဆက်လက်ငှားရမ်းထားပါတယ်။ အဲ့ဒီဈေးနှုန်းများသည် အဲ့ဒီအချိန်အခါမှာ ပြည်မြို့နယ်၏ ပျက်လုံးများ သာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား-နိုင်ငံတော်ပိုင်လုပ်ငန်း၊ မြေယာနှင့် အဆောက်အအုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက လွှဲပြောင်းမှုများနှင့် သဘောတူစာချုပ်များကို တိုင်းဒေသကြီးအစိုးရက စစ်ဆေးကြပ်မတ်သင့်ပါသည်။ ဥပဒေနှင့် ညီ/မညီ၊ ပွင့်လင်းမြင်သာမှု ရှိ/မရှိစသည်ဖြင့်စစ်ဆေးပြီး ပြည်ထောင်စုအစိုးရထံသို့ ဆက်လက်ဆွေးနွေးသင့်ပါတယ်။ သို့မှသာအမှန်တကယ် ပြည်သူပိုင်ပြုလုပ်ခြင်းခံရသည့် ပြည်သူများ၏နစ်နာမှုကို ကုစားပေးနိုင်မည်ဖြစ်ပါတယ်။ နစ်နာသူကနစ်နာပြီး အကျိုးအမြတ်ရသူကရနေပါတယ်။အမှန်တကယ်နစ်နာသူများ၏ လက်ထဲပြန်လည် ရောက်ရှိဖို့လိုအပ်သည့် မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရ အနေနှင့် လိုအပ်သည်များကို ဆက်လက်လုပ်ဆောင်ပေးနိုင်ပါရန်တင်ပြရင်း ကျွန်တော်၏ထောက်ခံမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးအေးမင်းဝင်း၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့်ရယူထားပြီး ယနေ့အထိ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များပိုင်မြေနှင့် အဆောက်အဦ များအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း အလိုက် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များဖြင့်လည်းကောင်း ငှားရမ်းရာတွင် ငှားရမ်းခနှုန်းထား များသည် ကာလပေါက်ဈေးနှင့်မကိုက်ညီခြင်း၊ ငှားရမ်းထားသူများမှ အခြားငှားရမ်းသူများသို့ ထပ်ဆင့်ငှားရမ်းခြင်း များကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် ဝင်ငွေဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ငှားရမ်းဆောင်ရွက်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအလိုက် ငှားရမ်းမှုတာဝန်ခံစိစစ်ရေး အဖွဲ့များဖြင့် ငှားရမ်းဆောင်ရွက်သွားရန်နှင့် ငှားရမ်းမှုစာချုပ်များမချုပ်ဆိုနိုင်မီ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြသွားရန် ညွှန်ကြားထားရှိပါသည်။

အဆိုပါညွှန်ကြားချက်အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင်မြေနှင့် အဆောက်အဦများအား ငှားရမ်းမှုများ ဆောင်ရွက်ရာတွင် တန်ဘိုးတွက်ချက်သတ်မှတ်နိုင်ရန်အတွက် ငှားရမ်းမှုတာဝန်ခံစိစစ်ရေးအဖွဲ့ကို စီမံကိန်းနှင့်ဘဏ္ဍာရေး

ဝန်ကြီးအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ စုစုပေါင်းအဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ပဲခူးတိုင်းဒေသကြီး အစိုးရပိုင်မြေနှင့် အဆောက်အဦများငှားရမ်းရာတွင် သင့်တော်သောနှုန်းထားများဖြင့် ငှားရမ်းနိုင်ရေး ဒေသအလိုက် ကာလပေါက်ဈေးအား တန်ဖိုးတွက်ချက် သတ်မှတ်ဆောင်ရွက်လျှက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများပိုင်ဆိုင်သည့် နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦ များအား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ငှားရမ်းဆောင်ရွက်ရာတွင် အထက်ပါအတိုင်း နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် ငှားရမ်းထားရှိသော နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများတွင် အမှန်တကယ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပြန်လည်သိမ်းဆည်းရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနအစီအစဉ်ဖြင့် ငှားရမ်းထားသော နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများကို ပြန်လည် သိမ်းဆည်းနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ လမ်းညွှန်မှုခံယူတင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးမင်းဝင်း၏**"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့်ရယူထားပြီး ယနေ့အထိလုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့တိုက်တွန်းကြောင်း"**အဆိုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ရှင်းလင်းရာတွင် ကန့်ကွက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ဒါကြောင့် အဆိုရှင်ဦးအေးမင်းဝင်းက မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်းရှိ/မရှိ တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။မိမိတင်ပြခဲ့သည့်အဆိုသည် သတ္တမအကြိမ်အစည်းအဝေးတွင် မိမိမေးမြန်းခဲ့သည့်မေးခွန်း(၂)ခုအား ဖြေကြားသည့်အပေါ်မူတည်ပြီး အဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ သတ္တမအကြိမ်အစည်းအဝေးတွင် တောင်ငူ၏စားကျက်ပယ်ဖျက်မြေ(၁၃၇)ဧက ကိစ္စနှင့် ကန်တော်ကြီးမြေကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် မည်သို့စီမံထားကြောင်းကိုသိလိုပါ၍ဆိုပြီး မေးမြန်းခဲ့ပါသည်။ ၎င်းနေ့မှာ သက်ဆိုင်ရာဝန်ကြီးကလည်း လာရောက်မဖြေကြားသည့်အပြင် ဖြေကြားသည့်အဖြေ မှာလည်း ပြည့်စုံမှုမရှိပါကြောင်း၊ မိမိတို့သိချင်တာက စည်းကမ်းပျက်နေသည့် စာချုပ်စည်းကမ်းနှင့် မကိုက်ညီသည့် မြေနေရာများ၊ အဆောက်အဦများကို အစိုးရအဖွဲ့အနေဖြင့် အရေးယူစေချင်ပါသည်။ ၎င်းကိုအစိုးရအဖွဲ့မှ ပြည့်ပြည့်စုံစုံ မဖြေဘဲနှင့် ငှားရမ်းမှုကိုမည်ကဲ့သို့ငှားထားသည်။ မည်မျှနှင့်ငှားထားသည်ကိုသာ ဖြေကြားထားပါသည်။ မိမိတို့ သိချင်တာက ၎င်းအချက်ကိုသိချင်တာမဟုတ်ပါဘူး။ ဆက်စပ်မေးခွန်းမေးမြန်းခြင်းနှင့်ပတ်သက်၍ ထပ်ဖြေရာတွင် လည်း ဖြေကြားသည့်အဖြေသည် တာဝန်ယူမှုကင်းစွာ ဖြေကြားထားသည်ကိုတွေ့ရပါသည်။ မိမိတို့လိုချင်သည့် အဖြေကိုမရောက်ပါဘူး။ မိမိတို့တင်သွင်းသည့်အဆိုမှာ ပြည်သူ့အသံကိုတင်သွင်းခြင်းဖြစ်ပါသည်။ ယနေ့ဆိုလျှင် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးများယနေ့အစည်းအဝေးသို့မတက်ရောက်သည့်အတွက် အလွန်စိတ်မကောင်း ဖြစ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုအဆိုသည် မိမိတို့ပဲခူးတိုင်းဒေသကြီးအစိုးရအတွက် အလွန်

အရေးကြီးပါသည်။ ၎င်းအဆိုကိုဆောင်ရွက်ရာမှာ ဘတ်ဂျက်လည်းမလိုအပ်ပါဘူး။ မိမိတို့အစိုးရသည် မည်သည့် စီးပွားရေးလုပ်ငန်းရှင်နှင့်မျှ ပတ်သက်ဆက်နွယ်နေသည်များမရှိပါဘူး။ သို့ဖြစ်၍ လုပ်ကိုင်ရတာမြန်ဆန်ပြီး လုပ်ကိုင်ရကောင်းသည့်အဆိုဖြစ်ပါသည်။ ၎င်းကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများ စိတ်ဝင်စားမှုမရှိတာလား၊ မည်သည့်ကိစ္စကြောင့် ယနေ့အစည်းအဝေးကို အဆိုရှိသော်လည်း တက်ရောက်ခြင်းမရှိသည်ကို မိမိအနေဖြင့် အလွန်စိတ်မကောင်းဖြစ်ရပါသည်။ (၉. ၂. ၂၀၁၇)ရက်ကတည်းကဖွဲ့စည်းပြီးကြောင်းဖြေကြားထားပါသည်။ သတ္တမအကြိမ်အစည်းအဝေးတွင် မိမိမေးမြန်းခဲ့သည်ကို ၎င်းအဖွဲ့မှသိမည်မဟုတ်ပါဘူး။ ဝန်ကြီးများသည်ဌာနဆိုင်ရာက ရေးပေးသည်ကို ဖြေကြားသွားတာဖြစ်ပြီး မိမိတို့မေးသည့်ကိစ္စကို ဝန်ကြီးများမမှတ်မိပါကြောင်း။ မိမိတို့က အဆိုတင်သွင်းသည်ဆိုတာက မိမိတို့၏အစိုးရကို ပြည်သူ့အသံနှင့် အလုပ်လုပ်စေချင်ပါကြောင်း။ ပြည်သူ့အသံနှင့်လုပ်သည့် အလုပ်ဖြစ်၍ မည်သူကမျှကန့်ကွက်သည့်အလုပ်မဟုတ်ပါကြောင်း၊ ထို့အပြင် (၉)ဦးနှင့်ဖွဲ့စည်းထားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင်မြေများ အဆောက်အဦငှားရမ်းရာတွင် သင့်တော်သောနှုန်းထားများဖြင့်ငှားရမ်းနိုင်ရေး ဒေသအလိုက် ကာလပေါက်ဈေးတွက်ချက် ဆောင်ရွက်လျှက်ရှိပါသည်ဟု ဖြေဆိုထားပါသည်။ ၎င်းမှာလက်ရှိဖွဲ့စည်းပြီးသည့်နောက်ပိုင်း ငှားရမ်းသည်များ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဟိုယခင်ကနှစ်ရှည်ငှားရမ်းသည့် အဆောက်အဦနှင့်မြေနေရာများကို ယခုအချိန်အထိ မိမိတို့ပဲခူးတိုင်းထဲမှာ မည်သို့မျှအရေးယူဆောင်ရွက်သည်ကို မတွေ့ရပါကြောင်း၊ ၎င်းနေရာများသည် မိမိတို့တိုင်းအတွက် အလွန်လိုအပ်နေသည့် မြေနေရာများဖြစ်၍ မိမိတို့မြို့မှာ အစိုးရရုံးမြေနေရာများစွာ လိုအပ်ပါသည်။ ဌာနဆိုင်ရာမြေနေရာများ၊ အဆောက်အဦများ၊ အသင်းအဖွဲ့များအတွက် မြေနေရာများစွာ လိုအပ်နေပါသည်။ ၎င်းအဆောက်အဦနှင့်မြေနေရာများကို ဈေးပေါပေါနှင့် နှစ်ရှည်ငှားထားသည့်အတွက် မိမိတို့ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေများစွာလျော့ကျသွားခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များက ငှားရမ်းထားသော်လည်း မည်သို့မျှမလုပ်ဘဲ ပစ်ထားသည့်အတွက် သက်ဆိုင်ရာမြို့နယ်များ၏ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့်ဝင်ငွေများစွာ လျော့ကျခဲ့ပါသည်။ မိမိတို့တင်ပြထားသည့် အဆိုသည်တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပဲခူးတိုင်းတစ်တိုင်းလုံး၏ ပုံရိပ်အတွက် တင်ပြခြင်းဖြစ်ပါသည်။ ဖြေကြားထားသည်မှာ သမ္မတရုံး၏ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားရန်နှင့် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ငှားရမ်းထားသော နိုင်ငံတော်ပိုင်အဆောက်အဦများတွင် အမှန်တကယ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပြန်လည်သိမ်းဆည်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားထား၍ ၎င်းမှာမိမိတို့အဆိုတင်မှ ဆောင်ရွက်ရမည့် အလုပ်မဟုတ်ပါကြောင်း၊ ယင်းကဲ့သို့သောကိစ္စများသည် ပဲခူးတိုင်းဒေသကြီးအတွင်း များစွာရှိသည်ကိုသိနေပြီး မိမိတို့အဆိုတင်မှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဆို၍ ရှေ့မှာလည်းအဆိုများ အောင်ထားတာရှိပါသည်၊ ပဲခူးမြို့တွင် ၎င်းအဆိုကို အောင်မြင်အောင်မဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ အကယ်၍မိမိအဆိုကို ဆုံးဖြတ်ခဲ့၍ အောင်မြင်သွားခဲ့လျှင်လည်း မိမိတို့အစိုးရအဖွဲ့ကို မိမိတို့အဆိုနှင့်ပတ်သက်ပြီး ဆက်လက်ပြီးတိုက်တွန်းနေမှာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိစ္စသည် မိမိတို့ပဲခူးတိုင်းအတွက် အလွန်အရေးကြီးပါသည်။ မြေနေရာများနှင့် အဆောက်အဦများအား ပွင့်ပွင့်လင်းလင်းနှင့် တင်ဒါခေါ်ပြီးဆောင်ရွက်မည်။ ပွင့်ပွင့်လင်းလင်းနှင့် စာချုပ်များပြန်လည် ချုပ်ဆိုမည်ဆိုလျှင် ပဲခူးတိုင်းဒေသကြီး၏ ဝင်ငွေမှာများစွာတိုးတက်လာမည်ဖြစ်ပါသည်။ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများလည်း များစွာတိုးတက်လာမည်ဖြစ်ပါ၍ မိမိ၏အဆိုကို လွှတ်တော်၏အဆုံးအဖြတ်ရယူမည် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများနှင့် မြေနေရာများအား ပုဂ္ဂလိက လုပ်ငန်းရှင်များက နည်းအမျိုးမျိုးဖြင့်ရယူထားပြီး ယနေ့အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများနှင့် မြေနေရာများကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရသို့တိုက်တွန်းကြောင်း"**အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်အရ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရှေ့ Mite stand တွင် Voting စနစ်ဖြင့် စတင်Sign in ဝင်ပြီးမှ မိမိတို့ဆန္ဒပြုလိုသည့် ခလုတ်ကိုနှိပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်အရ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကိုရယူခဲ့ရာ ယနေ့အစည်းအဝေး တက်ရောက်သူ(၆၃)ဦး၊ မဲပေးခွင့်ရှိသူ (၆၀)ဦး၊ ထောက်ခံမဲ(၅၃)မဲဖြစ်ပါတယ်။ ထောက်ခံသူဦးရေ(၃၀)ဦးနှင့်အထက် ဖြစ်သည့်အတွက် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## အစည်းအဝေးနံနက်ပိုင်း အစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းနှင့် အဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နံနက်ပိုင်းကို(၁၁း၃၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ (ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၄)ဦးက လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက လွှတ်တော်သို့ တင်သွင်းဖို့ အစီအစဉ် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဥပဒေပြုရေးကော်မတီမှ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၁)မှ အခန်း(၄)အထိ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)**။ ။ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၁)မှ အခန်း(၄)အထိ တင်သွင်းပါသည်။ (နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဥပဒေပြုရေးကော်မတီမှဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၅)မှ အခန်း(၈)အထိ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ရေချိုငါးလုပ်ငန်းဥပဒေ (မူကြမ်း) အခန်း(၅)မှ အခန်း(၈)အထိ တင်သွင်းပါသည်။ (နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ မှဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း) အခန်း(၉)မှအခန်း(၁၂)အထိ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၉)မှ အခန်း(၁၂)အထိ တင်သွင်းပါသည်။ (နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၁၃)မှ အခန်း(၁၅)ထိ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၁၃)မှ အခန်း(၁၅)ထိ တင်သွင်းပါသည်။ (နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်)

**ဥက္ကဋ္ဌ**။ ။ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး (၃၁. ၁၀. ၂၀၁၇)ရက်နေ့ (၁၆း၀၀)နာရီထက်နောက်မကျဘဲ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ (၃/၂၀၁၇)အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများတိုးတက်မြင့်မားလာစေရေးအတွက် တောင်သူများ၏ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် လိုအပ်သောပံ့ပိုးမှုများအား ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများအား တွန်းအားပေးဆောင်ရွက်ခြင်း၊ ဌာနများမှ နှစ်အလိုက်ဆောင်ရွက်လျက်ရှိသော စံပြစိုက်ကွက်များအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်နိုင်ရေးနှင့် တောင်သူများမှ ၄င်းစံပြစိုက်ကွက်များအတိုင်း ပီပြင်စွာ

ဆောင်ရွက်နိုင်စေရန်၊ ဈေးကွက်သို့တင်ပို့ရာတွင်စံနှုန်းနှင့် အရည်အသွေးများ ကောင်းမွန်တိုးတက်လာစေရန်၊ အထွက်နှုန်းများ ကောင်းမွန်လာစေရန် ဌာနများနှင့်ချိတ်ဆက်၍ နည်းပညာများကို တောင်သူများသို့ ဖြန့်ဝေပေးနိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်ခြင်းများအား ကော်မတီမှလုပ်ဆောင်ပေးခြင်း၊ မြေယာသိမ်းဆည်းမှုနှင့်ပက်သက်၍ နစ်နာခဲ့သောတောင်သူများအား ပြန်လည် မြေယာပိုင်ဆိုင်ခွင့်ရရှိစေရေးအတွက် ကော်မတီ၏ ဆောင်ရွက်နိုင်ခွင့်များထဲမှ ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် သက်ဆိုင်ရာဌာနများအား ကြားနာခြင်းဆောင်ရွက်ပေးခဲ့ပြီး ၊ ပြည်သူများထံသို့ ကျန်းမာရေးဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်သူအင်းသမားများနှင့် ဒေသခံပြည်သူများ၏ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်များ ယခင်ထက် ပိုမိုရရှိလာစေရေးအတွက် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များနှင့် ဘုံငါးဖမ်းကွက်များ ပိုပြင်စွာပေါ်ပေါက်လာရေးတို့အား ကော်မတီအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီအနေဖြင့် တောင်သူများ၏ဘဝ တိုးတက်မြင့်မားလာစေရန် ၊ ၎င်းတို့၏ နစ်နာမှုများအား ကော်မတီ၏ လုပ်ပိုင်ခွင့်များအတွင်းမှ ဆောင်ရွက်လုပ်ကိုင်သွားရန်၊ ငါးလုပ်ငန်းလုပ်ကိုင်သူများအတွက် ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်းများ ပေါ်ထွန်းလာစေရန် ၊ ဘုံငါးဖမ်းကွက်များ ပြန်လည်ဖြစ်ပေါ်လာစေရန်၊ အင်းသမားနှင့် တောင်သူလယ်သမားများကြား ဖြစ်ပေါ်လျက်ရှိသော အခက်အခဲများအား လျော့ပါးစေရန်၊ ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအား ပြင်ဆင်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပါသည်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်စိုက်ပျိုးရေး၊မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီအနေဖြင့် တင်ပြပါကာလအတွင်း တစ်ဖက်ပါအတိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်-

- (၂၄. ၇. ၂၀၁၇) ရက်နေ့မှ (၂၈. ၁၀. ၂၀၁၇) ရက်နေ့အထိ ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။
- (၃၁. ၇. ၂၀၁၇) ရက်နေ့မှ (၁. ၈. ၂၀၁၇) ရက်နေ့အထိ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပက်သက်၍ဆွေးနွေးခဲ့ကြပါသည်။
- (၂. ၈. ၂၀၁၇) ရက်နေ့မှ (၃. ၈. ၂၀၁၇) ရက်နေ့အထိ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ပြင်ဆင်ရန်ဆောင်ရွက်နေသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်ပက်သက်၍ ပဲခူးတိုင်းဒေသကြီးတွင် တွေ့ကြုံနေရသည့်ပြဿနာများနှင့်ပတ်သက်၍ အကြံပြုချက်များ ထည့်သွင်းနိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။
- (၄. ၈. ၂၀၁၇) ရက်နေ့တွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနညွှန်ကြားရေးမှူးနှင့်အဖွဲ့များအား ခေါ်ယူကြားနာခဲ့ပြီး တိရစ္ဆာန်များမှ ကူးစက်တတ်သောရောဂါများနှင့်မွေးမြူသူများမှ

ဇီဝလုံခြုံရေးဆိုင်ရာလိုက်နာရမည့် အချက်များအားရှင်းလင်းတင်ပြခဲ့မှုများနှင့်ပြည်သူလူထုထံသို့ အသိပညာပေးနိုင်ရေး ဆောင်ရွက်နေမှုများအပေါ် ကော်မတီမှထပ်ဆင့်တွန်းအားပေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

- (၇. ၈. ၂၀၁၇) ရက်နေ့မှ (၈. ၈. ၂၀၁၇) ရက်နေ့အထိနေပြည်တော်ရှိ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်ပက်သတ်၍ ပြင်ဆင်ဆောင်ရွက်နေမှုအပေါ် ကော်မတီအနေဖြင့် အောက်ပါအချက်များအား ဆွေးနွေးသွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်-
    - အခန်း (၁) ပုဒ်မ၃(ဂ)ပါမြေနုကျွန်းဆိုသည့်စကားရပ်ကိစ္စ၊
    - အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်ခြင်းမရှိသည့်ကိုင်းကျွန်းမြေ စကားရပ်ပါအချက်၊
    - အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါဝင်ခြင်းမရှိသည့် တောင်ယာမြေစကားရပ်ပါအချက်၊
    - အခန်း(၃) ပုဒ်မ ၉ တွင် ပုဒ်မခွဲတစ်ခုအနေဖြင့် အောက်ပါစကားရပ်အား ထည့်သွင်း သွားရန်။

    အများပြည်သူ၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ မထိခိုက်လျှင် လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ခွင့်ရှိသည်ဟူသောစကားရပ်။
- အခန်း(၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဇ) ပါအချက်ဖြစ်သည့်လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမရှိရ ဟူသောစာသားအားပယ်ဖျက်ပေးပါရန်တင်ပြချက်။
- အခန်း(၄) ပုဒ်မ၁၂ ပုဒ်မခွဲ (ဈ) ပါအချက်ဖြစ်သည့် ခိုင်လုံသောအကြောင်းမရှိဘဲ လယ်ယာမြေကိုချန်လှပ်ထားခြင်းမပြုရ ဟူသောစာသားအားခိုင်လုံသောအကြောင်းမရှိဘဲလယ်ယာမြေတွင်ရာသီအလိုက် သီးနှံစိုက်ပျိုးခြင်း မရှိဘဲလှပ်ထားခြင်းမပြုရ ဟူသော စကားရပ်အားအစားထိုးရန် တင်ပြချက် ။
- ပုဒ်မ ၁၅ (က) တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုတွင် ယခင်ဖွဲ့ထားသော အဖွဲ့များအပြင် လွှတ်တော်နှစ်ရပ်မှတောင်သူလယ်သမားရေးရာဆိုင်ရာကော်မတီမှကိုယ်စားလှယ်များ၊ တောင်သူလယ်သမား လူတန်းစား ကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတမှ သီးခြားခန့်အပ်တာဝန်ပေးသောပုဂ္ဂိုလ်များအဖြစ် တိုင်းရင်းသားကိုယ်စားလှယ်များ ၊လူငယ်ကိုယ်စားလှယ်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ ဆိုသည့်စကားရပ်များပါ ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြချက်။
- အခန်း(၆) ပုဒ်မ၁၇တွင် တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများ၏ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် အတွက်တာဝန် နှင့် လုပ်ပိုင်ခွင့်များ ပါရှိခြင်းမရှိသေးပါသဖြင့် ထည့်သွင်းဆောင်ရွက်ပေးပါရန်တင်ပြချက်။
- အခန်း(၆) ပုဒ်မ၁၇ ပုဒ်မခွဲ (ဆ)တွင်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင်လိုအပ်သည့် လယ်ယာ

သုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ၊ လိုအပ်သောကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်မြောင်းများနှင့် အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း စကားရပ်အား အစားထိုးရန်တင်ပြချက်။

- အခန်း(၇) ပုဒ်မ ၂၁ပါအချက်အား လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်အရပေါ်ပေါက်သည့် ပေးဆောင်ရန်စည်းကြပ်ကောက်ခံသော အခွန်အခများကို ပေးဆောင်ရန်ပျက်ကွက်လျှင် ထိုအခွန်အခများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်းခံရမည်ဟူသော စကားရပ်အားအစားထိုးရန် တင်ပြချက်။
- အခန်း(၉) ပုဒ်မ ၂၆ ပါလိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်ဟူသော စကားရပ်အားပိုမိုပြည့်စုံအောင်ဆောင်ရွက်သင့်ပါကြောင်း တင်ပြချက်။
- အခန်း(၁၀) ပုဒ်မ ၃၀ ပါအများပြည်သူအကျိုးငှာလယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အလေးအနက် စဉ်းစားပြင်ဆင်သင့်ကြောင်းပါသည့်တင်ပြချက်။
- အခန်း(၁၁) ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်ဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ အခြားနည်းအမိန့်ဆင့်ဆိုသည်မှတစ်ပါး ကျွဲ၊ နွား စားကျက်များနှင့်ရွာဘုံမြေများကို မပျက်စီးစေဘဲ ဆက်လက်ထားရှိရမည်ဟု ပါရှိသော်လည်း လက်ရှိမြေပြင်အခြေအနေတွင် အချို့ရွာဘုံမြေနှင့် စားကျက်မြေများတွင် ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်းများရှိနေပြီဖြစ်သည့်အတွက် ပြန်လည်သုံးသပ်စဉ်းစားသင့်ပါကြောင်းတင်ပြချက်။
- အခန်း(၁၃) ပုဒ်မ ၃၉ တွင်ပါရှိသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူထားသည့်အတွက် ထိုက်သင့်သောထောက်ပံ့ ငွေများအားငှင်းအဖွဲ့တွင်ပါဝင်သော လယ်သမားကိုယ်စားလှယ်အဖွဲ့နှင့်ရပ်မိရပ်ဖများအားပေးအပ်သွားနိုင်ပါက လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုပီပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသဖြင့် ၎င်းအချက်အားစဉ်းစားဆောင်ရွက်သင့်ကြောင်း တင်ပြချက်။
- အခန်း(၁၃) ပုဒ်မ၄၀ပါ သဘောရိုးဟူသောစကားရပ်အားပယ်ဖျက်သင့်ပါကြောင်း နှင့်မည်သည့်တရားရုံးတွင်မှတရားစွဲဆိုခြင်းမရှိစေရ ဟူသောစကားရပ်အားသက် ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာနှင့် စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း တရားစွဲဆိုခြင်းရှိရမည်ဟုပြင်ဆင် ပြောင်းလဲသင့်ကြောင်း အကြံပြုသည့်အချက်။
- လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်များအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်ပြစ်ဒဏ်များထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်းတင်ပြချက်။
- ၂၀၁၂ လယ်ယာမြေဥပဒေတွင် မပါရှိသော်လည်းအသုံးပြုသူနှင့် အမည်ပေါက်

သူလွဲမှားနေသော ကိစ္စများအားအကြံပြုဆွေးနွေးရန် ဆောင်ရွက်ခဲ့ကြပါသည်-

- နေပြည်တော်ရှိ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာဆိုင်ရာကော်မတီနှင့် ကော်မတီခန်းမ(I-15 )တွင် (၉. ၈. ၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား နှင့် အလုပ်သမားရေးရာဆိုင်ရာကော်မတီအား ကော်မတီခန်းမ(I-6)တွင် (၁၀. ၈. ၂၀၁၇) ရက်နေ့တွင်လည်းကောင်း ၂၀၁၂ လယ်ယာ မြေဥပဒေ နှင့် ပတ်သက်၍ ကော်မတီမှ ဆွေးနွေးတင်ပြခဲ့ပါသည်။မိမိတို့ကော်မတီမှ ဆွေးနွေးချက်များအား မှတ်တမ်းထားရှိပါကြောင်းနှင့် ဥပဒေပြင်ဆင်ဆွေးနွေးချိန်အခါတွင် မိမိတို့တင်ပြထားသည့် အကြောင်းအရာများအား ထည့်သွင်း ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးအနေဖြင့် ပထမဆုံး နေပြည်တော်ရှိ ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေး နိုင်မှုအား ပြည်ထောင်စုအဆင့် ကော်မတီများမှ မှတ်တမ်းတင်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသွားရောက်ဆွေးနွေးခဲ့ပါသည်။
- (၁၁. ၈. ၂၀၁၇) ရက်နေ့တွင် ဆွေးနွေးမှုများနှင့်ပတ်သက်၍ အစီရင်ခံစာအား လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ခဲ့ခြင်း။
- (၁၄. ၈. ၂၀၁၇) ရက်နေ့မှ (၁၅. ၈. ၂၀၁၇) ရက်နေ့အထိ လွှတ်တော်ကိုယ်စားလှယ်များ နှင့်တွေ့ဆုံ၍ ရေချိုငါးလုပ်ငန်းဥပဒေပြင်ဆင်ခြင်းအတွက် ကိုယ်စားလှယ်များ၏ ဆွေးနွေး ချက်များအား မှတ်တမ်းတင်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများအား ဥပဒေပြုရေး ကော်မတီနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့ခြင်း။
- (၁၆. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးအနောက်ဘက်ခြမ်းရှိ မိုးညိုနှင့် လက်ပံတန်းရှိ အင်းလုပ်ငန်း လုပ်ကိုင်နေသူများနှင့် ဒေသခံများအား တွေ့ဆုံ၍ ကြားနာခြင်းများအား ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ကြားနာခြင်းဆောင်ရွက်နိုင်ခဲ့ခြင်း။
- (၁၇. ၈. ၂၀၁၇) ရက်နေ့တွင် (MCERP) ဒေသဆိုင်ရာလွှတ်တော်များ အားပေးကူညီရေး အဖွဲ့ နှင့် တွေ့ဆုံ၍ ဥပဒေ၏ဆောင်ရွက်နေမှုများ အပေါ်၄င်းတို့၏ တွေ့ကြုံ ဆောင်ရွက်လုပ်ကိုင် နေရသော အခြေအနေများအပေါ်အခြေခံ၍ဆွေးနွေးမှုများအား ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ကြားနာခြင်းအား ဆောင်ရွက်နိုင်ခဲ့ခြင်း။
- (၁၈. ၈. ၂၀၁၇) ရက်နေ့တွင် ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ ပြင်ဆင်ရန်အချက်များ ပယ်ဖျက်ရန်အချက်များ ထပ်မံထည့်သွင်းဆောင်ရွက်ရန်အချက်များအား ဥပဒေပြုရေးကော်မတီ နှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့ခြင်း။
- (၇. ၉. ၂၀၁၇)ရက်နေ့မှ (၈. ၉. ၂၀၁၇) ရက်နေ့အထိ မြေယာကိစ္စရပ်များဆိုင်ရာ ကြားနာမှု များနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအား ကော်မတီမှ ဆွေးနွေးကာ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်အကြောင်းပြန်ကြားနိုင်ရေး ထပ်မံ အကြောင်းကြားခဲ့ပြီး ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာဝန်ကြီးသို့မည်သည့်အတွက် ဖြေရှင်းနိုင်မှုမရှိကြောင်းအား ခေါ်ယူကြားနာနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း

ကော်မတီမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

- (၁၁. ၉. ၂၀၁၇) ရက်နေ့တွင် ပဲခူးအရှေ့ဘက်ခြမ်းရှိ အင်းလုပ်ငန်းလုပ်ကိုင်သူများအား ခေါ်ယူတွေ့ဆုံပြီး ရေချိုငါးလုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ကြားနာခြင်းလုပ်ငန်းများအား ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ကြားနာခြင်း။
- (၁၂. ၉. ၂၀၁၇) မှ (၁၅. ၉. ၂၀၁၇) ရက်နေ့အထိ ရေချိုငါးလုပ်ငန်းဥပဒေပြင်ဆင်ခြင်းလုပ်ငန်းအား ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်း။
- (၂၁. ၉. ၂၀၁၇) ရက်နေ့မှ (၂၂. ၉. ၂၀၁၇) ရက်နေ့တွင်မြေယာကိစ္စရပ်တစ်ခုဖြစ်သည့် မိုးညိုမြို့နယ် ရွှေခဲကျေးရွာစာသင်ကျောင်း နေရာရွေးချယ်မှုနှင့် ပတ်သက်၍ ကော်မတီအနေဖြင့် စိစစ်ခဲ့ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ အစည်းအဝေးမှတ်တမ်းများနှင့်အညီ ဆောင်ရွက်ထားရှိခြင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၂၂) ရက်စွဲပါစာအရ ပြောင်းရွှေ့ဆောက်လုပ်ခွင့် ရရှိထားခြင်း၊ ကျေးရွာနေပြည်သူများမှ စုပေါင်း၍ (၉၀×၃၀)ပေ အုတ်ညှပ်သွပ်မိုး(၁)ဆောင်၊ ဆရာမများတည်းခိုဆောင်(၁)ဆောင်၊ စက်ရေတွင်း ရေစင်(၁)ခု၊ သန့်စင်ခန်း(၅)လုံးတို့အား တန်ဘိုးငွေကျပ်သိန်း (၃၀၀)ခန့် အကုန်ကျခံ ဆောက်လုပ် သင်ကြားနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင်ရာ ပညာရေးမှူးနှင့် ဌာနဆိုင်ရာများ၏ ကွင်းဆင်းစိစစ်ထောက်ခံချက်များအရ လက်ရှိနေရာသည် အသင့်တော်ဆုံး ဖြစ်သည်ဟု ကော်မတီမှ သုံးသပ်ရရှိပါသည်။ ထို့အပြင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၁၅. ၉. ၂၀၁၇) ရက်စွဲပါစာဖြင့် လက်ရှိနေရာအား ထောက်ခံအတည်ပြုထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ကော်မတီအနေဖြင့် တည်ငြိမ်အထိုင်ကျနေပြီး လက်ရှိသင်ကြားနေသော နေရာသည်သာ အသင့်တော်ဆုံးမြေနေရာဖြစ်ပါကြောင်း သုံးသပ် အကြံပြုစာအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ (၈. ၉. ၂၀၁၇)ရက်စွဲ ဖြင့် ပေးပို့ဆောင်ရွက်နိုင်ခဲ့ပါသည်။
- (၂၅. ၉. ၂၀၁၇) ရက်နေ့မှ (၂၉. ၉. ၂၀၁၇)ရက်နေ့အထိ ရေချိုငါးလုပ်ငန်းဥပဒေပြင်ဆင် ခြင်းအား ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး (၂၉. ၉. ၂၀၁၇) ရက်နေ့တွင် မိုးညိုမြို့နယ် ရွှေခဲကျေးရွာ စာသင်ကျောင်းနေရာ ရွေးချယ်မှုအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီနှင့် ပူးပေါင်း၍ ကြားနာခြင်း များ ဆောင်ရွက်နိုင်ခြင်း။
- (၉. ၁၀. ၂၀၁၇) ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့်ပူးပေါင်း၍ ရေချိုငါးလုပ်ငန်းဥပဒေ ပြင်ဆင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခဲ့ခြင်း။
- (၁၆. ၁၀. ၂၀၁၇)ရက်နေ့တွင် ကော်မတီအစီရင်ခံစာ ရေးသားခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ခြင်း။
- (၁၇. ၁၀. ၂၀၁၇) ရက်နေ့မှ (၂၀. ၁၀. ၂၀၁၇) ရက်နေ့အထိ ဥပဒေပြုရေးကော်မတီနှင့် ပူးပေါင်း၍ ရေချိုငါးလုပ်ငန်းဥပဒေကြမ်းပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ

ဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဘဝရပ်တည်ရေးအတွက် ကြိုးစားဆောင်ရွက်နိုင်ရန်နှင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာစေရန် နစ်နာဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရေးအတွက် အောက်ပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်သွားပါရန် တိုက်တွန်းအပ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသော မြေယာပြဿနာများနှင့် ပတ်သက်၍ ကော်မတီများအဆင့်ဆင့်ဖွဲ့စည်းထားရှိသော်လည်း ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်းမရှိသည့်အပေါ် ပြန်လည်သုံးသပ်ပြီး အားနည်းချက်၊ အားသာချက်များအား ဖော်ထုတ်ပြီး လွှတ်တော်၊ အစိုးရနှင့် ဌာနဆိုင်ရာပူးပေါင်းအဖြေရှာကာ ထိရောက်သော ဆောင်ရွက်ချက်များအား ဆောင်ရွက်သွားရန်။

  (ခ) H1N1,H5N1 စသောရောဂါများအတွက်စမ်းသပ်စစ်ဆေးကိရိယာများအား ပဲခူးတိုင်းဒေသကြီးတွင်မရှိဘဲ ရန်ကုန်တိုင်းဒေသကြီးသို့သာ သွားရောက်စစ်ဆေးဆောင်ရွက်နေရသဖြင့် တိုင်းဒေသကြီးအတွင်း ရောဂါရှာဖွေရေးကိရိယာများလိုအပ်နေပြီဖြစ်သည့်အတွက် အစိုးရအနေဖြင့် မိမိတိုင်းဒေသကြီးအတွက် လိုအပ်မှုများအား အမြန်ဆုံး ဖြည့်တင်းထားနိုင်ရေး ဆောင်ရွက်သွားရန်။
- မြေနေရာရွေးချယ်မှုများနှင့်ပတ်သက်၍သက်ဆိုင်ရာမြို့နယ်များအလိုက် တိုင်းဒေသကြီး ကိုယ်စားလှယ်များမှ သိရှိမှုများသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမေးမြန်းခြင်းများ ဆောင်ရွက်သွားခြင်းများအား မလိုလားအပ်သော ပြဿနာများအား တိုင်းဒေသကြီးအတွင်း အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်၍ အစိုးရအဖွဲ့အနေဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားရန်။
- တိုင်းဒေသကြီးအတွင်း ခေတ်နှင့်လျော်ညီမှုမရှိသော မြေခွန်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားနိုင်ရေး အမြန်ဆုံးတွန်းအားပေးဆောင်ရွက်သွားရန်။
- စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများတွင် စမ်းသပ်စိုက်ပျိုးခြင်း၊ စံပြစိုက်ကွက်များ ဆောင်ရွက်ခြင်းများအား ခွင့်ပြုပေးထားပြီးဖြစ်သဖြင့် ထိရောက် အောင်မြင်အောင်ဆောင်ရွက်သွားရန်နှင့် ငါးသယံဇာတများ ဆုံးရှုံးမှုမရှိစေရေး၊ ဂေဟစနစ်များပျက်စီးမှုမရှိစေရေးအတွက် လက်တွေ့ကျကျ ဆောင်ရွက်သွားရန်နှင့် ပြည်သူများပါဝင်ဆောင်ရွက်လာရေး တွန်းအားပေးဆောင်ရွက်သွားရန်။
- လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ လယ်ယာမြေမှတ်ပုံတင်စာရင်း ပုံစံ(၅)တွင် မပါဝင်သောလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များအားပြန်လည်စိစစ်၍ မှန်ကန်မှုရှိသော တောင်သူများအား လယ်ယာမြေမှတ်ပုံတင်စာရင်းပုံစံ(၅)တွင် ပြန်လည်ထည့်သွင်းပေးရေး အလေးထားဆောင်ရွက်ပေးရန်။

**နိဂုံး**

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေး၊ တောင်သူလယ်သမား နှင့်မြေယာကိစ္စရပ်များဆိုင်ရာကော်မတီအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝရပ်တည်ရေး အလုပ်အကိုင်များ၊ အခွင့်အလမ်းများရရှိရေးအား ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ထဲမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်းနိဂုံးချုပ် အပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေး ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေး ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ အစီရင်ခံစာ

**နိဒါန်း**

မိမိတို့အစိုးရသစ်လက်ထက်တွင် မြို့ပြ/ ကျေးလက်နေပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအရည် အသွေးပြည့်မီ ကောင်းမွန်စေရေးကြပ်မတ်ရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများလေလွင့်ဆုံးရှုံးမှု နည်းပါးအောင် စောင့်ကြည့်ထိန်းကျောင်းရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်ကြသောကုမ္ပဏီများ၊ ဌာနဆိုင်ရာမှာ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဒေသနေပြည်သူများနှင့် နွေးထွေး ပျူငှာစွာ ရင်းရင်းနှီးနှီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး တင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီဆိုသည့်ကော်မတီ၏အမည်ပါအတိုင်း မိမိတို့ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ မြို့ပြနှင့်ကျေးလက်နေပြည်သူများ၏ ဘဝနှင့်လူနေမှု မြင့်မားလာစေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည့်ဒေသတွင်း သယံဇာတထုတ်ယူနေသော လုပ်ငန်းများ

မှ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များပေးသွင်းနိုင်ရေး တိုက်တွန်းမည်။ တစ်ချိန်တည်းတွင်လည်း သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသောလုပ်ငန်းများနှင့်ပတ်သက်၍ အတတ်နိုင်ဆုံးထိခိုက်မှု လျော့ချနိုင်စေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုနိုင်ငံတော်ဘဏ္ဍာ ငွေလေလွင့်မှုအနည်းဆုံးဖြစ်စေရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခကောက်ခံနိုင်ရေး၊ လူမှုဘဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် ကော်မတီ၏ လုပ်ငန်းတာဝန်(၁၂) ချက်အတိုင်းဆောင်ရွက် သွားရန်ရည်ရွယ်ပါသည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

- ကော်မတီသည်ဒေသဖွံ့ရေးလုပ်ငန်းများ အချိန်မီအောင်မြင်စွာပြီးမြောက်နိုင်ရေးနှင့်စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မှုရှိ/မရှိအား လေ့လာစိစစ်၍ လွှတ်တော်သို့တင်ပြရမည်။
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြစ်ကျောက်စရစ်ထုတ်လုပ်ခြင်း၊ ရွှေနှင့်အခြားသတ္တုများအား တရားမဝင်တူးဖော်ခြင်းမရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။
- တရားမဝင်သစ်များ ထုတ်လုပ်မှု မရှိစေရေး၊ သစ်တောများပြုန်းတီးမှုမရှိစေရေးအတွက် ကာကွယ်ဆောင်ရွက်ရမည်။
- တရားမဝင် စက်သုံးဆီအရောင်းဆိုင်များ ပပျောက်စေရေးအတွက် သက်ဆိုင်ရာဌာနများ နှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား လေ့လာစိစစ်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအားလိုက်နာ ဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကိုကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သောသတင်း ပြန်ကြားရေးနှင့် နှင့်ဆက်သွယ်ရေးကိစ္စရပ်များအားတာဝန်ယူဆောင်ရွက်ရမည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဥပဒေအရ ခံစားခွင့်ရှိ သည့်ရပိုင်ခွင့်များနှင့် ပတ်သက်၍လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်း ၊ဆွေးနွေးချက်အားလုံးကိုအသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကိုအစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တပေါင်းတည်းသိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ဆောင်ရွက်ချက်**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၏ နတ္တလင်းမြို့နယ် ပဲမခမ်းကျေးလက်ကျန်းမာရေးဌာန အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ တာဝန်ယူဆောက်လုပ်ခဲ့သည့် Autumn Dream ကုမ္ပဏီအား (၂၂. ၈. ၂၀၁၇) ရက်စွဲဖြင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလေ့လာစိစစ်ရေးကော်မတီအားလိုအပ်ချက်များ ပြုပြင်ရန်အချက် (၁၀)ချက်ဖြင့်တင်ပြတိုင်ကြားလာခဲ့ပါသည်။ (၂၂. ၈. ၂၀၁၇) နေ့ကော်မတီ အစည်းအဝေးမှာပင် (၁၁. ၉. ၂၀၁၇) တနင်္လာနေ့တွင် BRCCA အဖွဲ့ပါခေါ်ယူပြီးဆေးခန်းနှင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားမှုကိုကွင်းဆင်း စစ်ဆေးရန်ဆုံးဖြတ်ခဲ့ပါသည်။ ၄င်းကွင်းဆင်းသည့်နေ့တွင် အဆောက်အဦ၏လိုအပ်ချက် (၁၀)ချက်ဖြင့်တင်ပြထားသော်လည်းအမှန်တကယ်ကွင်းဆင်းစစ်ဆေးသည့်အခါ လိုအပ်ချက် (၁၂)ချက် ရှိကြောင်းတွေ့ရှိရပါသည်။ (၁၁. ၉. ၂၀၁၇) ရက်နေ့ နေ့လယ်ပိုင်းတွင်နတ္တလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဦးစီးဌာနဦးစီးအရာရှိ၊ စည်ပင်သာယာရေး ဦးစီးအရာရှိ၊ မြို့နယ်ပညာရေးမှူး၊ ကျန်းမာရေးဌာန၊ သစ်တောဦးစီးဌာန တို့မှတာဝန်ရှိသူများ နှင့်တွေ့ဆုံပြီး လိုအပ်ချက်များ ဆွေးနွေးခဲ့ပါသည်။၄င်းအပြင် နတ္တလင်း-ကျောက်ခွက်လမ်း ၆/၄မိုင်ကျောက်ချောလမ်းအား တာဝန်ယူဆောင်ရွက်ခဲ့သော မြန်မာရွှေသဖူကုမ္ပဏီမှတာဝန်ခံတစ်ဦးနှင့်လည်း လမ်း၏လိုအပ်ချက်များကို ဆွေးနွေးခဲ့ရာချိုင့်ခွက်များ နှင့်ဆိုးရွားနေသောလမ်းအား ၂၀၁၇ခုနှစ် ၁၀လပိုင်းတွင် ပြန်လည်ပြုပြင်ပေးမည်ကိုကုမ္ပဏီတာဝန်ရှိသူက ကတိပေးခဲ့ပါသည်။ ပဲမခမ်းကျေးလက်ကျန်းမာရေးဌာန အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ထားမှု အပေါ်လိုအပ်ချက်များအားပြန်လည် ပြုပြင်နိုင်ရန်အတွက် (၂၈. ၉. ၂၀၁၇)ရက်နေ့တွင် Autumn Dream ကုမ္ပဏီမှ Executiv Driector ဒေါ်နှင်းဝတ်ရည် ဦးဆောင်သော (၃) ဦးအဖွဲ့အား ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးခန်းတွင်ခေါ်ယူတွေ့ဆုံကြားနာခဲ့ပါသည်။ ထိုတွေ့ဆုံကြားနာသည့်အစည်းအဝေးတွင် ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦးများ၏ BP.BQ များကို ကော်မတီအားပေးပို့ပြီး လိုအပ်ချက်များကိုလည်း BP.BQအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ဒေါ်နှင်းဝတ်ရည်မှဝန်ခံကတိပေးသွားခဲ့ပါသည်။

(၁၂. ၉. ၂၀၁၇)ရက်နေ့တွင် (၁)။ ရွှေတောင်မြို့နယ် တရုတ်မှော်သစ်တောကြိုးဝိုင်းအတွင်း လုပ်ကိုင်စားသောက်နေသော ဒေသခံပြည်သူများနှင့်တွေ့ဆုံကြရာ တရုတ်မှော်သစ်တောကြိုးဝိုင်းအတွင်း စက်မှုကုန်ကြမ်းသီးနှံ စိုက်ခင်း(ယူကလစ်) (၃၃၄၅)ဧကတွင်လယ်မြေ၊ ယာမြေများစိုက်ပျိုးဖြစ်ထွန်းနေမှုကိုတွေ့ရပြီး ပြည်သူများ အနေဖြင့် ၄င်းမြေများကို လွတ်လပ်လုံခြုံစွာလုပ်ကိုင်စားသောက်နိုင်ရန် CF စနစ်ကို

လုပ်ကိုင်လိုကြောင်းတွေ့ရသည်။ ဆက်လက်ပြီးရွှေတောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာသစ်တောဦးစီးဌာနမှ စက်မှုကုန်ကြမ်းသီးနှံစိုက်ခင်းဖြစ်၍ CF စနစ်ပေးမရကြောင်း တင်ပြခဲ့ရာ သက်ဆိုင်ရာမဲဆန္ဒနယ်ကိုယ်စားလှယ်မှ ၄င်းစက်မှုကုန်ကြမ်းသီးနှံစိုက်ခင်း (ယူကလစ်) (၃၃၄၅) ဧကရှိ လုပ်ကွက် (၁၁) ကွက်တွင်ယခုတောင်သူများတင်ပြသောအကွက်အမှတ်(၃၅) တွင်သာယူကလစ်ပင်အနည်းငယ်သာကျန်ရှိပြီး အခြားလုပ်ကွက်အမှတ်များတွင် ယူကလစ်ပင် လုံးဝမရှိ ကြောင်း တင်ပြခဲ့ပါသည်။ ထို့ကြောင့်၄င်းစက်မှုကုန်ကြမ်းယူကလစ်စိုက်ခင်းအားပယ်ဖျက်၍ တောင်သူများကို CF စနစ်ပေးရန်သင့်တော်ကြောင်းသုံးသပ်တွေ့ရှိရပါသည်။ (၂)။ ရွှေတောင်မြို့နယ်၊ ဝါးတောသာ၊ အင်္ဂူ၊ ဖောင်းဖြူ၊ ကြိုးကြာကန်၊ ဆိတ်ကြီး၊ ကညမ်းလမ်းအားသွားရောက်ကြည့်ရှုခဲ့ရာ လမ်းအရှည်မှာ (၂၀) မိုင်၊ (၂)ဖာလုံဖြစ်ပြီး-

| | | |
|---|---|---|
| - ဝါးတောသာ-အင်္ဂူ | မြေနီလမ်း | (၂)မိုင် (၄)ဖာလုံ |
| - အင်္ဂူ-ထန်းပင်ကုန်း | ဂဝံကျောက်ချောလမ်း | (၃)မိုင် |
| - ထန်းပင်ကုန်း -ကြိုးကြာကန် | မြေနီလမ်း | (၄)မိုင် (၆)ဖာလုံ |
| - ကြိုးကြာကန်-ဆိတ်ကြီး(သရက်ကုန်း) | မြေနီလမ်း | (၅)မိုင် (၅)ဖာလုံ |
| - သရက်ကုန်း-ဆိတ်ကြီး | မြေနီလမ်း | (၆)ဖာလုံ |
| - ဆိတ်ကြီး- ကညမ်း | ဂဝံကျောက်ချောလမ်း | (၃)မိုင် (၄)ဖာလုံ |

ဖြစ်ပြီး သဲချောင်း-ကွဲတလင်း ရေနံမြေလမ်းပိုင်း (၄)ဖာလုံမပါဝင်ပါ။ လမ်းအသုံးပြုမှုမှာလည်း ကျေးရွာအုပ်စု (၁၃)အုပ်စုဒေသနေပြည်သူများ၏လူမှုရေး၊ ပညာရေး၊ စီးပွားရေးများ အတွက်အသုံးပြုမှုများပြီး ဒေသဖွံ့ဖြိုးမှုအတွက် အရေးပါသောလမ်းတစ်လမ်းဖြစ်ကြောင်းတွေ့ရပါသည်။

(၁၃. ၆. ၂၀၁၇)ရက်နေ့တွင် ရွှေတောင်မြို့မှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေးသယံဇာတ၊သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေး ကော်မတီအဖွဲ့ဝင်များ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပြန်လည်ရောက်ရှိကြပြီး (၁၄. ၉. ၂၀၁၇) ရက်နေ့ နံနက် (၆း၃၀)နာရီတွင် လွှတ်တော်မှ ရွှေကျင်မြို့သို့ ထွက်ခွာပြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနရုံးခန်းမတွင် သတ္တုတွင်းဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းမြင့်၊ ရွှေလုပ်ငန်းရှင်များ၊ သဲ၊ ကျောက်လုပ်ငန်းရှင်များဖြစ်သော ဦးလေးကိုနိုင်၊ ဦးတရုတ်ကြီး၊ ဦးဝင်းဦးတို့ အပါအဝင် အခြားလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး သတ္တုတူးဖော်ခြင်း(အထူးသဖြင့်) ရွှေတူးဖော်ခြင်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ရန်ပုံငွေရရှိရေးအတွက် အခွန်ရရှိနိုင်ရန်ဆွေးနွေးရာတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းမြင့်မှ ရွှေလုပ်ငန်းကုမ္ပဏီများအနေဖြင့် (၃) ခုရှိပါကြောင်း၊ ကညောဒူးဒိုဆိုးကုမ္ပဏီ၊ ရွှေပစ်မှတ်ကုမ္ပဏီနှင့် ကျောက်ကြီးမြို့နယ်အပိုင်တွင် ကုမ္ပဏီ(၁)ခုပါရှိကြောင်းနှင့် ကညောဒူးဒိုဆိုးကုမ္ပဏီမှာ လိုင်စင်ရှိသော်လည်း မထုတ်လုပ်သေးကြောင်း၊ ရွှေပစ်မှတ်ကုမ္ပဏီသည် လိုင်စင်သက်တမ်းတိုးထားကြောင်းသိရှိရပြီး မကြာသေးမီကာလက ဝင်းခနိမ်ကျေးရွာဝန်းကျင်၌ လက်လုပ်လက်စား ရွှေတူးသူများတူးဖော်ကြရာတွင် သတင်းအရ ရွှေပိဿာ(၁၀၀) ခန့်တူးဖော်ရရှိသွားကြပေမယ့် နိုင်ငံတော်အတွက်တော့အခွန်အခအနေဖြင့် ရွှေတစ်မှုံတောင်မရရှိကြောင်း မိမိတို့ရွှေကျင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့သည် ထိလွယ်ရှလွယ်ဖြစ်သောကြောင့်ဝန်ထမ်းများအနေနှင့် လိုက်လျောညီထွေသာ

နေရပါကြောင်း၊ လတ်တလောလုပ်ငန်းအသေးလေးတွေကို အရမ်းကာရောမလုပ်သေးဘဲ လုပ်ငန်းကြီးကြီးကိုမျှော်လင့်နေပြီး ဥပဒေ၊ နည်းဥပဒေထွက်လာပါကအခွန်အနေဖြင့်တန်နဲ့ချီရနိုင်ပြီး တိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ်စီမံခန့်ခွဲမှုအောက်ရောက်ရှိလာမှာဖြစ်ကြောင်းနှင့် သဲ၊ ကျောက်လုပ်ငန်းရှင်များမှ တစ်ဦးချင်းလုပ်ကွက်မှ အခွန်တိုးပြီးထမ်းဆောင်ပေးပါရန်နှင့်သစ်တော၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် လုပ်ကွက်များတစ်ဝိုက်တွင်မြေကျင်းကြီးများအား မြေဖို့ပေးနိုင်ရေးနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးနိုင်ရေး အကြံပြုဆွေးနွေးပြီးနောက် မဒမ ချောင်းတလျှောက်ပျက်စီးနေသော သဘာဝပတ်ဝန်းကျင်အခြေအနေများ ကြည့်ရှုလေ့လာမှတ်တမ်းတင်ခဲ့ပြီး ပျက်စီးနေသောသဘာဝပတ်ဝန်းကျင်အားပြန်လည်ကုစားနိုင်ရန် ပဲခူးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ဦးစီးဌာနမှ ကြီးကြပ်ရန်တာဝန်ရှိပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လေ့လာစိစစ်ရေး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေး ကော်မတီမှ တိုက်တွန်းပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၄း၃၀)နာရီတွင် ရပ်နားပါမယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက် (တနင်္လာနေ့) နံနက် (၁၀း၀၀) နာရီ အချိန်မှာ ဆက်လက်ကျင်းပ သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
# [ ၂၀၁၇ခုနှစ် ၊ အောက်တိုဘာလ ၃၀ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၀% ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လွင် [ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန]၊ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန]၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

ဗိုလ်မှူးဇော်လွင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၁၀-၁၀-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၅ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၆)ဦးကမေးမြန်းသည့် မေးခွန်း(၁၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **“ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာမှ တောကြောင်ပေါက်ကျေးရွာအထိ အရှည်(၂)မိုင် (၁)ဖာလုံ ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ကျောက်ကြီးမြို့နယ်၊ အင်းနက်ကျေးရွာမှ တိုက်ထူကျေးရွာအထိ ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)**။ ။ ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ ကျောက်စရစ်ကျေးရွာအုပ်စုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကွန်ကရစ်ဘီးလမ်းအရှည် (၂)မိုင် (၆)ဖာလုံအား ဆောင်ရွက်ခဲ့သော်လည်း နတ်သံကွင်းမှ ကွန်ကရစ်ဘီးလမ်းစတင်နေရာအထိ (၂)မိုင် (၁)ဖာလုံ ကျန်ရှိနေသော မြေသားလမ်းအား ကျောက်ချောလမ်း အဆင့် တိုးမြှင့်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)**။ ။ ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအထိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ အဆိုပါ ကျောက်ချောလမ်း၊ အင်းနက်မှ ကြို့ကုန်း-နရွဲပင်-ကွဲတလင်း-တိုက်ထူကျေးရွာအထိ ရွာချင်းဆက် ကျောက်ချောလမ်းအရှည် (၅)မိုင် ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဇော်မင်းဦး (ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **“ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာမှ တောကြောင်ပေါက်ကျေးရွာအထိ အရှည်(၂)မိုင် (၁)ဖာလုံ ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းဒေသရှိ နတ်သံကွင်း-ကျောက်စရစ်-ထိုးဝါးစိုက် ကျွန်းကြီးလမ်းသည် လမ်းအရှည်(၁၀)မိုင်ဖြစ်ပြီး ကျေးလက်လမ်း အဆင့်(၁)လမ်းတွင် ပါဝင်ပါသည်။ အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ကရစ်ဘီးလမ်းအရှည် (၂)မိုင်(၆)ဖါလုံ ဆောင်ရွက်ခဲ့ပြီး ကျန်လမ်းပိုင်း (၂)မိုင်(၁)ဖါလုံ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် လမ်းအဆင့်အတန်း ဦးစားပေး သတ်မှတ်မှုအပေါ် မူတည်၍ ရန်ပုံငွေလျာထား

တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးဇော်မင်းဦး (ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ အင်းနက်ကျေးရွာမှ တိုက်ထူကျေးရွာအထိ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ကျောက်ကြီး မြို့နယ်၊ သဲကုန်း-အင်းနက်-မတောကုန်း -ထိုက်ထူ ရွာချင်းဆက်လမ်း (၇)မိုင် (၄)ဖာလုံသည် ကျေးလက် လမ်းအဆင့်(၁)တွင်ပါဝင်သောလမ်းဖြစ်ပြီး အဆိုပါလမ်းမှာ သဲကုန်း-ငါးဗျက်အင်း-အင်းနက်လမ်း အရှည် (၂)မိုင် (၄)ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျောက်ချော လမ်းခင်းထားပြီးဖြစ်ရာ ကျန်ရှိနေသည့် မြေသားလမ်း အရှည်(၅)မိုင်အား ကျောက်ချော လမ်းအဆင့် တိုးမြှင့်ပေးရန်အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် ဦးစားပေးလမ်းအဆင့်အတန်း ဦးစားပေးသတ်မှတ်မှုအပေါ် မူတည်၍ ရန်ပုံငွေလျာထားတင်ပြ တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်စပ်ပြီး ကျွန်တော်ပြောကြားလိုသည်က ဦးစားပေးလမ်းအဆင့်အတန်းနဲ့ ပတ်သက်ပြီး သတ်မှတ်တဲ့အခါမှာ နံပါတ်(၁)က အကျိုးပြုလူဦးရေ ကျေးရွာစီးပွားရေး (၂) သဘာဝပတ်ဝန်းကျင် ထိခိုက်မှု (၃) နေ့စဉ်ယာဉ်သွားလာမှု (၄) ဆင်းရဲမှုရာခိုင်နှုန်း (၅) ဈေး၊ ရွာ၊ ကျောင်း၊ ဆေးပေးခန်း စသည့်အကျိုးပြုမှု (၆) အိမ်ထောင်စုတစ်စုအပေါ် ရင်းနှီးမြှုပ်နှံမှု (၇) ရွှေ့ပြောင်းနေထိုင်ရန် လိုအပ်မှုဆိုတဲ့ အချက်(၇)ချက်အပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ဦးစားပေးအဆင့်အတန်းကို သတ်မှတ်ပါတယ်ခင်ဗျား။ ထိုဦးစားပေး အဆင့်အတန်းကို ကျွန်တော်တို့ ယခုတွက်ချက်လျာထားနေတုန်း ရှိပါကြောင်း လေးစားစွာ ဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့ မီးရထားဂိုးကျော်တွင် လူကူးတံတားတည်ဆောက်ပေးရန်နှင့် ဘူတာ၏မြောက်ဘက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းထောင့်မှ ရန်ကုန်-မန္တလေး လမ်းမပေါ်သို့ ဆက်သွယ်ထားသော ဂေါက်ကွင်းလမ်း နယ်နိမိတ် ထိစပ်သည့်နေရာတွင် ဂိုးကျော်တံတားတစ်ခု တည်ဆောက်ပေးရန်** "နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အုတ်တွင်းမြို့တွင် တည်ရှိသော မီးရထားဂိုးကျော်မှာ လက်ရှိတွင် (၁)ခုတည်းသာ တည်ရှိ၍ မီးရထားဖြတ်သန်းစဉ် ဂိုးပိတ်ထားပြီး ဂိုးကျော်ကို ဖြတ်သန်းသွားလာရသည့် ခရီးသွားပြည်သူ၊ ကျောင်းသား/သူများမှာ လွန်စွာများပြားပြီး ဂိုး၏အရှေ့ဘက် စည်ပင်သာယာဈေးအထိလည်းကောင်း၊ ဂိုး၏အနောက်ဘက် ရန်ကုန်-မန္တလေး လမ်းမပေါ်အထိ လည်းကောင်း၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက္ကား၊ ခြေလျင်သွားများ ပြည့်ကြပ်သွားပြီး

ဂုံးပြန်ဖွင့်သော်လည်း အချိန်ကြာမြင့်စွာ စောင့်ဆိုင်းသွားနေရပါသဖြင့် နေ့စဉ်ယင်းဒုက္ခအား ပြည်သူများ ထိတွေ့ခံစားနေရပါသည်။

ယင်းကိစ္စအား ဖြေရှင်းနိုင်သောနည်းမှာ လက်ရှိဂုံးကျော်တွင် လူကူတံတားတည်ဆောက်ပေးခြင်း၊ ဘူတာ၏မြောက်ဘက် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းထောင့်မှ ရန်ကုန်-မန္တလေးလမ်းမပေါ်သို့ ဆက်သွယ်ထားသော ဂေါက်ကွင်းလမ်းနယ်နိမိတ် ထိစပ်သည့်နေရာတွင် ဂုံးကျော်တံခါးတစ်ခု တည်ဆောက်ပေးပါရန် တို့နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“ပဲခူး-တောင်ငူ လမ်းပိုင်းနှင့် စိန်သာလျောင်းဘုရားလမ်းဆုံမှ ဟသ်ာကုန်းထိပ်အထိ လမ်းပိုင်းတို့အား ရှင်းလင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သည် တိုင်းဒေသကြီးရုံးစိုက်ရာ မြို့လည်းဖြစ်ပါသည်။ ပဲခူးမြို့တွင် လမ်းမကြီးနှစ်ခုသာရှိပါသည်။ တစ်ခုမှာ ပဲခူး-တောင်ငူလမ်းမ (BOT) လမ်းပိုင်း ဖြစ်ပါသည်။ ၎င်းလမ်းပိုင်းမှာ အလွန်ညံ့ဖျင်းပြီး၊ ခရီးသည်ပို့ဆောင်ရေး မြို့တွင်း/မြို့ပြင်/အဝေးပြေးယာဉ်များစွာ ဂိတ်ထိုးသွားလာကြသောလမ်းပိုင်း၊ ယာဉ်ကြောအကြပ်ဆုံး လမ်းပိုင်းဖြစ်ပါသည်။

၎င်းအပြင် စည်းကမ်းအမဲ့ဆုံးသော ဆောက်လုပ်ရေးလုပ်ငန်းသုံး အုတ်၊ သဲ၊ ကျောက်၊ ကွန်ကရစ်၊ လုပ်ငန်းရှင်များ၊ ဝါး၊ သစ်အရောင်းဆိုင်များမှ ၎င်းတို့ရောင်းချသော ပစ္စည်းများအား လမ်းမကြီးပေါ်အထိ လာရောက်စုပုံခြင်း၊ ထွန်စက်ပစ္စည်းများ၊ ကျောက်စသည်များ၊ ကွန်ကရစ်ပြွန်များဖြင့် လမ်းမကြီးအထိ စုပုံထားခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်သွားယာဉ်လာခက်ခဲခြင်း၊ ကျောင်းသူကျောင်းသားများ၊ ခရီးသွားမိဘပြည်သူများအတွက် အခက်အခဲဖြစ်နေကြရပါသည်။ ယခုနှစ်တွင် ၎င်းလမ်းပိုင်းအား ပြုပြင်မည်ဟု သိရသော်လည်း ယခုကဲ့သို့ ကျူးကျော်နေသော လုပ်ငန်းရှင်များကြောင့် အန္တရာယ်ကျရောက်မည့် အခြေအနေတွင် ရှိနေပါ၍ ရှင်းလင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။

ပဲခူးမြို့၊ စိန်သာလျောင်းဘုရားလမ်းဆုံမှ ဟသ်ာကုန်းထိပ်အထိလမ်းပိုင်းမှာ အထူးအန္တရာယ်ရှိလမ်းပိုင်းဖြစ်နေသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူတို့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့ မီးရထားဂိုးကျော်တွင် လူကူးတံတား တည်ဆောက်ပေးရန်နှင့် ဘူတာ၏မြောက်ဘက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းထောင့်မှ ရန်ကုန်-မန္တလေး လမ်းမပေါ်သို့ ဆက်သွယ်ထားသော ဂေါက်ကွင်းလမ်း နယ်နိမိတ်ထိစပ်သည့်နေရာတွင် ဂိုးကျော် တံတားတစ်ခု တည်ဆောက်ပေးရန်** "နှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားအနေဖြင့် လောလောဆယ်တွင် လက်ရှိ ဂိုးကျော်နေရာ၌လူကူးတံတား တည်ဆောက်သွားရန် အစီအစဉ်မရှိသေးပါကြောင်းဖြေကြားအပ်ပါတယ်။ တဖန် ဘူတာရုံမြောက်ဘက် ရဲစခန်းထောင့်နေရာ မှ ရန်ကုန်- မန္တလေး ကားလမ်းမကြီးပေါ်သို့ ဆက်သွယ်ထားသော ဂေါက်ကွင်းလမ်းထိစပ်သည့် နေရာတွင် ဂိုးကျော်တံခါးတပ်ဆင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ရန်ကုန် - မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအား ဂျပန်နိုင်ငံချေးငွေ ODA LOAN ဖြင့် Jica နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းဆောင်ရွက်မှုအား မကြာမီစတင်တော့မှာဖြစ်ပြီး အဆိုပါ စီမံကိန်းမှာ ရထားလမ်းကူးဂိတ်(ဂိုးကျော်)များ အစီအစဉ်ရှိပါသဖြင့် ၎င်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့်အချိန် လူဦးရေ၊ ယာဉ်ဖြတ်သန်းမှု၊ ပိတ်ဆို့မှု အခြေအနေများ Survey ပြုလုပ်စိစစ် ဆောင်ရွက်သွားမည့် အစီအစဉ်ပါရှိပါကြောင်း ဖြေကြားအပ်ပါသည်။ သို့ပါ၍ အခုလောလောဆယ်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းများကိုလည်း ပြုလုပ်နေပြီဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ODA LOAN ဖြင့် ၂၀၁၈ ပထမ(၆)လပတ်အတွင်းမှာ လုပ်ဆောင်မယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ အပိုင်းကိုလည်း မြန်မာ့ မီးရထားတိုင်း(၆)တာဝန်ခံကို ကွင်းဆင်းစစ်ဆေးစေမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးညွန့်ရွှေ၊ ပဲခူး မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပဲခူး-တောင်ငူ လမ်းပိုင်း နှင့် စိန်သာလျောင်း ဘုရား လမ်းဆုံမှ ဟသ်ာကုန်းထိပ်အထိ လမ်းပိုင်းတို့အား ရှင်းလင်းဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ** "နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း B.O.Tလမ်းအပိုင်းမှ ပဲခူးမြို့တွင်းအပိုင်းတွင် မက်စ်ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သောအပိုင်း၌ (၇၂)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း အဖြစ်လည်းကောင်း၊ ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်အပိုင်းတွင် (၄၈)ပေ အကျယ် ကတ္တရာ ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း လမ်းချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပါသည်။ ဆက်လက်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများအတွက် လမ်းလယ်ယာဉ်ကြောလိုင်းများ ဆေးရေးဆွဲခြင်း၊ အသိပေးဆိုင်းဘုတ်/သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ မီးပွိုင့်များ ပျက်စီးနေမှုများ ပြင်ဆင်ခြင်း၊ ထပ်မံလိုအပ်သည့် နေရာများတွင် အသစ်တပ်ဆင်ခြင်း လုပ်ငန်းများအား စီမံချက်ရေးဆွဲ၍ ဆောင်ရွက်စေလျှက် ရှိပါသည်။

လမ်းဘေးဝဲ/ယာ၌ ကျူးကျော်ဆိုင်ခန်းများ များပြားလာခြင်း၊ ပစ္စည်းများကျူးကျော် ဝင်ရောက် စုပုံမှုများပြားလာခြင်းတို့ကြောင့် ပဲခူးမြို့သည် သန့်ရှင်းသပ်ရပ်မှုမရှိဘဲ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အတွက် စိုးရိမ်ရမည့်အခြေအနေရှိသည့်အတွက် ကျွန်တော်တို့ (၂၈. ၉. ၂၀၁၇) ရက်နေ့တွင်

ကျင်းပပြုလုပ်တဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇) ဆုံးဖြတ်ချက် အပိုဒ်(၆)(ခ)အရ ပဲခူးမြို့လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သန့်ရှင်းသာယာလှပရေးအဖွဲ့ကို ကျွန်တော်တို့ ဖွဲ့စည်းထားရှိပါသည်။ ထို့အဖွဲ့မှ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဲခူးမြို့လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သန်ရှင်းသာယာလှပရေးအဖွဲ့ကို ဘယ်လိုဖွဲ့စည်းထားတာလဲဆိုရင် ကျွန်တော်တို့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး အဖွဲ့ခေါင်းဆောင်နှင့် အခြားအစိုးရအဖွဲ့ဝင် ဝန်ကြီး(၃)ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ BRCCA အဖွဲ့မှကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့အား စနစ်တကျဖွဲ့စည်း၍ ကျူးကျော်များစနစ်တကျရှင်းလင်းခြင်းနှင့် မြို့သာယာလှပရေး လုပ်ငန်းများကို စနစ်တကျစီမံချက် ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းအပြင် ကျွန်တော်တို့ ကျူးကျော်နေရာများကို ကျွန်တော်တို့ Notice စာများကို၂ကြိမ်၊ ၃ကြိမ်ခန့် လည်းပေးထားပြီးဖြစ်ပါတယ်။ ၎င်းအဖွဲ့နှင့်အတူ လမ်းဦးစီးဌာနမှ လမ်းမကြီးများ ဥပဒေအရ လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာဥပဒေအရ ၎င်းဥပဒေများနှင့်အညီ ကျူးကျော်မှုများ ဖယ်ရှားရှင်းလင်း အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ စိန်သာလျောင်းဘုရားလမ်းဆုံမှ ဟသ်ာကုန်းအထိလမ်းပိုင်းမှာ ပဲခူး-သနပ်ပင်-ခရမ်း-သံလျင်လမ်းအပိုင်းမှ မိုင်(၀/၀)မှ မိုင်(၁/၇) ထိ နာရီစင်မှ စိန်သာလျောင်းဘုရားအတွင်းတည်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေနှင့် (၄၈ပေ)အကျယ် လေးလမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့သွားမည် ဖြစ်ပါသည်။ အဆိုပါလမ်းပိုင်းအတွင်းမှ ဈေးဆိုင်ကျူးကျော်များ၊ ပစ္စည်းစုပုံကျူးကျော်ခြင်းများနှင့် အခြားနည်းမျိုးစုံနှင့် ကျူးကျော်ထားရှိမှုများအား တင်ပြပါ ပဲခူးမြို့လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သန့်ရှင်းသာယာလှပရေးအဖွဲ့မှဦးစီး၍ သက်ဆိုင်ရာဌာနများ ကော်မတီများမှ စနစ်တကျရှင်းလင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“အုတ်ဖို-ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၁/၀-၁/၀)ကြားရှိ (၁၂၃)ပေ အရှည် သံဘောင်တံတားအား သစ်မာဖြင့် ဆင့်တန်း၊ ကြမ်းခင်း၊ ဘီးလမ်းတွင် လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“အုတ်ဖို-ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၆/၄-၆/၅)ကြားရှိ သစ်သားတံတား ဟောင်းအား (၂၀)ပေအရှည် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖို- ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၁/၀ - ၁/၀)ကြားရှိ(၁၂၃)ပေ အရှည်သံဘောင်တံတားအား သစ်မာဖြင့် ဆင့်တန်း၊ ကြမ်းခင်း၊ ဘီးလမ်းတွင် လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အုတ်ဖို- ကြက်ဆူတော- တက်ဆွဲလမ်း မိုင်(၆/၄ - ၆/၅)ကြားရှိ သစ်သားတံတားဟောင်းအား (၂၀) ပေရှည် သံကူကွန်ကရစ် တံတားအဖြစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"အုတ်ဖို-ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၁/၀-၁/၀) ကြားရှိ (၁၂၃)ပေ အရှည် သံဘောင်တံတားအား သစ်မာဖြင့် ဆင့်တန်း၊ ကြမ်းခင်း၊ ဘီးလမ်းတွင် လဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ အုတ်ဖို-ကြက်ဆူတော-တပ်ဆွဲလမ်း၊ မိုင်(၁/၀-၁/၁)ကြားရှိ (၁၂၃ပေ) အရှည် သံဘောင်တံတားအား သစ်မာဖြင့် ဆင့်တန်း၊ ကြမ်းခင်း၊ ဘီးလမ်းတွင် လဲလှယ်ပေးရန် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးစောသူရအောင် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖို-ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၆/၄-၆/၅)ကြားရှိ သစ်သားတံတား ဟောင်းအား (၂၀)ပေအရှည် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ အုတ်ဖို-ကြက်ဆူတော-တပ်ဆွဲလမ်း၊ မိုင်(၆/၄-၆/၅)ကြားရှိ သစ်သား တံတားဟောင်းအား (၂၀ပေ)အရှည် သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက် မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **"အုတ်ဖို-ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၂/၃-၂/၄) ကြားရှိ သစ်သားတံတား ဟောင်းအား (၃၀)ပေ အရှည်သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"အုတ်ဖိုမြို့နယ်၊ အိုသည်ကုန်းဖြတ်လမ်း ကျောက်ချောခင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖို- ကြက်ဆူတော-တက်ဆွဲလမ်းမိုင်(၂/၃ - ၂/၄)ကြားရှိ သစ်သားတံတားဟောင်းအား (၃၀)ပေရှည် သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းဖြတ်လမ်းကျောက်ချောခင်းပေးရန်အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖို-ကြက်ဆူတော-တက်ဆွဲလမ်း မိုင်(၂/၃-၂/၄) ကြားရှိ သစ်သားတံတားဟောင်းအား (၃၀)ပေ အရှည်သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ အုတ်ဖို-ကြက်ဆူတော-တပ်ဆွဲလမ်း၊ မိုင်(၂/၃-၂/၄)ကြားရှိ သစ်သားတံတားဟောင်းအား (၃၀)ပေအရှည် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းဖြတ်လမ်း ကျောက်ချောခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အုတ်ဖို - အိုးသည်ကုန်းဖြတ်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ (Class A) အဆင့်လမ်းတစ်လမ်း ဖြစ်ပြီး စုစုပေါင်း(၅)မိုင်အရှည် ရှိပါသည်။ ၄င်းလမ်းတွင် (၂မိုင်)မှာ ကျောက်ခင်းလမ်းဖြစ်ပြီး ကျန်(၃မိုင်)မှာ ဂဝ်လမ်းဖြစ်ပါသည်။ ၄င်းလမ်းအား ကျေးရွာ (၁၅)ရွာ၊ အိမ်ခြေ(၁၁၅၅)နှင့် လူဦးရေ(၄၈၉၅)တို့ အသုံးပြုလျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ၄င်းလမ်းကျန်မိုင်(၃မိုင်) ဂဝ်လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ရန်အတွက် နှစ်အလိုက်ခွဲဝေရရှိမည့် ရန်ပုံငွေပေါ်တွင်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် လမ်းဦးစားပေးအဆင့်အတန်း သတ်မှတ်မှုပေါ်မူတည်၍ လျာထားတင်ပြပေးမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“မိုးညိုမြို့နယ်၊ ဝဲကြီးအုပ်စု၊ သံရိုးရွာအနီး မြစ်ကမ်းပါးပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **“မိုးညိုမြို့နယ်၊ လက်ပန်ခုန်အုပ်စု၊ ဗူးခုံကျေးရွာအနီး မြစ်ကမ်းပါး ပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“မိုးညိုမြို့နယ်၊ ညောင်ဝိုင်းအုပ်စု၊ ဆင်ကျွန်းကျေးရွာတွင် နှစ်စဉ် မြစ်ကမ်းပါး ပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မိုးညိုမြို့နယ်၊ ဝဲကြီးအုပ်စု၊ သံရိုးရွာအနီး မြစ်ကမ်းပါးပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မိုးညိုမြို့နယ်၊ လက်ပန်ခုန်အုပ်စု၊ ဗူးခုံကျေးရွာအနီး မြစ်ကမ်းပါးပြိုကျနေမှုအား တားဆီး ကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မိုးညိုမြို့နယ်၊ ညောင်ဝိုင်းအုပ်စု၊ ဆင်ကျွန်းကျေးရွာတွင် နှစ်စဉ်မြစ်ကမ်းပါးပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား အထက်ပါမေးခွန်းများ နှင့်ပတ်သက်၍ ဖြေကြားရမယ်ဆိုလျှင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းရေးဆွဲ ဆောင်ရွက်ထားခြင်း မရှိပါကြောင်း။ ၂၀၁၈-၂၀၁၉ မှာရေးဆွဲထားတာ အားလုံးပေါင်း အဆိုပါကမ်းပါးပြိုမှုအပါ အားလုံးပေါင်း ၁၃ ခုဖြစ်ပြီး ၁၀ ခုမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် မေးခွန်းများဖြစ်ပြီး ကျန် ၃ ခုမှာ ၁ခုက ဒုတိယသမ္မတကြီးရဲ့လမ်းညွှန်ချက်ဖြစ်ပြီး၊ ၂ခုမှာ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နဲ့ ဖြစ်ပါတယ်။ သို့ပါ၍ ၂၀၁၈-၂၀၁၉ မှာလျာထားသည့် ၁၃ခုမှာ ရန်ပုံငွေစုစုပေါင်း သန်း၆၀၀၀နီးပါး ရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းထားသည့်နေရာများကို လျာထားဆောင်ရွက်

ပေးနိုင်ခြင်း မရှိပါကြောင်း။ သို့ပါသော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ရရှိပါက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ရွှေတောင်မြို့နယ်၊ ကျောင်းကုန်းအုပ်စု၊ တောဇီးကုန်းကျေးရွာသည် NEP (၂)မိုင်အတွင်း မပါရှိပါသဖြင့် လျှပ်စစ် မီးလင်းရေးအတွက် လိုအပ်လျက်ရှိသော ၁၁ကေဗွီလိုင်း (၀. ၁၁) မိုင်၊ ၁၁/ ၀. ၄ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ဗို့လိုင်း(၀. ၉၈)မိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၈-၂၀၁၉ခုနှစ်၊ ဘဏ္ဍာရေး နှစ်တွင် ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ကျောင်းကုန်း အုပ်စု၊ တောဇီးကုန်းကျေးရွာသည် NEP (၂)မိုင်အတွင်း မပါရှိပါသဖြင့် လျှပ်စစ်မီးလင်းရေး အတွက် လိုအပ်လျှက်ရှိသော

(၁) ၁၁ကေဗွီလိုင်း(၀. ၁၁)မိုင်

(၂) ၁၁/၀. ၄ကေဗွီ(၂၀၀)ကေဗွီအေထရန်စဖော်မာတစ်လုံး

(၃) ၄၀၀ဗို့လိုင်း(၀. ၉၈)မိုင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ဝေမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ရွှေတောင်မြို့နယ်၊ ကျောင်းကုန်းအုပ်စု၊ တောဇီးကုန်းကျေးရွာသည် NEP (၂)မိုင်အတွင်း မပါရှိပါသဖြင့် လျှပ်စစ် မီးလင်းရေးအတွက် လိုအပ်လျက်ရှိသော ၁၁ကေဗွီလိုင်း (၀. ၁၁) မိုင်၊ ၁၁/ ၀. ၄ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ဗို့လိုင်း(၀. ၉၈)မိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ရွှေတောင်မြို့နယ်၊ ကျောင်းကုန်းအုပ်စု၊ တောဇီးကုန်း ကျေးရွာဓါတ်အားရရှိရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်-ကျီးသဲဖီဒါ (၁)ဓါတ်အားလိုင်းမှ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ဆောင်ရွက်ထားရှိသော မကျီးပေါက်ကုန်းကျေးရွာ ၁၁ကေဗွီလိုင်း (၂. ၅)မိုင်မှ တောဇီးကုန်းကျေးရွာသို့ ၁၁ကေဗွီလိုင်း၂. ၇မိုင် တည်ဆောက်ခြင်း၊ ၁၁/၀. ၄ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ၄၀၀ဗို့ဓါတ်အားလိုင်း (၁. ၂)မိုင် တည်ဆောက်ပေးရမည်ဖြစ်သော်လည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှ ပထမအကြိမ် တင်ပြချက် အတိုင်း ရွှေတောင်မြို့နယ်၊ ကျောင်းကုန်းအုပ်စု၊ တောဇီးကုန်းကျေးရွာ လျှပ်စစ်ဓါတ်အားရရှိရေးအတွက်၂၀၁၈-၂၀၁၉

ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ စာရင်းတွင် ၁၁ကေဗွီလိုင်း (၁. ၁၁)မိုင် ၁၁/၀. ၄ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် ၄၀၀ဗို့ ဓါတ်အားလိုင်း(၀. ၉၈)မိုင် တည်ဆောက်ခြင်းလုပ်ငန်းများသာ ပါဝင်ပါကြောင်း လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၏ **"ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ဆဲ/ ဆက်လက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည့်အစီအမံများအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့တင်ပြရန် အစီအစဉ် ရှိ/ မရှိ "**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်။** ။ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်း၊

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့် သော်လည်းကောင်း၊ မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

သို့ရာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည် ဖော်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြခဲ့ဖူးခြင်းမရှိဘဲ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေများ တောင်းခံလာမှသာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၃(ခ) တွင်ပါရှိသည့် "ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေအရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို

သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်" ဆိုသည့်အတိုင်း ဆောင်ရွက်နေရပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းရပ်အသီးသီးအား တိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးအတည်ပြု၍ လျင်မြန်မှန်ကန်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း/ဆောင်ရွက်ဆဲ/ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည့် အစီအစဉ်များအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်းအား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်/ကျေးအဆင့် စိုက်ပျိုးစရိတ် ချေးငွေလုပ်ငန်းကော်မတီဖွဲ့စည်းရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ပွင့်လင်းမြင်သာချပြဖွဲ့စည်းခြင်းမရှိဘဲ ၎င်းတို့သဘောဆန္ဒဖြင့် ဖွဲ့စည်းအတည်ပြု နေသည့်အတွက် ပြန်လည်၍ပွင့်လင်းမြင်သာစွာ ချပြဖွဲ့စည်းပေးသင့်ပြီး ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒိုက်ဦးမြို့နယ်အတွင်း ပြီးခဲ့သည့်လများတွင်ရပ်/ကျေးအဆင့် စိုက်ပျိုးစရိတ်ချေးငွေ လုပ်ငန်းကော်မတီများကိုဖွဲ့စည်းရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ကျေးရွာနေလယ်သမားများအား ပွင့်လင်းမြင်သာစွာ ချပြဖွဲ့စည်းခြင်းမရှိဘဲ ၎င်း(၁)ဦးတည်း သဘောဆန္ဒဖြင့် အတည်ပြုဖွဲ့စည်းခဲ့ခြင်းအား တွေ့ရှိခဲ့ပါသည်။

ထိုသို့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် မည်သူတစ်ဦးတစ်ယောက်မျှ ချပြခြင်းမရှိဘဲ ဖွဲ့စည်းအတည်ပြုခဲ့ခြင်းအား သိရှိသော ကျေးရွာနေတောင်သူလယ်သမားများမှာ မကျေမနပ်ဖြစ်နေကြရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထံ လာရောက်တိုင်တန်းကြရပါသည်။ ဤကဲ့သို့ တိုင်တန်းချိန်တွင်ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် မြို့နယ်၏ညွှန်ကြားချက်ဖြင့် ကတိုက်ကရိုက် ဖွဲ့စည်းအတည်ပြုပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရပ်/ကျေးအဆင့် စိုက်ပျိုးစရိတ် ချေးငွေကော်မတီအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၂. ၉. ၂၀၁၇)ရက်နေ့ ညွှန်ကြားချက်အရ (၇)ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ထိုသို့ဖွဲ့စည်းရာတွင် ချေးငွေတောင်သူလယ်သမားများ၏ ကိုယ်စားလှယ်(၁)ဦး ထည့်သွင်းဖွဲ့စည်းရမည်ဟု ပါရှိသဖြင့် အဆိုပါပုဂ္ဂိုလ်အား ရပ်/ကျေးများရှိ တောင်သူလယ်သမားအများစု၏ ဆန္ဒဖြင့် ရွေးချယ်ပေးရမည် ဖြစ်သော်လည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူး(၁)ဦးတည်း၏ စီမံခန့်ခွဲမှုဖြင့် ထည့်သွင်းဖွဲ့စည်းလိုသူအား ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်သောကြောင့် ပြန်လည်၍တောင်သူလယ်သမားအများစုအား ချပြပြီး ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် လိုအပ်ပြီး ပြန်လည်ညွှန်ကြားဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**။ ။ ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၏ **"ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ဆဲ/ဆက်လက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည့်အစီအမံများအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့တင်ပြရန် အစီအစဉ် ရှိ/ မရှိ "**နှင့် စပ်လျဉ်း၍၂၀၀၈ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၅၁တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရသည် ပြည်ထောင်စုအစိုးရကချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေ များနှင့်သော်လည်းကောင်း၊ မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်း ထားရှိပါသည်။ ဒီနေရာမှာ ကျွန်တော်တို့စီမံကိန်းများရေးဆွဲသည့်အခါမှာ ဥပမာ- လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းရေးဆွဲတော့မည်ဆိုလျှင် ကြိုတင်ပြီး (၆) လခန့် ကြိုတင်ဆွဲရပါသည်။ ယခုဆိုလျှင် လာမည့် ၂၀၁၈-၂၀၁၉ အတွက်ကို ကြိုတင်ဆွဲထားရပါသည်။ ထို့အတူဘဲ ယခင်နှစ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက်၂၀၁၆-၂၀၁၇ နှစ်လယ်လောက်မှ စတင်ပြီးဆွဲရပါသည်။ ၎င်းမှာပထမအရစ်ပါ။ ဒုတိယအရစ်ရောက်သည့်အခါ ကျွန်တော်တို့ ဆွဲထားသည့်ငွေများဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါမှာ မလောက်လျှင် ဖြည့်စွက်ရန်ပုံငွေအဖြစ်နှင့် ပြန်လည်ပြီးသုံးစွဲနိုင်ရန် ကျွန်တော်တို့ ထပ်မံပြီးသုံးစွဲစဉ်ကာလ ၄၊ ၅၊ ၆ လအတွင်းမှာ ဒုတိယအကြိမ်အဖြစ်နဲ့ ဖြည့်စွက်ရန်ပုံငွေ တောင်းခံရပါသည်။ ယင်းကဲ့သို့ ရေးဆွဲရသည့် သဘောသဘာဝရှိပြီး ကြိုတင်ပြီး ကျွန်တော်တို့ ခန့်မှန်းတောင်းခံသည်များလည်း ရှိပါသည်။

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း ရမည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

အခြေခံဥပဒေပုဒ်မ ၁၉၀(ခ)နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် နှစ်စဉ် ဒေသန္တရစီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြကြပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည်လည်း ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းရပါသည်။

လက်ရှိအစိုးရတာဝန်ယူပြီးသည့်နောက် ပဲခူးတိုင်းဒေသကြီးစီမံကိန်းကော်မရှင်ကို (၂၀. ၉. ၂၀၁၆) တွင် ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများမှ အဖွဲ့ဝင်၊ အစိုးရအဖွဲ့အတွင်းရေးမှူးမှ အတွင်းရေးမှူး အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းစီမံကိန်းကော်မရှင်ဆိုသည့်နေရာမှာ ယခင်ခေတ်များက စီမံကိန်း

ကော်မရှင်သည် တိုင်းမှာမရှိဘဲ ပြည်ထောင်စုမှာဘဲ ရှိပါသည်။ ယခုကျွန်တော်တို့ အစိုးရတက်လာပြီးသည့် အချိန်ကျမှသာလျှင် စီမံကိန်းကော်မရှင်ကို စတင်ဖွဲ့စည်းပြီးမှ စီမံကိန်းကော်မရှင်မှာ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးချုပ်က ပါဝင်ပတ်သက်ပြီးဆောင်ရွက်မှ တိုင်းဒေသကြီးဝန်ကြီးများက အဖွဲ့ဝင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တာဖြစ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးနဲ့ အကောင်အထည်ဖော်ရေးကော်မတီတွင် တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး တိုင်းဒေသကြီးစီမံကိန်းဦးစီးမှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တာ ဖြစ်ပါသည်။ မြို့နယ်မှာလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌက တာဝန်ယူပြီး မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး စီမံကိန်းမှူးက အတွင်းရေးမှူးအဖြစ် ယခုလက်ရှိ ဆောင်ရွက် နေတာ ဖြစ်ပါသည်။ တိုင်းဒေသကြီးစီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်၏မူဝါဒနှင့် ကိုက်ညီမှုရှိ/မရှိ အတည်ပြုခြင်း၊ နှစ်စဉ် ကာလလတ်နှင့် ကာလရှည် ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အမျိုးသား စီမံကိန်းကော်မရှင်ကိုတင်ပြ၍ လမ်းညွှန်မှုတောင်းခံခြင်း၊ သဘောတူပြီးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းစီမံကိန်းများကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းတို့ ပါဝင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းမှာ ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ရည်မှန်းချက်နှင့် နိုင်ငံပိုင်အခန်းကဏ္ဍရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များ ပါဝင်ပါသည်။ နိုင်ငံပိုင်အခန်းကဏ္ဍရင်းနှီးမြှုပ်နှံမှု ရည်မှန်းအဆိုပြုချက်များအတွက် ဝန်ကြီးဌာန အဖွဲ့အစည်း အသီးသီး၏ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ ပါဝင်သည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကို ဌာနဆိုင်ရာများနဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျှက်ရှိပါသည်။ ယခုနှစ်အထူးလျာထားသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် မြို့နယ်အဆင့်ဆင့်မှာရှိသည့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများ လွှတ်တော်ကိုယ်စားလှယ်များပေါင်းစပ်ပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကို Buttom up အောက်ခြေမှ ရေးဆွဲသည့် စီမံကိန်းများဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်လျှက်ရှိပါသည်။ ၎င်းကိုလည်း သက်ဆိုင်ရာ မြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များအသိ ဆောင်ရွက်ပြီးဖြစ်သည်ကို တင်ပြလိုပါသည်။ သို့အတွက်ကြောင့် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရောက်သည့်အခါမှာ ကျွန်တော်တို့ ယခုဆိုလျှင် စတင်ပြီး စုဆောင်းဆောင်ရွက်လျှက် ရှိပါသည်။ လွှတ်တော်ကိုလည်း တင်ပြရန် အစီအစဉ်ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ရပ်/ကျေးအဆင့် စိုက်ပျိုးစရိတ် ချေးငွေလုပ်ငန်း ကော်မတီ ဖွဲ့စည်းရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ပွင့်လင်းမြင်သာ ချပြဖွဲ့စည်းခြင်းမရှိဘဲ ၎င်းတို့**

**သဘောဆန္ဒဖြင့် ဖွဲ့စည်းအတည်ပြုနေသည့်အတွက် ပြန်လည်၍ပွင့်လင်းမြင်သာစွာ ချပြဖွဲ့စည်းပေးသင့်ပြီး ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ခုနှစ်၊ ၂၀၁၇-ဆောင်းစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးချိန်မှစ၍ ကျေးရွာအုပ်စု သို့မဟုတ် တိုက်နယ်အရောက် အချိန်မီ ချေးငွေထုတ်ချေးပေးနိုင်ရေးကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၂-၉-၂၀၁၇)ရက်နေ့ ရုံးအမိန့်စာအမှတ်(၂၂၄/၂၀၁၇)ဖြင့် တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်နှင့်ရပ်ကွက် ကျေးရွာအုပ်စုအဆင့် လုပ်ငန်းကော်မတီအား ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ရပ်ကွက်ကျေးရွာအုပ်စုအဆင့် စိုက်ပျိုးစရိတ် ချေးငွေလုပ်ငန်းကော်မတီအဖွဲ့ဝင် (၇)ဦးဖြင့် ဖွဲ့စည်းရမည် ဖြစ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး၊ ဆောင်း၊ မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ချေးငွေညွှန်ကြားစာပါ ညွှန်ကြားမှုအရ ရပ်ကွက်/ကျေးရွာအုပ်စု၊ ချေးငွေစိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီးမှသာ ချေးငွေထုတ်ချေးရပါသည်။ ၄င်းချေးငွေစိစစ်ရေးအဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌတာဝန်ယူကာ သက်ဆိုင်ရာစိုက်ပျိုးရေး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျေးရွာမြေတိုင်းစာရေးတို့မှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ငွေချေးသူတောင်သူလယ်သမားအဖွဲ့များ၏ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ထားသူအား အတွင်းရေးမှူးတာဝန်ခန့်အပ်ပြီးမှသာ မိုးဆောင်း၊ မိုးကြို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်း ဖြစ်ပါသည်။ ငွေချေးသူတောင်သူ လယ်သမားအဖွဲ့များ၏ ကိုယ်စားလှယ်ကိုရွေးချယ်ရာမှာ အဖွဲ့ခေါင်းဆောင်များထဲမှ(၁)ဦး ကိုအဖွဲ့ခေါင်းဆောင်များ၏ဆန္ဒအရ လွတ်လပ်စွာရွေးချယ်ရပါသည်။ အုပ်ချုပ်ရေးမှူးတစ်ဦးတည်းဆန္ဒအရ ရွေးချယ်တာဝန်ပေးခန့်အပ်၍ မရပါ။ ယခုထပ်မံ ဖွဲ့စည်းသောလုပ်ငန်းကော်မတီတွင် ချေးငွေစိစစ်ရေးအဖွဲ့ အတွင်းရေးမှူး တာဝန်ယူထားသော တောင်သူလယ်သမားကိုယ်စားလှယ်အား ဆက်လက်တာဝန်ပေးအပ်ရမည် ဖြစ်ပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် စိုက်ပျိုးစရိတ်ချေးငွေ ကော်မတီဖွဲ့စည်းခြင်းသည် ကျေးရွာအုပ်စု (သို့မဟုတ်) တိုက်နယ်သို့သွားရောက်၍ ချေးငွေထုတ်ချေးရာတွင် အချိန်မီလွယ်ကူလျင်မြန် ချောမွေ့စွာ ထုတ်ချေးပေးနိုင်ရေးအတွက် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းခြင်းဖြစ်ပါသည်။ ယခုအခါ ၂၀၁၇-ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု (သို့မဟုတ်) တိုက်နယ်အရောက် ကွင်းဆင်းထုတ်ချေးခြင်း မပြုတော့ဘဲ မြို့နယ်ဘဏ်ခွဲများတွင်သာ ယခင်နှစ်များကဲ့သို့ ထုတ်ချေးပေးမည်ဖြစ်ပါသဖြင့် လောလောဆယ် ပြန်လည်ဖွဲ့စည်းပေးရန် အစီအစဉ်မရှိသေးဘဲ ကျေးရွာအုပ်စု (သို့မဟုတ်) တိုက်နယ်အရောက် ကွင်းဆင်းထုတ်ချေးခွင့်ရှိသည့် အချိန်တွင် ပြန်လည်ညွှန်ကြား၍ ဖွဲ့စည်းပေးမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ဥက္ကဋ္ဌကြီးခင်ဗျာ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌကြီး**။ ။ခွင့်ပြုပါတယ်။

**ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီး၏ဖြေကြားချက်မှာ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်စီမံကိန်းများ လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသွားရန် အစီအစဉ်ရှိကြောင်း ဖြေကြားသွားသည်ကို တွေ့ရပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လက်ရှိ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်သည့် စီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီးအစိုးရက အကောင်အထည်ဖော်သည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ဒေသန္တရစီမံကိန်းဥပဒေမှာ ထည့်သွင်းတင်ပြခဲ့ခြင်းမျိုး မတွေ့ရကြောင်း။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများတင်ပြသည့်အခါမှသာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ စစ်ဆေးစိစစ်ချက်များအရ စီမံကိန်းလုပ်ငန်း အမျိုးအစားနှင့် ငွေကြေးပမာဏများကို အသေးစိတ်တွေ့ရှိခဲ့ရပါသည်။ ၎င်းအချိန်ကျမှ စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီး ရက်အနည်းငယ်အတွင်း စစ်ဆေးရခြင်း၊ ကြားနာပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်၍ လွှတ်တော်အတွင်းမှာ ဆွေးနွေးပြီး အတည်ပြုရခြင်းများ၊ ငြင်းပယ်ခြင်းများလျှော့၍ ခွင့်ပြုခြင်းများကို အများဆန္ဒဖြင့် ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိရမှာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မလိုလားအပ်သည့် ကြန့်ကြာမှုများ ဝိဝါဒကွဲပြားမှုများ အထင်အမြင်လွဲမှားမှုများ အချိန်ကုန်လူပန်းမှုများ များစွာတွေ့ခဲ့ရပါသည်။ ကျွန်တော်အနေနှင့် မေးခွန်း(၂)ခုအား ဆက်စပ်မေးခွန်းအဖြစ် မေးခွင့်ပြုပါ။ မေးခွန်းနံပါတ်(၁)က ဒေသန္တရစီမံကိန်းဥပဒေကြမ်းမှာ လုပ်ငန်းစီမံကိန်းများ လုပ်ငန်းများကို တစ်ခါတည်း ထည့်သွင်းရေးဆွဲရန် အစီအစဉ်ရှိသည့်အတွက် အချိန်ကာလအနေအားဖြင့် ကြိုတင်ပြီးတင်ပြရန် အစီအစဉ်လျာထားကြောင်း မေးခွန်းနံပါတ်(၁)အနေနဲ့ သိရှိလိုပါသည်။ နောက်တစ်ချက်မှာ စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို ဒေသန္တရစီမံကိန်းဥပဒေကြမ်းမှာ ထည့်သွင်းတင်ပြမှာလား သို့မဟုတ် ဘတ်ဂျက်အရတင်တောင်းမှ တင်ပြမှာလားမေးခွန်းကို မေးခွန်းနံပါတ်(၂)အနေနဲ့ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဗိုလ်မှူးဖြိုးဟိန်းကျော်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၏ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဗိုလ်မှူးမေးသည့်မေးခွန်းက အလွန်သင့်မြတ်သည့်မေးခွန်း ဖြစ်ပါသည်။ ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်သည် မိမိတို့ဆွဲခဲ့တာမဟုတ်သည့်အတွက် ငွေစာရင်းဘတ်ဂျက်ခွင့်ပြုငွေ ရမှသာလျှင် စီမံကိန်းများကိုညှိနှိုင်းပြီးမှ ဆောင်ရွက်ရသည့် သဘောရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာလည်း ယင်းကဲ့သို့ဖြစ်ခဲ့ပါသည်။ စီမံကိန်းကိန်းဂဏန်းများကို ကြိုတင်ပြီး မဆောင်ရွက်နိုင်ခဲ့ပါကြောင်း။ ဘတ်ဂျက်နှင့်ပတ်သက်ပြီး အသေးစိတ်တင်ပြပြီးမှ ညှိနှိုင်းခဲ့ရတာဖြစ်ပါသည်။ ယခု၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ယခုစတင်ပြီးဌာနဆိုင်ရာအသီးသီးနှင့် အောက်ခြေမှာရှိသည့် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှတစ်ဆင့် တဖြည်းဖြည်းတက်ရောက်လာပြီ ဖြစ်ပါသည်။ လွှတ်တော်သို့ဒေသန္တရစီမံကိန်းများကို မဆောင်ရွက်မီ

ဘတ်ဂျက်နှင့် ကြိုတင်ပြီး တင်ပြမှာဖြစ်ပါသည်။ ယခင်နှစ်ကလည်း မိမိတို့ မတင်ပြခဲ့ပါဘူး။ ဗိုလ်မှူးတင်ပြတာ မှန်ပါသည်။ စီမံကိန်းပြီးမှ ဘတ်ဂျက်သွားရမည့်ကိစ္စမှာ မိမိတို့ကဘတ်ဂျက်ကိုဘဲ တင်ပြနေတာ ဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရတာ အခက်အခဲများ ရှိပါသည်။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လာမည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းတွင် ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားခြင်းဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၏၂၀၁၇-၂၀၁၈ စုစုပေါင်း ဝင်ငွေကို ဧပြီလ (၁)ရက်မှ မတ်လ (၃၁)ရက်အထိ ဝင်မည်ဟုခန့်မှန်းထားသည့် BEက သန်းပေါင်း ၃၀၃၆၅. ၁၈၂ သန်း ဖြစ်ပါသည်။ ဆိုလိုသည့်သဘောက ဘီလီယံ ၃၀ ဖြစ်ပါသည်။ ထို့အတူဘဲ ပြည်ထောင်စုမှ ဘီလီယံ ၃၀ နှင့်မလောက်သည့်အတွက် ဖြည့်စွက်ရန်ပုံငွေမှာ သန်းပေါင်း ၁၂၇၆၉၁. ၄၇၅ သန်းကို တင်ပြပါသည်။ မိမိတို့တိုင်းဒေသကြီးဝင်ငွေနှင့် ပေါင်းလိုက်မည်ဆိုလျှင် ယခင်နှစ်၂၀၁၇-၂၀၁၈မှာ တိုင်းဒေသကြီးဘတ်ဂျက်အနေနှင့် သုံးစွဲလို့ရသည်မှာ ကျပ်သန်းပေါင်း ၁၅၈၀၅၆. ၆၅၇ ဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော်က ကြိုတင်မသိ၍ ကြိုတင်စိစစ်မရသည့်အခါမှာ တိုင်းဒေသကြီးလွှတ်တော်မှစိစစ်ပြီး ဖြတ်တောက်ငွေ ၁၃၉၁၅. ၃၄၆ သန်းဖြစ်ပါသည်။ ထိုအချက်သည် မိမိတို့၏ အခက်အခဲတစ်ခုဖြစ်ပြီး ပြင်ဆင်ရမည့် ကိစ္စလည်းဖြစ်ပါသည်။ သို့ပါ၍၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကို ကြိုတင်ပြင်ဆင်ပြီး ဒေသန္တရ စီမံကိန်းများကို ကြိုတင်ပေးရန် သက်ဆိုင်ရာညွှန်ကြားရေးမှူးများကို ပြောကြားထားပြီးသား ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့ တစ်ဆက်တည်း အခက်အခဲတင်ပြခြင်းက ယခုမိမိတို့ Buttom up ဆွဲနေပါသည်။ ယခင်နှစ်၂၀၁၇-၂၀၁၈၏ ဘတ်ဂျက်ကိုလည်း မိမိတို့ ခွင့်ပြုလိုက်သည်။ ဘာတွေပါလဲဆိုသည်ကို လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကိုတစ်အုပ်ချင်း ၂၀၁၇-၂၀၁၈၏ တရားဝင်ခွင့်ပြုထားသည့် ဘတ်ဂျက်ကိုလည်း ချပြပြီးသား ဖြစ်ပါသည်။ ထို့အတူဘဲ မိမိတို့ သုံးသပ်လေ့လာ ကြည့်သည့်အခါ မြို့နယ်များမှာ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးဆိုပြီး ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကို မိမိတို့ဆွဲသည့်အခါမှာ မိမိတို့ ရရှိသလောက် မြို့နယ်များမှရသည့် ဝင်ငွေများအပေါ်မှာ တွက်ချက်သည်မဟုတ်ဘဲ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး ဌာနဆိုင်ရာလိုအပ်ချက်မှာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များသည် များစွာဖြစ်ပါသည်။ ၎င်းတို့ကို မိမိတို့ကသုံးသပ်ပြီး ပြန်လည်ညှိနှိုင်းရမည့် ကိစ္စများရှိပါသည်ဆိုသည့်အကြောင်း မိမိအနေဖြင့် ကြိုတင်အသိပေးအပ်ပါသည်။ ထို့ကြောင့် ဗိုလ်မှူးမေးသည့် ဘတ်ဂျက်မတိုင်မီ ဒေသန္တရစီမံကိန်းများကို လွှတ်တော်သို့ မိမိတို့တင်ပြပေးမည်ဖြစ်သည့် အကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပန်းတောင်းမြို့နယ်၊ မူလကုန်းကလေးကျေးရွာအုပ်စုပိုင်ကွင်းအမှတ် (၂၅၈)မြေဧရိယာ(၄. ၂၀) ဧကခန့် ကျယ်ဝန်းသော ဘောလုံးကွင်းမြေနေရာအား ကျေးရွာအုပ်စုပိုင် ဘောလုံးကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကုန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၅၈)တွင်မြေဧရိယာ(၄. ၂၀)ဧကခန့် ကျယ်ဝန်းသော ကျေးရွာအုပ်စုပိုင်အားကစားကွင်း တည်ရှိပါသည်။ ထိုအားကစားကွင်းမှာ ယခင်က ကုန်သွယ်လယ်ယာမှ စပါးဝယ်ယူရေးဒိုင်အဖြစ် အသုံးပြုခဲ့ပါသည်။ နွေရာသီတွင် စပါးဝယ်ယူရာနေရာအဖြစ် အသုံးပြုခဲ့ပြီး မိုးတွင်းကာလတွင် ကျေးရွာအုပ်စုဆုဖလားပွဲများ ကျင်းပခဲ့ပါသည်။ ယခုအခါတွင် စပါးဝယ်ယူမှုများ မပြုလုပ်တော့၍ ကုန်သွယ်လယ်ယာမှာလည်း ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့်မူလ ကုန်းကလေးကျေးရွာအုပ်စုပိုင် ဘောလုံးကွင်းမြေနေရာအား ကျေးရွာအုပ်စုပိုင် ဘောလုံးကွင်းအဖြစ် ပြန်လည် သတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်း မြို့နယ်၊ မူလကုန်းကလေးကျေးရွာအုပ်စုပိုင်ကွင်းအမှတ် (၂၅၈) မြေဧရိယာ (၄. ၂၀) ဧကခန့်ကျယ်ဝန်းသော ဘောလုံးကွင်းမြေနေရာအား ကျေးရွာအုပ်စုပိုင် ဘောလုံးကွင်း အဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကုန်းကလေး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၅၈)၊ မြေဧရိယာ(၄. ၂၀) ဧကမှာ ကုန်သွယ်လယ်ယာအနေဖြင့် လယ်ယာ ကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကော်ပိုရေးရှင်း လက်ထက်(၁၉၈၂) ခုနှစ်မှ စ၍(မြဲ-ဒေါက်စေ့) စပါးသိုလှောင်ရုံ(၄)လုံး ဆောက်လုပ်ခဲ့ပြီး မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ကာလတစ်လျှောက်လုံး စပါးများဝယ်ယူသိုလှောင်ရာတွင် အသုံးပြုခဲ့သော ကျားအိုကျေးရွာအနီး၌ တည်ရှိ သည့် ဌာနပုံသေပိုင်စာရင်းဝင် ကျားအိုသိုလှောင်ရုံဝန်းမြေဖြစ်ပါသည်။ ယခုအခါ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးဌာနအား ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအဖြစ်လည်းကောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အဖြစ်လည်းကောင်း ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည့် နေရာမှာ အဆိုပါ ကျားအိုသိုလှောင်ရုံဝန်းအတွင်းရှိ သိုလှောင်ရုံများမှာ ဟောင်းနွမ်းပျက်စီးလာခြင်း၊ ဌာနမှသိုလှောင်ရုံများ အသုံးပြုရန်မလိုအပ်တော့ခြင်း တို့ကြောင့် ဝန်ကြီးဌာနမှ ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် သိုလှောင်ရုံ(၄)လုံးကို လေလံတင်ထုခွဲရောင်းချခဲ့ပြီး ဖြစ်သဖြင့် ယခုအခါ မြေကွက်လွတ်အဖြစ် ဖြစ်နေပါသည်။

သို့ရာတွင် အဆိုပါကျားအိုသိုလှောင်ရုံဝန်းမြေကွက်မှာ သိုလှောင်ရုံများ ဆောက်လုပ်အသုံးပြု ခဲ့သော်လည်း၊ မြို့နယ်မြေစာရင်းတွင် ကုန်သွယ်လယ်ယာပိုင် မြေအမျိုးအစား (လယ်မြေ)အနေဖြင့်သာ စာရင်းရှိနေခဲ့ပြီး မိမိဌာနပိုင်မြေအဖြစ်နှင့် လက်ရှိအခြေအနေမှာ လယ်မြေ(၄. ၂၀)ဧကအတွက် ကုန်သွယ်

လယ်ယာအမည်ပေါက်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)လက်မှတ် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ကိုကြည့်မည်ဆိုလျှင် မိမိတို့က (၄. ၂၀)ဧကမှာ ကွင်းအမှတ်က (၂၅၈) ဖြစ်ပါသည်။ ဦးပိုင်အမှတ်က ၅၂/၂ မှ ၁. ၇၃ဧက၊ ၅၄/၇မှာ ၀. ၆၂ဧက၊ ဦးပိုင်အမှတ် ၇၂/၃ မှာ ၀. ၅၄ဧက၊ ဦးပိုင်အမှတ် ၈၀ မှာ ၁. ၃၁ဧက စုစုပေါင်း ၂. ၂၀ဧက ဖြစ်ပါသည်။ ဦးပိုင်အမှတ်များ ပေါက်နေခြင်းသည် ယခင်က မည်ကဲ့သို့ပေါက်ခဲ့သလဲ ဆိုသည်ကိုလေ့လာပြီးမှ အဆိုပါ ကျွဲအိုသိုလှောင်ရုံမြေကွက်အား ကုန်းကလေးကျေးရွာအုပ်စုပိုင်ဘောလုံးကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ညှိနှိုင်းတောင်းခံရန် ဖြစ်ပါသည်။ သဘောတူခွင့်ပြုချက်ရရှိပါက မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံပေးနိုင်ရေး ဆက်လက်ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ကုန်သွယ်လယ်ယာအမည်နဲ့ ပုံစံ(၇) ထွက်နေပါသည်။ ကုန်သွယ်လယ်ယာကလည်း အမည်ပြောင်းထားတာ စားသုံးသူရေးရာဦးစီးဌာန ဖြစ်နေပါသည်။ သို့အတွက် ကုန်သွယ်လယ်ယာပိုင်ခြင်းသည် စားသုံးသူရေးရာဦးစီးဌာနပိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနနှင့် မိမိတို့ ညှိနှိုင်းတိုင်ပင်ပြီး ၎င်းမြေများကို နိုင်ငံတော်ကစွန့်လွှတ်ပြီးမှ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးလှမိုးသိန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးလှမိုးသိန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးလှမိုးသိန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးသို့ကတိကဝတ်၊ အာမခံချက်များ စိစစ်ရေး ကော်မတီမှတင်သွင်းသော အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွှတ်တော်များနှင့် အစိုးရအဖွဲ့အဆင့်ဆင့်တို့မှ ပြောင်းလဲဖြစ်ထွန်းမှုများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှလည်း အစွမ်းကုန်

ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရှိ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့၏မြို့နယ်များကို ကိုယ်စားပြု၍သော်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးကိုကိုယ်စားပြု၍ သော် လည်းကောင်း၊ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး ၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေး စသည့်ကဏ္ဍပေါင်းစုံအတွက် ဥပဒေပြုရေးမဏ္ဍိုင်မှ အုပ်ချုပ်ရေး/တရား စီရင်ရေးမဏ္ဍိုင်များကို ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်၊ ပြည်သူများအား ကိုယ်စားပြု ရေးတာဝန်များအရ လိုအပ်သောဥပဒေများကို ပြုစုပြဋ္ဌာန်းလျက်ရှိသည့်အပြင် မေးခွန်းများ၊ အဆိုများအား မေးမြန်းခြင်း/တင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊အဋ္ဌမပုံမှန်အစည်းအဝေးသို့ ကတိကဝတ် အာမခံချက်များ စိစစ်ရေးကော်မတီမှ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား အစီရင်ခံတင်ပြရန်။

## ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း

**ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။** အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်- (နောက်ဆက်တွဲ-က)

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဖြစ်သည့် ကတိကဝတ် အာမခံချက်များ စိစစ်ရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)၊(ခ)၊(ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၆၂ (က) (ခ) အရလည်းကောင်း၊ ၂၀၁၆ခုနှစ်၊မတ်လ (၃၀) ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဥက္ကဋ္ဌ(၁)ဦး၊ အတွင်းရေးမှူး(၁)ဦး၊ အဖွဲ့ဝင်(၁၁) ဦး စုစုပေါင်း(၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။
- ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆ ဖြင့်ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မျိုးနောင်အစား ဗိုလ်မှူးလှမိုးသိန်းအား ခန့်အပ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦး (ခ) ဦးတင်ဆန်းဦး (ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ ) သည် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်လျက်ရှိ၍၊ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦးသည် ကော်မတီအဖွဲ့ဝင်တာဝန်မှ ပြန်လည် အပ်နှံခဲ့ပါသည်။
- ကော်မတီအဖွဲ့ဝင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်သည် တပ်ပြောင်း ရွှေ့သွားသဖြင့် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇)မှစ၍ခွင့်အဖြစ်တင်ပြဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း။** အောက်ပါအတိုင်းဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

- မေးခွန်း၊အဆိုများနှင့် ၎င်းတို့နှင့်ပတ်သက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစောင့်ကြည့်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ အားလုံး တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

- ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆိုအချေများနှင့် ကတိကဝတ်နှင့် သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေးလုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့်အကြံဉာဏ်များရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး(၄)ခရိုင်အလိုက် ဇုံနယ်များသတ်မှတ်၍ အဖွဲ့(၄)ဖွဲ့ခွဲ တာဝန်ယူဆောင်ရွက် လျက်ရှိပါသည်။

- လုပ်ငန်းများကွင်းဆင်း၊စိစစ်ရေးအဖွဲ့အတွက်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီ အဖွဲ့ဝင်အားလုံး တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

ကော်မတီမှ အောက်ပါအတိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း၊ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းစုံစမ်းခြင်းနှင့် သတ္တမပုံမှန်အစည်းအဝေး၌ တင်သွင်းခဲ့သည့်အဆို/မေးခွန်း များအား မှတ်တမ်းတင်ခြင်းများဆောင်ရွက်ခဲ့ပါသည်-

**ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း။** အောက်ပါအတိုင်း အစည်းအဝေး (၂၂)ကြိမ်၊ ကျင်းပရက်ပေါင်း (၅၀) ရက် ကျင်းပခဲ့ပါသည်-(နောက်ဆက်တွဲ-ခ)

- (၁၇)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၇)
  ပထမနေ့ (၂၈-၆-၂၀၁၇)ရက်နေ့။
  ဒုတိယနေ့ (၂၉-၆-၂၀၁၇)ရက်နေ့။
- (၁၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၁၇)
  ပထမနေ့ (၂၇-၇-၂၀၁၇)ရက်နေ့။
  ဒုတိယနေ့ (၂၈-၇-၂၀၁၇)ရက်နေ့။
- (၁၉)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၈/၂၀၁၇)
  ပထမနေ့ (၂-၈-၂၀၁၇)ရက်နေ့။
  ဒုတိယနေ့ (၃-၈-၂၀၁၇)ရက်နေ့။
- (၂၀)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၁၇)
  ပထမနေ့ (၁၆-၈-၂၀၁၇)ရက်နေ့။

ဒုတိယနေ့ (၁၇-၈-၂၀၁၇)ရက်နေ့။

တတိယနေ့ (၂၁-၈-၂၀၁၇)ရက်နေ့။

စတုတ္ထနေ့ (၂၂-၈-၂၀၁၇)ရက်နေ့။

- (၂၁)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၀/၂၀၁၇)

ပထမနေ့ (၁၉-၉-၂၀၁၇)ရက်နေ့။

ဒုတိယနေ့ (၂၀-၉-၂၀၁၇)ရက်နေ့။

တတိယနေ့ (၂၁-၉-၂၀၁၇)ရက်နေ့။

စတုတ္ထနေ့ (၂၆-၉-၂၀၁၇)ရက်နေ့။

ပဥ္စမနေ့ (၂၇-၉-၂၀၁၇)ရက်နေ့။

ဆဌမနေ့ (၂၈-၉-၂၀၁၇)ရက်နေ့။

သတ္တမနေ့ (၂၉-၉-၂၀၁၇)ရက်နေ့။

- (၂၂)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၁/၂၀၁၇)

ပထမနေ့ (၉-၁၀-၂၀၁၇)ရက်နေ့။
ဒုတိယနေ့ (၁၂-၁၀-၂၀၁၇)ရက်နေ့။

- **ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းစုံစမ်းခြင်း။** ဒုတိယပုံမှန် အစည်းအဝေးမှ ပဥ္စမပုံမှန်အစည်းအဝေးထိ တင်သွင်းခဲ့သော အဆိုများနှင့် မေးမြန်းခဲ့သော မေးခွန်းများအား သက်ဆိုင်ရာဌာနများအလိုက် အောက်ပါနေ့ရက်များတွင် ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော မေးမြန်းစုံစမ်းခဲ့ပြီး ဆောင်ရွက်ပြီး (သို့မဟုတ်) ဆက်လက်မဆောင်ရွက်နိုင်သော အဆို/မေးခွန်းများအား ကတိကဝတ်စာရင်းမှပယ်ဖျက်နိုင်ခဲ့ ပါသည်- (နောက်ဆက်တွဲဂ)

- (၂၃-၈-၂၀၁၇)ရက်နေ့ ။ ဒုတိယပုံမှန်မှ ပဥ္စမပုံမှန်အထိ ကတိကဝတ်စုစုပေါင်း အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၃၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၂၃)ခု ကတိကဝတ် ဖြစ်ခဲ့ပါသည်။ စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဌာနများနှင့် ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းစုံစမ်းခြင်းပြုလုပ်ခဲ့ရာ ဆောင်ရွက်ဆဲအဆို ( - ) ခုကြယ်ပွင့်ပြ/မပြ မေးခွန်းပေါင်း (၃၈)ခု ရှိခဲ့ပြီးအဆို(၁)ခု၊ ကြယ်ပွင့်ပြ/မပြ မေးခွန်း (၁၄)ခုအား ပယ်ဖျက်နိုင်ခဲ့ပါသည်။

- (၂၄-၈-၂၀၁၇)ရက်နေ့ ။ ဒုတိယပုံမှန်မှ ပဥ္စမပုံမှန်အထိ ကတိကဝတ် စုစုပေါင်း အဆို(၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၁၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၉၉)ခု ကတိကဝတ်ဖြစ်ခဲ့ပါသည်။ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ဌာနများနှင့် ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းစုံစမ်းခြင်းပြုလုပ်ခဲ့ရာ ဆောင်ရွက်ဆဲ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်းပေါင်း(၁၁၇)ခုရှိခဲ့ပြီး၊ အဆို(၁)ခု၊ ကြယ်ပွင့်ပြ/မပြမေးခွန်း(၁၉)ခုအား ပယ်ဖျက်နိုင်ခဲ့ပါသည်။

- (၂၈-၈-၂၀၁၇)ရက်နေ့။ ဒုတိယပုံမှန်မှ ပဥ္စမပုံမှန်အထိ ကတိကဝတ်စုစုပေါင်း အဆို(၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၂၃)ခု ကတိကဝတ်ဖြစ်ခဲ့ပါသည်။ အောက်ပါအတိုင်း(၁၀း၀၀)နာရီမှ(၁၃း၃၀)နာရီထိ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဌာနများအား လည်းကောင်း၊ (၁၄း၀၀)နာရီမှ(၁၅း၃၀)နာရီထိ တရားလွှတ်တော်နှင့် စာရင်းစစ်ချုပ်ရုံးတို့အား ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စုံစမ်းမေးမြန်းခြင်း ဆောင်ရွက်ခဲ့ပါသည်-

    - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ဌာနများ အနေနှင့် ဆောင်ရွက် ဆဲအဆို(၁)ခု၊ ကြယ်ပွင့်ပြ/မပြမေးခွန်း(၄၈) ခုရှိပြီး အဆို(၂)ခု နှင့်ကြယ်ပွင့်ပြ/မပြမေးခွန်း (၁၁) ခုအားပယ်ဖျက် နိုင်ခဲ့ပါသည်။
    - တရားလွှတ်တော်အနေနှင့်ဆောင်ရွက်ဆဲမေးခွန်း(၁)ခုရှိပါသည်။
    - စာရင်းစစ်ချုပ်ရုံးအနေနှင့် ဆောင်ရွက်ဆဲ မေးခွန်း(၁) ခုရှိပါသည်။

- (၂၉-၈၂၀၁၇)ရက်နေ့။ ဒုတိယပုံမှန်မှပဥ္စမပုံမှန်အထိ ကတိကဝတ်စုစုပေါင်း အဆို(- ) ခု၊ ကြယ်ပွင့်ပြမေးခွန်း(၄)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁)ခု ကတိကဝတ်ဖြစ်ခဲ့ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ဌာနများအား ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော စုံစမ်းမေးမြန်းခြင်းပြုလုပ်ခဲ့ရာ ဆောင်ရွက်ဆဲအဆို(-)ခု၊ ကြယ်ပွင့်ပြ/မပြ ပေါင်းမေးခွန်း(၁)ခု ရှိခဲ့ပြီး၊ အဆို(-)ခု၊ ကြယ်ပွင့်ပြ/မပြမေးခွန်း(၃)ခုအား ပယ်ဖျက် နိုင်ခဲ့ပါသည်။

- (၃၀-၈-၂၀၁၇)ရက်နေ့။ ဒုတိယပုံမှန်မှ ပဥ္စမပုံမှန်အထိ ကတိကဝတ်စုစုပေါင်း အဆို( - )ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၃)ခု ကတိကဝတ်ဖြစ်ခဲ့ပါသည်။သယံဇာတ၊သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကွပ်ကဲမှု အောက်ဌာနများအား ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စုံစမ်းမေးမြန်းခြင်း ပြုလုပ်ခဲ့ရာဆောင်ရွက်ဆဲ အဆို(-)ခု၊ ကြယ်ပွင့် ပြ/မပြမေးခွန်းပေါင်း (၂)ခုရှိခဲ့ပြီး၊အဆို ( - )ခု၊ ကြယ်ပွင့်ပြ/မပြမေးခွန်း(-) ခုအား ပယ်ဖျက်နိုင်ခဲ့ပါသည်။

- (၆-၉-၂၀၁၇)ရက်နေ့။ ဒုတိယပုံမှန်မှ ပဥ္စမပုံမှန်အထိ ကတိကဝတ်စုစုပေါင်း အဆို(၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၁၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၈၆)ခု ကတိကဝတ် ဖြစ်ခဲ့ပါသည်။ စိုက်ပျိုးရေး/မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဌာနများအား ကြားနာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စုံစမ်းမေးမြန်းခြင်းပြုလုပ်ခဲ့ရာ ဆောင်ရွက်ဆဲ အဆို(၁)ခု၊ ကြယ်ပွင့်ပြ/မပြမေးခွန်းပေါင်း (၁၄၇)ခုရှိပြီး၊ အဆို(၂)ခု၊ ကြယ်ပွင့်ပြ/မပြမေးခွန်း (၃၃)ခုအား ပယ်ဖျက်နိုင်ခဲ့ပါသည်။

- **ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၌ တင်သွင်းခဲ့သည့် အဆိုမေးခွန်းများအားမှတ်တမ်းတင်ခြင်း။** ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် အဆို(၃)ခုတင်သွင်း အောင်မြင်ခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း (၁၀၅)ခုတွင် ကတိကဝတ်ပြု (၆၁)ခု (၅၈%)၊ ကတိကဝတ်မပြု(၄၄)ခု(၄၂%) ကြယ်ပွင့်မပြ မေးခွန်း(၃၂)ခု တွင် ကတိကဝတ်ပြု (၁၇)ခု (၅၃%)၊ ကတိကဝတ်မပြု(၁၅)ခု (၄၇%) မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အဆို/မေးခွန်းများအလိုက် ကတိကဝတ်ပြုမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- (နောက်ဆက်တွဲ-ဃ)

အဆို။ အောက်ပါအဆို(၃)ခု တင်သွင်းအောင်မြင်ခဲ့ပါသည်-

ဦးသက်ဝင်းလှိုင် (ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်-၁)၏ ၂၀၁၂ လယ်ယာမြေ ဥပဒေအရ ထုတ်ပေးထားသော လယ်လုပ်ပိုင်ခွင့် လက်မှတ် (ပုံစံ- ၇) များကို အမြန်ဆုံး ပြန်လည်စိစစ်သွားရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း အဆို။

- ဒေါ်ဇင်မိုးထိုက် (ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၁) ၏ ပဲခူးတိုင်းဒေသကြီး အတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက် နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ် ကွပ်ကဲပေးရန် တိုက်တွန်းကြောင်းအဆို။

- ဒေါ်ဇင်မိုးထိုက် (ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်-၁)၏ ပဲခူးတိုင်းဒေသကြီး အတွင်းမြစ်ချောင်းများတွင် မြစ်သဲ၊ မြစ် ကျောက်စရစ် များထုတ်လုပ်နေမှုများ ထုတ်ယူသည့်ကျင်း အရေအတွက်အလိုက် နိုင်ငံတော်အခွန်ဘဏ္ဍာ အပြည့်အဝ ရရှိစေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို။

- **ကြယ်ပွင့်ပြမေးခွန်းများ။** အောက်ပါအတိုင်းဝန်ကြီးဌာနအလိုက် ကတိကဝတ် ပြုအပ်ပါသည်။

- လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန မေးခွန်း (၁၃)ခု၊ ကတိကဝတ်ပြု (၉)ခု (၆၉%)။

စိုက်/မွေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မေးခွန်း (၂၈)ခု၊ ကတိကဝတ်ပြု (၁၃)ခု (၄၆%)။

- သယံဇာတ၊သစ်တောဝန်ကြီးဌာနမေးခွန်း(၁)ခု၊ ကတိကဝတ်ပြု(၁)ခု (၁၀၀%)။

  စက်မှု၊လျှပ်စစ်၊လမ်းပန်း၊ဆက်သွယ်ရေးဝန်ကြီးဌာန မေးခွန်း (၁၅)ခု ကတိကဝတ်ပြု (၆)ခု (၄၀%)။

- စည်ပင်၊ လူမှုဝန်ကြီးဌာန မေးခွန်း (၃၄)ခု ကတိကဝတ်ပြု (၃၁)ခု (၉၁%)။

- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမေးခွန်း(၁၄)ခု၊ ကတိကဝတ်ပြု (၁) ခု (၇%)။

- **ကြယ်ပွင့်မပြမေးခွန်း။** အောက်ပါအတိုင်း ဝန်ကြီးဌာနအလိုက် ကတိကဝတ် ပြုခဲ့ပါသည်-
  - လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန မေးခွန်း(၂)ခု၊ ကတိကဝတ်ပြု(-)ခု (၀%)။
  - စိုက်/မွေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မေးခွန်း(၇)ခု၊ ကတိကဝတ်ပြု (၃)ခု (၄၃%)။
  - စက်မှု၊လျှပ်စစ်၊ လမ်းပန်း၊ ဆက်သွယ်ရေးဝန်ကြီးဌာန မေးခွန်း(၇)ခု ကတိကဝတ်ပြု(၃)ခု (၄၃%)။
  - စည်ပင်၊ လူမှုဝန်ကြီးဌာနမေးခွန်း(၁၄)ခု ကတိကဝတ်ပြု(၁၀)ခု (၇၁%)။
  - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမေးခွန်း (၂)ခု၊ ကတိကဝတ်ပြု (၁)ခု (၅၀%)။

**ကော်မတီ၏သုံးသပ်တွေ့ရှိချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးမှပဉ္စမပုံမှန် အစည်းအဝေး အထိ အတည်ပြုခဲ့သည့် အဆို (၉)ခုအနက် အောက်ပါအတိုင်း ပယ်ဖျက်အဆို(၆)ခု နှင့် ဆောင်ရွက်ဆဲအဆို (၃)ခုရှိကြောင်း စိစစ်သုံးသပ်တွေ့ရှိရပါသည်။

- **ပယ်ဖျက်အဆို (၆)ခု**
- လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန - (၂)ခု
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - (၂)ခု
- စက်မှု၊လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန - (၁)ခု

- စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန - (၁)ခု

- **ဆောင်ရွက်ဆဲအဆို(၃)ခု**
- လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန - (၁)ခု
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - (၁)ခု
- စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန - (၁)ခု

လွှတ်တော်တွင်မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများကိုသက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဖြေကြားချက်များသည် ကတိကဝတ်ပြုပြီးဖြစ်ပါက အများပြည်သူအကျိုးငှာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်မှု အားနည်းချက်များရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သည့် တွေ့ဆုံမေးမြန်းဆွေးနွေးပွဲများတွင် အစိုးရအဖွဲ့ဌာန ဆိုင်ရာများမှ စာဖြင့်ပြန်လည်ဖြေကြားရန် ကတိကဝတ်များပြုခဲ့သော်လည်း တချို့ဌာနများမှ ယနေ့အချိန်အထိ စာဖြင့် အကြောင်းပြန်ကြားခြင်း မပြုသည်ကို တွေ့ရှိရပါသည်။

## ကော်မတီ၏အကြံပြုချက်များ

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အတည်ပြုပြီး အဆိုများနှင့်ကတိကဝတ်ပြုပြီး မေးခွန်းများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြည်သူ့အကျိုးငှာ ဆောင်ရွက်ထားရှိမှုကို မိမိတို့မဲဆန္ဒနယ်အတွင်း ကွင်းဆင်းစုံစမ်းလေ့လာ၍ ဤကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မေးခွန်းများအား ကိုယ်စားပြုတာဝန်ယူ ဖြေကြားပေးသည့် ဝန်ကြီးဌာန များအနေဖြင့် တာဝန်ယူမှုတာဝန်ခံမှုရှိပြီး ပိုမိုတိကျမှန်ကန်သည့် စာရင်းဇယားများဖြင့် ဖြေဆိုရန်နှင့်ကတိကဝတ်ပြုပြီး အဆို/မေးခွန်းများအား လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ဝန်ကြီးဌာနများအနေဖြင့် လွှတ်တော်တွင်ကတိအဖြစ်ပေးရန် အခက်အခဲရှိသည့် မေးခွန်းများ ကိုလာရောက်ဖြေဆိုရာတွင် အဆုံးသတ်ဖြေရှင်းချက်၌ သိသာထင်ရှားသည့်အကြောင်းပြချက် ပါရှိအောင် ထည့်သွင်းဖြေဆိုသင့်ပါသည်။ သို့မှသာ ကတိကဝတ်ဖြစ်/မဖြစ်ကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်နိုင်မည် ဖြစ်ပါသည်။

## နိဂုံး

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အတွက် မဏ္ဍိုင်ကြီး(၃)ရပ်အနက်မှဥပဒေပြုရေး တာဝန်အပြင်စောင့်ကြည့်လေ့လာစိစစ်ရေး တာဝန်နှင့်အပြန်အလှန် ထိန်းကျောင်းရေး တာဝန်များအားအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကတိကဝတ်၊ အာမခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးထိတင်သွင်း/မေးမြန်း ခဲ့သည့်အဆို/မေးခွန်းများအား ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးများ/ကြားနာပွဲများ ပြုလုပ်ခြင်းဖြင့်

လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်လည်းကောင်း စနစ်တကျစိစစ်ခဲ့ပြီး ဤအစီရင်ခံစာ အားပြုစုပြီးဖြစ်၍ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဌမပုံမှန်အစည်းအဝေးသို့ စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ မှတင်သွင်းသည့် အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နှစ်အလိုက်အသုံးပြုသော ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ပြုလုပ်သောလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓါတ်အား ရယူသုံးစွဲမှုလုပ်ငန်းများ NEP စီမံကိန်းနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် လုပ်ငန်းစဉ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တဖက်တစ်လမ်းမှ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန် အရေးကြီးသော တာဝန်ဝတ္တရားများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယ အကြိမ် အဌမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရောက်ရှိလာသည့် ကိုယ်ထူကိုယ်ထ မီးလင်းရေးကော်မတီနှင့် မီးသုံးစွဲမှုများအကြား ဖြစ်ပေါ်နေသောပြဿနာများကို အကောင်းဆုံး နည်းဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် NEP တစ်နိုင်ငံလုံး မီးလင်းရေးစီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်ကို ပြည်သူများသိရှိနိုင်ပါရန် ရည်ရွယ်ပါသည်။

## လုပ်ငန်းစဉ်

၂၀၁၇ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထူးခိုင်၏တင်ပြချက်အပေါ် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အစည်းအဝေး ပြုလုပ်ကျင်းပပြီး သက်န်ကျေးရွာ မီးလင်းရေးကော်မတီနှင့် Telenor Tower တိုင်မီး သုံးစွဲနိုင်ရေး ညှိနှိုင်းပေးနိုင်ရန်အတွက် ၎င်းဇီးကုန်းမြို့နယ် သက်န်ကျေးရွာမီးလင်းရေးကော်မတီ နှင့်တာဝန်ရှိသူများအား ကြားနာနိုင်ရန်နှင့် တိုင်းအဆင့်လျှပ်စစ်တာဝန်ရှိသူများထံမှ လိုအပ်သော အချက်အလက် အထောက်အထားများ ရရှိနိုင်ရေးအတွက် (၁၆. ၈. ၂၀၁၇)ရက်နေ့တွင် သက်န်ကျေးရွာ မီးလင်းရေးကော်မတီအား ကြားနာရန်နှင့် (၁၇. ၈. ၂၀၁၇)ရက်နေ့တွင် တိုင်းလျှပ်စစ် Engineer များနှင့် တွေ့ဆုံကြားနာရန် အစည်းအဝေး ဆုံးဖြတ်ခဲ့ကြပါသည်။

(၁၆. ၈. ၂၀၁၇)ရက်နေ့တွင် ဇီးကုန်းမြို့နယ် သက်န်ကျေးရွာမီးလင်းရေးကော်မတီနှင့် Telenor Tower တိုင် မီးသုံးစွဲမည့် O.C.K Yangon Private Co.,ltd တာဝန်ရှိသူတို့အား ကြားနာပွဲတွင် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်မှ လျှပ်စစ်ဥပဒေအရ လုပ်ထုံး/လုပ်နည်းနှင့်အညီ ဆောက်ရွက်ရန်ဖြစ်ပြီး မည်သည့် လုပ်ငန်းကိစ္စမဆို ဥပဒေကြောင်းအရ သာ သွားရမည်ဖြစ်ပါကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် မီးသုံးစွဲခွင့်ပေးရန် ကန့်ကွက်သူဦးဝင်းကြည် သက်န်ကျေးရွာမှလည်းကောင်း၊ အုပ်ချုပ်ရေးမှူး ဦးဇော်လတ် သက်န်ကျေးရွာအုပ်စုမှလည်းကောင်း၊ ဇီးကုန်းမြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးထူးခိုင်မှလည်းကောင်း၊ တင်ပြဆွေးနွေးချက်များအပေါ် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီဝင်များမှ သုံးသပ်ဆွေးနွေးပြီး အောက်ပါအတိုင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

O.C.K Yangon Private Co.,ltd မှ တာဝါတိုင်အတွက် လျှပ်စစ်မီးရယူလိုပါက ကျေးရွာမီးလင်းရေး ကော်မတီသို့ ထည့်ဝင်လှူဒါန်းမည့်အလှူငွေအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မီးကော်မတီနာယက ကျေးရွာမှဆရာတော်၊ မီးကော်မတီ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတို့ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာလက်ခံရယူ ဆောင်ရွက်ကြရန် အကြံပြုခဲ့ပါသည်။

(၁၂. ၁၀. ၂၀၁၇) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနှင့် ကော်မတီသို့ရောက်ရှိလာသော တိုင်ကြားစာများအား ဖတ်ရှုလေ့လာဆွေးနွေးခြင်း၊ နေပြည်တော်ရှိပြည်ထောင်စုအဆင့် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် သွားရောက် ဆွေးနွေးတွေ့ဆုံနိုင်ရန်ညှိနှိုင်းခြင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ လွှတ်တော်သို့တင်သွင်းသော အစီရင်ခံစာများအား ပဲခူးတိုင်းဒေသကြီးအစိုးရအနေနှင့် အလေးထား ဆောင်ရွက်စေရန် ဆွေးနွေးခြင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးသို့ တင်သွင်းမည့် အစီရင်ခံစာရေးသားရန်ဆွေးနွေးခြင်းနှင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးပြီးဆုံးပါက ပြည်ထောင်စုအဆင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီနှင့် သွားရောက်တွေ့ဆုံရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်အသီးသီး မိမိတို့မြို့နယ်အတွင်းရှိ (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ် လျှပ်စစ်နှင့်ပတ်သတ်၍ လုပ်ငန်းများကျန်ရှိခဲ့ပါက ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြပေးနိုင်ရေး ဆွေးနွေးကြပါသည်။

**ရှေ့လုပ်ငန်းစဉ်**

လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတွင် ရွှေစွမ်းအင်ကုမ္ပဏီမှ လုပ်ငန်းစဉ်များအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့်အတူ ပူးပေါင်း၍လေ့လာစိစစ်ရန်
- ပဲခူးတိုင်းဒေသကြီး၊ လျှပ်စစ်လျာထားချက်စီမံကိန်းများနှင့် NEP စီမံကိန်းတို့ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီဆောင်ရွက်သွားရန်
- ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီများနှင့်ပတ်သက်၍ နောင်လာမည့် NEP စီမံကိန်းတွင်လည်း မီးလင်းရေးကော်မတီများနှင့် ပြည်သူများအကြား ယခုကဲ့သို့သော ပြဿနာများဖြစ်ပေါ်လာမှု လျော့ပါးစေရေး အတွက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အောက်ပါအတိုင်း အကြံပြုတိုက်တွန်းခဲ့ပါသည် -
  - ဒီမိုကရေစီနည်းကျ အများသဘောတူ ရွေးကောက်ခံရသူများနှင့်သာ ကော်မတီဖွဲ့စည်းရန်၊
  - ပေါ်ပေါက်လာသော ကော်မတီမှ ငွေကြေးကောက်ခံမှုများနှင့် ပတ်သက်၍အများပြည်သူသဘောတူ လက်ခံသည်အထိ ချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူရန်၊
  - ငွေစာရင်းစာအုပ်ပြုလုပ်ထားရှိပြီး ကောက်ခံရရှိငွေအား လက်ဝယ် မထားဘဲ ဘဏ်၌ငွေစုစာအုပ်ပြုလုပ်၍ အပ်နှံထားရန်၊
  - ငွေထုတ်ယူသုံးစွဲမည့်အခါတိုင်းမည်သည့်အတွက် ထုတ်ယူမည် ဖြစ်ကြောင်းအများပြည်သူအား အသိပေးပြီး နောက်သုံးစွဲပြီးသည့်အခါ မည်၍မည်မျှ ငွေပမာဏဖြင့်မည်သည့်လုပ်ငန်းများကို မည်သို့ လုပ်ဆောင်ခဲ့ကြောင်းနှင့် အနည်းဆုံး (၆)လတစ်ကြိမ် အများပြည်သူသို့ ငွေစာရင်းရှင်းတမ်းချပြရန်၊
  - ကျေးရွာမီးလင်းရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်သည့် နောက်ပိုင်း တွင်မီးလင်းရေးကော်မတီများ၏ သက်တမ်းကို (၃)နှစ် တစ်ကြိမ် အသစ်ရွေးချယ်ရန်၊
  - ကော်မတီအဟောင်းနှင့် ကော်မတီအသစ်လွှဲပြောင်းပေးရာတွင် ငွေစာရင်းရှင်းတမ်းနှင့်တကွ ပစ္စည်းလက်ကျန်၊ ငွေသားလက်ကျန်၊ ဘဏ်လက်ကျန်များကို နှစ်ဖွဲ့သဘောတူပွင့်လင်းမြင်သာလွှဲပြောင်း လက်ခံပြုလုပ်ရန်၊
  - ကော်မတီအသစ်မှ မိမိစတင်တာဝန်ယူသည့် နောက်ပိုင်းတွင်လည်း ပြည်သူလူထုအား (၆)လတစ်ကြိမ် ငွေစာရင်းရှင်းလင်းရန်

**နိဂုံး**

လျှပ်စစ်မီးလင်းရေးကော်မတီများနှင့် မီးသုံးစွဲသူပြည်သူများသည် ကော်မတီနှင့် ပြည်သူအကြားအပြန်အလှန်စေတနာထားမှု၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကိုယ်ကျိုးမဖက်မှုနှင့်

အများအကျိုးရှေးရှုသော ပရဟိတစိတ်များထားရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မိမိတို့ရပ်ရွာအကျိုး၊ မိမိတို့ဒေသအကျိုး၊ မိမိတို့ တိုင်းပြည်အကျိုးကို ယခုလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရသော ကာလတွင် တာဝန်ကျေသော နိုင်ငံသားကောင်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု တည်ဆောက်ပေးရာရောက်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၁း၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ခုနှစ် အောက်တိုဘာ (၃၁)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဌမပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
# [ ၂၀၁၇ခုနှစ် ၊ အောက်တိုဘာလ ၃၁ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌသည် ဥက္ကဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၁ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၁.၃၃ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာ ရေးနှင့် လူမှုရေးဝန်ကြီးဌာန]၊ ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန]၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးဇော်လွင်၊ ဗိုလ်မှူးသိန်းလွင်ဦး နှင့် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများ ရှိပါသဖြင့် (၃၁-၁၀-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးမေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“မိုးညိုမြို့နယ်၊ ဆင်မနိုင်နယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မြေဧရိယာ (၀. ၄၅)ဧကအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အမည်ပေါက် ဆောင်ရွက်ထားပြီး ဖြစ်ပါ၍ ၎င်းနယ်မြေတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာခြံစည်းရိုး၊ ပြင်ပရေ၊ မီး၊ လျှပ်စစ်၊ မီးသတ်ယာဉ်စက် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“မိုးညိုမြို့နယ် ရေကင်းနယ်မြေ မီးသတ်စခန်းဆောက်လုပ်ရန်အတွက် မြေဧရိယာ (၀. ၃၃၁)ဧကအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အမည်ပေါက် ဆောက်ရွက်ထားပြီး ဖြစ်ပါ၍ ၎င်းနယ်မြေ တွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ ခြံစည်းရိုး၊ ပြင်ပရေ၊ မီး၊ လျှပ်စစ်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆင်မနိုင်နယ်မြေ မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မြေဧရိယာ(၀. ၄၅)ဧကအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အမည်ပေါက်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနယ်မြေမီးသတ်မြေနေရာတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုး၊ ပြင်ပရေ၊ မီး၊ လျှပ်စစ်၊ မီးသတ်ယာဉ်စက်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရေကင်းနယ်မြေ မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မြေဧရိယာ(၀. ၃၃၁)ဧကအား မြန်မာနိုင်ငံမီးသတ်စခန်းတပ်ဖွဲ့အမည်ပေါက် ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနယ်မြေမီးသတ်နေရာတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုး၊ ပြင်ပရေ၊ မီး၊ လျှပ်စစ်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးဝင်း မေးမြန်းသည့် **“မိုးညိုမြို့နယ်၊ ဆင်မနိုင်နယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မြေဧရိယာ (၀. ၄၅)ဧကအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အမည်ပေါက် ဆောင်ရွက်ထားပြီး ဖြစ်ပါ၍ ၎င်းနယ်မြေတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာခြံစည်းရိုး၊ ပြင်ပရေ၊ မီး၊ လျှပ်စစ်၊ မီးသတ်ယာဉ်စက် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုညိုမြို့နယ်ဆင်မနိုင်နယ်မြေနှင့် ရေကင်းနယ်မြေ မီးသတ်စခန်းတို့နှင့် ဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုး၊ ပြင်ပရေ/မီး/လျှပ်စစ်တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးမြို့ (၃)ထပ်မီးသတ်စခန်း၊ သနပ်ပင်မြို့ (၄)ခန်းတွဲ (၃)ထပ်မီးသတ်စခန်း၊ ထိန်တော(၂)ထပ်နယ်မြေမီးသတ်စခန်း၊

မိုးညို(၄) ခန်းတွဲ(၃)ထပ်နေအိမ်၊ မိုးညို (၅၃၃) ပေ အမြင့်(၇)ပေ ချိန်းလင့်ခြံစည်းရိုး၊ ထုံးဘို(၂)ထပ်နယ်မြေ မီးသတ်စခန်း၊ ပေါက်ခေါင်းမြို့နယ်(၂)ထပ် မီးသတ်စခန်း၊ ဒိုက်ဦးမြို့ (၃)ထပ်ဝန်ထမ်းနေအိမ်၊ ဒိုက်ဦးမြို့(၇၄၀)ပေ အမြင့်(၇)ပေ ချိန်းလင့် ခြံစည်းရိုး၊ ထန်းတပင်(၄)ခန်းတွဲ(၃)ထပ် နေအိမ်၊ တောင်ငူ(၄) ခန်းတွဲ(၃)ထပ်နေအိမ်၊ အုတ်တွင်း (၂)ထပ် မီးသတ်စခန်း၊ ကျောက်တံခါး(၂)ခန်းတွဲ (၃)ထပ် နေအိမ်၊ ပိန်းဇလုပ်(၄)ခန်းတွဲ (၂)ထပ်နေအိမ်၊ ပုတီးကုန်း(၂)ထပ်နယ်မြေမီးသတ်စခန်းတို့အား လျာထားပြီးဖြစ်ပါသောကြောင့် ဆင်မနိုင်နယ်မြေ မီးသတ်စခန်းအတွက်၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီး လှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။မိုးညို မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးဝင်း မေးမြန်းသည့် **"မိုးညိုမြို့နယ် ရေကင်းနယ်မြေ မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မြေဧရိယာ (၀. ၃၃၁)ဧကအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အမည်ပေါက် ဆောက်ရွက်ထားပြီးဖြစ်ပါ၍ ၎င်းနယ်မြေတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ ခြံစည်းရိုး၊ ပြင်ပရေ၊ မီး၊ လျှပ်စစ်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရေကင်းနယ်မြေ မီးသတ်စခန်းတို့နှင့် ဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုး၊ ပြင်ပရေ/မီး/လျှပ်စစ် တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးမြို့ (၃)ထပ်မီးသတ်စခန်း၊ သနပ်ပင်မြို့(၄)ခန်းတွဲ (၃)ထပ်မီးသတ်စခန်း၊ ထိန်တော(၂)ထပ်နယ်မြေမီးသတ်စခန်း၊ မိုးညို(၄)ခန်းတွဲ(၃)ထပ်နေအိမ်၊ မိုးညို(၅၃၃)ပေ အမြင့်(၇)ပေ ချိန်းလင့်ခြံစည်းရိုး၊ ထုံးဘို (၂)ထပ်နယ်မြေမီးသတ်စခန်း၊ ပေါက်ခေါင်းမြို့နယ် (၂)ထပ်မီးသတ်စခန်း၊ ဒိုက်ဦးမြို့ (၃)ထပ် ဝန်ထမ်းနေအိမ်၊ ဒိုက်ဦးမြို့(၇၄၀)ပေ အမြင့်(၇)ပေ ချိန်းလင့်ခြံစည်းရိုး၊ ထန်းတပင် (၄)ခန်းတွဲ(၃)ထပ် နေအိမ်၊ တောင်ငူ(၄)ခန်းတွဲ (၃)ထပ်နေအိမ်၊ အုတ်တွင်း(၂)ထပ်မီးသတ်စခန်း၊ ကျောက်တံခါး(၂)ခန်းတွဲ (၃)ထပ်နေအိမ်၊ ပိန်းဇလုပ် (၄)ခန်းတွဲ (၂)ထပ်နေအိမ် ၊ပုတီးကုန်း (၂)ထပ် နယ်မြေမီးသတ်စခန်းတို့အား လျာထားပြီးဖြစ်ပါသောကြောင့် ရေကင်းနယ်မြေမီးသတ်စခန်းအတွက်၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကဝမြို့နယ်မှ တောင်သူလယ်သမားများ၏ ကိုယ်ပိုင်ငွေဖြင့်ဝယ်ယူခဲ့သော Komatsu (Dozer) မြေဖို့မြေညှိစက်အား မူလပိုင်ရှင်နစ်နာသူ တောင်သူများ၏ လက်ဝယ်ရောက်ရှိ စေရေးအတွက် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ကဝမြို့နယ်၊အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညိုလက်ထက်တွင် ကဝမြို့နယ်မှ တောင်သူလယ်သမားများအားလုံး၏ စုပေါင်းစိုက်ထုတ်ငွေဖြင့် ဝယ်ယူထားသော Komatsu (Dozer) မြေဖို့မြေညှိစက်အား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ (၁၂. ၄. ၂၀၀၈)ရက်စွဲပါ စာဖြင့် ယိမ်းနွဲ့ပါးကုမ္ပဏီသို့ တရားဝင်စာချုပ်ဖြင့် ငှားရမ်းပေးထားပြီး ကဝမြို့နယ်မှ ကုမ္ပဏီသို့ (၁၁. ၁၁. ၂၀၀၈) ရက်နေ့တွင် စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းပေးအပ်ခဲ့ရပါသည်။ ယခုအချိန်အထိ ကဝမြို့နယ်အနေဖြင့် စက်ငှားရမ်းခ တစ်ပြားတစ်ချပ်မှ မရရှိသည့်အပြင် တာဝန်ယူငှားရမ်းပေးခဲ့သော ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှလည်း ကုမ္ပဏီနှင့် တာဝန်ယူဆက်သွယ်ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါ။ သို့အတွက်ကြောင့် မူလပိုင်ရှင် ကဝမြို့နယ်မှ တောင်သူလယ်သမားများ၏ ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူခဲ့သော အဆိုပါ Komatsu (Dozer) မြေဖို့မြေညှိစက်အား ကဝမြို့နယ်တောင်သူများ၏ အကျိုးစီးပွားကို မဆောင်ရွက်နိုင်ပဲ ထိုအချိန်က အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုလျော့ရဲမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိမှုတို့ကြောင့် မူလပိုင်ရှင်ကဝမြို့နယ်တောင်သူများမှာ များစွာနစ်နာရကြောင်း တင်ပြလာပါသည်။ သို့ပါသောကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် Komatsu (Doser) မြေဖို့မြေညှိစက်အား မူလပိုင်ရှင် နစ်နာသူတောင်သူများ၏ လက်ဝယ်ရောက်ရှိစေရေးအတွက် တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်အတွင်းရှိ ပြည်သူအများပိုင် ဘတ်ဟိုးရောင်းရငွေ သိန်း(၃၀၀)ခန့်သည် ပျောက်သကဲ့သို့ ဖြစ်နေသည့်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျပြတ်သားစွာ ရှင်းလင်းဖော်ထုတ်ပေးရန် လိုအပ်နေပြီး ဖော်ထုတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၀၂-ခုနှစ်ဝန်းကျင်တွင် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်၏လမ်းညွှန်မှုအရ တစ်မြို့နယ် ဘတ်ဟိုးတစ်စီးဝယ်ရမည်ဆို၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်မြင့်လက်ထက်တွင် လယ်သမားများထံမှတစ်ဧကစပါး (၁)တင်းနှုန်းကောက်ခံပြီးနောက် ဦးမောင်မောင်မြင့်မှ ပြောင်းရွှေ့သွားခဲ့ပါသည်။ ထို ၂၀၀၂ ခုနှစ် တွင်ပင်အသစ်ရောက်ရှိလာသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်လှိုင်သည် သိန်း (၃၀၀)ကျော်ဖြင့် ဘတ်ဟိုး(၁)စီးဝယ်ယူခဲ့ပါသည်။ ဝယ်ယူခဲ့စဉ် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့် လက်ညှိုးထိုးဝယ်ခိုင်းခဲ့သော တစ်ပတ်ရစ်ဘတ်ဟိုးအား ဝယ်ခဲ့ရသဖြင့် ခဏခဏပျက်ပြီး ပြင်နေရသည့်အတွက် ၂၀၁၁-ခုနှစ်၊ (၄)လပိုင်း မတိုင်ခင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာအောင်သည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား ရောင်းရန် ချပြဆွေးနွေးသဘောဆန္ဒခံယူပြီး လေလံတင်ရောင်းချခဲ့ရာ သိန်း(၃၀၀) ခန့်ရရှိခဲ့ပါသည်။

အဆိုပါရောင်းချငွေအား ၂၀၁၂-ခုနှစ်မှစ၍မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်သည် ရပ်/ကျေးအုပ်စုများအား (၁)အုပ်စု(၁၀)သိန်းနှုန်းဖြင့် ချေးယူလိုသောအုပ်စုများအား (၂)ကျပ် အတိုးနှုန်းဖြင့် သတ်မှတ်ချေးပေးခဲ့ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင် ပြောင်းရွှေ့သွားပြီး ၂၀၁၄-ခုနှစ်တွင် အသစ်ရောက်လာသော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်လက်ထက်တွင် ဆက်၍ချေးပေးခဲ့ပြီး ၂၀၁၆-ခုနှစ်၊ နှစ်လပိုင်းမှစ၍ ချေးပေးခြင်းမတွေ့ရှိတော့ပါ။ ၎င်းပိုက်ဆံအား ချေးပေးခဲ့စဉ်ကလည်း ပြည်သူပိုင် ပိုက်ဆံဖြစ်သော်လည်း အများပြည်သူအား ပွင့်လင်းမြင်သာစွာချပြ ရှင်းလင်းပေးခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

ယခုအခါ အများပြည်သူပိုင်ပိုက်ဆံ ပျောက်သလိုဖြစ်နေပြီး မည်သူကကိုင်တွယ်ပြီး မည်သည့်ကိစ္စများတွင် အသုံးချနေသည်ကိုမသိရှိရပါ။ ပြည်သူအများပိုင် ပိုက်ဆံဖြစ်၍ ပြည်သူ့အားချပြကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖော်ဆောင်အသုံးပြုရမည်ဖြစ်သော်လည်း ၎င်းပိုက်ဆံဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးချလုပ်ဆောင်ခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အများပြည်သူပိုင် ပိုက်ဆံနှင့် ပတ်သတ်၍ တိကျပြတ်သားသော ဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် ဖော်ထုတ်ချပြရှင်းလင်းပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မြို့နယ်အတွင်းရှိ ပြည်သူအများပိုင်ဆိုင်သော ဘတ်ဟိုးရောင်းချရငွေ ပျောက်သကဲ့သို့ ဖြစ်နေခြင်းအား သေချာတိကျမှန်ကန်စွာ ရှင်းလင်းပေးရန်နှင့် တလွဲသုံးစွဲခဲ့သူများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ပြီး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်နှင့် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်တို့မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်မေးမြန်းသည့် **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကဝမြို့နယ်မှ တောင်သူလယ်သမားများ၏ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူခဲ့သော Komatsu (Dozer) မြေဖို့မြေညှိစက်အား မူလပိုင်ရှင်နစ်နာသူ တောင်သူများ၏လက်ဝယ်ရောက်ရှိစေရေးအတွက် တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ **Komatsu (Dozer) မြေဖို့မြေညှိစက်** အား ပဲခူးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ (၁၂-၄-၂၀၀၈) ရက်စွဲပါ စာချုပ်ဖြင့် ယိမ်းနွဲ့ပါးကုမ္ပဏီသို့ တရားဝင်စာချုပ်စာတမ်းဖြင့် ငှားရမ်းပေးထားသဖြင့် ကဝမြို့နယ်မှ ကုမ္ပဏီသို့ (၁၁-၁၁-၂၀၀၈)ရက်နေ့တွင် စာချုပ်စာတမ်းဖြင့် လွှဲပြောင်းပေးအပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အဆိုပါယိမ်းနွဲ့ပါးကုမ္ပဏီသည် ဖျက်သိမ်းသွားခဲ့ပြီဖြစ်ရာ ထိုစဉ်အချိန်မှစ၍ ကုမ္ပဏီတာဝန်ရှိသူများကို

ဆက်သွယ်၍ မရတော့သည့်အခြေအနေဖြစ်ခဲ့ပါသည်။ သို့ဖြစ်သောကြောင့် ထိုစဉ်အချိန်က စာချုပ်တွင် လက်မှတ်ရေးထိုး ခဲ့သော ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ သည်လည်း ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်မှု မရှိတော့သကဲ့သို့ ငှားယူခဲ့သည့်ကုမ္ပဏီမှာလည်း ဖျက်သိမ်းသွားပြီဖြစ်၍ တရားစွဲဆိုရန်လည်း မဖြစ်နိုင်သည့်အခြေအနေကို ရောက်ရှိနေခဲ့ပါသည်။ ထိုစဉ်အချိန်ကာလ ၂၀၁၃ခုနှစ်တွင် **Komatsu (Dozer) မြေဖို့မြေညှိစက်** ရောက်ရှိနေသည့်နေရာအား စုံစမ်းခဲ့ရာ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် (ချင်းတောင်အနီး)သို့ ရောက်ရှိနေကြောင်းသိရှိခဲ့ရာ ထိုစက်ကို ကဝမြို့နယ်အရောက် ပြန်လည်သယ်ယူမည်ဆိုပါက ထိုစဉ် ၂၀၁၃ခုနှစ် ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်း(၈၀)ခန့် ကုန်ကျမည်ဖြစ်ရာ ပြန်လည်သယ်ယူနိုင်ရေး ဆောင်ရွက်၍မရသည့်အခြေအနေဖြစ်၍ သယ်ယူနိုင်ခြင်းမရှိခဲ့ပါ။

ယခုအချိန်ကာလတွင် အဆိုပါစက်ယန္တရားသည် မည်သည့်ဒေသသို့ ရောက်ရှိနေသည် ကောင်းမွန်သည် (သို့) ပျက်စီးနေသည် စသည့်အခြေအနေများကို ပြန်လည်စုံစမ်းရန်ရှိသည့်အပြင် ရောက်ရှိရာဒေသကို သိရှိပြီး ကောင်းမွန်သည်ဆိုပါကလည်း ပြန်လည်သယ်ယူရန်အတွက် ကုန်ကျငွေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနအနေဖြင့် အဆိုပါကိစ္စရပ်မျိုးအား ဘတ်ဂျက်တောင်းခံ၍မရသလို ဘတ်ဂျက်တင်ပြတောင်းခံထားခြင်းလည်း မရှိသည့်အတွက် သယ်ယူရန် ခက်ခဲမှုရှိပါသည်။

ယခုအချိန်တွင် ကဝမြို့နယ်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံမှ လှူဒါန်း ထားသော ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၁)စီးတို့အား (၁၀. ၅. ၂၀၁၂) ရက်နေ့တွင် လက်ခံရရှိပြီး မြို့နယ်ပိုင် **Catapiler Back Hoe** ရောင်းချငွေဖြင့် ပြန်လည်ဝယ်ယူထား သည့် စပါးခြွေလှေ့စက်(၂)စီးနှင့် အိန္ဒိယနိုင်ငံမှ လှူဒါန်းထားသော ထွန်စက်ကြီးတွင် အသုံးပြုရန် နောက်တွဲ ကိရိယာ(၂)စုံတို့အား တောင်သူများထံသို့ ရာသီအလိုက်ငှားရမ်းဆောင်ရွက်ပေးပြီး ပြုပြင်သုံးစွဲရန်မသင့်တော့ သည့် မြို့နယ်ပိုင် **Komatsu Back Hoe** အား မြို့နယ်မှ လေလံတင်ရောင်းချရေး ကော်မတီဖွဲ့စည်းပြီး တောင်သူများ အကျိုးရှိစေမည့် လုပ်ငန်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ **Komatsu (Dozer)** မြေဖို့မြေညှိစက်အား ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနအနေဖြင့် ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေမရှိပါကြောင်းနှင့် တောင်သူများအကျိုးအတွက် ကျန်ရှိသည့် စက်ယန္တရားများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆောင်ရွက်ထားရှိခဲ့မှု အခြေ အနေများအား လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၏ **"ဒိုက်ဦးမြို့နယ် အတွင်းရှိ ပြည်သူ အများပိုင် ဘတ်ဟိုးရောင်းရငွေ သိန်း(၃၀၀)ခန့်သည် ပျောက်သကဲ့သို့ဖြစ်နေသည့်အတွက် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျပြတ်သားစွာ ရှင်းလင်းဖော်ထုတ်ပေးရန်လိုအပ်နေပြီး ဖော်ထုတ် ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်ပိုင် မြေတူးစက်အား ယိုယွင်းပျက်စီး နေသည့်အတွက် လေလံတင်ရောင်းချရေးအဖွဲ့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၆. ၉. ၂၀၁၁)

ရက်နေ့ ရုံးအမိန့်အမှတ် (၁၅/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ပြီး (၁. ၁၀. ၂၀၁၁)ရက်နေ့တွင် လေလံတင်ရောင်းချခဲ့ပြီး ရရှိငွေမှာ (၂၇၀၄၀၀၀၀)ကျပ်ဖြစ်ပါသည်။ ရန်ပုံငွေများအား ဒိုက်ဦးမြို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်တွင် ဖွင့်လှစ်အပ်နှံခဲ့ပါသည်။ ၂၀၁၂ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ တောင်သူများ၏တင်ပြချက်အရ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများမှ အာမခံထောက်ခံတင်ပြလာသည့်အတွက် ၎င်းငွေများအား မြို့နယ်မှ အစည်းအဝေးပြုလုပ်ပြီး အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တောင်သူများထံသို့ ထုတ်ချေးပေးခဲ့ ပါသည်။ ၂၀၁၆ ခုနှစ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ထုတ်ချေးပေးရန် အာမခံ ထောက်ခံ တင်ပြလာမှု မရှိသည့်အတွက် ၎င်းငွေများကို ဘဏ်၌သာ အပ်နှံထားရှိခဲ့ပါသည်။ တောင်သူများမှ ငွေထုတ် ချေးပေးရန် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ အာမခံထောက်ခံချက်များနှင့်အတူ တင်ပြလာပါက မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ အစည်းအဝေးပြုလုပ်၍ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

ယခုအချိန်တွင် ရန်ပုံငွေစုစုပေါင်းမှာ (၂၈၀၀၈၈၈၃. ၇၉)ကျပ်ရှိပြီး အရင်းမပျောက်မတည်ရန်ပုံငွေအဖြစ်ထားရှိ၍ အတိုးရငွေများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထုတ်ယူသုံးစွဲလျှက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီမေးခွန်းကို မေးမြန်းရသည့် ရည်ရွယ်ချက်က မူလပိုင်ရှင် ကဝမြို့နယ်တောင်သူများ၏ နစ်နာမှုအတွက် တင်ရခြင်းဖြစ်ပါတယ်။ မူလပိုင်ရှင် ကဝမြို့နယ် တောင်သူလယ်သမားများ၏ **Komatsu (Dozer) မြေဖို့မြေညှိစက်**ကို မိမိတို့လယ်ယာမြေတွင် နွားနဲ့ဖက်ရှန်းပြီး နဖူးကချွေး ခြေမကျအောင်လုပ်ပြီး စုဆောင်းပြီးဝယ်ယူထားသည့် တောင်သူလယ်သမားများပိုင် မြေညှိစက်ဖြစ်ပါကြောင်း၊ ယင်းမြေညှိစက်ကို တောင်သူလယ်သမားများ၏ ဆန္ဒမပါဘဲ အဲဒီအချိန်က တာဝန်ယူစီမံအုပ်ချုပ်ခဲ့သည့် တိုင်းအေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ၏ အဖွဲ့အစည်းကနေ သူတို့သဘောနှင့်သူတို့ ကုမ္ပဏီကို ငှားရမ်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒီလိုငှားရမ်းခဲ့သည့်အတွက် တောင်သူများ၏ နစ်နာမှုကို ပြည်သူ့ကိုယ်စားလှယ်များကို တင်ပြတဲ့အတွက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးမှာ မေးခွန်း(၁)ကြိမ် တင်ခဲ့ဖူးပါကြောင်းနှင့် ယခင်အချိန်က အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖြေကြားခဲ့သည်ကလည်း ယခု လုံ/နယ်ဝန်ကြီး ဖြေသွားတာနှင့် အလားတူပါဘဲ။ နောက်တစ်ကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာလည်း ထပ်တင်ခဲ့ပါတယ်။ ဒီမေးခွန်းကို ထပ်တင်တော့လည်း တိုင်းအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖြေကြားခဲ့တာ ရှေ့က လုံ/နယ်ဝန်ကြီး ဖြေသွားတဲ့အတိုင်း အလားတူပါဘဲ။ ဒါကြောင့် အစိုးရသစ်လက်ထက်တွင် နစ်နာခဲ့သည့်တောင်သူများကို ပြန်လည်ကုစားပေးရန် ရှိမည်ဟု

ထင်သောကြောင့် ယင်းမေးခွန်းကို မေးရခြင်းဖြစ်ပါကြောင်း ဒါပေမယ့်လည်း ဝန်ကြီး ဖြေကြားသွားသည့်အဖြေကို အဓိပ္ပါယ်ဖော်ဆောင်ကြည့်သည့်အခါ ဘာမှတာဝန်ယူမှု တာဝန်ခံမှုမရှိတာကို တွေ့ရပါကြောင်း။ ဒါကြောင့်မို့ ကျွန်တော်တို့အစိုးရအဆက်ဆက် ပြည်သူများရဲ့ နစ်နာမှုများကို ပြန်လည်ကုစားဆောင်ရွက်ပေးရတာ ရှိပါကြောင်း။ ဥပမာအားဖြင့်ဆိုရင်-ကျွန်တော်တို့ လယ်ယာမြေနဲ့အခြားမြေများ၊ ပြည်သူများ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက် သိမ်းဆည်းခံခဲ့ရသည့်ကိစ္စတွေ ပြည်သူများ နစ်နာမှုမရှိအောင် လယ်ယာမြေနှင့် အခြားမြေများ စုံစမ်းရေးကော်မရှင် ဗဟိုကော်မတီနှင့် ရပ်ကျေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းပြီး ပြည်သူများ၏ နစ်နာမှုကို ကုစားဆောင်ရွက်ပေးခဲ့တာ မိမိတို့အစိုးရလက်ထက်မှာရှိပါကြောင်း။ ဒါပေမယ့် လုံ/နယ်ဝန်ကြီး ဖြေထားသည့်အဖြေဟာ ဘာမှအားရဖွယ်ရာမရှိသလို မိမိတို့တောင်သူများအတွက်လည်း ဘာမှအကြောင်းထူး လာမှာမဟုတ်ပါဘူး။ ဒါကြောင့် မိမိတို့အနေဖြင့် ဆက်စပ်မေးခွန်းအနေနှင့် ထပ်မေးချင်တာက ယခင်အချိန်တုန်းက မူလပိုင်ရှင်တောင်သူများ၏ ဆန္ဒမပါဘဲ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူငှားရမ်းခဲ့ပြီး ယခုအချိန်ထိလည်း ငှားရမ်းခလည်း တစ်ပြားတစ်ချပ်မှ မရခဲ့ဘူးဆိုတော့ အဲဒီအချိန်က တာဝန်ယူခဲ့သည့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ငှားရမ်းခကို တာဝန်ယူတောင်းခံပေးဖို့ တာဝန်ရှိပါကြောင်း။ ဒါကြောင့်မို့ အဲဒီအချိန်က ငှားရမ်းပေးခဲ့သည့် တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ရှိသူများကို ဝန်ကြီးအနေနဲ့ ဆက်သွယ်အကြောင်းကြားပြီး ကုမ္ပဏီကို တရားစွဲအရေးယူမည်။ ဒါမှမဟုတ် ကဝမြို့နယ်တောင်သူများ၏ နစ်နာခဲ့သည့် နစ်နာကြေးကို တရားစွဲအရေးယူမည်၊ ဒါမှမဟုတ် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကိုလည်း မေးမြန်းချင်ပါကြောင်း။ နောက်တစ်ခုက မည်သည့်နေရာ၊ မည်သည့် ဒေသကို ရောက်ရှိနေသည်၊ ကောင်းမွန်သည်(သို့) ပျက်စီးနေသည် စသည့်အခြေအနေများကို ပြန်လည်စုံစမ်းသဖြင့် ရောက်ရှိသည့်ဒေသကိုသိရှိပြီး ကောင်းမွန်သည်ဆိုပါကလည်း တနည်းနည်းနဲ့ ပြန်လည်သယ်ယူရန် ကုန်ကျငွေကို မြို့နယ်ဦးစီးဌာနအနေဖြင့် အဆိုပါကိစ္စရပ်မျိုးအား ဘတ်ဂျက်တောင်းခံလို့မရသလို ဘတ်ဂျက်တောင်းခံခြင်းမရှိသည့်အတွက် သယ်ယူရန်ခက်ခဲမှုရှိနေပါသည်။ ရောက်တဲ့နေရာကို ကျွန်တော်တို့ သေချာစုံစမ်းပြီးသိရှိမယ်ဆိုရင် မိမိတို့အနေဖြင့် ပြန်လည်သယ်မယူနိုင်ရင်တောင်မှ အဲဒီနေရာမှာ တနည်းနည်း လေလံတင်ရောင်းချတာမျိုးလုပ်ပြီး မိမိတို့ကဝမြို့နယ်တောင်သူများအတွက်ကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုသည့်မေးခွန်း(၂)ခုအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ပြည်စုံစွာ ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျာ။ မိမိတို့ **Komatsu (Dozer)** နှင့် ပတ်သက်ပြီး ၂၀၁၃ခုနှစ်မှာ စုံစမ်းသည့်အခါ သူရောက်သည့် နေရာကိုသိသော်လည်း သယ်ယူစရိတ်က အဲဒီအချိန်က သိန်း(၈၀)ခန့် ရှိပါကြောင်း။ အဲဒီအချိန်မှာ မသယ်နိုင်ခဲ့ပါဘူး။ နောက်ပိုင်း ဒီကုမ္ပဏီကလည်း ဖျက်သိမ်းသွားတာကြာပြီဖြစ်သည့်အတွက် **Komatsu (Dozer)**ကို

ပြန်လည်သယ်ယူပြီး တောင်သူလယ်သမားတွေရဲ့အကျိုးကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံက လှူဒါန်းထားတဲ့စက်တွေနဲ့ မြို့နယ်ပိုင် **Catapiler Back Hoe** ရောင်းချငွေဖြင့် ပြန်လည်ဝယ်ယူထားသည့် စပါးခြွေလှေ့စက်(၂)စီးနဲ့ တောင်သူလယ်သမား များအကျိုးကို ဆောင်ရွက်ပေးနေတာရှိပါကြောင်း။ အဲဒီအတွက် မိမိတို့အနေဖြင့် မူလပိုင်ရှင် ဆန္ဒမပါသည့် အတွက် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတာဝန်ရှိသူများက ကုမ္ပဏီကို ပြန်ပြီး ဆက်သွယ်နိုင်ခြင်းရှိ/မရှိနှင့် တောင်သူများ၏နစ်နာမှုကို ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကိုတော့ မိမိအနေဖြင့် စာနှင့်ဆက်စပ်ပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မိမိမေးသည့်ဘတ်ဟိုး ရောင်းရငွေဆိုတာ ပြည်သူများပိုင်သည့် ပိုက်ဆံဖြစ်ပါကြောင်း။ မိမိတို့အစိုးရတစ်ခု၏ဌာနဆိုင်ရာ ပိုက်ဆံလည်း မဟုတ်ပါဘူး။ နိုင်ငံတော်ဘတ်ဂျက်လည်း မဟုတ်ပါဘူး။ ဝန်ကြီးဖြေကြားသွားတာ မပြည့်စုံပါဘူး။ မိမိတို့ လေလံတင်ရောင်းချတုန်းက သိန်းပေါင်း(၂၇၀)ကျော်ရှိပြီး ယခု သိန်းပေါင်း(၂၈၀)ရှိတယ်လို့ ဖြေထားတာရှိပါကြောင်း။ ဒီ(၄)နှစ်တာကာလအတွင်းမှာ သိန်းပေါင်း(၂၈၀)ပဲရှိတာလား မေးခွန်းထုတ်ချင်ပါတယ်။ နောက်တစ်ခု လယ်/စီ ဆုံးဖြတ်ချက်နဲ့ ချေးပါမယ်လို့ ပြောတာကလည်း မိမိတို့လုပ်ထုံးလုပ်နည်းနှင့် မညီဘူးလို့ ထင်မြင်ပါကြောင်း။ အများပြည်သူပိုင်ပိုက်ဆံကို လယ်/စီ ဆုံးဖြတ်ချက်နှင့် ချေးလို့မရနိုင်ဘူးလို့ ထင်ပါတယ်။ နောက်တစ်ခု ဒီလွှတ်တော်မှာ မေးမြန်းတယ်ဆိုတာကလည်း သက်ဆိုင်သည့်ဌာနကို ပြင်ဆင်ဖို့ပေးထားတာပါ။ ဒါကိုလည်း ဌာနအနေဖြင့် နားလည်ဖို့လိုပါတယ်။ ယခု အတိုးနဲ့အရင်းဘယ်လောက်ရှိလဲ။ အတိုးယူပြီး ချေးတယ် ဆိုတာ တရားဝင်ချေးတာ။ အုပ်ချုပ်ရေးမှူးတွေအားလုံးကို တရားဝင်ချေးပေးသည့်နေရာမှာ ယင်းငွေကြေးတွေ အားလုံးဟာ တရားဝင်ငွေကြေးတွေပါဘဲ။ ငွေကြေးတွေအားလုံးဘယ်ပျောက်နေသည်ကို ရှင်းလင်းပေးဖို့ လိုအပ်ပါကြောင်း။ ယင်းငွေကြေးကို မည်သို့လွဲမှားစွာ အသုံးချနေလဲ။ အဲဒီလိုအသုံးချခဲ့ရင်လည်း မည်သို့ဖြေရှင်းပေးနိုင်မလဲ ဆိုသည့်အကြောင်းအရာကို မိမိအနေဖြင့်သိချင်ပါကြောင်း ဆက်စပ်မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးဆွေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။အားလုံးပဲမင်္ဂလာပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး မိမိအနေဖြင့် ငွေစာရင်းအသေးစိတ်ကို ပြန်လည်ဖြေကြားရမှာဖြစ်သည့်အတွက် ငွေစာရင်းအသေးစိတ်နှင့် ဆောင်ရွက်ရမည့် ဆက်စပ်မေးခွန်း၏အဖြေနှင့် ပတ်သက်၍ စာဖြင့် ဖြေကြားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ပဲပုတ်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ အဆင့်မြင့်လယ်ယာဧရိယာ ဧက(၁၀၀)အား ဖော်ထုတ်ပေးခဲ့သော်လည်း ပုံစံကျအုတ်စီ ရေမြောင်းပေ(၇၀၀)ခန့်လိုအပ်လျှက်ရှိရာ ရေသွင်းရေထုတ်ပြုလုပ်ရန် အခက်အခဲရှိနေပါ၍ လိုအပ်သောပုံစံကျ အုတ်စီရေမြောင်း ပေ(၇၀၀)ခန့်အား အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ထန်းတပင်မြို့နယ်တွင် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ဘဝ မြှင့်တင်နိုင်ရေးအတွက် စပါးအခြောက်ခံစက်နှင့် လိုအပ်သောဆက်စပ်ပစ္စည်းများဖြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ပဲပုတ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဧက(၁၀၀) အဆင့်မြင့်လယ်ယာဖော်ထုတ်ပေးခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ အဆင့်မြင့်လယ်ယာဧရိယာ ဧက (၁၀၀)အား ဖော်ထုတ်ပေးခဲ့သော်လည်း ပုံစံကျအုတ်စီရေမြောင်း ပေ(၇၀၀)ခန့် လိုအပ်ခဲ့ပါသည်။ ယခုအခါ မြေသားရေနုတ်မြောင်းဖြင့် ဆောင်ရွက်လျက်ရှိရာ ရေသွင်းရေထုတ်ပြုလုပ်ရန် အခက်အခဲဖြစ်နေပါ၍ လိုအပ်သောပုံစံကျ အုတ်စီရေမြောင်း ပေ(၇၀၀)ခန့်အား အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၏ လူဦးရေ (၈၅%)ခန့်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပြီး မိုးစပါးစိုက်ပျိုးဧကမှာ (၇၂၀၀၅)ဖြစ်ပြီး နွေစပါးစိုက်ပျိုးမှုများလည်းရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ဘဝမြင့်တင်နိုင်ရေးအတွက် ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိစေရန်နှင့် အရည်အသွေးပြည့်မီသော ဆန်၊ စပါး မျိုးကောင်းမျိုးသန့်ရရှိစေရေးအတွက် စပါးအခြောက်ခံစက်နှင့် လိုအပ်သောဆက်စပ်ပစ္စည်းများဖြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းသည့် **"ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ပဲပုတ်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ အဆင့်မြင့် လယ်ယာဧရိယာ ဧက (၁၀၀)အား ဖော်ထုတ်ပေးခဲ့သော်လည်း ပုံစံကျအုတ်စီ ရေမြောင်း ပေ(၇၀၀)ခန့် လိုအပ်လျှက်ရှိရာ ရေသွင်းရေထုတ်ပြုလုပ်ရန် အခက်အခဲရှိနေပါ၍ လိုအပ်သောပုံစံကျ အုတ်စီ ရေမြောင်း ပေ(၇၀၀)ခန့်အား အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ပဲပုတ်ကျေးရွာအုပ်စု၊ ပဲပုတ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့တိုးတက်စေရန်နှင့် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဧက(၁၀၀) အဆင့်မြင့်လယ်ယာ ဖော်ထုတ်ပေးခဲ့ပါသည်။ အဆင့်မြင့်လယ်ယာ ဧက (၁၀၀) ဖော်ထုတ်ခဲ့ရာတွင် မြေသားမြောင်းအား မတ်စောက်စွာတူးဖော်ခဲ့ခြင်းကြောင့် မြောင်းမြေပြိုကျပြီး ရေနုတ်မြောင်းမှာ ရေစီးရေလာမကောင်းဘဲ အဆင့်မြင့်ဆောင်ရွက်လျက်ရှိရာ ရေသွင်းရေထုတ်ပြုလုပ်ရန် အခက်အခဲဖြစ်နေပါသည်။ အဆိုပါ ပုံစံကျရေမြောင်းပေ(၇၀၀)ခန့်အား မြောင်းပုံစံကျပြန်လည်တူးဖော်၍ လိုင်နင်စီခြင်းလုပ်ငန်းများ၊ ဆက်စပ် အဆောက်အအုံများ ထည့်သွင်းဆောက်လုပ်သွားရန် လိုအပ်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲပုတ်ကျေးရွာ၊ အဆင့်မြင့်လယ်ယာစိုက်ကွင်းရေနုတ်မြောင်းနှင့် ဆက်စပ် အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းမှာ အလျား(၇၀၀)ပေနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၀. ၀၀)သန်းဖြစ်ပြီး (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (BE) (အောက်တိုဘာလမှ စက်တင်ဘာလအထိ) စိစစ်စာရင်းတွင် လျာထားပါကြောင်းနှင့် ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းထားသည့် **"ထန်းတပင်မြို့နယ်တွင် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ဘဝမြှင့်တင်နိုင်ရေးအတွက် စပါးအခြောက်ခံစက်နှင့် လိုအပ်သောဆက်စပ်ပစ္စည်းများဖြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုခေတ်အခါ စက်ကိရိယာများကို လယ်ယာကဏ္ဍများတွင် အသုံးပြုလာတာဖြစ်သည့်အတွက် ရိတ်သိမ်းသည့်အချိန် ကောက်လှိုင်းပုံ ပုံပြီး အခြောက်ခံခြင်းမဟုတ်ဘဲ စပါးခြွေပြီး အိတ်သွတ်သွင်းသည့် အဆင့်အထိ ရောက်ရှိနေပြီဖြစ်ပါကြောင်း။ ၎င်းစပါးများကို တလင်းပျောက် စနစ်ကျင့်သုံးနေတာဖြစ်ပါကြောင်း။ သို့ပါ၍ တောင်သူလယ်သမားများ၏ စပါးများအခြောက်ခံရန်အတွက် လိုအပ်လျှက်ရှိပြီး အခြောက်ခံမှုမရှိသည့်စပါးများဟာ ဆန်ဝါများပေါက်ပြီး ဈေးကွက်မှာရောင်းပန်းမလှ ဖြစ်ရပါကြောင်း။ သို့ပါ၍ နိုင်ငံတော်အစိုးရအနေနှင့် အခြောက်ခံစက်၊ ဆန်စက်၊ လယ်ယာသုံး စက်ကိရိယာမျိုးစုံကို တောင်သူများ၏ ဆန္ဒနှင့်အညီ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်က ချေးငွေတွေ ထုတ်ချေးပေးလျှက်ရှိပါကြောင်း။ လယ်ယာသုံးစက်ကိရိယာများကို စက်မှုလယ်ယာကနေ Coordinate လုပ်ပေးပြီး ၁၀% သွင်းစေ၍ ၃နှစ်၇ရစ် ဆပ်ပေးသွင်းစေ၍လည်းကောင်း၊ သမဝါယမချေးငွေဖြင့် ၁၀%ပေးသွင်းပြီး ၅နှစ်ဆပ်၍လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ 2 step နှုန်းဖြင့် သိန်း(၅၀၀)ကနေ သိန်း(၅၀၀၀)အထိ ၅နှစ်၅ရစ်ချေးယူ၍ မိမိတို့သဘောဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတော်မှ စီးပွားရေးလုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှုကနေ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိကအခန်းကဏ္ဍကို Private centre Development ဦးစားပေးမြှင့်တင်ရေး ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါသောကြောင့် နိုင်ငံတော်မှ တည်ဆောက်ခြင်းမျိုးကို ဆောင်ရွက်သွားမည်မဟုတ်ပါကြောင်းနှင့် တောင်သူများ၏လိုအပ်ချက်အရ ချေးငွေများပေးယူ၍ အခြောက်ခံစက်များကို မြို့နယ်များတွင် ဆောင်ရွက်လျှက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော (ကလံကွာချောင်း)၊ (ပင်ကလောင်အဒူး၊ ကမာဘာချောင်း)၊ (ဘိုတဲ၊ ရွှေကန်၊ ဝဲပဒန်ချောင်း) တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း

(၂) **"ကဝမြို့နယ်အတွင်း တိမ်ကောနေသော ညောင်ပင်ကန်ရိုး (အင်းဝ)၊ ဘုမ္မဖိုးကွင်းချောင်း၊ (ကညွတ်ရိုး)၊ ပါသနပ်ချောင်း၊ (ကမ်းပြောင်) တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ကဝမြို့နယ်အရှေ့ခြမ်း၊ သက္ကလ-သရက်ကုန်း-အေးမွန်ကားလမ်းဝဲယာ ရေနုတ်မြောင်း အား (၂၀၁၈-၁၉)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ”**နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော (ကလံကွာချောင်း)၊ (ပင်ကလောင်အဒူး၊ ကမာဘာချောင်း)၊ (ဘိုတဲ၊ ရွှေကန်၊ ဝဲပဒန်ချောင်း) တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော ညောင်ပင်ကန်ရိုး (အင်း၀)၊ ဘုမ္မဇိုးကွင်းချောင်း(ကညွတ်ရိုး)၊ ပါသနပ်ချောင်း (ကမ်းပြောင်) တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အရှေ့ခြမ်း သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်း ဝဲယာရေနုတ်မြောင်းမှာ တိမ်ကောနေပြီး နှစ်စဉ် မြောင်းဘေး နှစ်ဘက်ရှိ လယ်ယာမြေများ၏ ရေထွက်လမ်းများ ပိတ်ဆို့လျှက်ရှိပါသည်။ အဆိုပါ ဝဲယာမြောင်းနှစ်ဘက် တူးဖော်ခြင်းအားဖြင့် အလယ်မှ တာလမ်းမှာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါသည်။ သို့ပါသောကြောင့် အဆိုပါ သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်းဝဲယာ ရေနုတ်မြောင်း အား (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်း(၃)ခုအားစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင် မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော (ကလံကွာချောင်း)၊ (ပင်ကလောင်အဒူး၊ ကမာဘာချောင်း)၊ (ဘိုတဲ၊ ရွှေကန်၊ ဝဲပဒန်ချောင်း) တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဦးစွာဖြေကြားမှာဖြစ်ပါကြောင်း။ ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော ကလံကွာချောင်းသည် ပိုင်ကျုံကျေးရွာအနီး ပိုင်ကျုံချောင်းမှ စတင်

စီးဆင်းကာ အေးရွာသစ်ကို ဖြတ်၍ဇွဲကိုက်ချောင်းအတွင်းသို့ စီးဝင်သောချောင်းတစ်ခု ဖြစ်ပါသည်။ ကလံကွာချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၅)မိုင်၊ မြေကြီး ကျင်း(၅၉၁၃၆)၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၀၈. ၃၀၀)သန်း၊ ကုန်ကျမှာဖြစ်ပြီး ပင်ကလောင်-အဒူး၊ ကမာဘာချောင်းသည် ပင်ကလောင်ကျေးရွာမှ အဒူးကျေးရွာကိုဖြတ်ပြီး ကမာဘာကျေးရွာအနီးရှိ ကမာဘာချောင်းအတွင်းသို့ စီးဝင်သောချောင်းတစ်ခုဖြစ်ပါသည်။

ပင်ကလောင်-အဒူး၊ ကမာဘာချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား (၈)မိုင်၊ မြေကြီးကျင်း(၉၄၆၁၇)၊ ခန့်မှန်းကုန်ကျငွေကျပ်(၃၀၀. ၂၀၀) သန်းနှင့် ဘိုတဲ၊ ရွှေကန်၊ ဝဲပဒန်ချောင်းသည် ဘိုတဲကျေးရွာမှ စတင်စီးဆင်းပြီး ရွှေကန်ကျေးရွာကိုဖြတ်သန်း၍ ဝဲပဒန်ကျေးရွာအနီးရှိ ဝဲပဒန်ရေနုတ်မြောင်းအတွင်းသို့ စီးဝင်သောချောင်းတစ်ခုဖြစ်ပါသည်။ ဘိုတဲ၊ ရွှေကန်၊ ဝဲပဒန်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၃. ၅)မိုင်၊ မြေကြီးကျင်း(၄၁၃၉၅) ခန့်မှန်းကုန်ကျငွေကျပ်(၁၄၆. ၀၀)သန်းဖြစ်ကြောင်း စိစစ်တွေ့ရှိပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများမှာ (၂၀၁၈-၂၀၁၉) ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ(BE) စိစစ်ပြီးစာရင်းတွင် လျာထားပါဝင်ခြင်းမရှိခဲ့ပါသဖြင့် လက်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဆက်လက်ပြီး မေးခွန်းအမှတ်စဉ်(၂)ဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော ညောင်ပင်ကန်ရိုး (အင်းဝ)၊ ဘုမ္မဇိုးကွင်းချောင်း(ကညွတ်ရိုး)၊ ပါသနပ်ချောင်း (ကမ်းပြောင်)တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်(၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကဝမြို့နယ်အတွင်းရှိ တိမ်ကောနေသော ညောင်ပင်ကန်ရိုး (အင်းဝ)သည် သခွတ်ကန်ကျေးရွာမှ စတင်စီးဆင်းကာ အင်းဝကျေးရွာအနီးတွင် ဘုမ္မဇိုးချောင်းအတွင်းသို့စီးဝင်သောရိုးချောင်းတစ်ခုဖြစ်ပါသည်။ ညောင်ပင်ကန်ရိုး(အင်းဝ) ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၃. ၅)မိုင်၊ မြေကြီးကျင်း(၄၁၃၉၅)၊ ခန့်မှန်းကုန်ကျငွေ ကျပ် (၁၄၆. ၁၀၀)သန်း၊ ဘုမ္မဇိုးကွင်းချောင်း (ကညွတ်ရိုး)သည် ဇင်းဘုကျေးရွာနှင့် ညောင်ပင်ကျေးရွာကြားမှ စတင်စီးဆင်းကာ ဘုမ္မဇိုးကွင်းကိုဖြတ်၍ ညောင်ပင်ဝိုင်းကျေးရွာအနီးတွင် ဘုမ္မဇိုးချောင်းအတွင်းသို့စီးဝင်သော ရိုးချောင်းတစ်ခုဖြစ်ပါသည်။ ဘုမ္မဇိုးကွင်းချောင်း(ကညွတ်ရိုး) ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၄)မိုင်၊ မြေကြီးကျင်း (၄၇၃၀၉)၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၁၆၆. ၉၅၀)သန်းနှင့် ပါသနပ်ချောင်း(ကမ်းပြောင်)သည် ကမ်းပြောင်ကျေးရွာနှင့် ညောင်ပင်ကန်ကျေးရွာကြားမှ စတင်စီးဆင်းကာ ကမ်းပြောင်ကျေးရွာအကျော်တွင် ဆည်မချောင်းအတွင်းသို့ စီးဝင်သောချောင်းတစ်ခု ဖြစ်ပါသည်။ ပါသနပ်ချောင်း(ကမ်းပြောင်) ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၂. ၅)မိုင်၊ မြေကြီးကျင်း (၂၉၅၆၈)၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၁၀၄. ၆၅၀) သန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းမှာ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (BE)စိစစ်ပြီးစာရင်းတွင် လျာထားပါဝင်ခြင်းမရှိခဲ့ပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဆက်လက်ပြီး မေးခွန်းအမှတ်စဉ် (၃)ဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အရှေ့ခြမ်း သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်း ဝဲယာရေနုတ်မြောင်းမှာ တိမ်ကောနေပြီး နှစ်စဉ် မြောင်းဘေးနှစ်ဘက်ရှိ လယ်ယာမြေ များ၏ ရေထွက်လမ်းများ ပိတ်ဆို့လျှက်ရှိပါသည်။ အဆိုပါ ဝဲယာမြောင်းနှစ်ဘက် တူးဖော်ခြင်းအားဖြင့် အလယ်မှ တာလမ်းမှာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါသည်။ သို့ပါသောကြောင့် အဆိုပါ သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်းဝဲယာ ရေနုတ်မြောင်းအား (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကဝမြို့နယ်၊ အရှေ့ခြမ်း သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်း ဝဲယာရေနုတ်မြောင်းသည် သက္ကလမြို့မှ စတင်ပြီး ဈေးဖလုံရွာ၊ ရွှေပေါက်ကံရွာ၊ သရက်ကုန်းရွာ၊ ကံထူးရွာ၊ တဲစုရွာများကိုဖြတ်၍ အေးမွန်ရွာဘေးရှိ ကံမြင့်ချောင်းအတွင်းသို့ စီးဝင်သော ရေနုတ်မြောင်းတစ်ခုဖြစ်ပါသည်။ ရေနုတ်မြောင်းမှာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ တိမ်ကောကာကျဉ်းမြောင်းလာပြီး ရေစီးရေလာမကောင်းဘဲ ရေထုတ်နုတ်မှုအားနည်းခြင်းတို့ကြောင့် လမ်းဘေးဝဲယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ်ကို နှစ်စဉ်ခံစားနေရပါသည်။ ကဝမြို့နယ်၊ အရှေ့ခြမ်း သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်းဝဲယာ ရေနုတ် မြောင်းများ ပြန်လည်တူးဖော်ပေးခြင်းဖြင့် လယ်မြေဧက (၂၅၀၀၀)အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာ စေမည့်အပြင် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ ဆောင်သီးနှံများ ရာသီအချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ သက္ကလ၊ သရက်ကုန်း၊ အေးမွန်ကားလမ်းဝဲယာ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် စုစုပေါင်း အလျား(၂၀)မိုင်၊ မြေကြီးကျင်း (၁၁၄၀၄၈)၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၂၇၀. ၃၅၀)သန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းမှာ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (BE)စိစစ်ပြီးစာရင်းတွင် လျာထားပါဝင်ခြင်း မရှိခဲ့ပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဖြေကြားသွားသည့် မေးခွန်း(၃)ခုလုံးဟာ သိပ်ပြီးအားရစရာမရှိပါဘူး။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ လျာထားစာရင်းမှာ မပါဝင်ပါဘူး။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ

မေးခွန်း(၁)နှင့် (၂)ကို ဆက်စပ်မေးခွန်းမေးပါရစေ။ အကျိုးပြုဧကဟာ ဧကပေါင်း (၂၀၀၀၀)ခွဲရှိပြီး ဒီနှစ်ဖက် တူးမြောင်းကို တူးခြင်းအားဖြင့် သက္ကလကနေ အရှေ့ခြမ်းရွာပေါင်း(၃၀)ကပြည်သူတွေ သောင်းနဲ့ချီပြီး အသုံးပြု ရမှာဖြစ်ပါကြောင်း။ ကဝမြို့နယ်၏ စိုက်ပျိုးဧကပေါင်း (၂)သိန်းကျော်ဖြစ်သည့်အတွက် စိုက်ပျိုးသည့် ဧကတွေ အောင်မြင်ဖြစ်ထွန်းဖို့ဆိုတာကလည်း ဒီချောင်းမြောင်းတွေကောင်းမှသာ အောင်မြင်ဖြစ်ထွန်းမှာ ဖြစ်ပါကြောင်း။ ဒါကြောင့် တောင်သူလယ်သမားပြည်သူများအတွက် ယင်းတူးမြောင်းတူးပေးနိုင်ရန် အစိုးရအဖွဲ့ကို မေးမြန်းရခြင်း ဖြစ်ပါကြောင်း။ ဒါကြောင့် မေးခွန်းနံပါတ်(၃)အနေနှင့်ပတ်သက်၍ ၂၀၁၈-၂၀၁၉ BE စိစစ်ပြီးစာရင်းတွင် လျာထားခြင်းမရှိပါဘူးဆိုတော့ ဒီဟာသည် အတည်မဖြစ်သေးပါဘူး။ လျာထားရုံပဲရှိပါသေးတယ်။ ယင်းအရေးကြီးသည့်မေးခွန်းကို ၂၀၁၈-၂၀၁၉ BE ထဲတွင် ထပ်မံထည့်သွင်းလျာထားပေးနိုင်ခြင်း ရှိ/မရှိ ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးခိုင် မေးမြန်းထားသည့်မေးခွန်း (၁)(၂)နှင့် ပတ်သက်ပြီး ၂၀၁၉-၂၀၂၀ မှာ လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် ပတ်သတ်ပြီး ၂၀၁၉-၂၀၂၀ တွင် ဦးစားပေး အစီအစဉ်အနေဖြင့် ထည့်သွင်းဖော်ပြပေးသွားမှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ မေးခွန်းအမှတ်စဉ် (၃)ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်အတည်ပြုချက်ရယူခြင်း မရှိသေးသော်လည်း လောလောဆယ် ဘတ်ဂျက်ရေးဆွဲထားပြီးဖြစ်ပါတယ်။ အကယ်၍ အရေးပေါ် လိုအပ်နေ သည်ဆိုပါက ၂၀၁၈-၂၀၁၉ အနေဖြင့် စီမံဘဏ္ဍာဝန်ကြီးနှင့် ညှိနှိုင်းပြီးသည့်အခါ ပြန်လည်ပြင်ဆင်ပြီးတော့ ထည့်သွင်းတွက်ချက်လို့ ရလျှင်လည်း ထည့်သွင်းတွက်ချက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြေလွတ်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ အသုံးချခွင့်ရရှိ ထားသော်လည်း ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းမရှိသည့် စီမံကိန်းပျက်ဧရိယာ များကို အမြန်ဆုံးသိမ်းဆည်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း ယခင်အစိုးရ လက်ထက်များတွင် မြေလွတ်မြေရိုင်းများကို အောက်ခြေက သေချာစွာစိစစ်မှုမပြုလုပ်သည့်အတွက် စိုက်ပျိုး ထားသော ဥယျာဉ်ခြံ၊ လယ်ယာမြေများကို အရှိန်အဝါအသုံးပြုပြီး လုပ်ပိုင်ခွင့်ရရှိခဲ့ပါသည်။ ယခုအချိန်

တွင် သိမ်းဆည်းထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းမရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီး အတွင်း ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် စာရင်းပြုစုတင်ပြပြီးသားဖြစ်ပါသည်။

၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများအရ လိုက်နာရမည့်စည်းကမ်းချက်များ အခန်း(၅) အပိုဒ်(၄၈)တွင် မြေလွတ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ မပြဋ္ဌာန်းမီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် မူလခွင့်ပြုကာလ အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် စည်းကမ်းချိုးဖောက်လျှင် တင်သွင်းသောအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဟု ဖော်ပြထားပြီး၊ ကြီးကြပ်ခြင်း အခန်း(၆) အပိုဒ်(၅၁) (ခ)တွင် မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်အညီ ပြန်လည်သိမ်းယူ၍ ယင်းသို့ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ တရားဝင်ကြေညာခြင်းနှင့် မူလလုပ်ပိုင်ခွင့်ရရှိသူအား အသိပေးအကြောင်းကြားရမည်ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။ ဥပမာအားဖြင့် ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စစ်ပင်ဆိပ်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေးအမြန် လမ်းမဘေးအတွင်းရှိ သက်တမ်းလွန်စီမံကိန်းပျက်မြေဧရိယာများ ဧကထောင်နှင့်ချီ ရှိနေပါသည်။ အလားတူ စီမံကိန်းပျက်မြေဧရိယာမြောက်များစွာရှိနေသည်မှာ အမှန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူလတောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိစေမည့်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုးညိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသောကိစ္စနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ် ဖော်ထုတ်လုပ်ကိုင်ရမည့် ကာလကျော်လွန်၍ လုံးဝစိုက်ပျိုးလုပ်ကိုင်မှုမရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စည်းကမ်းချက်တွင် သတ်မှတ်ထားသော ဧရိယာ၏တစ်စိတ်တစ်ပိုင်းသာ စိုက်ပျိုးလုပ်ကိုင်ထားရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအတွက် သတ်မှတ်ကာလကျော်လွန်၍ လုံး၀ စိုက်ပျိုးလုပ်ကိုင်မှုမရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် ယခင်ထုတ်ပေးထားသော လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်အား ပြန်လည်သိမ်းဆည်းရန်နှင့် တစ်စိတ်တစ်ပိုင်း စိုက်ပျိုးလုပ်ကိုင်ထားရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုလက်မှတ်အသစ် ပြောင်းလဲထုတ်ပေးနိုင်ရေး ကိစ္စရပ်များအား တိုင်းဒေသကြီးမြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့မှ ကြီးကြပ်စီမံဆောင်ရွက်ပြီး ပြန်လည်တင်ပြရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၉. ၉. ၂၀၁၇)

ရက်စွဲပါစာအမှတ်-၁၂/မလရ-၁၆(၁၉၈/ ၂၀၁၇)ဖြင့် အကြောင်းကြားလာမှုအရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများအနေဖြင့် သက်ဆိုင်ရာကာယကံရှင်များထံ ဆက်သွယ်အကြောင်းကြားသွားရန်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများမှ ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ စိစစ်တင်ပြသွားရန် ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ (၂၆. ၉. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၀၀၉/ မြေလွတ် မြေရိုင်း/ ၂၀၁၇ဖြင့် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများထံ အကြောင်းကြား ထားရှိပြီးဖြစ်ပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း သတ်မှတ်ကာလ (၄)နှစ်ပြည့်မြောက်ပြီးချိန်ထိ မြေပြင်၌ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားသောမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ် ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျာ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမှာရှိသည့် စစ်ပင်ဆိပ်ကျေးရွာအုပ်စု၊ အောက်ကမ္ဘာကျေးရွာအုပ်စုများသည် အဲဒီအုပ်စုထဲမှာရှိတဲ့ မြေအမြောက်အမြားကို မြကိုးဆယ်ကုမ္ပဏီမှ စိုက်ပျိုးဖို့ဆိုပြီး သိမ်းယူသွားပြီး သိမ်းယူသည့်အခါ မူလတောင်သူများ၏မြေများလည်း ပါသွားပါတယ်။ ပြီးတော့ ယင်းကုမ္ပဏီကလည်း အမှန်တကယ်မြေမှာ စိုက်ပျိုးခြင်းမရှိတဲ့အတွက် စီမံကိန်းပျက်စာရင်းတွင် ပါရှိပါကြောင်း။ မူလတောင်သူများက သူတို့ရဲ့မြေမှာစိုက်ပျိုးရန်အတွက် ခုတ်ထွင်ရှင်းလင်းသည့်အခါမှာ မြကိုးဆယ်ကုမ္ပဏီကနေပြီး တောင်သူများကို သူတို့ရဲ့မြေမှာ စိုက်ပျိုးလုပ်ကိုင်တယ်ဆိုပြီး ဒေသခံတောင်သူများဖြစ်သည့် ဦးညွန့်လွင်၊ ဦးချက်ဖောင်း၊ ဒေါ်ခင်တင့်တို့ကို ထန်းတောကြီးရဲစခန်းမှာ အမှုရင်ဆိုင်နေရပြီး တရားစွဲခံရသည့် အခြေအနေဖြစ်နေပါကြောင်း။ ယင်းကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးအနေဖြင့် မည်ကဲ့သို့ဖြေရှင်းပေးရန် အစီအစဉ်ရှိသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကို မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုမေးမြန်းသည့် မြကိုးဆယ်ကုမ္ပဏီသိမ်းယူထားသည့်မြေပေါ်တွင် တောင်သူများအနေဖြင့် နစ်နာသည်ဆိုပါက မိမိတို့အနေဖြင့် မြေယာစိစစ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သည့်နေရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီဆိုပြီး ဖွဲ့စည်းဆောင်ရွက်လျှက်ရှိပါကြောင်း။ မြကိုးဆယ်ကုမ္ပဏီက အမှန်တကယ် ယင်းကုမ္ပဏီ၏လုပ်ပိုင်ခွင့်ကို ဗဟိုမြေလွတ်မြေလပ်နဲ့ မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီကနေပြီး လုပ်ပိုင်ခွင့်များချပေးထားတာဖြစ်ပြီး သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် တောင်သူများ၏လယ်ယာမြေဟာ အမှန်တကယ် လုပ်ပိုင်ခွင့်ပိုင်ဆိုင်မှုရှိတယ်ဆိုရင် ယင်းမြေများနှင့် ပတ်သက်ပြီး ပြန်လည်ရယူချင်တယ်ဆိုပါက သိမ်းဆည်းမြေများပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားပြီး တိုင်းဒေသကြီးကော်မတီနှင့် သက်ဆိုင်ရာဌာနကော်မတီအဆင့်ဆင့်သို့ ပေးပို့စိစစ်ခိုင်းပြီး ဗဟိုသိမ်းဆည်းမြေများပြန်လည်စိစစ်ရေး ကော်မတီကို တင်ပြဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်း အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်း ငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကို ကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ ပြင်ဆင်ချုပ်ဆိုနိုင်သော စာချုပ်များကို ပြင်ဆင် ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည် ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရ သက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ ထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင် ချုပ်ဆိုနိုင်သော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင် ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြ တောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးမှ အမည် စာရင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ။** ။သို့ဖြစ်၍ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်သည့်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်ကြသူအားလုံးမင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရသက်တမ်းအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀) စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ ပြင်ဆင်ချုပ်ဆိုနိုင်သောစာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ် ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုနဲ့ ပတ်သက်ပြီး ထောက်ခံသွားပါမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ငှားထားသောစာရင်းဇယားများတွင်ပါသော ဈေးနှုန်းများကို ကြည့်ခြင်းအားဖြင့် အမှန်တကယ်နည်းပါးလွန်းသည်ကို တွေ့ရပါတယ်။ ယခင်အစိုးရလက်ထက်က ပုဂ္ဂလိက အကျိုးကိုကြည့်၍ ငှားရမ်းချုပ်ဆိုခဲ့သည်မှာ ထင်ရှားပါတယ်။ ငှားရမ်းခဲ့သည့်စာရင်းမှာ ဥပမာပြရမယ်ဆိုရင် ပဲခူးမြို့(၁၀)မိုင် ဘက်စုံခြံမြေ ဧက(၁၀၀)ကို တစ်နှစ်လျှင် (၁၀)သိန်း နှုန်းဖြင့် ငှားရမ်းခဲ့ပါတယ်။ ဧက(၁၀၀)ကို တစ်လလျှင်(၁)သိန်းတောင်မပြည့်တဲ့နှုန်းထားနဲ့ ငှားရမ်းခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပြီး အုတ်တွင်းမြို့၊ ကျောင်းရှစ်ဆယ်ပညာပေးစခန်းရှိ သိုလှောင်ရုံ(၃)ခု ပေ(၅၀'×၂၄') သွပ်မိုးအုတ်ကာသိုလှောင်ရုံ(၃)ခု (၅၀'×၁၄') သွပ်မိုးအုတ်ကာ (၅'×၁၅. ၅') (၁၅'×၁၂') သွပ်မိုးအုတ် ကာကွန်ကရစ်မြေဧရိယာ ၁. ၀၆ဧက ကို တစ်နှစ်ကို အဆောက်အဦး(၃)လုံး(၈)သိန်းနှုန်းဖြင့် ချုပ်ဆိုထားပါတယ်။ တစ်လကို (၇)သောင်းနှုန်း တောင်မပြည့်ပါဘူး။ ရေတာရှည်မြို့မှာရှိသည့် ကြံစိုက်ခင်းဧရိယာ ၂၀၉၅. ၄ဧက တစ်နှစ်ကို သိန်း(၆၀)နှုန်းဖြင့် တစ်လ(၅)သိန်းနှုန်း ငှားရမ်းထားပါတယ်။ တောင်ငူမြို့မှာဆိုရင် ကြာနီကန် (၈၀'×၄၅')သိုလှောင်ရုံ(၂)လုံးကို (၂၂)သိန်းနှုန်းဖြင့် တစ်လ(၂)သိန်းတောင် မပြည့်ပါဘူး။ ဒီငှားရမ်းခတွေသည် အလွန်ရယ်စရာကောင်းသလို အံ့သြဖွယ်ရာလည်းကောင်းပါတယ်။ လက်ရှိ တောင်ငူမြို့တွင် လွှတ်တော်အစည်းအဝေးခန်းမ၏ လေးပုံတစ်ပုံ တောင်မရှိသော အဆောက်အဦးမပါမြေနေရာလေးကို တစ်လ(၆)သိန်းနှုန်း ပေးငှားရမ်းထားပါကြောင်း။ တချို့နေရာကောင်းရင်ကောင်းသလို (၁၀)သိန်း(၁၅) သိန်း ပေးရပါတယ်။ ဒါဟာ နိုင်ငံတော်အတွက်၊ တိုင်းဒေသကြီးအစိုးရအတွက်၊ ပြည်ထောင်စုအစိုးရအတွက် ရသင့်ရထိုက်သောဝင်ငွေများ လျော့နည်းပါတယ်။ ဒီလိုလျော့နည်းသည့်အတွက် အများပြည်သူအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ နစ်နာပါတယ်။ တောင်ငူမှာဆိုရင် ဦးအေးမင်းဝင်း အဆိုတင်သွင်းထားသလို မြေနေရာ တွေငှားရမ်းထားပြီး အကောင်အထည် မဖော်ထားပါဘူး။ ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်းမှာ တောင်ငူမြို့ကို ၂၅ကုတင်ဆံ့ဆေးရုံဆောက်ရန် ဘတ်ဂျက်ကျလာပါတယ်။ သို့သော် မြေနေရာမရှိတဲ့အတွက် မဆောက်ရပါဘူး။ ဝန်ထမ်းအိမ်ရာများ၊ အစိုးရ

ဌာနပိုင်အဆောက်အဦးများကိုလည်း မြေမရှိ၍ လိုက်ဝယ်ရပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် လျှပ်စစ်ဓါတ်အား ခွဲရုံဆောက်ရန် မြေနေရာမရှိ၍ လိုက်ဝယ်ရာ မည်သည့်နေရာမှမရခဲ့၍ ဘုန်းကြီးကျောင်းကပေးတဲ့ မြေနေရာ မှာ ဆောက်ရပါတယ်။ မိမိတို့ဆီမှာ မြေနေရာတွေရှိနေပါလျက်နှင့် လုပ်လို့မရသည့်အခြေအနေမှာ တစ်ဖက် ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေကိုကျတော့ မဖြစ်စလောက်စျေးနှုန်းများနှင့် ငှားရမ်းထားတာရှိပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခင်အစိုးရ အဆက်ဆက် က ဘယ်လိုပဲငှားရမ်းခဲ့ပါစေ။ ဘယ်လိုပဲနစ်နာခဲ့ပါစေ။ အစိုးရသစ်လက်ထက်မှာ ပြည်သူတွေ အကျိုးကို ကြည့်သည့်အတွက် ဒီလိုစာချုပ်မျိုးတွေကို တစ်ခုချင်း ပြန်လည်စိစစ်ပြီး စည်းကမ်းချက်နှင့် လျော်ညီသည့် စျေးနှုန်းများဖြင့် ပြန်လည်ချုပ်ဆိုသင့်ပါတယ်။ ပုဂ္ဂလိကအကျိုးကို ကြည့်ပြီးလုပ်ခဲ့ပေမယ့် အစိုးရသစ် လက်ထက်မှာ ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကိုပဲကြည့်ပြီး ဒီစာချုပ်တွေကို ပြင်ဆင်မယ် ဆိုရင် တိုင်းဒေသကြီးအစိုးရအတွက်လည်း အင်မတန်ကောင်းမွန်သည့်ပုံရိပ်တွေ တက်လာမှာဖြစ်ပါတယ်။ ထို့ကြောင့် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွန့်ရွှေ တင်သွင်းသော **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (B.O.T )စနစ်ဖြင့် နှစ်(၃၀) စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သောစာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြ တောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယနေ့ကြွရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်သွင်းသော ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရ သက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သောစာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြ တောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီအဆိုကို တင်သွင်းရခြင်းနှင့် ထောက်ခံဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်တော်တို့မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလ ပါလီမန်ဒီမိုကရေစီခေတ်မှာ အစိုးရက ပုဂ္ဂလိက/အစိုးရကဏ္ဍကို မျှတစွာ မြှင့်တင်ပေးနိုင်ခဲ့ခြင်းကြောင့် ပြည်တွင်းစစ်တွေရှိနေတဲ့ကြားက ဖွံ့ဖြိုးတိုးတက်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ၁၉၆၂ခု တပ်မတော်အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီလက်ထက် မဆလအစိုးရလက်ထက်မှာ တံခါးပိတ်ဝါဒကိုကျင့်သုံးပြီး အစိုးရပိုင်စီးပွားရေးအခန်းကဏ္ဍကိုသာ မြှင့်တင်ပေးခြင်းကြောင့် တိုင်းပြည်စီးပွားရေးမှာ တဖြည်းဖြည်းယုတ်လျော့လာပြီး နာလန်မထူအောင်ဖြစ်ခဲ့ရပါတယ်။ ၁၉၉၀နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်နဲ့ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း သမ္မတဦးသိန်းစိန်လက်ထက် ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ကျင့်သုံးခဲ့သည်။ အစိုးရပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်းမှာ မူအားဖြင့်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်သော်လည်း (၁) ပွင့်လင်းမြင်သာမှုမရှိခြင်း (၂)မျှတမှုမရှိခြင်း (၃) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်းစာလျှင် နိုင်ငံတော်အတွက် အကျိုးအမြတ်ရာခိုင်နှုန်းနည်းပါးခြင်း (၄)စာချုပ်ပါစည်းကမ်းချက်များနှင့်တည်ဆဲဥပဒေများကို လိုက်နာမှုအားနည်းနေသည်ကို တွေ့မြင်ကြားသိနေရပါသောကြောင့် အစိုးရအနေနှင့်ပြန်လည်သုံးသပ်ရန်လိုအပ်သည်ဟု ယူဆသည့်အတွက် ကျွန်တော်တို့အနေဖြင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဥပမာအနေနှင့် နှိုင်းယှဉ်တင်ပြရမယ် ဆိုလျှင် အစိုးရသစ်လက်ထက် ပြည်မြို့ရှိ ကမ်းနားလမ်းစည်ပင်သာယာပိုင်မြေနေရာကို ငှားရမ်းခဟာ တစ်နှစ်ကို သိန်း(၈၄၀)ရရှိခဲ့ပါတယ်။ ငှားရမ်းသည့်မြေဟာ တစ်ဧကမပြည့်သည့်အပြင် အဆောက်အဦးဟာလည်း သုံးလို့မရပါဘူး။ ဖြိုချပြီး အသစ်ပြန်ဆောက်ရမှာ ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက် ပြည်မြို့ အောင်လံကားလမ်းမကြီး၏ဘေး စိုက်ပျိုးရေးဦးစီးဌာနပိုင်သိုလှောင်ရုံ မြေဧကအားဖြင့် ၄. ၈၅ဧက ရှိပါတယ်။ အဲဒီမှာ ဂိုဒေါင်(၄)လုံးအပါ မြေ ၄. ၈၅ဧကကို တစ်နှစ်ကို (၆၄)သိန်းတည်းနဲ့ ငှားရမ်းထားတာတွေ့ရပါတယ်။ မူလကျွန်တော်တင်ပြခဲ့တဲ့ တစ်ဧကမပြည့်သည့် မြေနေရာကို ငှားရမ်းသည့်နှုန်း တစ်လနှုန်းထက် တစ်နှစ်နှုန်းက နည်းနေတာကိုတွေ့ရပါတယ်။ ဒ့ါအပြင် ပြည်-အောင်လံ ကားလမ်းဘေး၊ လျှော်အိတ်လျှော်ထုတ်စက်ရုံ ဧကအားဖြင့် ၇. ၈ဧကရှိပါတယ်။ ပင်မအဆောက်အအုံနှင့် ဆက်သွယ်ထားသော အဆောက်အအုံတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ အဆောက်အဦးမြေများစွာ ပါဝင်သည့်မြေ ၇. ၈ ဧကကို တစ်နှစ်လျှင် (၃၂၀)နှုန်းဖြင့် နှစ်သုံးဆယ်ငှားရမ်းထားတာကို တွေ့ရတဲ့အတွက် အစိုးရသစ်လက်ထက် ငှားရမ်းခနှင့် လွန်စွာနည်းနေတာကို တွေ့ရပါတယ်။ ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာများကို စာချုပ်ပါလုပ်ငန်းများကို လုပ်ဆောင်ခြင်းမရှိသည့်အပြင် တစ်ဆင့်ပြန်ငှားရမ်းထားတာကိုစိတ်မကောင်းစွာ တွေ့ရပါတယ်။ စတင်ငှားရမ်းထားစဉ်ကလည်း ပွင့်လင်းမြင်သာမှုမရှိဘဲ လက်သိပ်ထိုးနီးစပ်ရာကို ချထားပေးသည့်ပုံစံမျိုးဖြစ်နေပါတယ်။ ထို့အတူ ပြည်မြို့မှာရှိတဲ့ နဝဒေးသကြားစက်ရုံကလည်းစိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာများကို တစ်နှစ်လျှင် တစ်ဧကကို တစ်သောင်းကျပ်တည်းနှင့် ငှားရမ်းလုပ်ကိုင်နေတာကို တွေ့ရပါတယ်။ ဒီအကြောင်းကို ဒေသခံတောင်သူတွေသိတဲ့အခါမှာ တစ်နှစ်လျှင်တစ်ဧကကို တစ်သောင်းမဟုတ်ပါဘူး။ ငါးသောင်းပေးပြီးလုပ်ချင်ပါတယ်လို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူတွေ တွေ့ဆုံပွဲမှာ မခံမရပ်နိုင်ဖြစ်ပြီး ပြောဆိုတင်ပြလာတာကို တွေ့ရပါတယ်။ ဒါပြည်မြို့ တစ်မြို့တည်း ဥပမာပေးပြီး ပြောဆိုတာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း (၂၈)မြို့နယ် နေရာတိုင်းမှာလည်း

အဆောက်အဦးများ၊ သိုလှောင်ရုံများကို ထိုနည်းတူစွာပဲ ငှားရမ်းလုပ်ကိုင်နေတာကိုတွေ့ရပါတယ်။ ထိုအတွက်ကြောင့် အစိုးရသစ်စီးပွားရေး မူဝါဒအတိုင်း လွတ်လပ်ပြီးမျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ဖို့ဆိုရင် ပွင့်လင်းမြင်သာမှုမရှိဘဲ လက်ဝါးကြီးအုပ်ရယူထားတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာတွေ၊ အဆောက် အအုံတွေ ငှားရမ်းထားသည့် ကိစ္စတွေအားလုံးကို ပြန်လည်သုံးသပ်စိစစ်ဖို့လိုအပ်တယ်လို့ထင်တဲ့အတွက် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးညွှန့်ရွှေမှ တင်သွင်းသော **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရ သက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (B.O.T)စနစ်ဖြင့် နှစ်(၃၀) စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သောစာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော်အနေဖြင့် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါရှင်။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွှန့်ရွှေတင်သွင်းသော **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သောစာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"**အဆိုကို ကျွန်မ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာတွေ အဆောက်အဦးတွေ ရရှိထားတဲ့ စာရင်းဇယားများအရ (၂၆)ခုရှိပါတယ်။ အဲဒီအထဲမှာ ရှေ့ကကိုယ်စားလှယ်တွေဆွေးနွေးထားတဲ့အကြောင်းအရာတွေမဟုတ်ဘဲ ကျန်ရှိနေသည့်အပိုင်းကို ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပဲခူးခရိုင်မှာရှိသည့် ပဲခူးဆယ်မိုင်ကုန်းပျိုးဥယျာဉ်နှင့် အရောင်းဆိုင်ဆိုရင် ငှားရမ်း

ထားတဲ့မြေဧကဆိုရင် ၁၃. ၃၂ဧက ရှိပါတယ်။ အဲဒါကို တစ်နှစ်ငှားရမ်းခနှုန်းဟာ သိန်း(၈၀)နဲ့ ငှားရမ်းထားပြီးတော့ တစ်လချင်းဆိုရင် (၆)သိန်း(၆)သောင်းကျော်ပေးသွင်းရတာဖြစ်ပါတယ်။ ရရှိထားသည့် ကုမ္ပဏီဟာ ဦးခင်မောင်အေး (KMA) ကုမ္ပဏီဖြစ်ပြီး နှစ်ပေါင်း(၄၀)ကို (B.O.T) စနစ်နဲ့ ငှားရမ်းထားတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဗိုလ်ကုန်းသိုလှောင်ရုံ(၃)လုံး ဖြစ်ပါတယ်။ မြေဧကအားဖြင့် ၁. ၄၉၈ ဧကဖြစ်ပြီးတော့ အဆောက်အဦးဟာ (၃)ခုဖြစ်ပါတယ်။ (၁၂၀'×၅၀'×၁၂') သွပ်အုတ်ကွန်ကရစ် အဆောက်အဦးတစ်လုံး၊ (၁၀၀'×၃၀'×၁၄')နဲ့ ကွန်ကရစ်အုတ်ကြွပ်အဆောက်အဦးတစ်လုံး (၆၀'×၃၀'×၁၄') ရှိတဲ့ သွပ်အုတ်ကွန်ကရစ် အဆောက်အဦးတစ်လုံး၊ အဆောက်အဦး(၃) လုံးရှိပြီး နှစ်(၂၀)စာချုပ်နဲ့ ငှားရမ်းထားတာဖြစ်ပြီး ငွေကြေးအားဖြင့် တစ်နှစ်ကို (၁၄. ၄)သိန်းဖြစ်တဲ့အတွက် တစ်လချင်းကို(၁သိန်း ၂သောင်း)နှုန်းဖြင့် ငှားရမ်း ထားတာဖြစ်ပါတယ်။ နောက်တစ်ခုက ပဲခူးတိုင်းကြားစခန်းမှာရှိသည့် သိုလှောင်ရုံ (၂)လုံးဖြစ်ပြီး ငှားရမ်းတဲ့သူကတော့ ဦးသီဟဖြစ်ပြီး Deligious Food Co.,Ltd ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မယ့်ကိစ္စကတော့ စားသောက်ကုန်ဖြန့်ဖြူးရန်ဖြစ်ပြီး ဧကအားဖြင့် ၀. ၉၈၆ ဧက ဖြစ်ပြီး အဆောက်အဦး(၂)လုံး ပါရှိတာဖြစ်ပါတယ်။ အဆောက်အဦးဟာဆိုရင် (၁၂၀'×၅၀'×၁၂') ရှိတဲ့ သွပ်အုတ်ကွန်ကရစ်အဆောက်အဦးတစ်လုံးဖြစ်ပါတယ်။ နှစ်ပေါင်းအားဖြင့် နှစ်(၂၀)ငှားရမ်းထားတာ ဖြစ်ပါတယ်။ အဆောက်အဦး(၂)လုံးကို တစ်နှစ်ကို (၁၂)သိန်းနှုန်းဖြင့် တစ်လလျှင် တစ်သိန်းရရှိတာဖြစ်ပါတယ်။ နောက်တစ်ခုက ပဲခူးတိုင်းကြားစခန်း ဒေါ်ကျင်သန်းဦး ရွှေကြာပန်း မြေသြဇာအမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရေး ကနေပြီး ရွှေဝါနဲ့ မြေသြဇာအမျိုးမျိုးရောင်းဝယ်ရေး ရုံးအဖြစ်အသုံးပြုရန် ငှားရမ်းထားတာဖြစ်ပါတယ်။ မြေဧကအားဖြင့် ၁. ၄၉၈ဧက ရှိပြီးတော့နှစ် (၂၀) ငှားရမ်းထားတာဖြစ်ပြီး အဆောက်အဦးက (၄၀'×၂၄') ရှိတဲ့ သွပ်အုတ်အင်္ဂတေအဆောက်အဦး ဖြစ်ပါတယ်။ တစ်နှစ်ကို ရရှိသည့်နှုန်းက(၆)သိန်း ဖြစ်ပြီး တစ်လတွင် (၅)သောင်းနှုန်းနဲ့ ရရှိတာဖြစ်ပါတယ်။ နောက်တစ်ခုက ညောင်လေးပင်မြို့မှာရှိသည့် ဦးသီဟ တောင်ပြာတန်း ကုမ္ပဏီလီမိတက်ကနေ (၂၅)နှစ် ငှားရမ်းထားတဲ့ မြေဧရိယာ၁. ၉၃ ဧကဖြစ်ပါတယ်။ ငှားရမ်းလုပ်ငန်း ဆောင်ရွက်မည့်ကိစ္စကတော့ သန့်စင်ပြီး လုံးရှည်ဆန် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ဆိုပြီးငှားရမ်းထားတာဖြစ်သည့် အဆောက်အဦး (၂)လုံးပါရှိပြီး (၅၀'×၁၂၀'×၁၂') သွပ်အုတ်ကွန်ကရစ် အဆောက်အဦးနဲ့ (၅၀'×၁၂၀'×၁၂') သွပ်အုပ် ကွန်ကရစ်အဆောက်အဦးတစ်လုံး ပါရှိပါတယ်။ အဆောက်အဦးနှစ်လုံး ပါရှိသည့်မြေဧကကို တစ်နှစ်လျှင် (၁၂)သိန်းပဲ ရပါတယ်။ တစ်လချင်းငှားရမ်းခနှုန်းက (၁)သိန်းပဲ ရရှိတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဖြူးမြို့နယ်မှာ ဦးသီဟ တောင်ပြာတန်း ကုမ္ပဏီလီမိတက်ကနေပြီး မြေနှင့် သိုလှောင်ရုံ (၂)လုံးပါသည့် မြေနေရာနှင့် အဆောက်အဦးကို ငှားရမ်းထားတာဖြစ်ပြီးတော့ စားသောက်ကုန် ဖြန့်ဖြူးရေးအတွက် ငှားရမ်းထားတာဖြစ်ပါတယ်။ မြေဧက(၀. ၆၅)ဧကဖြစ်ပြီး အဆောက်အဦး (၂)လုံးဟာဆိုရင်(၁၀၀×၅၀×၂၀)အုတ်ကြွပ် ပျဉ်အဆောက်အဦးတစ်လုံးနှင့် (၁၀၀'×၅၀'×၁၈') အုတ်ကြွပ် ပျဉ်ကွန်ကရစ် အဆောက်အဦး (၂)လုံး နှစ်အားဖြင့် နှစ်(၂၀)ငှားရမ်းထားပြီး တစ်နှစ်ကို (၁၈)သိန်း နှုန်းနှင့် ငှားရမ်းထားပါကြောင်း။ တစ်လချင်းရရှိတဲ့ နှုန်းထားကို ပြန်တွက်မယ်ဆိုလျှင် တစ်လကို (၁)သိန်းခွဲပဲ ရရှိပါတယ်။ နောက်တစ်ခုက တောင်ငူမြို့နယ် တောင်ငူ လျှော်ရွေးလျှော်ထုတ်စက်ရုံ ဖြစ်ပါတယ်။ မြေဧက အားဖြင့် ၆. ၉၆၇ ဧကဖြစ်ပြီး နှစ်(၅၀)ငှားရမ်းထားတာဖြစ်ပါတယ်။ ပင်မစက်ရုံနဲ့ ဆက်နွယ်တဲ့ အဆောက်

အဦတွေ၊ ဝန်ထမ်းအိမ်ရာအဆောက်အဦးတွေ မြောက်မြားစွာပါရှိပါတယ်။ ငှားရမ်းထားတဲ့ ကုမ္ပဏီဟာဆိုရင် Well-BeingThu Kha Co.,Ltd ဖြစ်ပြီး တစ်နှစ်ငှားရမ်းခနှုန်းက သိန်း(၆၀)နဲ့ တစ်လ(၅)သိန်းနှုန်းဖြစ်ပါတယ်။ နောက်တစ်ခုကဆိုရင် အုတ်တွင်းမြို့နယ် ချဉ်ပေါင်ပျော့ဖတ်စက်ရုံဖြစ်ပြီး ကျော်ထက်ကျော်ကုမ္ပဏီလီမိတက်ကနေပြီးတော့ (B.O.T) စနစ်နဲ့ ငှားရမ်းပြီး ချဉ်ပေါင်လျှော်ဖြင့် ပြုလုပ်သော ကမ္ဘာ့အဆင့်မီ ချဉ်ပေါင်ပျော့ဖတ်ထုတ်လုပ်ရန် ခေါင်းစဉ်နှင့် ငှားရမ်းထားတာဖြစ်ပါတယ်။ ဧကအားဖြင့် ၂၉၂. ၉ ဧကရှိပါ=တယ်။ နှစ်ပေါင်း(၃၀)ငှားရမ်းထားခြင်းဖြစ်ပြီးတော့ တစ်နှစ်လျှင် ငှားရမ်းခနှုန်းက သိန်း(၈၀)နဲ့ တစ်လချင်းဆိုရင် (၆)သိန်း (၆)သောင်း ရရှိပါတယ်။ နောက်တစ်ခုက ဖြူးမြို့နယ် ညောင်ပင်သာ စိုက်ကွင်း၊ ဖြူး-ကျီးမနိုးစိုက်ကွင်း မြေနေရာ ဖြစ်ပါတယ်။ ဧကအားဖြင့် ၁၇၃၅. ၂၈ဧကဖြစ်ပါတယ်။ ညောင်ပင်သာခြံနှင့် စိုက်ဧကမျိုးဖြစ်ပါတယ်။ ငှားရမ်းထားတာက နှစ်(၂၀)ဖြစ်ပြီး ရရှိသည့်နှုန်းထားက (၁၇၃. ၅၂၈) သိန်းဖြစ်ပြီး တစ်လချင်းပြန်တွက်မယ်ဆိုလျှင် (၁၄)သိန်းကျော်ပဲ ရရှိမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရေတာရှည်မြို့နယ် အမှတ်(၅)သကြားစက်ရုံ နှစ်(၃၀)ငှားရမ်းထားခြင်းဖြစ်ပြီး Int'l Gateway Group Of Co.,Ltd သကြားထုတ်လုပ်ရန်အတွက် ငှားရမ်းထားခြင်းဖြစ်ပါတယ်။ ဧကအားဖြင့် ၁၀၅. ၅၈ဧက ဖြစ်ပြီးတော့ ပင်မစက်ရုံအဆောက်အဦးပါသည့် အဆောက်အဦးတွေအပြင် ဝန်ထမ်းအိမ်ရာအဆောက်အဦးများအားလုံး ပါရှိတာ ဖြစ်ပါတယ်။ နှစ်ပေါင်း(၃၀)ငှားရမ်းထားတာဖြစ်ပြီးတော့ တစ်နှစ်ရရှိတာကတော့ သိန်း(၃) ထောင်ဖြစ်ပြီး တစ်လချင်းပြန်တွက်မယ်ဆိုရင် သိန်း(၂၅၀)ပဲရရှိတာဖြစ်ပါတယ်။ နောက်တစ်ခုက ရေတာရှည်မြို့နယ်မှာ အမှတ်(၆)သကြားစက်ရုံဖြစ်ပါတယ်။ Deligious Food Co.,Ltd ကနေပြီးတော့ သကြားထုတ်လုပ်မှုအတွက်ကို ငှားရမ်းထားတာဖြစ်ပါတယ်။ ဧကကတော့ ၇၂၉. ၅ဧက ဖြစ်ပါတယ်။ တစ်နှစ်ငှားရမ်းခနှုန်းခ သိန်း (၃၀၀၀)ဖြစ်ပြီး တစ်လချင်းကို သိန်း(၂၅၀)ပဲရရှိမှာဖြစ်ပါတယ်။ ပင်မ အဆောက်အဦးနဲ့ ဆက်နွယ်နေတဲ့ အဆောက်အဦးတွေအပြင် ဝန်ထမ်းအိမ်ရာအဆောက်အဦးများအားလုံးပါရှိတာဖြစ်ပြီး နှစ်ပေါင်း (၃၀)ပါရှိတာဖြစ်ပါတယ်။ သာယာဝတီခရိုင်ထဲမှာဖြစ်တဲ့ လက်ပံတန်း၊ မင်းရပ် ရပ်ကွက်မြေနှင့် သိုလှောင်ရုံ ဦးမျိုးမင်းထွန်းကနေပြီး နှစ်(၂၀) ငှားရမ်းထားတာဖြစ်ပြီး အဆောက်အဦးက (၆၀'×၃၀'×၁၄') သွပ်အုတ်ကွန်ကရစ်အဆောက်အဦးဖြစ်ပြီး ၀. ၅၆ဧက ဖြစ်ပါတယ်။ စားသောက်ကုန် သိုလှောင်ဖြန့်ဖြူးရန် ငှားရမ်းထားတာဖြစ်ပြီး တစ်နှစ်ကို (၁၂)သိန်းနဲ့ တစ်လချင်းကို (၁)သိန်းနှုန်းပဲ ရရှိတာဖြစ်ပါတယ်။ လက်ပံတန်းမြို့နယ်မှာဆိုရင် Malikha Auto Mobile Co.,Ltd ကနေပြီးတော့ ချမ်းသာကုန်းစခန်းမြေနှင့် သိုလှောင်ရုံ(၁)လုံးပါရှိသည့် မြေနေရာကို ကော်ဖီမစ်နှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ဖြူးရေးအတွက် မြေဧက ၀. ၆၂ဧကကို နှစ်(၂၀) ငှားရမ်းထားတာဖြစ်ပါတယ်။ တစ်နှစ်ရရှိတဲ့နှုန်းက (၁၈)သိန်းဖြစ်ပြီး တစ်လချင်းပြန်တွက်မယ်ဆိုရင် (၁)သိန်းခွဲပဲရရှိမှာဖြစ်မှာတယ်။ နတ်တလင်းမြို့နယ်မှာဆိုရင် နတ်တလင်းသစ်ချိုခြံ ဧက ၁၀၀၀ကို နှစ်ပေါင်းအားဖြင့် (၅)နှစ်ငှားရမ်းထားတာဖြစ်ပါတယ်။ စပါးတွက်ခြေကိုက်ပြီး ဒေသ၌ ကိုက်ညီသော သီးနှံများလုပ်ဆောင်ရန် ဦးမြတ်သူ (မြတ်ဧကရီ ကုမ္ပဏီ)ကနေငှားရမ်းထားတာဖြစ်ပါတယ်။ နောက်တစ်ခု ကြို့ပင်ကောက်မြို့နယ် ဈေးချိုရပ်ကွက်နှင့် သိုလှောင်ရုံ (၁)လုံး ဦးသီဟ (တောင်ပြာတန်း) ကုမ္ပဏီကနေပြီး စားသောက်ကုန်ဖြန့်ဖြူးရေးအတွက် (၈၀'×၅၀'×၁၄') သွပ်အုတ်ကွန်ကရစ်ပါသည့် အဆောက်အဦးကို နှစ်(၂၀)နဲ့ တစ်နှစ်ကို (၁၂)သိန်းနှုန်းဖြင့် ငှားရမ်းထားတာဖြစ်ပါတယ်။ တစ်လချင်းပြန် တွက်မယ်ဆိုရင်

(၁)သိန်းနှုန်းနှင့် ရရှိမှာဖြစ်ပါတယ်။ နောက်တစ်ခုက သာယာဝတီမြို့နယ်မှာရှိတဲ့ ရှောက်ရွှေလျော်ထုတ်စက်ရုံ ဖြစ်ပါတယ်။ ပင်မစက်ရုံပါရှိသလို စက်အဆောက်အဦးတွေအပြင် ဝန်ထမ်းအိမ်ရာအဆောက်အဦးများအားလုံးပါရှိပြီး နှစ်ပေါင်း (၃၀)ကို တစ်နှစ်လျှင်သိန်း (၁၆၀)နှုန်းနဲ့ Capial Development Co.,Ltd ကငှားရမ်းထားတာဖြစ်ပါတယ်။ တစ်လချင်း ပြန်တွက်မယ်ဆလျှင် (၁၃)သိန်းကျော်ရရှိမှာ ဖြစ်ပါတယ်။ အသေးစိပ်ကို ဘာကြောင့်ပြောရသလဲဆိုရင် ငှားရမ်းထားသည့် မြေဧကနဲ့အဆောက်အဦးတွေကို ပြင်ပမှာ ငှားရမ်းမယ်ဆိုရင် ဒီထက်မကရရှိနိုင်ပြီးတော့ ယခုငှားရမ်းထားတဲ့နှုန်းထားဟာဆိုရင် အဆိုရှင် ဦးအေးဝင်းတင်သွင်းသလို ပုဂ္ဂလိကအကျိုးကိုပဲကြည့်ပြီး ငှားရမ်းထားတယ်ဆိုတာ ကျွန်မဆွေးနွေးတဲ့ အသေးစိတ်အချက်အလက်ပေါ်မှာ ကြည့်ပြီး မြင်သာနိုင်မှာဖြစ်ပါတယ်။ အဲဒီအပြင် ရရှိထားတဲ့စာရင်းဇယားအရဆိုရင် ၂၀၁၆ခုနှစ် ထိပဲ ငွေပေးသွင်းထားပြီး ၂၀၁၇ခုနှစ်မှာ တစ်နှစ်ပြည့်သော်လည်း မပေးသွင်းထားတဲ့ကုမ္ပဏီတွေရှိနေတာကိုလည်း တွေ့ရှိပါတယ်။ သတ်မှတ်ထားတဲ့ကာလအတွင်းမှာငွေမပေးသွင်းတဲ့ ကုမ္ပဏီတွေကိုလည်း အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီအပြင် အဆိုရှင်ဆွေးနွေးခဲ့သလို စာချုပ်ပါစည်းမျဉ်းစည်းကမ်းတွေကို အသေးစိပ်ပြန်လည်စိစစ်ရန်လိုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများဆိုတာကလည်း အများပြည်သူနဲ့ ဆိုင်တဲ့အဆောက်အဦးတွေဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အခွန်တွေဟာ သတ်မှတ်ထားတဲ့နှုန်းထားအတိုင်း မဝင်ဘဲ များစွာလျော့နည်းပြီး နစ်နာနေရတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေး ခြံများအား ပြီးခဲ့သော အစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ ( B.O.T )စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း”** အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ (B.O.T)စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသောနှုန်းထားများဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။အားလုံးပဲ မင်္ဂလာပါ။ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဆွေးနွေးထားတဲ့ ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများကို ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့ လွှဲအပ်ထားတဲ့ အဆိုဟာဖြင့် တိုင်းပြည်ရဲ့ဘဏ္ဍာတွေ နစ်နာတယ်ဆိုတာ မိမိအနေဖြင့် သိရှိပြီးဖြစ်ပါတယ်။ ၂၀၁၀ခုနှစ် Democratic Transactions အရ အာဏာတွေ ဖြေလျှော့မယ် Satellite လုပ်မယ်ဆိုရင် နိုင်ငံတော်က ချုပ်ကိုင်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြေလျှော့ပြီး Privatization လုပ်ပါတယ်။ ယခင်က service တွေ underprise တွေ လုပ်သည့်ဌာနတွေကို စီမံအုပ်ချုပ်ထောက်ပံ့ department အဖြစ် ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ယင်းဌာနပိုင်သည့် မြေနေရာတွေ၊ စိုက်ပျိုးရေးခြံတွေ၊ အဆောက်အဦးတွေတော်တော်များများကို ပြည်ထောင်စုအစိုးရဝန်ကြီးက ယခင်အစိုးရလက်ထက်မှာ ပုဂ္ဂလိကတွေကို ငှားရမ်းဆောင်ရွက်ခဲ့တာရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာဆိုရင် စုစုပေါင်း (၂၈)ခုရှိပြီး ကုမ္ပဏီ(၂၅)ခုကို စာချုပ်ချုပ်ဆိုခဲ့တာကို စာရင်းဇယားနဲ့တကွ တင်ပြပြီးဖြစ်ပါတယ်။ ငှားရမ်းထားတဲ့ငွေ Amount နဲ့ ပေးသွင်းပြီးကာလကိုလည်း ဖော်ပြထားပြီးဖြစ်ပါတယ်။ သို့ပါ၍ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ စာချုပ်တွေပြင်ဆင်ချုပ်ဆိုရန် အဆိုနဲ့ပတ်သက်ပြီး စတင်ငှားရမ်းစဉ်ကတည်းက စည်းကမ်းချက်များကို သတ်မှတ်ပြင်ဆင်နိုင်ကြောင်း ထည့်သွင်းထားတာကို တွေ့ရပါတယ်။ သို့ပါ၍ တိုင်းဒေသကြီး လွှတ်တော်အနေနဲ့ လက်ရှိတင်ပြတဲ့အဆိုကို တိုင်းကိုပဲတင်ပြပေးပါဆိုရင် တိုင်းဒေသကြီးအစိုးရကို တင်ပြပေးပါမယ်။ ဒါမှမဟုတ် လွှတ်တော်က ငှားရမ်းသည့်ကိစ္စကို တခြားဆောင်ရွက်စေလိုတဲ့ကိစ္စတွေကို စာနဲ့ပြောမယ်ဆိုရင်လည်း လွှတ်တော်ကတင်ပြတဲ့အတိုင်း အစိုးရအဖွဲ့ အနေနဲ့ တိုက်ရိုက် ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသို့ တင်ပြပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုရှင် ဦးညွန့်ရွှေက မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့်အနေဖြင့် ဒီအဆိုကို တင်သွင်းရခြင်းအကြောင်းနှင့် ပတ်သက်ပြီး အနည်းငယ်ရှင်းပြချင်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင်စက်ရုံ (၈)ရုံ ၊ ဝန်ထမ်းအိမ်ရာများနှင့် နားနေဆောင်စားရိပ်သာများ အပါအဝင်ဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ သိုလှောင်ရုံကြီး (၃၀) (၅၀×၁၂၀) သိုလှောင်ရုံ အများအပြားပါဝင်ပါတယ်။ နံပတ်(၃)အနေနဲ့ စိုက်ပျိုးမြေဧကပေါင်း၆၂၃၃. ၀၆၅ဧကကို အောက်ဈေးများနှင့် ငှားရမ်းထားတဲ့အတွက် ရငွေ (၇၉၀၃. ၉၂၈)သန်းဖြစ်ပါတယ်။ ခေတ်ကာလပေါက်ဈေးနဲ့ ဆိုရင် နိုင်ငံဘဏ္ဍာ အများကြီး တိုးလာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လိုငွေပြပိုင်းနဲ့ ရပ်တည်လာတာကြာခဲ့ပါပြီ။ ဒါကြောင့်သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံအဖြစ် ကျွန်တော်တို့နိုင်ငံဟာ ထင်ပေါ်ကျော်ကြားလှပေမယ့် တိုင်းပြည်ကတော့ ဆင်းရဲနေပါတယ်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ စာရင်းဝင်နိုင်ငံများထဲမှာ ပါဝင်ပါတယ်။ ဒါပေမယ့်လည်း အံ့သြစရာကောင်းတာက ဒီကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင် နိုင်ငံထဲမှာ

အမေရိကန်ဒေါ်လာ ၃ဘီလီယံအထက် ချမ်းသာတဲ့ သူဌေးကြီး (၅၀)ကျော် ရှိနေတယ်ဆိုတာပါဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံရဲ့ဘဏ္ဍာငွေကြေးဟာ ပြည်သူတွေဆီကို တိုက်ရိုက်စီးဆင်းလား၊ ဘယ်လို ဘယ်ပုံစီးဆင်းလဲဆိုတာ တွေးကြည့်ရင်တော့ ပြေးကြည့်တာထက်ကို မြန်ပါလိမ့်မယ်။ ဟိုခေတ် ဟိုအခါက အလွန်ထင်ရှားလှတဲ့ စကားတစ်ခွန်းရှိပါတယ်။အဲဒီစကားကတော့ Under Table ဆိုတဲ့စကားပဲဖြစ်ပါတယ်။ တင်ဒါတစ်ခုရဖို့ လုပ်ငန်းတစ်ခုရဖို့ တရားမဝင်ငွေပေးရခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ တရားမဝင်အဆင့်ဆင့်ငွေပေးပြီးမှ လုပ်ငန်းရလာကြတယ်ဆိုတာ ပြည်သူတွေကြားမှာရော လုပ်ငန်းရှင်တွေ လောကမှာပါ အများအပြားသိရှိကြပါတယ်။ သာဓကအနေဖြင့် ပြောရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး ထိပ်တန်းအာဏာပိုင်ကြီးတစ်ဦးဟာ ပြည်သူ့ဘဏ္ဍာငွေ သိန်းပေါင်း(၈)သောင်းကို ကိုယ်ကျိုးအတွက်သုံးခဲ့ လို့ အရေးယူခဲ့ရတာတွေ၊ မကြာသေးခင်ကာလကမကွေးတိုင်းဒေသကြီးက ထိပ်တန်းအာဏာပိုင်ကြီးတစ်ဦးဟာ ကိုယ်ကျိုးအတွက်သုံးထားလို့ ပြည်သူ့ဘဏ္ဍာငွေသိန်းပေါင်း (၇)သောင်းကို ပြန်တောင်းခဲ့ရတာတွေလည်း အထင်အရှားပဲရှိပါတယ်။ ဒါကြောင့်မို့နိုင်ငံပိုင်စက်ရုံတွေ၊ သိုလှောင်ရုံတွေ၊ မြေဧရိယာတွေကို ပုဂ္ဂလိကတွေကို ငှားရမ်းခဲ့သည့်အချိန်မှာလည်း ကာလပေါက်ဈေးနဲ့မညီဘဲ ဒီလိုပယောဂတွေမပါဘူးလို့ မပြောနိုင်ပါဘူး။ ဒါကြောင့်မို့ ခေတ်ကာလနဲ့လျော်ညီတဲ့ ကာလပေါက်ဈေးတွေ ပြန်လည်သတ်မှတ်ပြီး ကျွန်တော်တင်ပြထားသည့်အဆိုကို ရုပ်သိမ်းရန် မရှိပါဘူး။ လွှတ်တော်၏အဆုံးအဖြတ်ကို လေးစားစွာ ခံယူမည့်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေရှင်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ကျွန်တော့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များတင်ပြတာကို ဆောင်ရွက်ပေးမယ်လို့ပြောတာဟာ လွှတ်တော်မှာ ရုပ်သိမ်းဖို့မဟုတ်ပါဘူး။ ကိုယ်စားလှယ်များတင်ပြတဲ့ ဂိုဒေါင်တွေ ငှားရမ်းထားတာတွေ၊ စိုက်ပျိုးရေးခြံတွေ ငှားရမ်းထားသည့်ကိစ္စများနှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်ဟာ ပြည်ထောင်စုမှ စီမံခန့်ခွဲတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘယ်လိုစာချုပ်ချုပ်ထားလဲ၊ ဘာလုပ်ထားလဲဆိုတာ ကျွန်တော်တို့ဘာမှ မသိပါဘူး။ ပြည်ထောင်စုကနေ ဂိုဒေါင်၊ စိုက်ပျိုးရေးခြံတွေ၊ တက္ကသိုလ်တွေ၊ ဒါတွေဟာ ပြည်ထောင်စု၏စီမံခန့်ခွဲဆောင်ရွက်သည့်ကိစ္စတွေပါ။ ဒါကြောင့်မို့ ကိုယ်စားလှယ်ကြီးများ ပြန်လည်ဆောင်ရွက်ပေးစေလိုသည့် ကိစ္စတွေကို အသေးစိတ်ဆောင်ရွက်ပေးစေလိုလျှင် စာနှင့်ပေးမယ်ဆိုရင်လည်း အစိုးရအဖွဲ့ကို လက်မှတ်ထိုးခိုင်းပြီး ပြည်ထောင်စုကို အစီရင်ခံတင်ပြပေးပါမယ်။ ဒါမှမဟုတ် သူတို့ဆီက ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေကိုလည်း ပြန်လည်အကြောင်းကြားစေလိုလျှင်လည်း အကြောင်းကြားပေးပါမယ်။ ဒါမှမဟုတ် တင်ပြထားတဲ့အခြေအနေကိုလည်း ပြန်အကြောင်းကြားပေးရမလားဆိုတာကိုလည်း ဆွေးနွေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာတွင် အဆိုတွင်ပါသောစာရင်းဇယားနှင့်တကွကတိကဝတ်နှင့်အာမခံချက်များစိစစ်ရေးကော်မတီကိုတင်ပြပြီး ကော်မတီမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိသည့် အဆိုပါလုပ်ငန်းများနှင့် ပတ်သက်ပြီး စာရင်းဇယားအတိအကျကိုရယူ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် ပြည်ထောင်စုအစိုးရမှဆောင်ရွက်ရမည့် လုပ်ငန်းများကိုခွဲခြားပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများ၊ စက်ရုံများ၊ စိုက်ပျိုးရေးခြံများအား ပြီးခဲ့သောအစိုးရသက်တမ်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများထံသို့(B.O.T) စနစ်ဖြင့် နှစ်(၃၀)စာချုပ်ဖြင့် လွှဲပြောင်းငှားရမ်းခဲ့ရာတွင် အလွန်တရာနိမ့်ကျသော နှုန်းထား များဖြင့် ပုဂ္ဂလိကအကျိုးကိုကြည့်၍ ငှားရမ်းခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားများမှာ လွန်စွာနစ်နာခဲ့ရပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့ပြင်ဆင်ချုပ်ဆိုနိုင်သော စာချုပ်များကို ပြင်ဆင်ချုပ်ဆိုပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်မည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်အရ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကိုရယူပါမယ်။ ဆန္ဒရယူရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရှေ့ Mite stand တွင် Voting စနစ်ဖြင့် စတင် Sign in ဝင်ပြီးမှ မိမိတို့ဆန္ဒပြုလိုသည့် ခလုတ်ကိုနှိပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်အရ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကိုရယူခဲ့ရာ ယနေ့ အစည်းအဝေးတက်ရောက်သူ (၆၁)ဦးရှိပြီး ထောက်ခံမဲ (၅၀)မဲ ဖြစ်ပါတယ်။ ထောက်ခံသူ ဦးရေ(၃၁)ဦးနှင့် အထက် ဖြစ်သည့်အတွက် ဦးညွန့်ရွှေ၏အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နံနက်ပိုင်းကို (၁၁း၅၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာ ဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေး ကော်မတီ အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ အတွင်းရေးမှူး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန် အစည်းအဝေး(သတ္တမနေ့)ရပ်နားကြောင်းနှင့် အဌမပုံမှန်အစည်းအဝေး (အဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဌမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို (၁၃း၄၀)နာရီတွင် ရပ်နားပါမယ်။ အဌမပုံမှန် အစည်းအဝေး (အဌမနေ့)ကို ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ(၁)ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
# [ ၂၀၁၇ခုနှစ် ၊ နိုဝင်ဘာလ ၁ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၅၅ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၇၃ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ဖြူးမြို့နယ်မဲဆန္ဒနယ်

အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းခိုင်မြင့်၊ ဗိုလ်မှူးသိန်းလွင်ဦး၊ ဗိုလ်မှူးဇော်လွင်နှင့် ဗိုလ်ကြီးနိုင်အောင်ခင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် (၁-၁၁-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၂၀)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အုတ်ဖိုမြို့နယ်၊ လေးတဲကျေးရွာအုပ်စု ဘွတ်ကြီးရိုး ရေတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"အုတ်ဖိုမြို့နယ်၊ ဆင်ဂေါင်းအုပ်စု အညာတန်းရိုး တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"အုတ်ဖိုမြို့နယ်၊ ဂမုန်းချောင်းအောက်ပိုင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ လေးတဲကျေးရွာအုပ်စု ဘွတ်ကြီးရိုးရေတံခါးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ ဆင်ဂေါင်းအုပ်စု အညာတန်းရိုးတူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ ဂမုန်းချောင်း အောက်ပိုင်းတူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ လေးတဲကျေးရွာအုပ်စု ဘွတ်ကြီးရိုး ရေတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊

သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ လေးတဲကျေးရွာအုပ်စု၊ ဘွက်ကြီးရိုးရေတံခါးမှာ ဘွက်ကြီးရိုးချောင်းပေါ်တွင် တည်ရှိပါသည်။ အုတ်ဖိုမြို့နယ်၊ မင်းလှဆည် (RDY-1)မှ ရေကို ဘွက်ကြီးရိုးအတွင်းသို့ အဆိုပါ ရေတံခါးမှတစ်ဆင့် ရေချပေးမှသာလျှင် လေးတဲကျေးရွာအုပ်စု၊ လယ်မြေဧက (၁၂၀၀)ခန့် အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ဘွက်ကြီးရိုးရေတံခါးတည်ဆောက်ပေးမည်ဆိုပါက ရေတံခါးအရွယ်အစား(၆ပေ ×၁၂ ပေ) (၄)ပေါက်၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၉၅. ၀၀)သန်း သိန်းပေါင်း(၉၅၀) ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းမှာ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE) စိစစ်စာရင်းတွင် လျာထားပါဝင်ခြင်း မရှိခဲ့ပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ ဆင်ဂေါင်းအုပ်စု အညာတန်းရိုး တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် အတွင်းရှိ အညာတန်းရိုးမြောင်းသည် ရေကြည်ချောင်းထဲသို့ စီးဝင်ပါသည်။ အုတ်ဖိုမြို့နယ်အတွင်းရှိ စီးဆင်းနေသော အညာတန်းရိုးမြောင်းသည် ဆင်ဂေါင်းကျေးရွာအုပ်စု၊ လွှစင်ကျေးရွာအုပ်စု၊ နှောကုန်းအုပ်စု၊ သဲကုန်းအုပ်စု၊ သဖန်းပင်ဆိပ်အုပ်စု၊ ဒေါင်းစပါးအုပ်စုရှိ လယ်မြေဧက (၁၂၀၀)ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း စိစစ်ထားရှိပြီးဖြစ်ပါသည်။ အညာတန်းရိုးမြောင်းသည် မိုးများ၍ တောင်ကျချောင်း ရေများ စီးဆင်းသောအခါ လယ်မြေများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်၍ တူးဖော်ပေးရန် လိုအပ်လျက် ရှိပါသည်။ အညာတန်းရိုးမြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အလျား(၅)မိုင်၊ မြေကြီးကျင်း (၂၈၀၀၀)၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၇၀. ၀၀)သန်း သိန်း(၇၀၀)ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE) စိစစ်စာရင်းတွင် ပါဝင်ခြင်း မရှိခဲ့ပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြား အပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်ဖိုမြို့နယ်၊ ဂမုန်းချောင်းအောက်ပိုင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖို မြို့နယ်တွင်ရှိသော ဂမုန်းချောင်းသည် အုတ်ဖိုမြို့နယ်နှင့် မင်းလှမြို့နယ်တို့အတွင်း ဖြတ်သန်းစီးဆင်းပြီး မြစ်မခမြစ်ထဲသို့ ရေနုတ်သော ချောင်းတစ်ချောင်း ဖြစ်ပါသည်။ ဂမုန်းချောင်းအောက်ပိုင်းအား တူးဖော် ပေးမည်ဆိုပါက အုတ်ဖိုမြို့နယ်၊ ကင်ပွန်းခြံကျေးရွာအုပ်စု လယ်မြေဧက(၂၀၀၀)ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။ ဂမုန်းချောင်းအောက်ပိုင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုလျှင် အလျား(၄)မိုင်၊ မြေကြီးကျင်း(၈၁၅၀၀)၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၂၆၉. ၀၀)သန်း (၂၆၉၀)သိန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ

(BE) စာရင်းမှာ လျာထားပြီးတော့ ဆောင်ရွက်ခြင်းမရှိသေးပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိ ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ယခု အဌမပုံမှန်အစည်းအဝေးမှာ မေးခွန်း(၁၀)ခုမေးပါသည်။ မိမိတို့ မြို့နယ်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းလျာထားသည့် လုပ်ငန်းများစွာထဲမှ မေးခွန်း(၁၀)ခုကို ရွေးပြီးမေးမြန်းတာဖြစ်ပါကြောင်း၊ ဒါပေမဲ့ မေးမြန်းသည့်အခါ မေးခွန်းတော်တော်များများ ပြန်ဖြေရာတွင် ဒီဘတ်ဂျက်မှာ ပါဝင်မှုမရှိခြင်း၊ ဘတ်ဂျက်တောင်းခံထားခြင်းမရှိဟု ဖြေကြားထားပါကြောင်း၊ မိမိတို့အနေဖြင့် တကယ်လိုအပ်လို့ ယင်းစီမံကိန်းထဲမှာ ထည့်သွင်းပြီးဖြစ်ပါကြောင်း၊ ယခုမေးမြန်းသည့်မေးခွန်းတွေဟာ ခက်ထန်တယ်၊ မာကျောတယ်၊ ယင်းဘတ်ဂျက်တွေဟာ ပြုပြင်၍မရဘူးလား၊ အသေတွေဘဲလား၊ ယခုဖြေထားတာကလည်း အဲ့ဒီလိုမျိုးဖြစ်နေပါကြောင်း၊ ဥက္ကဋ္ဌကြီးအပါအဝင် အကုန်လုံးသိပြီးသားပါ။ ဒါတွေက လွှတ်တော်ကို ဘတ်ဂျက်ကမတင်ပြရသေးသည့်အတွက်ကြောင့် ဒီကာလအတွင်းမှာ တကယ်လိုအပ်နေသည်များကို ပြုပြင်ဖို့လိုအပ်ပါကြောင်း၊ မနှစ်တုန်းက ချောင်း(၃)ချောင်းတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးသည့်အခါ ကတိကဝတ်ဖြစ်ပါသည်။ သို့သော် ကတိကဝတ်ထဲမှာမပါသည့် လုပ်ငန်းများကပါပြီး ချောင်း(၃)ချောင်းအနက် အနည်းဆုံး(၁)ချောင်းတောင်မှ ဘတ်ဂျက်ထဲမှာ ပါလာခြင်းမရှိပါကြောင်း၊ ထို့ကြောင့် ဆက်စပ်မေးခွန်းအနေဖြင့် ပြန်ပြီးတော့သိလိုတာက ဒီအဖြေက လွှတ်တော်ကို ဘတ်ဂျက်က တင်ပြထားခြင်းမရှိဘူး၊ သူ့အရင်တင်ရမည့် ဒေသန္တရစီမံကိန်းတောင် မတင်သေးသည့် အတွက်ကြောင့် လိုအပ်ချက်များကို ပြုပြင်ပြီးအသစ်ပြန်လည်ရေးဆွဲတင်ပြနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးစောသူရအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)တို့နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင် မေးမြန်းသည့် ဆက်စပ်မေးခွန်းများနှင့်ပတ်သက်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဘတ်ဂျက်ကို စက်တင်ဘာလမှ စပြီးရေးဆွဲပါကြောင်း၊ အဲ့ဒီမတိုင်ခင်မှာလည်း သက်ဆိုင်ရာဦးစီးဌာနအလိုက်၊ ဦးစီးဌာနများကနေပြီး လွှတ်တော်မှာ ကတိကဝတ်ဖြစ်ထားသည်များ၊ မေးမြန်းထားသည်များကို ဦးစွာ

ဦးစားပေးစိစစ်ပြီး ဆောင်ရွက်ရပါကြောင်း၊ ဆောင်ရွက်ပြီးသည့်အခါမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဘတ်ဂျက်များကို စက်တင်ဘာလကနေစ၍ ပေးပို့ပြီးတော့ အဆင့်ဆင့်ဆောင်ရွက်ရပါကြောင်း၊ ဆောင်ရွက်ပြီးသည့်အခါမှာ ယင်းဘတ်ဂျက်ကို နောက်ဆုံးအစိုးရအဖွဲ့က စိစစ်ပြီး Cabinet ကို ဖြတ်ပြီးလျှင် တိုင်းဒေသကြီးလွှတ်တော်သို့ပေးပို့ပြီး အတည်ပြုချက်ရယူဆောင်ရွက်ရပါကြောင်း၊ ဘတ်ဂျက်သည် ယခုပြောသည်ကို ယခုချက်ခြင်းထည့်ပြီးဆောင်ရွက်ရတာမျိုးမဟုတ်ပါကြောင်း၊ အရင့်အရင်မှာ လွှတ်တော်က တောင်းဆိုထားသည်များကို အစိုးရအဖွဲ့ဝင်များ ကွင်းဆင်းသည့်အခါ လွှတ်တော်ကို ဒေသ၏ လိုအပ်ချက်အရ တောင်းဆိုသည့်ကိစ္စများ၊ လုပ်ပေးသင့်သည်များရှိလျှင်လည်း မိမိတို့ထည့်သွင်းပြီး လုပ်ပေးပါကြောင်း၊ ဘတ်ဂျက်ရေးဆွဲသည့်အခါမှာ အများဆုံးသည် လွှတ်တော်မှ တောင်းဆိုထားသည့် လုပ်ငန်းများကိုဘဲ ဦးစားပေးအနေဖြင့် ရာခိုင်နှုန်း(၉၀)ကျော်သည် လွှတ်တော်မှ တောင်းဆိုထားသည်များကိုဘဲ ထည့်ပေးထားခြင်းဖြစ်၍ ယနေ့ကိုယ်စားလှယ်ကြီးတောင်းသည့် ကိစ္စဟာ ဒီနေ့တောင်းသည့်ဟာကို မနက်ဖြန် ထည့်ပေးမည်ဆိုလျှင် ရှေ့မှာတောင်းဆိုထားသည့် လုပ်ငန်းအများကြီး ရှိပါသဖြင့် အရင်တုန်းကတော့ ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်းဖော်ပြပြီးတော့ ဘတ်ဂျက် တင်ပြတောင်းခံမည်ဟုပြောကြားထားပါကြောင်း၊ ဘတ်ဂျက်ဆိုသည်က ချက်ခြင်းထည့်ပြီး ချက်ခြင်းသုံးလို့ရသည့်ဟာမျိုးမဟုတ်ပါကြောင်း၊ မိမိတို့ကတော့ အဆင့်ဆင့်ထည့်သွင်းဖော်ပြထားပြီ အစိုးရအဖွဲ့က ဘတ်ဂျက်လုပ်သည့်အခါ လျှော့ချခြင်း၊ ဖြတ်တောက်ခြင်းမျိုးလည်း ရှိပါသည်။

လွှတ်တော်ရောက်သည့်အခါမှာလည်း ဖြတ်တောက်တာမျိုးလည်းရှိသည့်အတွက် မိမိတစ်ယောက်တည်း ပိုင်သည့်ကိစ္စမဟုတ်ပါကြောင်း၊ မိမိတို့က ထည့်သွင်းလျာထားပေးပါမည်လို့ အရင်တုန်းကဖြေကြားထားပါကြောင်း၊ နောက်ပိုင်း ဘတ်ဂျက်ကိုယ့်လက်ထဲမှာ ခွင့်ပြုချက်မရသေးဘူးဆိုလျှင် မိမိအတိအကျပြော၍ မရပါကြောင်း၊ ဖြတ်တောက်မှုအဆင့်ဆင့်မှာ ပါသွားလျှင် မိမိဘာမှ လုပ်ပိုင်ခွင့်မရှိပါကြောင်း၊ လက်ရှိ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ဟာ ယခုမှဆွဲတာ မဟုတ်ပါကြောင်း၊ စက်တင်ဘာလကတည်းက အဆင့်ဆင့်လုပ်နေတာဖြစ်ပြီး ယခုထိအချောမသတ်နိုင်သေး၍ လွှတ်တော်ကိုလည်း မပို့နိုင်သေးကြောင်း၊ တစ်ခုကိုပြင်တယ်ဆိုလျှင် အတွဲလိုက် လျှောက်ပြင်ရတာပါ၊ ပြင်သည့်အခါမှာ ဌာနတစ်ခုတည်း မဟုတ်ပါဘူး။ သက်ဆိုင်ရာ ဆည်မြောင်းမှ တစ်ခါယူပြင်၊ ပြီးလျှင်အချောသတ်ပြီး မိမိတို့လက်ထဲကလွှတ်သွားပြီး ဘဏ္ဍာရေးကော်မရှင်သို့ ရောက်သွားသည်ကို ပြန်ပြင်ချင်တယ်ဆိုလျှင် သူ့ဆီက တစ်ခါပြန်တောင်း ဆည်မြောင်းကိုတစ်ခါပြန်ပို့ ဆည်မြောင်းကတစ်ခါ အဲ့ဒီဘတ်ဂျက်အသေးစိတ်ဇွေဂဏန်းကို ထည့်ပြီးတော့ ပေါင်းနုတ်လုပ်၊ လုပ်ပြီးသည့်အခါ သူ့ဆီပြန်ပို့ သူကလည်းအချုပ်ကိုပြန်ပြင်ဆိုသည့်အခါကျတော့ မိမိတစ်ယောက်တည်း ပြီးသည့်လုပ်လို့ရသည့် အလုပ်မဟုတ်ပါကြောင်း၊ ဒါကြောင့် မိမိအနေဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကတော့ ရေးဆွဲထားပြီးဖြစ်ပါ၍ လွှတ်တော်ကိုပို့ဖို့ဘဲရှိပါကြောင်း၊ မိမိတစ်ယောက်တည်းဖြင့် ရေးဆွဲပြီး ဆောင်ရွက်ရခြင်းမဟုတ်သည့်အတွက် မိမိအနေဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားရခြင်း ဖြစ်ကြောင်း တင်ပြလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ် မွံကတုံး ကျေးရွာအုပ်စုပိုင် သံကလွတ်ရိုးမြောင်း ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ မွံကတုံးကျေးရွာ အုပ်စုပိုင် သံကလွတ်ရိုးသည် လယ်ယာ ကြိုးကြီး အနောက်ဖက်ကွင်း သံကလွတ်ကျေးရွာ တောင်ဖက်ထိပ်မှ စစ်တောင်းမြစ်အထိ လွန်ခဲ့သော နှစ်ပေါင်း ၁၅နှစ်ကျော်က နိုင်ငံတော်မှ ဖွံ့ဖြိုးတိုးတက်ရေးတူးမြောင်းအဖြစ် ဖောက်လုပ်ပေးခဲ့သော တူးမြောင်းဖြစ်ပါတယ်။ ထိုသို့ ဖောက်လုပ်ခဲ့ခြင်းကြောင့် မွံကတုံးပိုင်၊ ညောင်ခါးရှည် ပိုင်နှင့် ဆပ်သွားခြုံပိုင်ကျေးရွာ လယ်သမားအများစု၏ လယ်ဧက (၁၅၀၀) ကျော် မိုးစပါးစိုက်ပျိုး ရာတွင် ရေကြီးရေလျှံမှုမရှိဘဲ လယ်သမားများအတွက်များစွာ အကျိုး ပြုခဲ့ပါတယ်။

ယခုအခါ စစ်တောင်းမြစ်ဝနုံးတက်ခြင်း၊ သောင်ထွန်းခြင်းတို့ကြောင့် တစ်မိုင်ခွဲခန့် ရှိသော သံကလွတ် တူးမြောင်း တိမ်ကောလာပြီး လယ်သမားအများစု၏ လယ်ယာမြေများ ရေနစ်မြုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာစေခြင်းကြောင့် အရှည်တစ်မိုင်ခွဲရှိ သံကလွတ်ရိုးမြောင်း ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ် မွံကတုံးကျေးရွာအုပ်စုပိုင် သံကလွတ်ရိုးမြောင်း ပြန်လည် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မွံကတုံးကျေးရွာအုပ်စုပိုင် သံကလွတ်ရိုးသည် ကင်မွန်းကန်ရွာအနီးမှ စတင်စီးဆင်းကာ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သော ရိုးချောင်း တစ်ခုဖြစ်ပါသည်။ သံကလွတ်ရိုးသည် စစ်တောင်းမြစ် ရေဝင်ရောက်မှုကြောင့် မြစ်ရေနှင့်အတူပါလာသော နုန်းများပို့ချမှုကြောင့် တိမ်ကောကာ ကျဉ်းမြောင်းလျက်ရှိပြီး ကိုင်းပင်များ ပေါက်ရောက်နေမှုကြောင့် ရေစီးဆင်းမှုမရှိဘဲ လယ်မြေများ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်းကိုလည်း စိစစ်ထားရှိပြီး ဖြစ်ပါသည်။ သံကလွတ်ရိုးအား ပြန်လည်တူးဖော်ပေးခြင်းဖြင့် မွံကတုံးကျေးရွာအုပ်စု၊ ဆပ်သွားခြုံ ကျေးရွာ အုပ်စု၊ အုတ်ဖိုကျေးရွာအုပ်စုတို့ရှိ လယ်မြေဧက (၁၅၀၀)ခန့် တို့အား မိုးစပါး ရေတော်မိုးတော် စိုက်ပျိုးနိုင်ပြီး ဆောင်းသီးနှံများကိုပါ ရာသီအချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်းလည်း စိစစ်တွေ့ရှိရပါသည်။ သံကလွတ်ရိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၁. ၅)မိုင်၊ မြေကြီးကျင်း (၅၁၄၈)၊ ခန့်မှန်း ကုန်ကျငွေကျပ်(၁၂. ၈၁၀)သန်း သိန်းပေါင်း(၁၂၀)ကျော်လောက် ကုန်ကျမည်ကိုလည်းသိရှိလိုကြောင်း တင်ပြလိုပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းမှာ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (BE)စိစစ်ပြီးစာရင်းတွင် လျာထားပါဝင်ခြင်း မရှိခဲ့ပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ယခုလွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် လုပ်ငန်းကို ဦးစားပေးအစီအစဉ်အလိုက် စာရင်းထည့်ပေးထားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်အုပ်စု ရေကာတာတလျှောက် နေထိုင်ကြသော အိမ်ထောင်စုများအား ကျေးရွာသစ်တည်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်အုပ်စုအတွင်း ရေကာတာတလျှောက်နေထိုင်ကြသော အိမ်ထောင်စုများအား ကျေးရွာသစ်တည်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်ကျေးရွာအုပ်စုအတွင်း ဧရာဝတီအရှေ့ဘက်ကမ်းရေကာတာအား တာပုံစံကျအခိုင်အမာ ပြန်လည်တည်ဆောက်မည်ဖြစ်သည့်အတွက် တာဘောင်ဝဲယာဘေးတွင် မှီခိုနေထိုင်ကြသော အိမ်ခြေ(၁၅၀)ခန့်မှာ မည်သည့်နေရာသို့ ရွှေ့ပြောင်းနေထိုင်ရမည်မသိ ဖြစ်ရသည်ကတစ်ကြောင်း၊ ကိုယ်ပိုင်မြေကွက်များမဝယ်နိုင်သည်ကတစ်ကြောင်း တာဘေးမှီခိုနေထိုင်သူများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ခံစားနေကြရပါသည်။

သို့ပါ၍ အဆိုပါ ပြည်သူများအတွက် ကျေးရွာအသစ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမြန်ဆုံးတည်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်အုပ်စု ရေကာတာတလျှောက် နေထိုင်ကြသော အိမ်ထောင်စုများအား ကျေးရွာသစ် တည်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီအရှေ့ဘက် ကမ်းတာသည် (၂၃. ၂၅)မိုင်ရှည်လျားပြီး ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ရွာကန့်လန့်ကျေးရွာမှ ပဲခူးတိုင်းဒေသကြီးနယ်စပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့အထိတည်ရှိပါသည်။ ဧရာဝတီ အရှေ့ဘက်ကမ်း ရေကာတာအား တာပုံစံကျအခိုင်အမာ(၁၃)မိုင်ဆောင်ရွက်ပြီးဖြစ်၍ ကျန်(၁၁) မိုင်ခန့်အား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် (၅)မိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်မှ ယွန်းသွယ်ကျေးရွာအုပ်စုတွင် ပါဝင်သော ကျန်(၆)မိုင်အား

ရန်ပုံငွေထပ်မံချထားပေးပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တာပုံစံကျအခိုင်အမာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တာနယ်နိမိတ်နှင့် မလွတ်ကင်းသည့် နေအိမ်များအား ရွှေ့ပြောင်းပေးရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အကြောင်းကြားစာများပေးပို့ထားပြီး ဖြစ်သော်လည်း ယွန်းသွယ်ကျေးရွာအုပ်စုမှ တာဘောင်ဝဲ/ယာဘေးတွင် နေထိုင်ကြသောအိမ်ခြေ(၁၅၀)ခန့်မှာ ယခုထိ ရွှေ့ပြောင်းနေထိုင်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။ အဆိုပါတာဘောင်ဝဲ/ယာနေ အိမ်ခြေ (၁၅၀)ခန့်အတွက် အကွက်ချ ရိုက်ထားပေးရန် ယွန်းသွယ်ကျေးရွာအုပ်စုအတွင်း မြေနေရာချထားပေးမည်ဆိုပါက (၆၀ပေ×၄၀ပေ) တစ်ကွက်လျှင် (၀. ၀၅၅)ဧကေဖြစ်၍ အိမ်ထောင်စု(၁၅၀) အတွက် (၉)ဧကခန့် လိုအပ်မည်ဖြစ်ပြီး လက်ရှိ ၎င်းကျေးရွာ၏ မြေ(၁)ဧကစျေးနှုန်းမှာ ကျပ်သိန်း(၃၀)ခန့်ဖြစ်ပါသည်။

သဘာဝဘေးဖြစ်ပွားမှု၊ ကမ်းပြိုမှုများနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ခုနှစ်တွင် နိုင်ငံတော် ကိုယ်စား ပဲခူးတိုင်းဒေသကြီးမှ ငွေကျပ်သန်းပေါင်း(၃၇၈၅၃၀၄၁၀ကျပ်) ကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကဏ္ဍစုံတိုးတက်မှု ရှိအောင် ဆောင်ရွက်ပေးလျှက်ရှိရာ ယခုကဲ့သို့ အိမ်ခြေ၊ အိမ်ထောင်စုအများအပြား၊ ပြောင်းရွှေ့နေထိုင် နိုင်ရေးအတွက် မြေနေရာများချမှတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း သစ်တောကျူးမြေနေရာများကို ပယ်ဖျက်ခွင့်ရရှိပြီး တရားဝင်ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် တည်ဆောက်ပေးနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဇုန်များ၊ စိုက်ပျိုးရေးဇုန်များ၊ မြေလွတ်မြေရိုင်းများတွင် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ လက်ဝယ်ထားရှိသောမြေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြပြီး ပြန်လည်အပ်နှံရေးအတွက် စိစစ်လျက်ရှိကာ မြေလွတ်မြေရိုင်း များတွင် တောင်သူများအား ပြန်လည်နေရာချထားပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးသည် ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်အပါအဝင် အခြားသော ချောင်းမြောင်းများ ပေါများပြီး မိုးရေချိန်ရွာသွန်းမှု များပြားသည့်ဒေသဖြစ်သည့် အားလျော်စွာ ယခုကဲ့သို့ဖြစ်စဉ်များ ထပ်မံ၍လည်း ဖြစ်ပေါ်လာနိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုံလောက်ပြည့်စုံစွာ စီမံဆောင်ရွက်ပေးနိုင်ရေးအတွက် အခက်အခဲတစ်ရပ်ဖြစ်ပေါ်လာနိုင်ပါ၍ မြေနေရာ ရွှေ့ပြောင်းမှုအတွက် ကျသင့်သည့်တန်ဖိုး၏ တစ်ဝက်ခန့်ကို သက်ဆိုင်ရာဒေသမှ ကျခံစေသင့်ပြီး ကျန်တဝက်ကိုသာလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဖြည့်စွက်စီမံ ဆောင်ရွက်ပေးရမည်ဆိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ဝန်ထုတ်ဝန်ပိုးတစ်ဝက်လျော့ကျကာ တစ်တိုင်းလုံးကို လွှမ်းခြုံဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကြံတောစုရွာမှ ဘုရားကြီးကုန်းရွာသို့ ဖောက်လုပ်ထားသော မြေသားတာပေါ်ရှိ ဦးချစ်စိန်တံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ကြို့ပင်ကောက်မြို့နယ်၊ ညောင်ပင်မြင်းစီးအုပ်စု၊ ကဝေကုန်းနှင့် ရေသိုးရွာကြားရှိ ပြန်လည် တူးဖော်ထားသော ဟင်းဂလာရိုးပေါ်တွင် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ အောင်ပင်သာအုပ်စု၊ ကြံတောစုရွာမှ ဘုရားကြီးကုန်းအုပ်စု၊ ဘုရားကြီးကုန်းရွာသို့ ဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်မှ ဇင်ပြွန်းကုန်းအုပ်စုအတွင်းရှိ ဦးချစ်စိန်တံတားအား တံတားအသစ်တစ်စင်း ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိလို၍ မေးမြန်းအပ်သော ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ အောင်ပင်သာအုပ်စု ကြံတောစုရွာမှ ဘုရားကြီးကုန်းအုပ်စု၊ ဘုရားကြီးကုန်းရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းတာသည် အောင်ပင်သာ အုပ်စု၊ ဇင်ပြွန်းကုန်းအုပ်စု၊ ဘုရားကြီးကုန်းအုပ်စု အစရှိသော အုပ်စုကြီး(၃)အုပ်စုကို ဖြတ်သန်းပြီး ဖောက်လုပ်ထားသော လမ်းဖြစ်ပါသည်။ တောင်သူများမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော မြေသားလမ်းတာ ဖြစ်ပါသည်။ ထိုမြေသားလမ်းတာကို ကျေးရွာအုပ်စု(၃)အုပ်စုအတွင်းရှိ ကျေးရွာပေါင်း (၂၀)ခန့်မှ ကျေးလက်နေပြည်သူမြောက်များစွာနှင့် ကျောင်းသူကျောင်းသား၊ ဆရာ/ဆရာမတို့မှ နေ့စဉ်သွားလာနေသော လမ်းဖြစ်သကဲ့သို့ တောင်သူတို့၏ လယ်ယာကုန်ထုတ်လမ်းဖြစ်ပါသည်။

ယခုအခါတွင် ထိုလမ်းပေါ်ရှိ အောင်ပင်သာအုပ်စုနှင့် ဇင်ပြွန်းကုန်းအုပ်စု၊ ထိစပ်ရာ တွင်ရှိနေသော ဦးချစ်စိန်ရိုးပေါ်တွင် တည်ဆောက်ထားသည့် ဒေသအခေါ် ဦးချစ်စိန်တံတားမှာ ပြီးခဲ့သောနှစ်က ကုန်ထုတ်ကားများ ဖြတ်သန်းသွားလာမှုများပြီး ပျက်စီးခဲ့ပါသည်။ ထို ပျက်စီးမှုကိုလည်း ဒေသခံပြည်သူများမှ ပြန်လည်ပူးပေါင်း ပြင်ဆင်ပြီး အသုံးပြုနေခဲ့ပါသည်။ သို့သော် တံတား၏ ခိုင်ခန့်မှုမှာ စိတ်ချရသောအဆင့်တွင် မရှိတော့ပါ။

သို့ပါ၍ ကြံတောစုရွာမှ ဘုရားကြီးကုန်းရွာသို့ ဖောက်လုပ်ထားသော မြေသားတာပေါ်ရှိ ဦးချစ်စိန်တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်နှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ညောင်ပင်မြင်းစီးအုပ်စုအတွင်း ကျေးရွာချင်းဆက်လမ်းပေါ်မှ ကဝေကုန်းရွာနှင့် ရေသိုးရွာကြားတွင်ရှိသော ဟင်းဂလာရိုးပေါ်တွင် တံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိလို၍ မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ညောင်ပင်မြင်းစီး အုပ်စုအတွင်း ကဝေကုန်းရွာမှ ရေသိုး၊ ကျင်စွယ်၊ မကျီးပင်၊ လယ်ဒီကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းအား ဒေသခံများမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော မြေသားတာဖြစ်ပါသည်။ ထိုမြေသားတာကို ဖောက်လုပ်စဉ်က ကဝေကုန်းရွာနှင့် ရေသိုးရွာကြားတွင် ဟင်းဂလားရိုးသည် ရိုးကော အဖြစ်ရှိပြီး ထိုရိုးကောပေါ်တွင် မြေသားတာဖောက်လုပ်ခဲ့ပါသည်။

သို့ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ရိုးကော ဟင်းဂလာရိုးအား ရေစီးရေလာ ကောင်းမွန်ရေး အတွက် ပြန်လည်တူးဖော်ခဲ့ပါသည်။ မူလက ရိုးကောကိုဖြတ်ပြီးခင်းထားသောလမ်းမှာလည်း ယခုအခါ အကျယ်(၄၀)ပေခန့်၊ အနက်(၁၀)ပေခန့်ရှိနေသော ဟင်းဂလာရိုး ပြန်လည်တူးဖော်ခြင်းကြောင့် ကဝေကုန်း ရွာနှင့် ရေသိုးရွာကြားတွင် ဆက်သွယ်ရေးတာမှာ ပြတ်တောက်နေပါသည်။

ထိုမြေသားတာလမ်းသည် ညောင်ပင်မြင်းစီးအုပ်စုအတွင်းရှိကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ရွာပေါင်း (၅)ရွာမှ ပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများပါ အသုံးပြုနေသော လမ်းဖြစ်ပါသည်။ ယခုအခါတွင် ဟင်းဂလာရိုးပေါ်၌ တံတားမရှိပါ၍ ကျောင်းသားကျောင်းသူများနှင့်တကွ ကျေးလက်ပြည်သူများ သွားလာ ရန်နှင့် ကုန်ထုတ်ရန်ခက်ခဲနေပါသည်။

သို့ပါ၍ ကြို့ပင်ကောက်မြို့နယ်၊ ညောင်ပင်မြင်းစီးအုပ်စု၊ ကဝေကုန်းနှင့် ရေသိုးရွာကြားရှိ ပြန်လည် တူးဖော်ထားသော ဟင်းဂလာရိုးပေါ်တွင် တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြံတောစုရွာမှ ဘုရားကြီးကုန်းရွာသို့ ဖောက်လုပ် ထားသော မြေသားတာပေါ်ရှိ ဦးချစ်စိန်တံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ"**နှင့် စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ ကြံတောစု-ဇင်ပြွန်ကုန်းကျေးလက်လမ်းသည် ရန်ကုန်-ပြည်လမ်း မိုင်တိုင် (၁၂၅/၃)ကြံတောစုမှ ခွဲထွက်သည့်(Class-A)အဆင့်ရှိကြံတောစု-ဘုရားကြီးကုန်း လမ်း(၅မိုင်၄ဖါလုံ)မှ ခွဲထွက်သောလမ်းဖြစ်ပါသည်။ ဆည်မြောင်းဂုံးတံတား(ဦးချစ်စိန်ရိုးဂုံးတံတား) သည် ကြံတောစု-ဘုရားကြီးကုန်း လမ်းပေါ်တွင်ရှိသောတံတားဖြစ်ပြီး(၂၀'×၁၆'×၁၂')အုတ် ကမ်းကပ်ခုံ၊ သစ်သားခင်းတံတားဖြစ်ပြီး အုတ်ကမ်း ကပ်ခုံနှစ်ခုလဲ၍ တံတားမှာ ဘေးဖက်သို့ နိမ့်ကျလျက်ရှိနေပါသည်။ ယခုလက်ရှိအခြေအနေတွင် ကားများ သွားလာ၍မရဘဲ စက်ဘီး၊ ဆိုင်ကယ်များသာသွားလာ၍ ရနိုင်သည့်အနေအထားရှိပါသည်။ ၎င်းလမ်းသည် ကျေးရွာ(၁၉)ရွာ ၊အိမ်ခြေ(၁၃၃၆)လုံးနှင့် လူဦးရေ(၅၃၃၁)ဦး အသုံးပြုနေသည့် လမ်းလည်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ အဆင်ပြေသွားလာ အသုံးပြုနိုင်ရန်အတွက် ၎င်းတံတားအား (၃၀'×၁၂'×၁၂')တံတား တည်ဆောက်ပေးနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး တံတားပုံစံဒီဇိုင်းရေးဆွဲ၍ နှစ်အလိုက်

ခွဲဝေရရှိသည့်ရန်ပုံငွေအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ၎င်းတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြို့ပင်ကောက်မြို့နယ်၊ ညောင်ပင်မြင်းစီးအုပ်စု၊ ကဝေကုန်း နှင့် ရေသိုးရွာကြားရှိ ပြန်လည်တူးဖော်ထားသော ဟင်းဂလာရိုးပေါ်တွင် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ် ညောင်ပင်မြင်းစီးအုပ်စုအတွင်း ကျေးရွာချင်းဆက်လမ်းပေါ်မှ ကဝေကုန်းရွာနှင့် ရေသိုး၊ ကျင်စွယ်၊ မကျည်းပင်၊ လယ်ဒီကျေးရွာများသို့ဆက်သွယ်ဖောက် လုပ်ထားသောရေသုံး-ကဝကုန်း ဘုရားကြီးလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ (Class A ) အဆင့်ရှိလမ်းတစ်လမ်းဖြစ်ပြီး၊ ၎င်းလမ်းအား ဖောက်လုပ်စဉ်ကကဝေကုန်းရွာနှင့် ရေသိုးရွာကြားတွင် ဟင်းကလာရိုးသည် ရိုးကော်အဖြစ်တည်ရှိပြီး ထိုရိုးကော်ပေါ်တွင်လမ်းတာတည်ဆောက်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ရိုးကော်ဟင်းကလားရိုးအား ရေစီးရေလာကောင်းမွန်စေရန်ပြန်လည်တူးဖော်ခဲ့ပါသည်။ ယခုအခါတွင် အကျယ်(၄၀'-၀")ခန့်အနက်(၁၀'-၀") ခန့် ရှိနေသော ဟင်းကလာရိုးပေါ်တွင် ဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် ယာယီသစ်လုံးအခင်း၊ လူဆိုင်ကယ်ကူးနိုင်ရန်အတွက် ကုန်းဘောင်တံတားထိုးပြီး သွာလာနေကြရပါသည်။၎င်းလမ်းနှင့်တံတားအား ကျေးရွာ (၅)ရွာ၊ အိမ်ခြေ(၂၆၂)အိမ်နှင့် လူဦးရေ (၁၀၄၈)ဦးတို့ အသုံးပြုလျက်ရှိပါသည်။ ၎င်းယာယီလူကူးကုန်းဘေး ဟင်းကလာရိုးပေါ်တွင် တံတား(၁)စင်း တည်ဆောက်ပေးနိုင်ရန် အတွက်ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ ပြုလုပ်၍တံတားဒီဇိုင်းပုံစံများရေးဆွဲပြီး နှစ်အလိုက် ခွဲဝေရရှိမှုရန်ပုံငွေအပေါ်တွင် ဦးစားပေးအစီအစဉ်အတိုင်း လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မင်းလှမြို့နယ်၊ စမ်းဘုတ် ကျေးရွာအုပ်စု၊ လေှစမ်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားရှိ သစ်သားတံတားမှာ ထော်လာဂျီများပင် သွားလာ၍မရလောက်အောင် ပျက်စီးနေသောကြောင့် သံကူကွန်ကရစ်တံတား (၁)စင်း ဆောက်လုပ်ပေးနိုင်ရန် မည်သို့စီမံထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စမ်းဘုတ်ကျေးရွာအုပ်စု၊ လေှစမ်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားရှိသော ချောင်းမကြီးတံတားမှာ သစ်သားတံတားဖြစ်ပြီး ယခုအခါ ထော်လာဂျီများပင် သွားလာ၍ မရလောက်အောင် ပျက်စီးနေပြီဖြစ်သောကြောင့် သံကူကွန်ကရစ် တံတားတစ်စင်း ဆောက်လုပ်ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့နယ် ပျဉ်းမခေါင်အုပ်စုတွင်ပါဝင်သည့် ပျဉ်းမခေါင်၊ ကြက်မနက်၊ ကရင်ဆင်ဆွဲရွာများကို မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်တွင် ၁၉၉၆ခုနှစ် တောင်ညိုဆည် တည်ဆောက်သည့်အခါ ရေမြုပ်ဧရိယာအဖြစ် သတ်မှတ်သည့် ကျေးရွာအုပ်စု(၅)အုပ်စုအား ပြောင်းရွှေ့ပေးခဲ့သော်လည်း ရေမြုပ်ဧရိယာတွင် မပါဝင်သည့် ပျဉ်းမခေါင်ကျေးရွာအုပ်စုသည် ဆည်၏အထက်ပိုင်းတွင် မပြောင်းရွှေ့ဘဲ ကျန်ရှိနေပါသည်။ ပျဉ်းမခေါင်အုပ်စုတွင် ပျဉ်းမခေါင်ကျေးရွာ၊ ကြက်မနက်ကျေးရွာ၊ ကရင်ဆင်ဆွဲကျေးရွာတို့ ပါဝင်သည်။ ၎င်းကျေးရွာများသည် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာရန် မြေသားလမ်းပင်မရှိပါ။ လယ်ကန်သင်းရိုးလမ်းကိုသာ အသုံးပြုသွားလာနေရသဖြင့် ဆည်၏အထက်ပိုင်းဝေးလံသည့်ဒေသတွင် တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရေးအတွက် အလွန်အခက်အခဲများ များစွာရှိနေပါသဖြင့် ပျဉ်းမခေါင်၊ ကြက်မနက်၊ ကရင်ဆင်ဆွဲရွာများကို မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မင်းလှမြို့နယ်၊ စမ်းဘုတ် ကျေးရွာအုပ်စု၊ ငလှစမ်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားရှိ သစ်သားတံတားမှာ ထော်လာဂျီများပင် သွားလာ၍ မရလောက်အောင် ပျက်စီးနေသောကြောင့် သံကူကွန်ကရစ်တံတား(၁)စင်း ဆောက်လုပ်ပေးနိုင်ရန် မည်သို့စီမံထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊စမ်းဘုတ်ကျေးရွာအုပ်စု၊ ငလှစမ်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားရှိသောချောင်းမကြီးတံတားမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနလမ်းအဆင့် (Class C) အဆင့်ရှိသော ငမိုးရိပ်-စမ်းဘုတ်ဆက်လမ်းပေါ်တွင် တည်ရှိပါသည်။ လက်ရှိအခြေအနေတွင် (၁၂၀'×၁၀')သစ်သားတံတားဖြစ်ပြီး ပျက်စီးနေပါသည်။ သို့ဖြစ်ပါ၍ ၎င်းတံတားအား ကွင်းဆင်းတိုင်းတာ စစ်ဆေးရန် တံတားပုံစံဒီဇိုင်းရေးဆွဲပြီး နှစ်အလိုက် ခွဲဝေရရှိမှုရန်ပုံငွေပေါ်တွင် ဦးစားပေးအဆင့်အလိုက်ရန်ပုံငွေ ထည့်သွင်းတင်ပြ တောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဦးစွာဖြေကြားအပ်ပါသည်။

တစ်ဆက်တည်း ဖြေကြားလိုသည်က လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် ပုံစံအရဆိုလျှင် အင်မတန်အရေးကြီးသည့် တံတားဖြစ်ကြောင်းသိရပါသည်။ ထို့ကြောင့် မြို့နယ်ကျေးလက်ဦးစီးမှူးကို

ကွင်းဆင်းစစ်ဆေး၍ အင်မတန်အသုံးဝင်၊ အင်မတန်အရေးကြီးသည့်တံတားဖြစ်ပါက တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေထဲမှာ မပါခဲ့လျှင် အစိုးရအဖွဲ့ထံသို့ အရေးပေါ်ရန်ပုံငွေတွင် တင်ပြတောင်းခံပေးသွားမည် ဖြစ်ကြောင်းနှင့် ရရှိပါက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို အစိုးရအဖွဲ့မှ ဘယ်လောက်စိုက်မည်၊ ပြည်သူမှဘယ်လောက် စိုက်မည်ဆိုတာကိုလည်း တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း အကယ်၍ရရှိပါက ထိုကဲ့သို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့နယ် ပျဉ်းမခေါင် အုပ်စုတွင် ပါဝင်သည့် ပျဉ်းမခေါင်၊ ကြက်မနက်၊ ကရင်ဆင်ဆွဲရွာများကို မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ် ပျဉ်းမခေါင် အုပ်စု ပျဉ်းမခေါင်-ကြက်မနက်- ကရင်ဆင်ဆွဲ လမ်းမှာ အရှည်(၂)မိုင် (၂)ဖါလုံခန့် ရှိပါသည်။ အကျယ် (၄') ခန့်သာရှိပါသည်။ ကျေးရွာအုပ်စု (၄) အုပ်စု၊ အိမ်ခြေ (၄၁၂)၊ လူဦးရေ (၁၆၆၃) အားအကျိုးပြုသော လမ်းဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဌာနပိုင် လမ်းစာရင်းတွင် မပါဝင်သဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဌာနလမ်းစာရင်းတွင် ပါဝင်အောင်ဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ရှေးဦးစွာ ဖြေကြားလိုပါသည်။

အနည်းငယ်ရှင်းပြလိုသည်က ၎င်းကျေးရွာမှ ကျေးလက်လမ်းဦးစီးဌာနစာရင်းမှာ ပါဝင်ခြင်းမရှိသဖြင့် ကျေးလက်လမ်းဦးစီးဌာန လမ်းစာရင်းအဖြစ် ပါဝင်စေချင်လိုလျှင် လုပ်ထုံးလုပ်နည်းအရ ၎င်းမြို့နယ်မှ သက်ဆိုင်ရာမြို့နယ်ကျေးလက်ဦးစီးသို့ ကျေးလက်လမ်းစာရင်းတွင် ပါဝင်ရန် တင်ပြတောင်းခံ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်းနှင့် မြို့နယ်ကျေးလက်လမ်းဦးစီးမှ လိုအပ်သော လမ်းနယ်နိမိတ် ရှိ/မရှိ ကွင်းဆင်းစစ်ဆေး တိုင်းတာ၍ လိုအပ်သော လမ်းအကျယ်ရှိမှသာ ကျေးလက်လမ်းစာရင်းအဖြစ် လျာထားသတ်မှတ်ပြီး ရန်ပုံငွေ လျာထားတောင်းခံရမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယခု ဝန်ကြီးဖြေကြားသွားသည့် ပျဉ်းမခေါင်-ကြက်မနက်-ကရင်ဆင်ဆွဲလမ်းသည် အုပ်စု(၄)အုပ်စုမရှိပါ (၁)အုပ်စုတည်းသာ ရှိပါသည်။ (၄)အုပ်စုဟုဖြေကြားထားပါသည်။ နောက်တစ်ခုက ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှာ လမ်းစာရင်း ပါဝင်ခြင်းမရှိဟု ဖြေကြားထားပါသည်။ မိမိမေးတာကလည်း လမ်းစာရင်းပါဝင်ခြင်းမရှိဘူးဆိုတာ ပေါ်လွင် ပါသည်။ ကန်သင်းရိုးလမ်းတွေပဲ သွားနေရသည်ဟု မေးထားပါကြောင်း၊ (၆)အုပ်စုရှိသည့်အတွက်

(၅)အုပ်စုဆည်တည်ဆောက်သည့်အခါ ပြောင်းရွှေ့ခြင်းကြောင့် ယင်းပျဉ်းမခေါင်အုပ်စု(၁)အုပ်စုတည်းသာ ကျန်ခဲ့ခြင်းဖြစ်ကြောင်း၊ (၁)အုပ်စုတည်းမှာမှ ပျဉ်းမခေါင်းကျေးရွာမှာ မူလွန်ကျောင်းရှိပါသည်။ ထိုမူလွန်ကျောင်းသို့ ကရင်ဆင်ဆွဲမှ လာတက်ရပါ၍ ယင်းကန်သင်းရိုးလမ်းလေးကိုဘဲ အသုံးပြုသွားလာ နေရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ အမည်မပေါက်ဘူးဆိုသည်က လမ်းမရှိတာဖြစ်၍ မြေသားလမ်းဖြစ်ရန် တင်ပြခြင်းဖြစ်ပါသည်။ ဖြေကြားထားသည့်အထဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှာ အမည်စာရင်း မပေါက်လို့ဆိုပြီး ပါလာပါတယ်။ အမည်စာရင်းမပေါက်ဘူးဆိုသည်က လမ်းဖြစ်မှ အမည်စာရင်းပေါက်မှာ ဖြစ်သဖြင့် မြေသားလမ်းဖြစ်ပြီးမှ အမည်စာရင်းပေါက်မှာပါ။ ကျွန်တော် ကျေးလက်ဦးစီးဌာနကို မေးသည့် အခါမှာ ကျေးလက်ဦးစီးဌာနမှလည်း ၎င်းတို့ဖြေတာမဟုတ်ဘူးလို့ပြောကြားပါ၍ ဘယ်လိုဆက်ပြီး ဆောင်ရွက်ရမည်ဆိုသည်ကို တိတိကျကျ သိချင်ပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ နှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ကျော်နိုင်မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ကျေးလက်လမ်းစာရင်းပေါက်ဖို့ဆိုတာ ပဲခူးတိုင်းဒေသကြီးမှာ ကျေးလက်ပေါင်း မြောက်များစွာ ရှိပါကြောင်း၊ ကျေးလက်လမ်းဖောက်ထားတယ်ဆိုတာ အချို့နေရာများမှာ ကျေးလက်လမ်းရယ်လို့ မဟုတ်သေးဘဲ ကန်သင်းရိုးလောက်ဘဲရှိပါကြောင်း၊ ကန်သင်းရိုးလောက်ရှိသည့် နေရာလေးသည် တစ်ချို့ရွာလေးများမှာတော့ ကိုယ်ထူကိုယ်ထ လမ်းဖောက်ထားတာလေး ရှိပါကြောင်း၊ အဲ့လိုကိုယ်ထူကိုယ်ထ ဖောက်ထားသည့်လမ်းဆိုလျှင် လမ်းနယ်နိမိတ်ကြည့်ပြီးမှ ကျေးလက်လမ်းစာရင်းမှာထည့်သွင်း လျာထားကြခြင်းဖြစ်ပါသည်။ မိမိဖြေကြားသွားသလို တကယ်တမ်းလိုအပ်ပြီး လမ်းစာရင်းမပေါက်သေးဘူးဆိုလျှင် ကွင်းဆင်းပြီး လမ်းနယ်နိမိတ်ရှိ/မရှိ၊ လမ်းနယ်နိမိတ်ရှိ/မရှိဆိုသည်က လမ်းဘေးမှာရှိသည့်လယ်ကွင်းများ၊ လယ်ပိုင်ရှင်များက ခွင့်ပြုချက်ရှိမှသာ လမ်းဖောက်လို့ရမှာဖြစ်ပါသည်။ နဂိုကလမ်းပေါက်ပြီးသား အမည်စာရင်းဆိုလျှင် ရှင်းရှင်းလင်းလင်း လုပ်ဆောင်လို့ရပါကြောင်း၊ နဂိုကလမ်းရှိတာမဟုတ်ဘူး ဆိုလျှင်လည်း လမ်းသည် ကိုယ်ထူကိုယ်ထ ကန်သင်းရိုး ဖြစ်ဖြစ်၊ သာမန်လမ်းလေးဖြစ်ဖြစ် ဖောက်ထားမှသာ လမ်းစာရင်း တင်သွင်းလို့ရပါကြောင်း၊ လမ်းစာရင်း ဖြစ်ပြီး တကယ်တမ်းကွင်းဆင်းစစ်ဆေးသည့်အခါမှာ လမ်းဘေးဝဲယာမှာရှိသည့် လယ်ပိုင်ရှင်များ သဘော တူညီမှသာ လမ်းနယ်နိမိတ်အတွင်းမှာ လမ်းအဖြစ်ဖောက်လုပ်လျာထားလို့ရပြီး ကျေးလက်လမ်းဦးစီးဌာနမှာ စာရင်းသွင်း၍ ရန်ပုံငွေလျာထားချက်နှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် နဝဒေးလမ်းမကြီး လမ်းဘေးဝဲယာရှိ အခိုင်အမာ တည်ဆောက်နေကြသည့် လမ်းမြေကျူးကျော်များကို မည်ကဲ့သို့စီမံခန့်ခွဲရန် ပြင်ဆင်ထားသည်ကို သိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် နဝဒေးလမ်းမကြီး လမ်းဘေးဝဲယာရှိ၊ အခိုင်အမာ တည်ဆောက်နေကြသည့် လမ်းမြေကျူးကျော်များကို မည်ကဲ့သို့ စီမံခန့်ခွဲရန်ပြင်ဆင်ထားသည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လက်ပံတန်း-တော်လသာ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်းလမ်းပိုင်းမှ ကတ္တရာခင်းရန် ကျန်ရှိနေသော(၁၉)မိုင်အား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်သည် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်သို့အကြား တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး၏ အနောက်ဘက်တွင် သီးခြားတည်ရှိနေသော မြို့နယ်ဖြစ်ပါသည်။

လက်ပံတန်း-တော်လသာ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်း လမ်းပိုင်းသည် မိုးညို မြို့နယ်အတွက် အဓိကအားထားရသော လမ်းဖြစ်ပါသည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေအနေအထားအရ မိုးညိုမြို့နယ် အပိုင်းတွင် ကတ္တရာလမ်းခင်းရန် (၁၉)မိုင် ကျန်ရှိနေပါသည်။

ဖော်ပြပါ (၁၉)မိုင်ထဲမှ မိုင်တိုင် ၁၅/၇မှ မိုင်တိုင် ၁၉/၃ ထိန်တော-ဘုရားကြီးကုန်းပိုင်းကိုလည်းကောင်း၊ မိုင်တိုင် ၂၀/၆ မှ မိုင်တိုင်၂၃/၆ ထွန့်တံတားမှ ပေါက်ကုန်းတာဆုံအထိ အပိုင်းကိုလည်းကောင်း၊ မိုင်တိုင် ၄၁/၀ မှ မိုင်တိုင်၄၄/၃ မြောက်ရွာမှ ပတ္တော်ရဲကင်းအထိ အပိုင်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် နဝဒေးလမ်းမကြီး လမ်းဘေးဝဲယာရှိ အခိုင်အမာတည်ဆောက်နေကြသည့် လမ်းမြေကျူးကျော်များကို**

**မည်ကဲ့သို့စီမံခန့်ခွဲရန် ပြင်ဆင်ထားသည်ကို သိလိုပါကြောင်း ”** နှင့် စပ်လျဥ်း၍ ပြည်မြို့နယ်၊ ဘုရင့်နောင် လမ်းမကြီး (ပြည်မြို့ရှောင်လမ်း) မိုင်(၀/၀-၅/၆)နှင့် နဝဒေးတံတားလမ်းမကြီး(နဝဒေးတံတားချဉ်းကပ်လမ်း) မိုင်(၀/၀-၁/၇)လမ်းဘေးဝဲ/ယာရှိ အခိုင်အမာ တည်ဆောက်နေကြသည့် ကျူးကျော်အဆောက်အဦ များကို ရှင်းလင်းဖယ်ရှားပေးရန်လမ်းဦးစီးဌာန၊ ပြည်မြို့နယ်မှ (၁၃. ၃. ၂၀၁၇)ရက်နေ့တွင် ပထမအကြိမ် အဖြစ် လည်းကောင်း၊ (၅. ၅. ၂၀၁၇)ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ (၇. ၆. ၂၀၁၇) ရက်နေ့တွင် တတိယအကြိမ်အဖြစ်လည်းကောင်း သတိပေးအကြောင်းကြားစာများ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

ထပ်မံ၍ ဖယ်ရှားခြင်းမရှိသည့်ကျူးကျော်အဆောက်အဦများအား လမ်းမကြီးများ ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ တရားစွဲဆိုဆောင်ရွက်ရာတွင် အချို့သော ပြည်နယ်/တိုင်းများ၌ ကျေနပ်မှုမရှိသဖြင့် ဆန္ဒဖော်ထုတ်မှုများဖြစ်ပေါ်ခဲ့သဖြင့် လမ်းဦးစီးဌာန၊ လမ်းဦးစီး ဌာန(ရုံးချုပ်)မှ “မြို့နယ် အင်ဂျင်နီယာများ လမ်းနယ်နိမိတ်အတွင်း ကျရောက်မှုအား ရှင်းလင်း ဖယ်ရှားမည် ဆိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် အားလုံးတစ်ပြေးညီ ဆောင်ရွက်ရန် အကြောင်းကြားပါ”ဟု လမ်းညွှန်မှုပြုထားပါသဖြင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပေးပါရန် ဦးစီးအရာရှိ (မြို့ပြ)ရုံး၊ ပြည်မြို့၏ (၂၀. ၆. ၂၀၁၇)ရက်စွဲပါ စာအမှတ်-၀၉၄/လမ်းဦးစီး-ပြည်/၂၀၁၇/ကျူးကျော်နှင့် (၁. ၈. ၂၀၁၇) ရက်စွဲပါစာအမှတ်-၁၀၇/လမ်းဦးစီး-ပြည်/၂၀၁၇/ကျူးကျော်တို့ဖြင့် တင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ပြည်မြို့နယ်၊ ဘုရင့်နောင် လမ်းမကြီး(ပြည်မြို့ရှောင်လမ်း) မိုင်(၀/၀-၅/၆)နှင့် နဝဒေးတံတားလမ်းမကြီး (နဝဒေးတံတားချဉ်းကပ်လမ်း) မိုင်(၀/၀-၁/၇) လမ်းဘေးဝဲ/ယာရှိ အခိုင်အမာ တည်ဆောက်နေကြသည့် ကျူးကျော်အဆောက်အဦများကို ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် အစည်းအဝေးကျင်းပ၍ ကျူးကျော်အဆောက်အဦများအား ဖယ်ရှားရှင်းလင်းရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လက်ပံတန်း-တော်လသ-ထိန်တော- မိုးညို-တာပွန်-နတ်တလင်းလမ်းပိုင်းမှ ကတ္တရာခင်းရန် ကျန်ရှိနေသော(၁၉)မိုင်အား ကတ္တရာလမ်း ခင်းပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့် စပ်လျဥ်း၍ လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်- နတ္တလင်း လမ်းအပိုင်းသည် မိုင်(၁၃/၁-၅၆/၃)ထိ (၄၃မိုင် ၂ဖာလုံ)ရှိပါသည်။ ၎င်းလမ်းပိုင်းတွင် ဆည်မြောင်းတာပေါ် ဖောက်လုပ်ထားသောလမ်းပိုင်းမှာ (၁၉မိုင် ၃ဖာလုံ)ရှည်လျားပြီး ယခုတင်ပြသော လမ်းပိုင်းများအနက် မိုင်(၁၅/၇-၁၉/၃)အပိုင်း၏ လက်ရှိ လမ်းတာဘောင်အကျယ်မှာ (၁၂ပေ)မှ (၁၈ပေ) အတွင်းခန့်သာ ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် အဆိုပြုတိုင်းဒေသကြီး ရန်ပုံငွေလျာထားချက်စာရင်းတွင်-

- မိုင်(၁၅/၇-၁၇/၇)ထိ (၂မိုင်)အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လမ်းတာဘောင် ကျဉ်းမြောင်း နေပါသဖြင့် လမ်းသားအဆင့်မြှင့်တင်ခြင်းနှင့် လမ်းတာဘောင်ချဲ့ခြင်း ဆောင်ရွက်ရန် လျာထားပါသည်။

- မိုင်(၁၇/၇-၁၉/၃)ထိ (၁မိုင် ၄ဖာလုံ)အား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် လမ်းတာဘောင်ချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁၂ပေ) အကျယ်ကတ္တရာ လမ်းအဖြစ်ဆောင်ရွက်ရန် လျာထားပါသည်။
- မိုင်(၂၀/၆-၂၃/၆)ထိ (၃မိုင်)အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် လျာထားပါသည်။
- မိုင်(၄၁/၀-၄၂/၀)ထိ (၁မိုင်)အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် လျာထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၎င်းလမ်းပေါ်တွင် (၁၂)ပေအကျယ် ကတ္တရာလမ်း စုစုပေါင်း(၅မိုင် ၄ဖာလုံ)အား ဆောင်ရွက်ရန် လျာထားပါသည်။

ကျန်လမ်းအပိုင်းများအား လမ်းတာဘောင်ချဲ့ခြင်းလုပ်ငန်းပြီးစီးသည့် နောင်နှစ်များတွင် ရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ ကတ္တရာလမ်းအဖြစ်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝန်ကြီးအနေဖြင့် ဖြေကြားထားသည်က ကျူးကျော်အဆောက်အဦများကို ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အမှန်တော့ အခုဆိုလျှင် အဆောက်အဦတစ်လုံး အသစ်ဆောက်လိုက် သတိပေးစာလေး ပို့လိုက်၊ နောက်အဆောက်အဦ ထပ်ဆောက်လိုက် သတိပေးစာလေးပို့လိုက် အခြေအနေဖြစ်နေပါသည်။ ပထမ စဆောက်သည့် လူတွေကို သတိပေးစာဘဲပို့ပြီး တရားစွဲဆိုအရေးယူခြင်းမရှိသည့်အခါမှာ နောက်ထပ် နောက်ထပ် ကျူးကျော်တွေထပ်ပြီးဖြစ်လာရခြင်းဖြစ်ပါကြောင်း၊ ယခုလည်း တွန်းအားပေး ဆောင်ရွက်ဦးမည် ဆိုလျှင် ဘယ်အချိန်မှာ တကယ်တရားစွဲဆိုပြီး ဥပဒေအရ တိတိကျကျဆောင်ရွက်မည်လည်းဆိုတာ ရှင်းလင်းပြတ်သားသည့်အဖြေ သိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဇေယျ မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားလိုသည်က စာ(Notice)ပဲ ထုတ်နိုင်သေးပါကြောင်း၊ Notice စာထုတ်ပြီး စီမံခန့်ခွဲရေးကော်မတီနှင့် ပူးပေါင်း၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ မိမိ ပြောကြားလိုသည်က ကျူးကျော်မြေများကို ဖယ်ရှားရေးသည် အင်မတန်ထိလွယ်ရှလွယ်သည့် ကိစ္စလည်းဖြစ်ပါကြောင်း၊ တကယ်တမ်းကျူးကျော်သဖြင့် Notice စာထုတ်လို့မှ ဖယ်ရှားခြင်းမရှိဘူးဆိုလျှင် လမ်းဦးစီးဌာနမှ တရားစွဲဆိုဆောင်ရွက်ရပါသည်။ တရားစွဲဆိုဆောင်ရွက်သည့်အခါမှာ အချိန်အတိုင်းအတာကြာမြင့်ပါသဖြင့် အချိန်အတိုင်းအတာပြောတာလည်း ခက်ခဲပါသည်။ တွန်းအားပေးဆောင်ရွက်သွားမည်ဆိုသည်က ကျွန်တော်တစ်ယောက်တည်းဆိုသည်ထက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူဆောင်ရွက်မှုလည်း အဆင်ပြေချောမွေ့မှာ ဖြစ်ပါကြောင်း၊ လမ်းဦးစီးအနေဖြင့် လုပ်ဆောင်နိုင်တာကတော့ တကယ်တမ်း Notice စာပေးပို့လို့မှမရလျှင် တရားစွဲဆိုပြီး တရားနိုင်မှသာ ဖယ်ရှားရှင်းလင်းနိုင်ပါကြောင်း၊ ထို့ကြောင့် တရားစွဲဆိုမည်ဆိုလျှင် လမ်းဦးစီးဌာန အနေဖြင့် တရားစွဲဆိုပြီးဆောင်ရွက်သွားမည်ဆိုတဲ့ တစ်ခုတည်းဆိုရင်တော့ ကြန့်ကြာမှာလည်း ဖြစ်သည့်အတွက် ဖယ်ရှားရေးအတွက် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားထားခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးသစ်လက်ထက်မှာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တစ်ခု တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသား ပြည်သူများ၏အရေးကို ရှေ့ရှု၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးမှသည် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနှင့် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေး အတွက်လည်းကောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများ တန်းတူရရှိစေရေး၊ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်များ၊

တိုင်းရင်းသား ခေါင်းဆောင်များအား ဖိတ်ကြားဆွေးနွေးခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊အပြန်အလှန် ရိုင်းပင်းကူညီရေး။
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေယဉ်ကျေးမှု အနုပညာများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ပါဝင်သောလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးနှင့်
- ယခင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သော အစီရင်ခံစာပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များအား လွှတ်တော်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

## ကော်မတီ၏လုပ်ဆောင်ချက်များ

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် သတ္တမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပြီးဆုံးချိန်မှ အဋ္ဌမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပချိန်အထိ ကော်မတီ လစဉ်ပုံမှန်အစည်းအဝေး (၄) ကြိမ်ကျင်းပပြုလုပ်နိုင်ခဲ့သည်။
- (၂၀. ၇. ၂၀၁၇)ရက်နေ့တွင်လက်ပံတန်းမြို့၊ ကရင်စာပေယဉ်ကျေးမှုကော်မတီမှ ကျင်းပပြုလုပ်သော ကွန်ပျူတာနှင့် အင်္ဂလိပ်စာ စကားပြောသင်တန်းဆင်းပွဲသို့ လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။ ညနေပိုင်းတွင် သာယာဝတီမြို့၊ ကရင်နှစ်ချင်း ခရစ်ယာန်သာသနာခန်းမတွင် စာပေယဉ်ကျေးမှု ကော်မတီအဖွဲ့ဝင်များ၊ ဒေသခံကိုယ်စားလှယ်များနှင့်အတူ ကွင်းဆင်းတွေ့ဆုံခဲ့ပါသည်။
- (၂၁. ၇. ၂၀၁၇)ရက်နေ့တွင် အုတ်ဖိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်များသို့ သွားရောက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်များမှ တိုင်းရင်းသားစာပေယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်များ၊ တိုင်းရင်းသား စာပေသင် ဆရာ/ဆရာမများနှင့် တွေ့ဆုံခြင်းဖြင့် ပဲခူးတိုင်းအနောက်ခြမ်းသို့ ကော်မတီမှ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။
- (၂၂. ၇. ၂၀၁၇)ရက်နေ့တွင် ကျောက်ကြီးမြို့တွင် ပြုလုပ်သော တိုင်းရင်းသားနှင့် ငြိမ်းချမ်းရေး

လုပ်ငန်းစဉ်များ ကူညီထောက်ပံ့မှုပေးနေသော အရပ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် သရေဒေါ့ဖဲဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ ကော်မတီဥက္ကဋ္ဌမှ တက်ရောက်ခဲ့ပါသည်။

- (၉. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးမြို့၊ ခရစ်ယာန်အသင်းတော်ခန်းမ၌ စစ်တောင်းသံစဉ်လူမှုကွန်ရက်မှ ကျင်းပပြုလုပ်သော ငြိမ်းချမ်းရေးဆိုင်ရာ ခေါင်းဆောင်များ သင်တန်းဖွင့်ပွဲသို့ ကော်မတီဥက္ကဋ္ဌ တက်ရောက်ခဲ့ပါသည်။

- (၄. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးမြို့နယ်၊ သရက်ကုန်းရွာတွင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးမှ ဦးဆောင်ကျင်းပသော ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားသို့ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ပါသည်။

- (၇. ၉. ၂၀၁၇)ရက်နေ့တွင် KNU ညောင်လေးပင်ခရိုင် တာဝန်ရှိပုဂ္ဂိုလ်များအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကရင်တိုင်းရင်းသားဝန်ကြီးတို့နှင့်အတူ ကော်မတီဥက္ကဋ္ဌမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံမှုများပြုလုပ်ခဲ့ပါသည်။

- (၁၂. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးမှ ဦးဆောင်ကျင်းပပြုလုပ်သော ကယား၊ ပအိုဝ်၊ မွန်၊ ရှမ်း တိုင်းရင်းသားတို့၏ မြို့နယ်အလိုက် စာပေယဉ်ကျေးမှု ကော်မတီဖွဲ့စည်းမှု အစည်းအဝေးသို့ ရေးရာကော်မတီအဖွဲ့ဝင် တစ်ဦးမှ တက်ရောက်ခဲ့ခြင်းနှင့်(၁၂. ၉. ၂၀၁၇)ရက်နေ့တွင် ကျောက်ကြီးမြို့နယ်၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်း JMC အဖွဲ့နှင့် ပြည်သူများတွေ့ဆုံပွဲကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ ပါသည်။

- (၁၉. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်း မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကူညီထောက်ပံ့ပေးနေသော အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ သုံးလတစ်ကြိမ် တွေ့ဆုံပွဲအခမ်းအနားသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌနှင့်အတူ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ခြင်းနှင့်

  (၁၉. ၉. ၂၀၁၇)ရက်နေ့မှ (၂၀. ၁၀. ၂၀၁၇)ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သော Disability Inclusion Training သင်တန်းသို့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူးမှ တက်ရောက်ခဲ့ပါသည်။

- (၁၀. ၁၀. ၂၀၁၇)ရက်နေ့မှ (၁၁. ၁၀. ၂၀၁၇)ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပပြုလုပ်သော ဖက်ဒရယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ရေးရာကော်မတီ အဖွဲ့ဝင်အားလုံး တက်ရောက်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

## ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- တိုင်းရင်းသားစာပေသင်ကြားမှုအခြေအနေများကို တိုင်းအတွင်း မြို့နယ်အလိုက် ကွင်းဆင်း လေ့လာမှုများ ပြုလုပ်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်ပွဲတော်များတွင် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက သင်ကြားရေးနှင့် ပတ်သက်၍ တိုင်းရင်းသားစာပေယဉ်ကျေးမှု ကော်မတီများမှ တင်ပြလာသော ကိစ္စရပ်များနှင့် ကော်မတီသို့ တင်ပြလာသော တိုင်စာအသီးသီးဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများအား လွှတ်တော်တွင် ခေါ်ယူတွေ့ဆုံကြားနာမှုများ ပြုလုပ် နိုင်ရန်။
- ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားအားလုံး တွေ့ဆုံသော တိုင်းရင်းသားများ စုံညီပွဲတော်အား ပဲခူးတိုင်းဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မတိုင်မီ ကျင်းပပြုလုပ်နိုင်ရေး။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ များတွင် ပူးပေါင်းပါဝင်ခွင့်ရရှိစေရေးအတွက် အစိုးရအဖွဲ့အား တိုက်တွန်း ဆောင်ရွက် သွားရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့်ပြည်သူ့အကျိုး ရှေးရှုကာ ကော်မတီ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တစ်ခြားသော လွှတ်တော်ရေးရာကော်မတီများနှင့် လုပ်ငန်းအစည်းအဝေးများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်။

## နိဂုံး

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားတို့၏ လူမှုဘဝမြင့်မားတိုးတက်စေရေးကို ရှေးရှု၍ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ အင်အားတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်နေမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော် ကိုယ်စားလှယ် (၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၈)ခု၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် ကြားနာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ခံဆွေးနွေးတင်ပြဖို့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အောက်ပါ ဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

(၂၃-၁၀-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)တွင်

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏မိန့်ခွန်း။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။

(၂၄-၁၀-၂၀၁၇) ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။

(၂၅-၁၀-၂၀၁၇)ရက်ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ အစီရင်ခံစာ။

(၂၇-၁၀-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေး ကော်မတီ အစီရင်ခံစာ။

(၃၀-၁၀-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။

(၃၁-၁၀-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။

(၁-၁၁-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- (၁၀. ၇. ၂၀၁၇)ရက်တွင် Philipp Amawitt အဖွဲ့မှ Programme Specialist ဦးလှိုင်ယုအောင် ဦးဆောင်သည့် အဖွဲ့မှ လွှတ်တော်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း။
- (၁၂. ၇. ၂၀၁၇)ရက်မှ (၁၃. ၇. ၂၀၁၇)ရက်တွင် Philipp Amawitt အဖွဲ့မှ Programme Specialist ဦးဟိန်းစည်သူညွန့် ဦးဆောင်သောအဖွဲ့မှ Online သင်ရိုးနှင့်ပတ်သက်ပြီး Gmail နှင့် Agora Website ကို အသုံးပြုတတ်စေရန် ရည်ရွယ်၍ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသင်တန်း။
- (၂၀. ၇. ၂၀၁၇)ရက်တွင် BRCCA အဖွဲ့မှ ဥက္ကဋ္ဌဦးဝင်းနိုင်ထွန်း ဦးဆောင်သော အဆောက်အဦများ ဆောက်လုပ်ရာတွင် အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် လာရောက်ရှင်းလင်းတင်ပြသည့် အလုပ်ရုံဆွေးနွေးပွဲ။
- (၂. ၈. ၂၀၁၇)ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)မှ ဦးကျော်ဇေယျ ဦးဆောင်သောအဖွဲ့မှ e ပါလီမန်နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ။
- (၃. ၈. ၂၀၁၇)ရက်တွင် UNDP မှ Programme Analyst ဒေါ်မွန်မွန်သိန်း ဦးဆောင်သည့် အဖွဲ့မှ ပဲခူးတိုင်းဒေသကြီး အတွင်း၌ စီမံကိန်းရေးဆွဲရာတွင် မြို့နယ်စီမံကိန်းပိုမို တိုးတက်ရန်

အတွက် လုပ်ငန်းစဉ်များနှင့် ဘတ်ဂျက်ရေးဆွဲရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ။

- (၄. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီက H1N1 ရောဂါများနှင့်ပတ်သက်၍ မွေးမြူရေးဆိုင်ရာ ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ကြားနာခြင်း။
- (၇. ၈. ၂၀၁၇)ရက်နှင့် (၈. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီတို့ ပူးပေါင်း၍ ရေချိုငါးလုပ်ငန်းဆိုင်ရာ သိလိုသည့် အချက်များနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၁၆. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဇီးကုန်းမြို့ သက်န်းကျေးရွာ Telenor တာဝါတိုင်၌ လျှပ်စစ်ခါတ်အား သွယ်တန်းမှု ရပ်တန့်ထားရမှုနှင့်ပတ်သက်၍ ကြားနာခြင်း။
- (၁၇. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ(၂)ရပ် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်းဥပဒေ ပြန်လည်ရေးဆွဲခြင်းနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာ လွှတ်တော်များ အားပေးကူညီရေးအဖွဲ့ (MCERP) နှင့် ကြားနာခြင်း။
- (၁၈. ၈. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ(၂)ရပ် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃)၊ ရေချိုငါးလုပ်ငန်းဥပဒေ ပြန်လည်ရေးဆွဲခြင်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ကြားနာခြင်း။
- (၂၁. ၈. ၂၀၁၇)ရက်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။
- (၂၂. ၈. ၂၀၁၇)ရက်တွင် လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်နှင့် မြို့နယ်များ အလိုက် စည်ပင်ကော်မတီဝင်တို့က မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေနှင့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။
- (၂၃. ၈. ၂၀၁၇)၊ (၂၄. ၈. ၂၀၁၇)၊ (၂၈. ၈. ၂၀၁၇)၊ (၂၉. ၈. ၂၀၁၇)၊ (၃၀. ၈. ၂၀၁၇)၊ (၆. ၉. ၂၀၁၇)ရက်နေ့များတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ဖြေကြားခဲ့သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့ ဖြေကြားခဲ့သော အဆို၊ ကြယ်ပွင့်ပြ

မေးခွန်း၊ ကြယ်ပွင့်မပြ မေးခွန်းများ၏ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်နိုင်ခြင်း မရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ကြားနာခြင်းများ။

- (၂၉. ၈. ၂၀၁၇)ရက်တွင် Andy Berfield (Professor, Chuo University foculty of Law)နှင့် မေယမိုခိုင် (Student from Chuo University)ဦးဆောင်သော ဂျပန်နိုင်ငံမှ ကျောင်းသားများစာတမ်းပြုစုရန်အတွက် လွှတ်တော်သို့လေ့လာရေး။
- (၉. ၉. ၂၀၁၇)ရက်တွင် (Project Coordinator)Tanya Huizer ဦးဆောင်သောအဖွဲ့မှ မြန်မာ-နယ်သာလန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ။
- (၁၁. ၉. ၂၀၁၇)ရက်တွင် မင်္ဂလာမြန်မာအဖွဲ့မှ Dr.Amir Khalie ဦးဆောင်သော အဖွဲ့က နိုင်ငံတကာအဆင့်မီ ဆင်စခန်းထူထောင်ရေးအတွက် လာရောက်တွေ့ဆုံသည့် အလုပ်ရုံ ဆွေးနွေးပွဲ။
- (၁၁. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေပြုရေးကော်မတီ နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ(၂)ရပ် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃) ရေချိုငါးလုပ်ငန်း ဥပဒေအား မူကြမ်းပြင်ဆင်ရေးဆွဲရန်အတွက် သိလိုသည့် အချက်များနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အင်းသားကြီး၊ အင်းလုပ်ငန်းရှင်၊ အင်းလုပ်သား များအား ကြားနာခြင်း။
- (၂၈. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီက နတ်တလင်းမြို့နယ်၊ ပဲမခမ်း ကျေးရွာအုပ်စု၊ ကျေးလက် ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခဲ့သော Autumn Dream Co.,Ltd မှ တာဝန် ရှိသူများ အား ကြားနာခြင်း။
- (၂၈. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ သာယာဝတီမြို့နယ်၊ စံရွှေးကျေးရွာ အထက်တန်းကျောင်း မူကြိုဆောင် ဆောက်လုပ်ပြီးစီးမှုကို ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှ လက်ခံနိုင်မှု မရှိခြင်း ကိစ္စနှင့်ပတ်သက်၍ ကြားနာခြင်း။
- (၂၉. ၉. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ် ပူးပေါင်း၍ မိုးညိုမြို့နယ်၊ ရွှေခဲကျေးရွာ အလယ်တန်းကျောင်း မြေနေရာအငြင်းပွားမှုနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၁၀. ၁၀. ၂၀၁၇)ရက်မှ (၁၁. ၁၀. ၂၀၁၇)ရက်ထိ SNDEEP SLASDRI နှင့် David Park ဦးဆောင်သည့်အဖွဲ့မှ ဖက်ဒရယ်စနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ။

- (၁၁. ၁၀. ၂၀၁၇)ရက်တွင် မြန်မာမုဒိတာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးတင်မောင်နိုင် ဦးဆောင်သည့်အဖွဲ့မှ အခြေခံပညာကျောင်းများတွင် ပဲနို့ဖျော်စက် လှူဒါန်းပေးနိုင်ရန် တွေ့ဆုံသည့် အလုပ်ရုံဆွေးနွေးပွဲ။
- (၁၃. ၁၀. ၂၀၁၇)ရက်တွင် Asia Foundation နှင့် Renianssance Institute မှ Programme Stephanie Gov ဦးဆောင်သောအဖွဲ့မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဆိုင်ရာ ပြင်ဆင်ခြင်းအလုပ်ရုံဆွေးနွေးပွဲတို့အား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး/အရေးပေါ်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများကို (၈-၂-၂၀၁၆)ရက်နေ့မှစတင်၍ (၂)နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ ယခုအဋ္ဌမပုံမှန်အစည်းအဝေးအထိ ပုံမှန်အစည်းအဝေး(၈)ကြိမ်၊ အရေးပေါ်အစည်းအဝေး(၂)ကြိမ်နှင့် အထူးအစည်းအဝေး(၁/၂၀၁၇) (၁)ကြိမ်၊ အားလုံးစုစုပေါင်း(၁၁)ကြိမ် ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအထိ အဆို(၁၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၅၇၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၄၆၂)ခု၊ စုစုပေါင်း(၁၀၅၀)ခုတို့ကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈)မြို့နယ်တို့မှ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသနှင့်မြို့ပြများ စည်ပင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ပြည်သူဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို တင်သွင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုအခါ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမှ အဆို(၁၆)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၆၇၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၅၇၃)ခု၊ စုစုပေါင်း (၁၂၆၆)ခု တို့ကို တင်သွင်းနိုင်ခဲ့သည့်အပြင် အောက်ဖော်ပြပါ ဥပဒေများကိုလည်း ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါသည်။

- ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေအမှတ်(၄)
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီများ ရွေးချယ်တင်မြှောက်ခြင်းနည်းဥပဒေ
- ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ
- ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)ကိုလည်း ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့၌ တင်သွင်းနိုင်ခဲ့ပြီးဖြစ်သည့်အပြင် ၂၀၁၇-၂၀၁၈ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ အရ တိုင်းဒေသကြီးရငွေသုံးငွေ လျာထားချက်အဖြစ် အထူးအစည်းအဝေး (၁/၂၀၁၇)မှ ဆုံးဖြတ်အတည်ပြုပေးခဲ့ပါသည်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ၂၀၁၇-၂၀၁၈ခုနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ အတည်ပြုနိုင်ရေးနှင့် ၂၀၁၈-၂၀၁၉ခုနှစ် ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေနှင့် ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများကို သတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီစိစစ်အတည်ပြုပေးရန် တာဝန်များလည်းရှိနေသည်ကို အထူးသတိပြုစေလိုပါသည်။

အထူးမှာကြားလိုသည်မှာ ၂၀၁၇-၂၀၁၈ခုနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို လာမည့် ၂၀၁၇ခုနှစ် ဒီဇင်ဘာလအတွင်း စိစစ်အတည်ပြုပေးပြီး ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးကာလဖြစ်သော ၂၀၁၈ခုနှစ် ဇန်နဝါရီ/ဖေဖော်ဝါရီနှင့် မတ်လ (၃)လအတွင်း လုပ်ငန်းများပြီးစီးအောင် စစ်ဆေးကြပ်မတ် တိုက်တွန်းဆောင်ရွက်သွားရန် ပြည်သူများမှ ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများနှင့် တိုင်းဒေသကြီးအကျိုးအတွက် စနစ်တကျကြပ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်စီမံကိန်းဦးစီးဌာန/မြို့နယ်လမ်းဦးစီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန/ပညာရေး၊ ကျန်းမာရေး စသည့် ဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ ဘဏ္ဍာရေးနှစ်အလိုက် ဒေသန္တရစီမံကိန်းဥပဒေများ/ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေများအလိုက် ပြည်သူ့ဘဝအမှန်လိုအပ်ချက်များကို စနစ်တကျရေးဆွဲ တင်သွင်းသွားကြစေလိုကြောင်း မှာကြားအပ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ယခုကဲ့သို့ ဥပဒေပြုရေးတာဝန်၊ ထိန်းကျောင်းရေးတာဝန်နှင့် ပြည်သူ့ကိုယ်စားပြုရေးတာဝန်များကို တိုင်းဒေသကြီးအတွင်း လိုအပ်သော ဥပဒေကြမ်းများရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)နှင့် နောက်ထပ်တိုးမြှင့်သတ်မှတ်ထားသည့် ဥပဒေများကို တစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ရေးရာကော်မတီများအနေဖြင့်သော်လည်းကောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်းကောင်း ရေးဆွဲတင်သွင်းကြရန် တိုက်တွန်းအပ်ပါသည်။ ထိုသို့ ဟန်ချက်ညီညီ စနစ်တကျ ကြိုးပမ်းဆောင်ရွက် ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် သိသာထင်ရှားစွာဖြင့် ပြောင်းလဲတိုးတက်လာမည် ဖြစ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မဲဆန္ဒရှင်ပြည်သူများမှ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သဖြင့် ကြီးလေးသောတာဝန်များကို ထမ်းဆောင်နေရသူများဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည့်အပြင် တစ်ဦးချင်းစီ၏ စိတ်ဓါတ်နှင့်ပြုမူ၊ ပြောဆို၊ နေထိုင်ဆက်ဆံရေးတို့ကို ပိုမိုရင့်ကျက်တိုးတက်လာစေရန် လွှတ်တော်အတွင်း၌ လည်းကောင်း၊ လွှတ်တော်ပြင်ပ၌လည်းကောင်း ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူ၊ ပြောဆို၊ ဆက်ဆံ နေထိုင်ကြရန် မှာကြားအပ်ပါသည်။

လွှတ်တော်၏ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ဂုဏ်သိက္ခာများ မြင့်တက်လာစေရန် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အားလုံးမှ ကြိုးပမ်းဆောင်ရွက်ရန် အဓိကတာဝန်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ ပြည်သူများအတွက် ပြည်သူများ ထံသို့ အရောက်သွား၍ ပြည်သူ့အကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားကြစေလိုပါကြောင်း တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(အဋ္ဌမနေ့)ရပ်နားကြောင်းနှင့် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို (၁၁း၄၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။